၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com
အတွဲ(၁၁)၊ အမှတ်(၄၆) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၂၆ ၊ ၂၀၁၂)




# ခွင့်ပြုမိန့်မရဘဲ ဆောက်ထားသည့် ရာနှင့်ချီ ကန်ထရိုက်တိုက်များကို စည်ပင်တရားစွဲ

ရန်ကင်းမြို့နယ်အတွင်းရှိ ဆောက်လုပ်ဆဲတိုက်အချို့ နည်းစနစ်မမှန်ကန်သည့်အတွက် ဖြိုဖျက်သည်အထိ အရေးယူ

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၁**

ရန်ကုန်မြို့တွင် တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဆောက်လုပ်ထားသော ရာနှင့်ချီရှိသည့် ကန်ထရိုက်တိုက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တရားစွဲဆိုလျက်ရှိပြီး အချို့သောတိုက်များကို ဖြိုဖျက်သည့်အထိ အရေးယူမှုများရှိကြောင်း ယင်းကော်မတီမှ သတင်းရရှိသည်။

တရားဝင်ဆောက်လုပ်ခွင့်ပါမစ်မရဘဲတည်ဆောက်ထားသည့် သဃ်န်းကျွန်းမြို့နယ်မှ ကန်ထရိုက်တိုက်အလုံး ၄၀၀ ကျော်နှင့် အခြားသော မြို့နယ်များဖြစ်သည့် လှိုင်၊ ကမာရွတ်နှင့် မရမ်းကုန်းမြို့နယ်တို့မှ အလုံးရေရာဂဏန်းကို တရားစွဲဆိုခြင်းများ ပြုလုပ်ထားပြီဖြစ်ကြောင်း ယင်းကော်မတီထံမှသိရသည်။

"ပုံစံနဲ့ မကိုက်၊ လမ်းလည်း ကျဉ်းတဲ့ထဲမှာ ဆောက်ထားလို့ ရန်ကင်းက သုံးလုံးကိုဖျက်ပြီးပြီ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) လက်ထောက်ဌာနမှူးဦးနေဝင်းက ပြောသည်။

စာ(၁၂)သို့



ရန်ကုန်မြို့ စည်ပင်နယ်နိမိတ်အတွင်းပါဝင်သည့် ဘုရင့်နောင်တံတားအဆင်းတွင်တွေ့ရသော အရပ်သားများ စီးနင်းနေသည့် ဆိုင်ကယ်နှစ်စီး

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## အစိုးရက အပစ်အခတ်ရပ်ရန် ပြောကြားသော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေ

**အေးမြကျော်**

**ရန်ကုန်၊ဇန်နဝါရီ-၂၁**

အစိုးရဘက်မှ လဂျားယန်ဒေသတွင် နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများကို ဇန်နဝါရီ ၁၉ ရက် နံနက်မှ စတင်ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း ယခုသတင်းရေးသားသည့် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲပိုင်းအထိ လဂျားယန်ဒေသအပါအဝင် ကချင်ပြည်နယ်တွင်း နေရာအချို့တွင် တိုက်ပွဲများ ဆက်လက်ပြင်းထန်နေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

"တိုက်ပွဲတွေ ပြင်းပြင်းထန်ထန်ဖြစ်နေတုန်းပဲ။ လေယာဉ်မသုံးတော့တာတစ်ခုပဲရှိတယ်" ဟု ကေအိုင်အိုပြောရေးဆိုခွင့်ရှိသူ ဦးလနန်က ဇန်နဝါရီ ၂၁ ရက်မွန်းလွဲပိုင်းတွင် ဖုန်းမှတစ်ဆင့် ဖြေကြားသည်။

ထို့အတူ ကေအိုင်အေကလည်း ဖားကန့်မြို့နယ် ကာမိုင်းမြို့နယ်ခွဲရဲစခန်းသို့ ဇန်နဝါရီ ၁၉ ရက်နံနက်ပိုင်းက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း အစိုးရကသတင်းထုတ်ပြန်သည်။

စာ(၁၂)သို့

## ဆိုင်ကယ်စီးခွင့်တားမြစ်ထားသည့် ရန်ကုန်ဧရိယာအတွင်း ဆိုင်ကယ်မတော်တဆမှုများ ဖြစ်ပွားနေ

**အောင်ခိုင်၊ရန်မျိုးနိုင်၊သိမ့်သိမ့်စိုး**

**ရန်ကုန်၊ဇန်နဝါရီ-၂၁**

ဆိုင်ကယ်စီးခွင့် တားမြစ်ထားသည့် ရန်ကုန်မြို့ မြို့နယ်အချို့တွင် စည်းကမ်းမဲ့ဆိုင်ကယ်စီးနင်းမှုများကြောင့် မတော်တဆမှုများ ဖြစ်ပွားနေကြောင်း မြို့ခံများထံမှ သတင်းရရှိသည်။

အချပ်ပို(B)သို့

## ဖုန်းကတ်များ ကျပ်တစ်သိန်းအောက်ဈေး ရောင်းပေးရန် သမ္မတညွှန်ကြားဟုဆို



ဓာတ်ပုံ-ကျော်ဇင်ဘုန်း

လူစည်ကားရာ ရန်ကုန်မြို့လယ်တစ်နေရာတွင် ဖုန်းပြောနေသူတစ်ဦး

**ယုဇနကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ-၁၇**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထပ်မံရောင်းချမည့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်း ဆင်းမ်ကတ်များအား ကျပ်တစ်သိန်းထက် သက်သာသည့် နှုန်းထားဖြင့်သာ ရောင်းချပေးရန် နိုင်ငံတော်သမ္မတက ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့ကြောင်း သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ပြောသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

# မြန်မာနိုင်ငံသံရုံးများတွင် စီးပွားရေးသံမှူးများ ခန့်အပ်သွားမည်

ဥက္ကာကိုကို၊ အောင်သူရ

**ရန်ကုန်၊**
**ဇန်နဝါရီ - ၁၇**

မြန်မာနိုင်ငံနှင့် ကုန်သွယ်ဆက်ဆံမှုမြင့်မားလာနိုင်ပြီး ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် အလားအလာကောင်းသည့် နိုင်ငံများသို့ မြန်မာ့စီးပွားရေးသံမှူးများစေလွှတ်ပြီး တာဝန်ပေးသွားရန် စီစဉ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ကမ္ဘာအနှံ့တွင် မြန်မာသံရုံးပေါင်း လေးဆယ်ကျော် ဖွင့်လှစ်ထားပြီးဖြစ်သော်လည်း စီးပွားရေးကောင်စစ်ဝန်အဖြစ် ကျွမ်းကျင်သံမှူးများကို ရွေးချယ်သင်တန်းပေးကာ ထိုအထဲမှ ထပ်မံရွေးထုတ်၍ စေလွှတ်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းအတွက်ရွေးချယ်ထားသူများမှာ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုညွှန်ကြားရေးမှူးအဆင့် အယောက် ငါးဆယ်ကျော်ရှိကြောင်း သင်တန်းတက်ရောက်နေသူအရာရှိတစ်ဦးကပြောသည်။

အဆိုပါ သင်တန်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၈ ရက်တွင် စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး အခြေခံနိုင်ငံခြားစီးပွားရေးသင်တန်းဟု အမည်ပေးထားသည်ဟု သတင်းရရှိသည်။

“ဝန်ကြီးဌာနတွေမှာ ဘာသာစကားကောင်းတဲ့ အရာရှိတွေကို ရွေးပြီး အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှာ သင်တန်းပေးနေတာပါ။ ဒီလမကုန်ခင်သင်တန်းပြီးမယ်” ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးတိုးအောင်မြင့်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် စီးပွားဆက်သွယ်မှုများ ပိုမိုများပြားလာပြီဖြစ်သောကြောင့် နိုင်ငံခြားစီးပွားဆက်ဆံရေးတိုးတက်စေရန်အတွက် စီးပွားရေးသံမှူးများကို နိုင်ငံ့စီးပွားရေးမျက်နှာစာတွင် ရှေ့တန်းတိုက်စစ်မှူးများအဖြစ် ခန့်အပ်ရန်လိုအပ်သောကြောင့် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့က ဇန်နဝါရီ ၈ ရက်တွင် နေပြည်တော်၌ပြုလုပ်သော သင်တန်းဖွင့်ပွဲတွင် ပြောကြားခဲ့သည်။




*ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မြန်မာနိုင်ငံသံရုံးရှေ့တွင် ဗီဇာတန်းစီနေကြသူများ*

မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအတွက် တကူးတကသီးသန့်လာရောက်စရာမလိုတော့ဘဲ မြန်မာနိုင်ငံ၏ စီးပွားရေးသတင်းအချက်အလက်များကိုစီးပွားရေးသံမှူးများထံမှအလွယ်တကူရရှိနိုင်လိမ့်မည်ဖြစ်ပြီး စီးပွားရေးသံမှူးများသည် မြန်မာ့ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကူအညီပေးလိုသည့်နိုင်ငံနှင့်အဖွဲ့အစည်းများကိုလည်း ရှင်းလင်းပြောကြားပေးရနိုင်ကြောင်း သိရသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ကလည်း နိုင်ငံခြားစီးပွားဆက်ဆံရေးနယ်ပယ်အောက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရှာဖွေရေး၊ မိမိနိုင်ငံ၏ ပို့ကုန်များ အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် နေရာရယူနိုင်ရေး၊ မိမိနိုင်ငံအတွက် လိုအပ်သည့် သွင်းကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရရှိစေရေး၊ စီးပွားရေးသတင်း အချက်အလက်နှင့် အဆက်အသွယ်များရရှိစေရေး၊ နိုင်ငံခြားမှ အကူအညီအထောက်အပံ့များ၊ အတိုးနှုန်းသက်သာသည့် ချေးငွေများ ရရှိစေရေး၊ လူသားဖွံ့ဖြိုးမှု ဖြစ်ပေါ်စေရေးတို့အတွက်ယခုခန့်အပ်သွားမည့် စီးပွားရေးသံမှူးများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း အဆိုပါသင်တန်းဖွင့်ပွဲ၌ ပြောကြားခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

“စီးပွားရေးသံမှူးတွေအနေနဲ့ အဓိကဆောင်ရွက်ရဖွယ်ရှိနိုင်တာတွေကတော့ မြန်မာနိုင်ငံကို လာရောက် ရင်းနှီးမြှုပ်နှံချင်သူတွေ၊ ကုန်သွယ်မှုလုပ်ချင်သူတွေအတွက် မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနဲ့ဆိုင်တဲ့ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ်တွေ၊ အခြေခံလိုအပ်ချက်တွေနဲ့ ရင်းနှီးမြှုပ်နှံနိုင်မယ့်နယ်ပယ်၊ နေရာစတာတွေကို ရှင်းလင်းဆွေးနွေးပေးရမယ်ထင်တယ်” ဟု အဆိုပါ သင်တန်း၌ တက်ရောက်နေသောသင်တန်းသားအရာထမ်းတစ်ဦးကပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ (WTO) ရှိသည့် ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဖာမြို့ရှိ မြန်မာသံရုံးတစ်ခုတည်းတွင်သာ စီးပွားရေးသံမှူးတစ်ဦးခန့်အပ်ထားရှိပြီး ကျန်နိုင်ငံများတွင် ယခုအချိန်ထိ စီးပွားရေးသံမှူးများ ခန့်အပ်တာဝန်ပေးထားခြင်းမရှိပေ။



# အောင်ပန်းတွင် အနုကြမ်းစီး ဖောက်ထွင်းလုယက်မှုများ ဖြစ်ပွားနေ၍ အထူးရဲတပ်ဖွဲ့လေးဖွဲ့ အင်အားဖြည့်နှိမ်နင်း

**မြတ်စုမွန်**
**ရန်ကုန်၊**
**ဇန်နဝါရီ-၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့တွင် ပြီးခဲ့သည့် ဒီဇင်ဘာနှင့် ယခုလအတွင်း အနုကြမ်းစီးမှု၊ ဖောက်ထွင်း လုယက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် အထူးရဲတပ်ဖွဲ့ လေးဖွဲ့တိုးချဲ့ကာ နှိမ်နင်းခဲ့ရကြောင်း အောင်ပန်း ရဲတပ်ဖွဲ့ စခန်းမှူးထံမှ သတင်းရရှိသည်။

"အထူးရဲအဖွဲ့တွေ အင်အားဖြည့်ပြီး အမှုခုနစ်ခုကို ဖော်ထုတ်ခဲ့ရပါတယ်။ အခုတရားခံလေးဦးကို သက်သေခံပစ္စည်းတွေနဲ့အတူ မိထားပါပြီ။ လတ်တလောမှာ အမှုတည်ဆောက်နေပြီးဥပဒေကြောင်းအရ တရားစွဲဆိုသွားမှာပါ" ဟု အောင်ပန်းရဲတပ်ဖွဲ့ စခန်းမှူး ဦးအောင်မင်းဦးက ပြောသည်။

အောင်ပန်းဒေသခံ ဦးကိုကိုအောင်က "အရင်တုန်းကဆိုရင် အောင်ပန်းမှာ ည ၁၁ နာရီ၊ ၁၂ နာရီထိ အပြင်ထွက်ရင် ဆိုင်တွေရှိသေးတယ်။ အခုဆိုရင် ည ၈ နာရီလောက်ဆို ဘယ်သူမှ အပြင်မထွက်ရဲကြတော့ဘူး။ အနုကြမ်းစီးမှု၊ လူရိုက်ပြီး လုယက်မှုတွေက ပြီးခဲ့တဲ့ အောက်တိုဘာမှာ ၉ မှု တောက်လျှောက် ဖြစ်ခဲ့တယ်။ ဒီနှစ်ဇန်နဝါရီမှာ လေးမှု ဖြစ်တယ်" ၎င်း၏ မှတ်သားထားချက်အရ ပြောသည်။

အနုကြမ်းစီးမှု သတင်းများကြောင့် ဒေသခံများအကြား ထိတ်လန့်မှုများဖြစ်ပွားခဲ့ကြောင်းစခန်းမှူးက ပြောသည်။

အောင်ပန်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အမှုများကို ဖော်ထုတ်ရန်အတွက် ကလောရဲတပ်ဖွဲ့၊ ဟဲဟိုးရဲတပ်ဖွဲ့၊ အောင်ပန်းမြို့နယ် လှည့်ကင်းအဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့စသည့် အထူးအဖွဲ့များ ဖွဲ့စည်းကာ ယခု ၅ ရက်မှ ၁၈ ရက်အထိ ၂၄ နာရီ လုံခြုံရေးယူခဲ့ရကြောင်း အထက်ပါစခန်းမှူးက ဆက်လက်ပြောကြားသည်။

၎င်းက "မြို့ဖွံ့ဖြိုးရေး အဖွဲ့ကနေစီစဉ်ပေးတဲ့မော်တော်ယာဉ် လှည့်ကင်းအဖွဲ့တွေက ညဘက်တွေမှာ အထူးအဖွဲ့တွေ့လည်း အရပ်ဝတ်တွေနဲ့ အသွင်ယူပြီး တစ်မြို့လုံးမှာ သတင်းယူမှုတွေ လုပ်ခဲ့ပါတယ်။ အခုတော့ တွဲဖက်ထားတဲ့ အထူးရဲတပ်ဖွဲ့တွေ အားလုံးပြန်ရုပ်သိမ်းသွားပါပြီ" ဟုဆက်လက်ပြောသည်။

ယခု ဖမ်းဆီးရမိသူများမှာ ပဲခူးတိုင်းသို့ သွားရောက် ဖမ်းဆီးခဲ့ရသူ သုံးဦးတစ်ဖွဲ့နှင့် အောင်ပန်းမြို့တွင်းမှာပင် ဖမ်းဆီးရမိခဲ့သူ တစ်ဦးတို့ဖြစ်ကြောင်း စခန်းမှူးက ပြောသည်။



*ရန်ကုန်မြို့ အရှေ့ဘက်ခြမ်းအား ဝေဟင်မြင်ကွင်းမှ တွေ့ရစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးမှုစီမံကိန်းအတွက် မြေဧက ၃၇၀,၀၀၀ ကျော် ထပ်မံတိုးချဲ့ရန် JICA အဆိုပြု

## စီမံကိန်းဆောင်ရွက်ရန် ငါးနှစ်အတွင်း ဒေါ်လာသန်း ၂၂၀၀ကျော် ကုန်ကျမည်ဖြစ်ပြီး ဂျပန်က ဒေါ်လာသန်း ၅၀၀ ယခုနှစ်တွင်ချေးမည်

**အောင်သူရ၊ မိုးညို**
**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

နှစ် ၃၀ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းတွင် မြို့နယ်ခြောက်မြို့နယ်တွင်စုစုပေါင်းဧက ၃၇၀,၀၀၀ ကျော် (၁၅၀၀၀ စတုရန်းကီလိုမီတာ) တိုးချဲ့ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ အဆိုပြုထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းဌာန ဒုတိယဌာနမှူး ဦးတိုးအောင်ကပြောသည်။

သန်လျင်၊ ကျောက်တန်း၊ မှော်ဘီ၊ လှည်းကူး၊ ထန်းတပင်နှင့် တွံတေးမြို့နယ်တို့တွင် ဧက ၃၇၀,၀၀၀ ကျော်ကို မြို့ပြဧရိယာအဖြစ် ထပ်မံတိုးချဲ့နိုင်ကြောင်း JICA က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အကြံပြုထားခြင်းဖြစ်သည်။

ယင်းစီမံကိန်းအား JICA မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အကြံပြုတင်ပြထားခြင်းဖြစ်ပြီး ပညာရှင်များက ယင်းမြေနေရာများ တိုးချဲ့နိုင်ရေးအတွက် ပြန်လည်ဆွေးနွေးဖြည့်စွက်ကာ နိုင်ငံတော်သမ္မတထံသို့ ထပ်မံတင်ပြသွားမည်ဖြစ်ကြောင်း မြို့ပြနှင့် ဗိသုကာဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဒေါက်တာကျော်လတ်ကပြောသည်။

ထို့အပြင် နှစ် ၃၀ စီမံကိန်းအရ ရန်ကုန်မြို့တော် တိုးချဲ့ရန်အတွက် ၂၀၁၂ခုနှစ်စက်တင်ဘာ ၁၄ ရက်က မြေဧကလေးသောင်းကျော်ကို တိုးချဲ့ရန် နိုင်ငံတော်သမ္မတက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ ခွင့်ပြုပေးထားသည်။ JICA က အကြံပြုသော နေရာများနှင့် သမ္မတခွင့်ပြုထားသော နေရာများ မတူညီပေ။

JICA မှ အဆိုပြုထားသည့် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းအတွက် ၂၀၁၃ မှ ၂၀၁၈ ခုနှစ်အထိ ပထမငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာသန်း ၂၂၄၅ ကုန်ကျမည်ဟု ကနဦးခန့်မှန်းတွက်ချက်ထားပြီး ဂျပန်နိုင်ငံက ယခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ချေးမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်သည်။ ထို သန်း ၅၀၀ ချေးပြီးပါကလည်း ထပ်မံချေးပေးရန် အစီအစဉ်ရှိကြောင်းလည်း သတင်းရရှိသည်။

ယင်းစီမံကိန်းမြို့နယ်များတွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ၊ လမ်း၊ လျှပ်စစ်မီး၊ ရေနှင့် မိလ္လာစနစ်များဖြစ်သည့် အခြေခံအဆောက်အအုံများ အဓိကပါဝင်တည်ဆောက်နိုင်ရေးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ကျွမ်းကျင်ပညာရှင်များ အပါအဝင် ပြည်တွင်းပညာရှင်တို့မှ စုပေါင်းအကြံပြုရေးဆွဲထားခြင်းဖြစ်သည်။

စီမံကိန်း သတင်းကြောင့် ၂၀၁၂ ခုနှစ် အစပိုင်းမှစတင်၍ သတင်းထွက်ပေါ်အပြီးရန်ကုန်-ဒလဘက်ကမ်း၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်အချို့တွင် အိမ်ခြံမြေဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။

"သတင်း အတိအကျထွက်သွားပြီဆိုတာနဲ့ အဲဒီနေရာမှာ ဝယ်ထားတဲ့သူတွေ ဈေးစကစားလို့ရပြီ။ အမှန်တကယ် စီးပွားရေးလုပ်မယ့်သူတွေလက်ထဲမှာတော့ မရှိသေးဘူး" ဟု သန်လျင်မြို့နယ်မှ ပန်းတိုင်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်က ပြောသည်။

ယင်းစီမံကိန်းတွင် အစိုးရဌာနပိုင်မြေများ၊ လယ်မြေများ အများဆုံးပါဝင်လာပြီး မြေလွတ်မြေရိုင်းများတွင်ပါ အဓိကတိုးချဲ့သွားဖွယ်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြဌာနမှ လက်ထောက်ဌာနမှူးက ခန့်မှန်းပြောကြားသည်။

စာ(၁၂)သို့

# ကျပ်သိန်းခြောက်ရာကျော် ခိုးပြေးသော အငှားယာဉ်မောင်းအား နှစ်ပတ်အကြာ ဖမ်းမိ

**အောင်သန်းဝင်း၊သန်းဌေး**
**ရန်ကုန်၊**
**ဇန်နဝါရီ-၂၁**

ကားစက်ပျက်သွားသည်ဆိုသောကြောင့် ဘဏ်မှ ငွေထုတ်လာသော ခရီးသည်နှစ်ဦးက ဆင်း၍ တွန်းပေးနေစဉ် ကားပေါ်ပါ ငွေကျပ် ၆၆၆ သိန်းအား မောင်းနှင်ထွက်ပြေးသွားသော တက္ကစီယာဉ်မောင်းအား ရက်သတ္တပတ်နှစ်ပတ်အကြာတွင် ကမာရွတ်ရဲစခန်းမှ ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ဖမ်းဆီးရမိသောယာဉ်မောင်း သိုးကိုကိုမောင်သည် (၄၁)တိုးချဲ့ရပ်ကွက် ဒဂုံမြို့နယ်(မြောက်ပိုင်း)တွင် ဇနီးဖြစ်သူ မစန္ဒာဦးနှင့်အတူ နေထိုင်ပြီး ခိုးယူသွားသောငွေများဖြင့်ကျပ်သိန်းသုံးရာတန် အယ်လ်ဖတ်ယာဉ်တစ်စီးနှင့် ရွှေနန်းတော်၊ အောင်သမာဓိရွှေဆိုင်များမှ ရွှေငွေလက်ဝတ်ရတနာ ကျပ်သိန်း ခုနစ်ဆယ်ဖိုး ဝယ်ယူခဲ့သည်။ ထို့ကြောင့် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၁ နာရီကျော်တွင် ဒဂုံမြို့နယ်(မြောက်ပိုင်း)၌ ၎င်းအားဖမ်းဆီးရမိခဲ့ရာ ၎င်းတို့နှင့်အတူ ၅င/×××× အယ်လ်ဖတ်ယာဉ်တစ်စီး၊ ၄ကျပ်၄ပဲသားရှိလက်ကောက် ၁၆ကွင်း၊ ၂ကျပ်သား ရွှေလက်စွပ် ၂ကွင်း၊ ၃ ကျပ်သား ဆွဲကြိုးအကြီးတစ်ကုံး၊ ၁ ကျပ် ၈ ပဲသား ဟန်းချိန်းတစ်ခု၊ ၁ကျပ် ၁၀ ပဲရှိရွှေဆွဲကြိုးတစ်ကုံးနှင့် ငွေစက္ကူရောရောကျပ်၆၄သိန်းတို့အားသိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ယနေ့သတင်းထုတ်ပြန်သည်။

ဇန်နဝါရီ ၇ ရက်က သလ္လာမွန် ပဲကုမ္ပဏီကိုယ်စားလှယ် ကိုအောင်ဇေယျသည် သူငယ်ချင်းဖြစ်သူ ကိုနှင်းမောင်မောင်နှင့်အတူ ကမာရွတ်မြို့နယ် ပြည်လမ်းကမ္ဘောဇဘဏ်မှ ငွေကျပ် ၆၆၆ သိန်းအား ထုတ်ယူ၍ ဘဏ်အနီးရှိ ချယ်ရီဝက်ဂွန်တက္ကစီအငှားယာဉ်အား ငှားရမ်းစီးနင်းခဲ့ရာ ကမာရွတ်မြို့နယ် စိုက်ပျိုးရေးမှတ်တိုင်အနီးတွင် ကားစက်ပျက်သွားသည်ဆို၍ ပိုက်ဆံထုပ်ကို ကားပေါ်တွင်ထားကာ ကားဆင်းတွန်းပေးနေစဉ် အဆိုပါယာဉ်မောင်း သိုးကိုကိုမောင်က မောင်းနှင်ထွက်ပြေးသွားခြင်းဖြစ်သည်။

"ကားက အဝါရောင်ချယ်ရီကားတက္ကစီအမျိုးအစားပါ။ လှည်းတန်းမီးပွိုင့်ကို ဖြတ်သွားတုန်းက စီစီတီဗီမှာ ပေါ်နေတာ တွေ့နေတယ်။ ဒါပေမဲ့ နံပါတ်တော့ မပေါ်ဘူး။ ရန်ကုန်မြို့ပေါ်မှာကလည်း အဲဒီလို ကားမျိုးက အစီးနှစ်ရာသုံးဆယ်လောက်ရှိတော့ အဆင့်ဆင့် စုံစမ်းရတယ်" ဟု ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ရဲအရာရှိကပြောသည်။

ဖမ်းဆီးရမိသူအား ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူးရဲ အုပ်အောင်မော်ကတာဝန်ယူဖော်ထုတ်ခဲ့ကြောင်း၎င်းကပြောသည်။



7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

## CRIME CORNER မှုခင်း သတင်း

### Golden Hill တာဝါတွင် တည်းခိုနေသော နိုင်ငံခြားသားတစ်ဦး ပျောက်ဆုံးနေ

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

ရန်ကုန်မြို့ Golden Hill Tower တွင်တည်းခိုနေသည့်ပျောက်ဆုံးနေသော ဂျပန်နိုင်ငံသားအား ရှာဖွေနေရာ ခြောက်ရက်ကြာသည့်တိုင် ပြန်မတွေ့သေးကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မစ္စတာ Golden Hill Tower အခန်းအမှတ် ၆၀၃တွင် တည်းခိုနေသော ဂျပန်နိုင်ငံသား LEF ကုမ္ပဏီမှ လက်ထောက်မန်နေဂျာ မစ္စတာHasegawa Wataruသည် ဇန်နဝါရီ ၁၄ရက်နံနက် ၅နာရီခွဲခန့်တွင် ဟိုတယ်အပြင်သို့ထွက်ရာ ၆ရက်ကြာသည်အထိ ပြန်မတွေ့သေးကြောင်း ၎င်းကပြောကြားသည်။

"လူပျောက်လာတိုင်ထားတဲ့ အဲဒီ့ဂျပန်နိုင်ငံသားကို ဒီနေ့အထိ ရှာလို့မတွေ့သေးဘူး။ တခြား ထူးခြားတာလည်း မတွေ့ရသေးပါဘူး။ စုံစမ်းရှာဖွေနေဆဲပါပဲ"ဟုဗဟန်းရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ၁၉ရက်တွင် ပြောကြားသည်။ အသက် ၂၉နှစ်အရွယ်ရှိအဆိုပါဂျပန်နိုင်ငံသားသည် ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေထိုင်ပြီး ၎င်းပျောက်သွားစဉ်တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့် ခရီးဆောင်အိတ်တစ်လုံးပါရှိသွားရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ရဲတပ်ဖွဲ့များအတွင်း စုံစမ်းရှာဖွေနေကြောင်း သတင်းရရှိသည်။

Golden Hill Tower သို့ ဆက်သွယ်မေးမြန်းရာတွင် ဂျပန် နိုင်ငံသား ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ပြောဆိုပိုင်ခွင့်မရှိကြောင်း ဇန်နဝါရီ ၁၉ ရက် ညနေ ၅နာရီတွင် ဖုန်းလက်ခံသူက ဖြေဆိုသည်။

## ကားအရောင်းပြခန်းနှင့် တစ်ပိုင်တစ်နိုင် ရောင်းသူများကြား ကျပ်ဆယ်သိန်းထိ ဈေးကွာ

**သိမ့်သိမ့်စိုး၊ ခန့်ထက်**

**ရန်ကုန်၊**
**ဇန်နဝါရီ-၁၇**

ကားအရောင်းအဝယ် ပြုလုပ်ရာတွင် အရောင်းပြခန်း လိုင်စင်မရှိဘဲ ဖွင့်လှစ်ရောင်းချနေမှုများကြောင့် ဈေးနှုန်းကွာခြားချက်များ ဖြစ်ပေါ်နေ၍ ပြခန်းပိုင်ရှင်များအဆင်မပြေဖြစ်နေကြောင်း သတင်းရရှိသည်။



*မရမ်းကုန်းမြို့နယ်အတွင်းရှိ ကားအရောင်းပြခန်းတစ်ခု*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပြင်ပတွင် ရောင်းချသူများသည် ကားအရောင်းပြခန်း ဖွင့်လှစ်ရောင်းချထားသူများကဲ့သို့ စပေါ်ငွေ ပေးသွင်းရခြင်း မရှိဘဲ စည်ပင်နှင့် အခြားဌာနများသို့ အခွန်အခများ ပေးသွင်းစရာ မလိုခြင်းကြောင့် ကုန်ကျစရိတ် သက်သာသည့်အတွက် ကားအမျိုးအစားပေါ် မူတည်၍ ဈေးကွက်အတွင်း ကျပ် ၁၀ သိန်းဝန်းကျင်ထိ ဈေးနှုန်းကွာခြားချက်များဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

"လမ်းဘေးမှာ For Sale ဆိုပြီး ရောင်းတဲ့ ကားတွေက ဘာအခွန်မှလည်း မဆောင်ရဘူး။ အခန်းခလည်း မပေးရဘူး။ နိုင်ငံတော်ကို တရားဝင် အခွန်ဆောင်ပြီး တင်သွင်းလာတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကားအရောင်းပြခန်းတွေလို အခွန်မဆောင်ရတော့ ဈေးချရောင်းနိုင်တယ်။ အဲဒါကြောင့် ကားအရောင်းပြခန်းတွေက ငုတ်တုတ်မေ့ရော" ဟု Sakura Auto Auction Center မှ ဦးနိုင်ထွန်းက ပြောသည်။

ယင်းသို့ဖြစ်ပေါ်နေသော်လည်းကားပြခန်းများ၏ ဈေးကွက်ကို ထိခိုက်မှုများစွာ မရှိနိုင်ဟုလည်း Farmer Auto ပြခန်းပိုင်ရှင် ဒေါက်တာစိုးထွန်းကပြောကြားသည်။

ဈေးနှုန်း ကွာခြားချက်ကြောင့် ဈေးကွက်ယှဉ်ပြိုင်မှု ရှိလာပါက ပြခန်းပိုင်ရှင်များ အနေဖြင့် ခိုင်မာမှုရှိမှုကို အဓိကလုပ်ဆောင်ပြီး နာမည်ရရှိအောင် လုပ်နိုင်ပါက ယင်းဈေးကွက်ကိုယှဉ်ပြိုင်လာနိုင်မည်ဟု ဒေါက်တာစိုးထွန်းကပြောသည်။

"အပြင်မှာ ရောင်းတဲ့သူတွေကလည်း ကားငါးစီး၊ ဆယ်စီး သွင်းပြီးတော့ ရောင်းနေတဲ့ သူတွေပဲ။ ကားအရောင်းပြခန်းတွေအနေနဲ့ ကားကောင်းကောင်းတွေ သွင်းပြီး သူများနည်းတူ ဈေးလျှော့ရောင်းမယ်ဆိုရင် အဆင်ပြေမှာပါ" ဟု ပြင်ပမှ ကားမှာယူတင်သွင်းပြီး တစ်ဆင့်ပြန်လည်ရောင်းချနေသူ တစ်ဦး ကပြောသည်။

ပြခန်းလိုင်စင်မရှိဘဲ ရောင်းနေသူများကြောင့် တရားဝင်ပြခန်းဖွင့်လှစ်ရောင်းချသူများ နစ်နာမှုရှိသဖြင့် အရေးယူဆောင်ရွက်ပေးရန် မြန်မာနိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးဌေးအောင်က Showroom လိုင်စင်မရှိဘဲ ရောင်းနေတာတွေကို ပြတ်ပြတ်သားသား အရေးယူပေးပါလို့တောင်းဆိုပါတယ်" ဟု အဆိုပါ အသင်းကပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ရန်ကုန်မြို့တွင် သတ်မှတ်အခွန်ဆောင်ကာ တရားဝင်ဖွင့်လှစ်ရောင်းချသော ကားအရောင်းပြခန်းပေါင်း ၅၅ ခုရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

## ဆမ်ဆောင်းနှင့် MAPCO ကိုရီးယားသို့ လုံးတီးဆန်ပို့ရန် စီစဉ်

**ပြည့်သိမ်း**

**ရန်ကုန်၊ဇန်နဝါရီ-၁၉**

လုံးတီးဆန်တန်ချိန် ၇၀,၀၀၀ ကို ကိုရီးယားနိုင်ငံသို့ တင်ဒါစနစ်ဖြင့် ပို့နိုင်ရန် ဆမ်ဆောင်းကုမ္ပဏီနှင့် မြန်မာနိုင်ငံလယ်ယာ စီးပွားရေးနှင့် အများပိုင်ကော်ပိုရေးရှင်း (MAPCO)တို့ သဘောတူညီထားကြောင်း သတင်းရရှိသည်။

"ဖေဖော်ဝါရီမှာ ကိုရီးယားက တင်ဒါဝင်ပြိုင်မယ်။ တင်ဒါအောင်တယ်ဆိုရင် တစ်ခေါက်ကို တန်ချိန်တစ်သောင်းလောက် ပို့နိုင်မယ်"ဟု MAPCO မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါက်တာစိုးထွန်းကဆိုသည်။

လုံးတီးဆန်ကို ကိုရီးယားနိုင်ငံသို့ တင်ပို့နိုင်ပါက တစ်တန်ကို အခြေခံဈေး ကန်ဒေါ်လာ ၃၆၀ မှ ၃၇၀ကြား ရနိုင်သည်။

"ဈေးနှုန်းကတော့ သဘော်တစ်ခေါက်နဲ့တစ်ခေါက် တူမှာမဟုတ်ဘူး"ဟု ဒေါက်တာစိုးထွန်းကဆိုသည်။

ကိုရီးယားနိုင်ငံသည် ပြည်ပမှ နှစ်စဉ် ဆန်မက်ထရစ်တန် ၃၉၀,၀၀၀ ကိုတင်သွင်းနေရသည့် နိုင်ငံဖြစ်သည်။

ထို့အပြင် ၂၀၁၂ ဒီဇင်ဘာလဆန်းတွင် ဂျပန်နိုင်ငံကလည်း တင်ဒါစနစ်ဖြင့် မြန်မာနိုင်ငံမှ ဆင်းသွယ်လတ်မှော်ဘီ-၂ အမျိုးအစားစပါးမှ ကြိတ်ခွဲသည့်ဆန်များကို တင်သွင်းလိုကြောင်း ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဂျပန်နိုင်ငံသည်ပြည်ပမှ နှစ်စဉ်ဆန်တန်ချိန် ၆၆၀,၀၀၀ ကို တင်ဒါစနစ်ဖြင့် တင်သွင်းနေရသည်။

"ဒီဈေးကွက်တွေက အရည်အသွေး ဦးစားပေးတယ်။ တင်ဒါအောင်ရင်တောင် ပြီးပြီးရောလုပ်လို့မရဘူး"ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်း အသင်းချုပ် တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုနှစ် ပြည်ပသို့ ဆန် တင်ပို့မှုတွင် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့်တရုတ်နိုင်ငံသို့အများဆုံး တင်ပို့ထားသည်။ ပြည်ပသို့ ဆန်တင်ပို့မှုသည် ၄၆ နှစ်အတွင်း စံချိန်တင်အမြင့်ဆုံး တန်ချိန်ဆယ့်နှစ်သိန်းနီးပါးရှိပြီး တရုတ်နိုင်ငံသို့ တန်ချိန်ရှစ်သောင်းခန့် တင်ပို့နိုင်ကြောင်း သိရသည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် ရိက္ခာရှားပါးလျက်ရှိသည့် မြောက်ကိုရီးယားနိုင်ငံသည် တရုတ်နိုင်ငံမှတစ်ဆင့် မြန်မာ့ဆန်ကို ဝယ်ယူနေရသည်။

"မြောက်ကိုရီးယားက ပုံမှန်ဝယ်နေတယ်။ အခုရထားနဲ့ ပို့မှုပဲသိရတော့တယ်"ဟု မူဆယ်ဆန်စပါးလုပ်ငန်း အသင်းမှ ပြန်ကြားရေး တာဝန်ခံဦးမင်းသိန်းက ဆိုသည်။

တရုတ်နိုင်ငံမှ ဆန်ဝယ်ယူမှုမှာ ယခုလထိ တစ်ရက်လျှင် အိတ်ရေ ၆၀,၀၀၀ မှ ၇၀,၀၀၀ ကြားရှိသည်။ တရုတ်ဈေးကွက်တွင် မြန်မာ့ဆန်ဈေးသည် ငစိန်ဆန်ကီလို ၂၀ တစ်အိတ်လျှင် ၁၃၈ ယွမ်မှ ၁၃၃ ယွမ်ကြားဈေးရှိသည်။တရုတ်-မြန်မာငွေလဲနှုန်းမှာကျပ်၁,၀၀၀လျှင် ၇ဒသမ ၂၅ ယွမ်ဝန်းကျင်ရှိသည်။



# လယ်ယာထွက်ကုန်များ အရည်အသွေးသတ်မှတ်ပြီးပါက တရားဝင် တင်ပို့ခွင့်ပြုမည်ဟု တရုတ်အစိုးရပြော



သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အကြောင်းအရာများအပြင် တက်ရောက်လာသူများက စိတ်ဝင်စားသည့် မည်သည့်ခေါင်းစဉ်နှင့်မဆို ဗဟုသုတများ အချင်းချင်းဆွေးနွေးဖလှယ်နိုင်သည့် ဘားကမ့်ကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေတွင် ဇန်နဝါရီ၁၉ရက်တွင် စတင်ကျင်းပခဲ့သည်။

Barcamp Yangon 2013 သို့ တက်ရောက်လာသူပေါင်း ၆၀၀၀ ကျော်နှင့် နိုင်ငံတကာမှ International Barcamperပေါင်း ၂၀ကျော်တက်ရောက်ခဲ့သည်။ ယခုလ ၁၉နှင့် ၂၀တွင် ကျင်းပခဲ့သည့် ဘားကမ့်ပွဲတွင် ကမ္ဘာကျော် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် Googleမှ ဝန်ထမ်းအချို့လည်း တက်ရောက် လေ့လာခဲ့သည်။

*ဓာတ်ပုံ-ကျော်ဇင်သန်း*

**အောင်သူရ၊ မောင်တာ**

**ရန်ကုန်၊**

**ဇန်နဝါရီ - ၁၇**

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့နေသော လယ်ယာထွက်ကုန်ပစ္စည်းများအား အရည်အသွေးသတ်မှတ်ချက် ဆောင်ရွက်ပြီးပါက တရားဝင် တင်ပို့ခွင့်ပြုသွားမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောသည်။

"အခွန်ကိစ္စအပါအဝင် မြန်မာနိုင်ငံက တင်ပို့နေတဲ့ လယ်ယာထွက်ကုန်ရော ရေထွက်ကုန်တွေကို တရုတ်နိုင်ငံဘက်က အရည်အသွေးသတ်မှတ်တဲ့အဖွဲ့နဲ့ သတ်မှတ်ချက်တွေကို ဆွေးနွေးပြီးရင် MOU (နားလည်မှု စာချွန်လွှာ) ထိုးဖို့ရှိပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးတိုးအောင်မြင့်က ပြောသည်။

လက်မှတ်ထိုးနိုင်ရန် ပြီးခဲ့သည့်နှစ် နန်နင်းကုန်စည်ပွဲကတည်းက စီစဉ်ထားသော်လည်း ညှိနှိုင်းစရာများ ကျန်ရှိနေ၍ ကြန့်ကြာနေခြင်းဖြစ်ပြီး ဒု-ဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်ရာတွင်လည်း အဆိုပါကိစ္စ ဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရာတွင် မြန်မာ့လယ်ယာထွက်ပစ္စည်းများဖြစ်သည့် ဆန်၊ ပြောင်းကဲ့သို့ သီးနှံများ တရုတ်သို့တင်ပို့ရာတွင် တရားဝင်အခွန်ခသက်သာစွာ တင်ပို့နိုင်ရန်နှင့် ကိုတာခွဲတမ်းပိုမိုရရှိရန်၊ တရုတ်နိုင်ငံမှ စိုက်ပျိုးရေးသုံးပစ္စည်းများဖြစ်သည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကဲ့သို့များ မြန်မာနိုင်ငံတွင်းသို့ တင်သွင်းရာတွင် အရည်သွေးပြည့်မီသော ပစ္စည်းများ တင်သွင်းရန် စသည့်အချက်များ ပါဝင်မည်ဖြစ်ကြောင်း ဦးဝင်းမြင့်က ပြောသည်။

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ဒုဝန်ကြီး Mr. Chen Jian မှာ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီး တစ်ချို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံ အစိုးရက ကမ်းလှမ်းလာသော မြန်မာနိုင်ငံရှိ ကျေးလက်နေတောင်သူများအား အသေးစားချေးငွေထုတ်ချေးရေးကိစ္စကိုလည်း တရုတ်နိုင်ငံက သဘောတူခဲ့ကြောင်း သတင်းရရှိသည်။

ပြောင်းနှင့်ဆန်များကို မြန်မာနိုင်ငံဘက်မှ တရားဝင်တင်ပို့နေသော်လည်း တရုတ်နိုင်ငံမှ တရားမဝင်အနေဖြင့်သာ လက်ခံဝယ်ယူနေပြီး မကြာခဏ ဖမ်းဆီးခံရခြင်းနှင့် ဈေးနှိမ်ခံရခြင်းများ ကြုံတွေ့နေရကြောင်း တရုတ်-မြန်မာ မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းရောက် မန္တလေးမြို့မှ ကုန်သည်များကပြောသည်။

"အခုနယ်စပ်က ဆန်ပို့ရာမှာ တရုတ်က ဈေးကွက်အသာစီးယူထားတယ်။ အဖမ်းအဆီးမရှိ ဈေးမနှိမ်ဘဲ တရားဝင်ပို့ခွင့်ရရင် အဆင်ပြေသလို သင့်တင့်တဲ့ ဆန်ဈေးရနိုင်တယ်" ဟု မူဆယ်သို့ ဆန်တင်ပို့ရောင်းချနေသူ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း (မန္တလေးတိုင်းဒေသကြီး) အသင်းဝင်တစ်ဦးက ပြောသည်။

မြန်မာလယ်ယာထွက်ကုန် သီးနှံများထဲမှာ အဓိကပို့ကုန်များဖြစ်သော ဆန်နှင့်ပြောင်းအား တရုတ်နိုင်ငံမှ တရားဝင် ဝယ်ယူခြင်းမရှိသဖြင့် မြန်မာနိုင်ငံမှ ရောင်းချသော ကုန်သည်များမှ ငွေပေးချေမှုအပိုင်းတွင် အဓိက အခက်အခဲနှင့် ကြုံတွေ့နေရသည်။

ပြီးခဲ့သည့်နှစ် ဧပြီလဆန်းမှ ယခုနှစ်ဇန်နဝါရီထိ မြန်မာနိုင်ငံမှ ဆန်တန်ချိန် တစ်သန်းကျော် တင်ပို့ပြီးဖြစ်ရာ တရုတ်နိုင်ငံသို့ တန်ချိန် ၆ သိန်းနီးပါး တင်ပို့ခဲ့သည်။



STAR CITY
Thanlyin

## CAREER OPPORTUNITIES AT STAR CITY

သံလွင်ရှိမှန်အိမ်ရာတွင်နေထိုင်သူ မိတ်ပြည်သူများအား နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပေးနိုင်ရန် အောက်ပါဌာနများတွင် အလုပ်လျှောက်ထားနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

### Estate Management and Administration

- Hospitality Services
- Building Supervisor
- Housekeepers
- Cleaners
- Storekeeper
- Transport(Supervisor)
- Drivers (City bus and utility vehicles)
- IT, Communications and Computer Networking Specialists

### Sales & Marketing

- Sales Executives

### Project Management

- Senior Architects
- Site Engineers (Structural / M&E / Finishing)
- Assistant Site Engineers (Structural / M&E / Finishing)

Interested candidates are requested to submit the detailed resumes with a recent photo and salary expectations before 31 January 2013 to : **Khin Sandy Linn - 056-23150~3 Ext: 127 E-mail : khinsandylinn88@gmail.com**







**Star City** -Kyaik Khauk Pagoda Road, Thanlyin Township. Tel: 056- 23150, 23151, 23152, 23153

A Quality Project of YOMA



SWEETY HOME®
i can't sleep without you

HOTEL သုံး စပရိန်မွေ့ရာနှင့် ဟိုတယ်သုံး ပစ္စည်းအမျိုးမျိုး



Sweety Home မှ ထုတ်လုပ်သော Hotel Classic စပရိန်မွေ့ရာသည် Hotel သုံးစပရိန်မွေ့ရာအဖြစ် ရည်ရွယ်ထုတ်လုပ်ထားပါသည်။မွေ့ရာ၏အပေါ်ယံ Cover ဖိတ်စသည့် Fire Guard System ပါရှိသောကြောင့်ဆေးလိပ်မီးပွားများ မွေ့ယာပေါ်ကျလျှင် ဘေးသို့ ကူးစက်လောင်ကျွမ်းမှုမရှိနိုင်သော မီးခံစဖြင့်ချုပ်လုပ်ထားခြင်း၊အင်းဆက်ပိုးမွှားများမကပ်ညိနိုင်ခြင်း၊ လေဝင်လေထွက်ကောင်းအောင်နှင့် စိုစွတ်ခြင်းမှ ကာကွယ်နိုင်အောင် စပရိန်ဘေးနံရံတွင် လေပေါက်များပါဝင်ပြီး (၁၅)နှစ် Warranty ပါရှိသော အရည်အသွေး မြင့်မားသည့် စတီးစပရိန်ကွင်းများကို အသုံးပြုထားပါသည်။




Tel : (01)535694,205224 (02)65938,60810,34021

7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

# ကျောက်မျက်အသင်းဥက္ကဋ္ဌရာထူးမှ ဦးတေဇ နုတ်ထွက်

**အောင်နိုင်၊ မိုးညို**
**ရန်ကုန်၊**
**ဇန်နဝါရီ-၂၀**

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဖြစ်သူဦးတေဇ ရာထူးမှ နုတ်ထွက်ရခြင်းမှာ ၎င်း၏ ကျန်းမာရေး အခြေအနေနှင့် ဘာသာရေး လုပ်ငန်းများကို အားစိုက်လုပ်ဆောင်လိုသောကြောင့် ဖြစ်သည်ဟု နုတ်ထွက်စာမိတ္တူ လက်ခံရရှိခဲ့သူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက ပြောကြားသည်။

ဇန်နဝါရီလ ၉ ရက်က အမျိုးသားလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၏ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းတွင်ရာထူးတာဝန်များ ရယူထားသောခရိုနီလုပ်ငန်းရှင်အချို့ ရာထူးမှ စွန့်လွှတ်ရန် အဆိုတင်သွင်းပြီး ကိုးရက်အကြာတွင် ဥက္ကဋ္ဌဖြစ်သူ ဦးတေဇ နုတ်ထွက်စာသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

"စာထဲမှာတော့ ကျန်းမာရေးကြောင့်ရယ်၊ ဗုဒ္ဓဘာသာဖြစ်လို့ ဘာသာရေးလုပ်ချင်တာရယ်၊ ဥက္ကဋ္ဌရာထူးကိုသုံးကြိမ်ဆက်လုပ်ဖူးလို့ မလုပ်ချင်တော့ဘူးဆိုပြီး ပါတယ်" ဟု ဦးလှဆွေကပင် ပြောကြားသည်။

"အရင်ကတည်းက နုတ်ထွက်စာတင်ထားတာ ကြာပြီ။ ဝန်ကြီးကို သူထွက်ဖို့ ပြောနေတာတွေလည်း ရှိတယ်။ ရဟတ်ယာဉ်မတော်တဆဖြစ်မှု နောက်ပိုင်းပြီးကတည်းက ထွက်ခွင့်တင်ထားတာ။ လွှတ်တော်က အဆိုနဲ့တော့ မဆိုင်လောက်ပါဘူး။ သူ့ကျန်းမာရေးအခြေအနေကြောင့်လည်း ပါမယ်ထင်တယ်။ စင်ကာပူမှာ ဆေးခဏခဏသွားစစ်နေရတယ်" ဟု ထူးထရေးဒင်း ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးရဲမင်းဦးက ပြောသည်။

မြန်မာနိုင်ငံ၏ ကျောက်စိမ်း ကျောက်မျက် ကုန်သွယ်မှုကို အမေရိကန်နိုင်ငံမှ ယခုထက်တိုင် စီးပွားရေးအရ ပိတ်ဆို့အရေးယူထားမှုများရှိနေပြီး ကျောက်စိမ်း ကျောက်မျက်လုပ်ငန်းရှင်အချို့တွင် ခရိုနီလုပ်ငန်းရှင်များ ပါဝင်နေခြင်းကြောင့် ယခုကဲ့သို့ပိတ်ဆို့ထားခြင်းဖြစ်ကြောင်း ဦးလှဆွေက လွှတ်တော်သို့ တင်သွင်းခဲ့သည့် အဆိုတွင် ဖော်ပြပါရှိသည်။

ဦးတေဇမှာ အမေရိကန်ပြည်ထောင်စု၏ နောက်ဆုံးကြေညာခဲ့သော စီးပွားရေးပိတ်ဆို့မှု စာရင်းတွင် ပါဝင်နေဆဲဖြစ်သည်။ ယခုကဲ့သို့ ၎င်းနုတ်ထွက်သွားပြီးနောက် အမေရိကန်အနေနှင့် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ဖြေလျှော့ပေးဖွယ်ရှိကြောင်း ကျောက်စိမ်း ကျောက်မျက်လုပ်ငန်းရှင်များက ဆိုသည်။

"မျှော်လင့်မိပါတယ်။ ရေရှည်မှာ တရုတ်ဈေးကွက်ကိုပဲ မှီခိုနေလို့မှမရတာ" ဟု SP Gems & Jewellary မှ ကိုအောင်ကျော်ဇင်က ပြောသည်။


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ရာထူးကို ဦးတေဇအနေဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက သုံးကြိမ်မြောက်အဖြစ် လက်ခံရယူထားပြီး နှစ်လအကြာတွင် ယခုကဲ့သို့ နုတ်ထွက်သွားခြင်း ဖြစ်သည်။

ဦးတေဇက ၎င်းသည် စီးပွားရေးလောကသို့ ကျပ်ငွေသောင်းဂဏန်းဖြင့် စတင်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင် အနည်းငယ်သာရှိသော ဒေါ်လာသန်းချီသူဌေးတစ်ဦးဟု မီဒီယာများသို့ ဖြေကြားထားသည်။ ဦးတေဇသည် ထူးထရေးဒင်းကုမ္ပဏီဥက္ကဋ္ဌလည်းဖြစ်ပြီး ကျောက်စိမ်းကျောက်မျက်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ မိုဘိုင်းဖုန်းလုပ်ငန်း၊ ကျွန်းသစ်လုပ်ငန်း၊ လောင်စာဆီလုပ်ငန်းများကို လုပ်ကိုင်နေသူတစ်ဦးလည်းဖြစ်သည်။

## အင်တာနက် ရေးသားချက်တစ်ခု ပြည်ထောင်စုလွှတ်တော်တွင် ပထမဆုံးအကြိမ် စုံစမ်းစစ်ဆေးမည်

**အိဖြူလွင်၊ မင်းဟိန်းကျော်**
**ရန်ကုန်၊ ဇန်နဝါရီ-၁၇**

အင်တာနက် စာမျက်နှာများတွင် လွတ်လပ်စွာ ရေးသားမှုများအား ပထမဆုံးအကြိမ် စုံစမ်းစစ်ဆေး၍ အရေးယူဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်မှ ပထမဆုံး အကြိမ်အဖြစ် ယနေ့ အတည်ပြုခဲ့သည်။

ဒေါက်တာဆိတ်ဖွားအမည်ရှိ အင်တာနက်ဘလော့ဂ်တွင်Above the Law ဆိုသည့် ရေးသားမှုကို အရေးယူရန် ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ထက်ဝက်ကျော်ဖြင့် အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ဒေါက်တာဆိတ်ဖွား၏ ရေးသားမှုများသည် လွှတ်တော်၏ လုပ်ဆောင်ချက်များ၊ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို စော်ကားခြင်းဖြစ်ကြောင်း၊ မိမိတို့ လွှတ်တော်အပေါ်တွင် ပြည်သူများ ထင်ယောင်ထင်မှား ဖြစ်မှုကို လက်မခံနိုင်သောကြောင့် လွှတ်တော်မှ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့၍ အရေးယူဆောင်ရွက်ပေးနိုင်ပါရန် အရေးကြီး အဆိုတင်သွင်းရခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးရင်က ဆိုသည်။

အဆိုအား ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးရန်နှင့် တစ်ပြိုင်နက် အတည်ပြုရန် မဲခွဲဆုံးဖြတ်ရာ အတည်ပြုရန် ဆန္ဒမဲပေးခဲ့သဖြင့် အဆိုအတည်ဖြစ်ကြောင်းလွှတ်တော်ကအတည်ပြုသည်။

"ဒီပုံအတိုင်းဆိုရင် လွှတ်တော်ကနေ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့ပြီး စစ်တော့မှာပေါ့။ ဒါက ဘာကိုပြလဲဆိုရင် အင်တာနက်ပေါ်မှာ ရေးချင်တာရေးလို့ မရဘူးဆိုတာကိုပြတာပဲ" ဟုပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က ပြောသည်။

ဒေါက်တာဆိတ်ဖွား၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဥပဒေအထက်မှာ လွှတ်တော်ရှိနေသလား။ အခြေခံဥပဒေက မည်သို့ပင်ဆိုစေ မည်သို့ပင် ပြဋ္ဌာန်းကာစေကာမူ လွှတ်တော်ဥက္ကဋ္ဌများနှင့် အပေါင်းပါများက လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်ခြင်းသည်သာ အတည်ဖြစ်သည်ဆိုသည့် စာသားများပါရှိကြောင်း တွေ့ရှိရသည်။

တိုင်းပြည်အတွက် အရေးကြီးသော ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ရာဖြစ်သည့် ပြည်ထောင်စုလွှတ်တော်တွင် ယခုကဲ့သို့ အရေးမကြီးသည့် ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်မှု ပြုလုပ်ခြင်းသည် စိတ်ပျက်ဖွယ်ကောင်းကြောင်း အင်တာနက်ဖေ့စ်ဘွတ်ခ်စာမျက်နှာက ဝေဖန်ရေးသားသည်။



Life

7 DAY NEWS JOURNAL

Vol.11, No.46 • JANUARY 24 , 2013




ပြည်သူထဲမှ ပြည်သူ့ဝန်ထမ်းတို့အတွက် စနစ်ရောလူပါ ပြောင်းရမည့်အချိန်ဖြစ်သည်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ရဲနှင့်ပြည်သူ

## ကူညီပါရစေနှင့်တရားဥပဒေစိုးမိုးရေး

ဥက္ကာကိုကို ရေးသား၍ သန်းဌေး အားဖြည့်သည်

"လုပ်ကိုင်ခွင့်အာဏာများကို အခွင့်ကောင်းယူ၍ ပြည်သူလူထုအပေါ် အနိုင်မကျင့်မိစေရန်သတိပြုပါ"

အထက်ပါ အချက်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တိုင်းက ပြည်သူလူထုအပေါ်ပြုကျင့်ရမည့် ကျင့်ဝတ်ဆယ်ပါးထဲမှ တစ်ချက်ပင်ဖြစ်သည်။ တစ်ဦးချင်းအနေဖြင့်စောင့်စည်းရမည့် ကျင့်ဝတ် (၁၇)ပါးထဲတွင်လည်း တာဝန်ဝတ္တရားများဆောင်ရွက်ရာတွင် တရားမျှတ၍ အဂတိတရားကင်းပါဟူသည့် အချက်ပါဝင်သည်။

ယနေ့ကာလတွင် ပြည်သူလူထုအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် ယုံကြည်ကိုးစားမှုအပြည့်အဝမရှိခြင်းက တရားဥပဒေစိုးမိုးရေးကို ဦးတည်ဖော်ဆောင်မှုကို သွက်လက်မြန်ဆန်စေမည်မဟုတ်ပါ။ တချို့နေရာများတွင် အဂတိလိုက်စားခြင်း ကိစ္စရပ်တို့ကြောင့်ပြည်သူလူထုက ရဲတပ်ဖွဲ့ဆိုလျှင် လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းနှင့်တွဲဖက်မြင်မှတ်နေကြဆဲဖြစ်သည်။

ထိုသို့သော အမြင်တို့က ရဲနှင့်ပြည်သူပူးပေါင်းဆောင်ရွက်၍ ဒုစရိုက်လုပ်ငန်းများနှိမ်နင်းရာတွင် အဟန့်အတားဖြစ်စေခဲ့သည်။

"ယုံကြည်မှုက တစ်ဖက်နဲ့တစ်ဖက်မရှိတော့ရင် ပြည်သူကလည်း ရဲကိုအကြောင်းမကြား၊ ရဲကလည်း တရားခံအစစ်ကို မတွေ့တဲ့အခါ စွပ်စွဲခံရတာတွေများလာမယ်။ ဒီလိုနဲ့ပဲ ရဲနဲ့ပြည်သူကြားထဲမှာ အပြန်အလှန် သံသယကြီးထွားမှုတွေရှိလာတယ်"ဟု တရားလွှတ်တော်ရှေ့နေ ဦးလင်းနိုင်မြင့်က သုံးသပ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်ရဲတပ်ရင်းမှ ရဲမှူးမြင့်သိန်းက "ပြည်သူတွေပါဝင်လာတဲ့ အခါမှ နယ်မြေအေးချမ်းဖို့ဖြစ်လာမှာပေါ့။ ပြည်သူတွေဖက်ကလည်း ရဲလုပ်ငန်းတွေကိုနားလည်ပြီး မှုခင်းဖြစ်တဲ့အခါဝိုင်းဝန်းဖော်ထုတ်ပေးတာ၊ သတင်းပေးတာတွေရှိလာပြီဆိုရင် တို့လုပ်ငန်းတွေအဆင်ပြေလာမှာပေါ့"ဟု ပြောကြားသည်။

ပြည်သူများ အနေဖြင့် အမှုအခင်းတစ်ခုဖြစ်ပွားလျှင် ကိုယ်တိုင်ပါဝင်ပတ်သက်ခြင်းမရှိသော်လည်း မျက်မြင်ဖြစ်ပါက တရားရုံးတွင် သက်သေလိုက်ရသည့်အတွက် အလုပ်အကိုင်ပျက်ကာစိတ်ညစ်ရသည့်ဒုက္ခကိုမခံစားလိုသဖြင့် ဘာသိဘာသာနေလိုက်ကြသည်များလည်း ရှိနေသည်။

ထိုမျှသာမက သတင်းပေးသူကိုပါ စစ်ဆေးသည့် သဘောမျိုးလည်း ရှိတတ်သောကြောင့် ပြည်သူအယောက် ၁၀၀ တွင် ၂၀ ဦးခန့်ကသာ ရဲနှင့်ဆက်သွယ်သတင်းပေးခြင်းမျိုးပြုလုပ်ကြတော့သည်။

"သတင်းပေးတဲ့ပြည်သူကို တရားခံလို မစစ်ဘဲ၊စိတ်ညစ်အောင်မလုပ်ဘဲသူ့ဘာကြောင့် ဒီသတင်းပေးတယ်ဆိုတာလေ့လာပြီး ကိုယ့်ဘာသာအမှုကိုလိုက်ရမယ်။ ပြည်သူကိုတရားရုံးကိုမခေါ်ဘဲအလုပ်မပျက်စေဘဲဆက်ဆံရမယ်။ဒါဆိုရဲနဲ့ပြည်သူတစ်ယောက်နဲ့တစ်ယောက်ယုံကြည်မှုရှိလာကြမယ်" ဟု ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မြိုင်ကလေး ရဲစခန်းမှ ဒုရဲအုပ်ဝင်းမောင်ဦးက ပြောသည်။

လာဘ်ပေးလာဘ်ယူကိစ္စများကို တိုက်ဖျက်ရာတွင် ပြည်သူများအနေဖြင့်လည်းရဲဝန်ထမ်းအားအကျင့်ဖျက်ခြင်းမျိုး မပြုလုပ်ရန်လိုအပ်ပြီး ရဲဝန်ထမ်းများကလည်း ငွေကြေးပေးမှအရေးယူပေးသည့်သဘောမျိုး မပြုလုပ်ရန် ရှောင်ရှားကြရမည်ဖြစ်သည်။

"နှစ်ဖက်စလုံး ရိုးသားဖို့လိုတယ်။ လာဘ်ပေးတဲ့လူ ရှိနေသေးလို့ လာဘ်စားတဲ့ လူရှိနေတယ်။ပြည်သူတွေဘက်ကလည်း ဥပဒေအကြောင်းကို လေ့လာထားဖို့လိုတယ်။ ဒါမှလည်းဥပဒေအရ ငါကျူးလွန်မိနေလို့ ဖမ်းပိုင်ခွင့်ရှိတာလား၊ ရဲကသက်သက်မဲ့ငွေလာညှစ်တာလားပေါ့" ဟု မုံရွာမြို့မှ အလွတ်တန်းဓာတ်ပုံဆရာကိုအောင်နေမျိုးက ပြောသည်။

"ဘယ်လောက်ပဲမှန်မှန် ဝန်ထမ်းကိုပိုက်ဆံပေးပြီးဖျက်ဆီးတယ်။ သူ့ကိစ္စပြီးအောင် လုပ်တယ်။ သူက ဆိုင်ကယ်ဆီဖိုးလောက်ပေးတာအကြောင်း မရှိဘူး။လာဘ်ထိုးတာတော့ မလုပ်သင့်ဘူး။ အဲဒါကိုဥပဒေနဲ့ ထိထိရောက်ရောက်အရေးယူရမယ်" ဟု စစ်ဖက်ဆိုင်ရာလုံခြုံရေးအဖွဲ့မှ အရာရှိတစ်ဦးက ဆိုသည်။

ရဲတပ်ဖွဲ့ဝင်များအား လုံလောက်သောလစာနှင့် ကောင်းမွန်သောခံစားခွင့်များ ပေးမထားခြင်းကလည်း ခြစားမှုဖြစ်ရပ်ဆီသို့ တွန်းပို့နေသည့်အကြောင်းရင်းတစ်ခုဖြစ်သည်။ဥပဒေဘောင်အတွင်းမှလုပ်ပိုင်ခွင့်များနှင့်အတူ ရဲတပ်ဖွဲ့ဝင်နှင့် ၎င်း၏ မိသားစုအတွက် တရားဝင်ခံစားခွင့်များပေးအပ်ထားမှသာ ခြစားခြင်းကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်မည်ဖြစ်သည်။

"ဂုဏ်သိက္ခာရှိဖို့ဆိုတာ နိုင်ငံတော်ကလည်း ပံ့ပိုးပေးနိုင်ရမယ်။ ရာထူးပေးတာက အစပေါ့" ဟု တရားလွှတ်တော်ရှေ့နေ ဦးလင်းနိုင်မြင့်ကဆိုသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်နေသော စစ်ဘက်ဆိုင်ရာလုံခြုံရေးအဖွဲ့မှ ဗိုလ်ကြီးတစ်ဦးက "ရဲတွေကို အပြည့်အဝ ထောက်ပံ့ပေးရမယ်။ စာရွက်စာတမ်း၊ ရုံးပိုင်းဆိုင်ရာလုပ်ပေးရမယ်။အမှုတစ်ခုဖြစ်လို့သွားမယ်ဆိုရင်ဆိုင်ကယ်ဆီဖိုးက အစနိုင်ငံတော်ကကုန်ကျခံပေးရမယ်" ဟု အကြံပြုသည်။

"ရဲကလစာနဲ့မလောက်ဘူး။ ငွေရတဲ့နေရာဆိုရင် လောက်တယ်။မရရင်လောက်ဖို့အတွက် စဉ်းစားတဲ့အခါရိုးသားမှု မရှိတော့ဘူး။ ကျွန်တော့်လစာ ကိုးသောင်းပဲရတော့ မလောက်ဘူး" ဟု နယ်မှဒုရဲအုပ်တစ်ဦးက ဆိုလာသည်။

ပြစ်မှုကျူးလွန်သူကို သတင်းပေးတိုင်ကြားရန်မှာ ပြည်သူဘက်မှတာဝန်ဖြစ်ပြီး ထိရောက်မြန်ဆန်စွာ အရေးယူဆောင်ရွက်ရန်မှာ ရဲတပ်ဖွဲ့ဘက်မှတာဝန်ပင်ဖြစ်သည်။ အရေးပေါ် ဖုန်းနံပါတ်ဖြစ်ပြီး အများပြည်သူသိရှိထားသည့် ၁၉၉ ဟူသည့်နံပါတ်ကို ရဲဘက်မှလက်ခံဖြေဆိုရန် လိုအပ်သလို ပြည်သူအချို့ကလည်း ဖုန်းဆက်နောက်ပြောင်ခြင်း မပြုလုပ်ကြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ရဲလုပ်ငန်းကို ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ခဲ့သည့် ၁၈၈၅ ခုနှစ်မှစ၍ အစတည်လာခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က ရဲတပ်ဖွဲ့ကို ဗမာရဲအဖြစ်သိရှိခဲ့ကြပြီး ၁၉၆၄ ခုနှစ်တွင် ပြည်သူ့ရဲတပ်ဖွဲ့အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့သည်ဟု ရဲတပ်ဖွဲ့သမိုင်းကြောင်းအရ သိရသည်။

ရဲတပ်ဖွဲ့ဝင်များသည်တပ်ဖွဲ့သို့ ဝင်ရောက်စဉ်ကတည်းက ငါတို့သည်တရားဥပဒေနှင့်အညီ တိတိကျကျမှန်မှန်ကန်ကန် ရပ်တည် ဆောင်ရွက်ပါမည် အစရှိသည့် သစ္စာလေးချက်ကို ရွတ်ဆိုအဓိဋ္ဌာန်ပြုခဲ့ကြပြီးဖြစ်သည်။ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်ကာကွယ် စောင့်ရှောက်နေသောတပ်ဖွဲ့ဖြစ်သည့် အစဉ်အလာကိုလည်း အစဉ်ထိန်းသိမ်းကြရမည်ဖြစ်သည်။


စာ(၁၁)သို့








ဒီတစ်ပတ် ဝိုက်ဖ်ဗီက အရံဟင်းတစ်ခွက် ချက်ထားပါတယ်။ ဗူးညွန့်သုပ်ဖို့အတွက် လတ်ဆတ်တဲ့ဗူးညွန့်လက်နှစ်ဆုပ်စာကို ရေနွေးဖျောပါမယ်။ အရွက်လေးတွေ စိမ်းနေအောင် ရေနွေးဖျောပြီး ရေအေးအေးနဲ့ ခဏစိမ်ထားပါ။ ငရုတ်သီးစိမ်းထောင်းပြီး ငါးပိနည်းနည်း ဖုတ်ထားပါမယ်။ ငါးနီတူ ငါးခြောက် သုံး၊လေးကောင်ကို ဒယ်အိုးထဲမှာလှော်ပြီး အကောင်ပျက်ရုံလေး ထောင်းလိုက်ပါ။

ရေစိမ်ထားတဲ့ ဗူးညွန့်ကို အနေတော်လှီးပြီး ငရုတ်သီးစိမ်းထောင်း၊ ငါးပိဖုတ်ထည့်ပါမယ်။ သံပရာရည်လည်းညှစ်ထည့်ပါမယ်။ အရသာအတွက် ဆားပါရုံလေးထည့်ပြီး ငါးခြောက်ထောင်းထည့်လိုက်ရင်ပဲ ချဉ်ချဉ်စပ်စပ် ဗူးညွန့်သုပ်တစ်ခွက်ရပါပြီ။

7 DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

# ခရီးသည်နှင့်ဝန်ဆောင်မှုလုသူများ

**အောင်သစ်လွင်၊ အေးမြတ်သူ၊ ညီညီဇော်**

ရောဝတီတိုင်းဒေသကြီးတစ်ခုလုံးနှင့်ရန်ကုန်မြို့တော်ကိုအဓိကချိတ်ဆက်ပေးနေသော လှိုင်သာယာမြို့နယ်ရှိဒဂုံ-ရော အဝေးပြေးဝင်းထဲသို့ ကိုဝေလွင်ဝင်လိုက်သည်။ ကားဝင်းထဲဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အဝတ်အစား ညစ်ထေးထေးဝတ်ဆင်ထားသော ဦးရေနှစ်ဆယ်ခန့်ရှိမည့် ညှော်ကြို(ခေါ်) လူခေါ်ပွဲစားများ၏ဘယ်သွားမလို့လဲ၊ ဘယ်လဲဟူသည့် အမေးနှင့်အတူ ၎င်း၏ခရီးဆောင်အိတ်အား ဝိုင်းဝန်းလုယက်ဆွဲသည့် အခြေအနေမျိုးနှင့် ကိုဝေလွင်တစ်ယောက် ကြုံတွေ့ရပါသည်။



*ကားပေါ်အထိတက်ကာ လူခေါ်နေကြသည့် လူခေါ်ပွဲစားများ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ကိုဝေလွင်သည် ဟသ်ာတ မြို့မှ ပုဂ္ဂလိကဆေးခန်းတစ်ခုသို့ မျက်စိခွဲစိတ်ရန် လာရောက်သူ တစ်ဦးဖြစ်ပြီး ခရီးသွားအတွေ့အကြုံနည်းသောကြောင့် ယင်းကဲ့သို့ အဖြစ်အပျက်မျိုးကို ကြုံတွေ့ရသည့် အခါ စိုးရိမ်ထိတ်လန့်မိကြောင်း ပြောသည်။

"အတင်းဆွဲလုတော့ လူကို အနုကြမ်းစီးသလားလို့တောင် ထင်ရတယ်" ဟု ၎င်းက ဆိုသည်။

ခရီးသည်များ၏ အထုပ်အပိုးများ လုယက်သယ်ယူခြင်း၊ ဆိုင်ရာကားဂိတ်သို့အတင်းအဓမ္မခေါ်ဆောင်ခြင်း၊ ခရီးသည်တစ်ဦးအား လူခေါ်ပွဲစား နှစ်ယောက်၊ သုံးယောက်ကဟိုဘက်သည်ဘက် ဝိုင်းဝန်းဆွဲကြခြင်း၊ ခရီးသည်ဟုခေါ်ခြင်းတို့က ပြည်တွင်းရှိ ရေဆိပ်၊ လေဆိပ်၊ ကားဂိတ်နှင့် ရထားဘူတာရုံတို့သို့ ဝင်ထွက်သွားလာဖူးသူတိုင်း ကြုံတွေ့နေရမည့် ကိစ္စဖြစ်သည်။

ကားဝင်းများတွင် ခရီးသည်များအား အပြိုင်အဆိုင် လုလုပွဲများ ဖြစ်ပေါ်နေခြင်းအား အဝေးပြေးဝင်းအတွင်း တာဝန်အရှိဆုံး ကွပ်ကဲရေးရုံးမှ နယ်မြေရဲ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စောင့်ကြည့်အရေးယူသော်လည်း အဆိုပါ လူခေါ်ပွဲစားဦးရေမှာ အလွန်များသောကြောင့် ထိထိရောက်ရောက် အရေးယူ၍ မရကြောင်း ပူးပေါင်းအဖွဲ့တွင် ပါဝင်သူတစ်ဦးက ပြောသည်။


ညှော်ကြိုခေါ် လူခေါ်ပွဲစားများမှာမြို့နယ်အသီးသီးရှိအဝေးပြေးကားဂိတ်တိုင်းတွင်ရှိပြီး အများစုမှာ အလုပ်အကိုင် အတည်တကျ မရှိဘဲ ကျပန်းလာရောက်လုပ်ကိုင်နေကြခြင်းဖြစ်သည်။

အဝေးပြေး ကားဂိတ်၊ မီးရထားဘူတာ စသည့် ခရီးသွားပြည်သူများနှင့် သက်ဆိုင်သည့်နေရာများကို ကိုယ့်အိမ်သဖွယ်နေကြရင်း ဝမ်းစာရှာနေကြသော အဆိုပါအလုပ်သမားများမှာ နေ့စဉ်နေ့တိုင်း သွားလာလှုပ်ရှားနေသော ခရီးသွားများအတွက် ရှောင်လွဲမရနိုင်သော လူအစုအဖွဲ့ ဖြစ်နေသည်။

**တစ်ဖက်သို့**







## ခရီးသည်နှင့် ဝန်ဆောင်မှု လုသူများ မှ

"တန်ရာ တန်ကြေးဆိုပေးပါတယ်။ အခုက လက်ထဲက အထုပ်ကို လာဆွဲပြီး လိုင်းကားပေါ်တင်ပေးပြီးကာမှ မတန်တဆ တောင်းတာတော့ လွန်လွန်းပါတယ်" ဟု အောင်မင်္ဂလာ အဝေးပြေးဝင်းဂိတ်သို့လာသော နေပြည်တော် တပ်ကုန်းမှ ခရီးသည် မန်းအေးက ဆိုသည်။

ဒဂုံ-ဧရာ အဝေးပြေးမှ လူခေါ်ပွဲစား ကိုကျော်ဦးသည် ဧည့်ကြိုအလုပ်ကိုလုပ်ကိုင်နေသူတစ်ဦးဖြစ်ကာ ကားဝင်းအတွင်းရှိ ဈေးသည်များက ဈေးရောင်းရင်း ခရီးသည်များက ကားဂိတ်များဆီခေါ်ဆောင်သွားသောကြောင့် ဝင်ငွေနည်းပါးလာကြောင်း ၎င်းက ဆိုသည်။

"ခရီးသည် တစ်ယောက် ပို့ပေးရင် ငါးရာရပါတယ်။ ဒါပေမဲ့ ဧည့်ကြိုတွေကို သတ်သတ်မှတ်မှတ် စိစစ်မပေးတဲ့အတွက် ကြုံရာလူက ဝင်လုပ်တော့ အဆင်မပြေပါဘူး" ဟု ၎င်းကပြောသည်။ လူခေါ်ပွဲစားခေါ် ဧည့်ကြိုများမှာ သက်ဆိုင်ရာဌာနမှ တရားဝင်လုပ်ခွင့် ပေးထားခြင်း မဟုတ်ဘဲ ကားဂိတ်များက ခရီးသည်ပို့ရရှိရင် တစ်ဦးလျှင် ကျပ်၅၀၀ နှုန်းသတ်မှတ်ပေးခြင်းဖြစ်သည်။

"အရင်လို ခရီးသည်ကို ဂိတ်ရှေ့ကနေ ခေါ်လို့ မရတော့ဘူး။ အဝေးပြေးအပေါက်ဝအထိ သွားပြီး အလုအယက်ခေါ်မှ ခရီးသည်ရတာပါ" ဟု ရန်ကုန်-ပုသိမ်ကားဂိတ်တစ်ခုမှ ကားဒရိုက်ဘာတစ်ဦးက ပြောသည်။

အဝေးပြေး ကားဂိတ်များတွင် ကိုကျော်ဦးတို့လို ဂိတ်မှ ခန့်အပ်ထားသော တရားဝင် လုပ်သားများရှိသကဲ့သို့ အနီးအနားရပ်ကွက်များမှ အလုပ်မရှိ၍ လူခေါ်ပွဲစားလာလုပ်ကြသော ကားလောက အခေါ် အာကြီးဆိုသူများလည်း ရှိသည်။ ယင်းအာကြီးဆိုသူများမှာ ကားဂိတ်များမှ တရားဝင်အလုပ်သမားမဟုတ်၍ ခရီးသည်နှင့် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားပါက ထွက်ပြေးသွားလေ့ရှိကြောင်း သိရသည်။

"ခရီးသည် လုလို့ ပြဿနာတက်တာချင်းအတူတူ ကျွန်တော်က အချုပ်ထဲမှာ ခုနစ်ရက်နေခဲ့ရပြီး အဲဒီအာကြီးတွေ လွတ်မြောက်သွားတာ ကြုံခဲ့ဖူးတယ်" ဟု ကမ္ဘာမြေကားဂိတ်မှ ဂိတ်ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုနိုင်လင်းက ပြောသည်။

ကိုနိုင်လင်းတို့လို လူခေါ်ပွဲစားများမှာ ခရီးသည်နှင့် ပြဿနာဖြစ်ပွားပါက အဝေးပြေးဝင်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ တိတိကျကျသတ်မှတ်မထားသော ဒဏ်ငွေ သုံးသောင်းမှ ငါးသောင်းအထိ ဒဏ်ရိုက်ခံရပြီး ကွပ်ကဲရေးရုံးအနေဖြင့် အာကြီးခေါ် ကျပန်းလာရောက်လုပ်ကိုင်နေသူများအား စိစစ်အရေးယူပေးပါက ခရီးသည်နှင့် လူခေါ်ပွဲစားများအကြား ပြဿနာအနည်းငယ် လျော့ပါးသွားနိုင်ဖွယ် ရှိသည်။

မန္တလေးမြို့ရှိ ရန်ကုန်-မန္တလေး ခရီးသည်တင်ကားများ အများဆုံးဂိတ်ထိုးသော ကျွဲဆည်ကန်ကားကြီးကွင်းတွင်လည်း ဆိုင်ကယ်တက္ကစီမောင်းသူပေါင်း ရာချီရှိပြီး ဝင်လာသမျှ ခရီးသည်ကို အလုအယက်ဆွဲခေါ်ကြမြဲ ဖြစ်သည်။

ဆိုင်ကယ်တက္ကစီမောင်းနှင်သူ ကိုရဲရင့်နိုင်က "လုပ်တဲ့သူတွေက များလာတော့ ခရီးသည်မရမှာစိုးလို့ ကားတစ်စီးဝင်လာတာနဲ့ အတင်းပြေးလိုက် လုယက်ပြီး သူ့ထက်ငါ ဦးဆောင် ခေါ်ရတော့တာပဲ" ဟု ဆိုသည်။

မြန်မာနိုင်ငံသည် ၂၀၁၃ နှစ်ကုန်ပိုင်းတွင် အရှေ့တောင်အာရှအားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင်လည်း အာဆီယံဥက္ကဋ္ဌ ရာထူးတာဝန်ကို ရယူမည်ဖြစ်သည်။ ထို့ကြောင့် ခရီးသည်များကို အမြင့်ဆုံးအဆင့် ဝန်ဆောင်မှုပေးသော လေဆိပ်လိုနေရာမျိုးမှစ၍ ခရီးသည်များ စိတ်ဝင်တစား သွားရောက်လေ့ရှိသော နေရာဒေသများရှိ ဆိုင်ကယ်ကယ်ရီ ဝန်ဆောင်မှုများအထိ ပြင်ဆင်ထားရန် လိုအပ်သည်။ တစ်နေရာမှ တစ်နေရာသို့ သွားရောက်နေကြခြင်းသည် မိမိတို့၏ စီးပွားရေးကိစ္စများအတွက် ပါဝင်သလို စိတ်ချမ်းသာမှုကိုရလို၍ အပျော်ခရီးထွက်သော ခရီးသွားများလည်း ရှိသောကြောင့် ဝန်ဆောင်မှု ကောင်းကောင်းပေးနိုင်ရန် အလွန်အရေးကြီးကြောင်း မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း အတွင်းရေးမှူး ဦးထွန်းမြတ်က ပြောသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ခရီးသွားလုပ်ငန်းသည် လွန်စွာအရေးပါပြီး တိုးတက်လာမည့် စီးပွားရေး နိုင်ငံရေး ဖြစ်စဉ်များနှင့်အညီ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကို အရေးတကြီး ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း ပြည်တွင်းခရီးသွားကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားသည်။

"အိမ်သာမှ ဧည့်လာမှာပါ။ ဝန်ဆောင်မှုတွေ ညံ့ဖျင်းမှုတွေ ညံ့ဖျင်းရင်တော့ နိုင်ငံရဲ့ ပုံရိပ် ကျဆင်းမှာပါ။ အခုကတည်းက ပြင်ဆင်မယ်ဆိုရင် အချိန်မီပါသေးတယ်" ဟု နှစ်လေးဆယ်ကြာ ခရီးသွားဝန်ဆောင်မှု သက်တမ်းရှိသော ရွှေလွန်းပျံ(Taxi Servise) မှ ဥက္ကဋ္ဌဦးစိန်မြင့်က ဆိုသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံး ခရီးသည်တင် ယာဉ်ရပ်နားစခန်းဖြစ်သော အောင်မင်္ဂလာအဝေးပြေးဝင်းတွင်လည်း ခရီးသွားများနှင့် တက္ကစီယာဉ်များ၏ မပြည့်စုံသော ဝန်ဆောင်မှုများကို နေ့စဉ်ကြုံတွေ့နေရသည်။

လူခေါ်ပွဲစား၊ အထုပ်သယ်သမားများက လုကြ၊ ဆွဲကြသည့်အခါ အားနာတတ်သည့် အရိုးခံစွဲရှိသူ ခရီးသည်များလည်း ဆွဲသည့်နောက်ပါကြရသည်။ ခရီးဆောင်အိတ် လုဆွဲသည့်အခါပေးလိုက်ကြရသည်။ သူတို့သဘောနှင့် သူတို့ဆွဲကြ၊ သယ်ကြပြီးသည့်အခါ သူတို့သဘောနှင့် သူတို့ပင် ငွေတောင်းကြပြန်သည်။

"အန်တီက ကားခေါင်းမှာထိုင်တာ။ ပစ္စည်းချတော့ ဘယ်အချိန် ဝင်ထမ်းသွားမှန်း မသိဘူး။ ကိုယ်ကလည်း ဘူတာရုံထုံးစံပဲဆိုပြီး မပြောတော့ပါဘူး" ဟု ကျောင်းပန်းတောင်းမြို့မှ အသက် ၅၀ အရွယ် ခရီးသည်ဒေါ်မြမြက ရန်ကုန်ဘူတာကြီးအတွေ့အကြုံကို ပြောပြသည်။

"အခုတော့ ငါးထောင်၊ တစ်သောင်း သူတောင်းသလောက်ပေးရတော့မယ်။ သူက သယ်သွားတာကိုး" ဟု ပြောရင်း ဒေါ်မြမြက အထုပ်သယ်သွားသည့် အထမ်းသမားနောက် စိတ်ပျက်လက်ပျက်နှင့်လိုက်ပါသွားလေသည်။ ။



## စိတ်ချမ်းသာအောင်လုပ်နည်း

စိတ်ချမ်းသာချင်ရင် အလို ဆန္ဒတွေကို ထိန်းသိမ်းပါ။

အလိုဆန္ဒမပြည့်တာဟာ စိတ်ကို မချမ်းမသာဖြစ်စေတယ်။ အလိုဆန္ဒတွေဟာ သူ့အလိုလို ပြည့်လာတာမဟုတ်ဘူး။ ကိုယ်က ဖြစ်အောင်လုပ်ယူရတယ်။ အဲဒီလိုလုပ်ရင်း အဆင်မပြေမှုတွေ ကြုံရတယ်။ အဲဒါစိတ်ကိုပင်ပန်း စေတယ်။ အလိုဆန္ဒတွေ များတဲ့ သူဟာ အလိုဆန္ဒတစ်ခုပြည့်လို့ စိတ်ချမ်းသာရတာ၊ မကြာခင် မပြည့်တဲ့အလိုဆန္ဒတွေကြောင့် စိတ်မချမ်းမသာ ဖြစ်ရပြန်တယ်။ အဲဒီတော့ အလိုဆန္ဒများလေ အလိုမပြည့်တာလည်းများလေဖြစ်လို့ စိတ်ချမ်းသာတဲ့ အချိန်နည်းတယ်။

စိတ်ချမ်းသာအောင် လုပ်တဲ့နည်းထဲမှာ ကိုယ့်စိတ်ကို ကိုယ်သိပြီးတော့ ကြည့်ပြီးတော့ စိတ်ချမ်းသာနေတာကို ပြန်အာရုံပြုတဲ့နည်းဟာ အရိုးဆုံးနဲ့ အကောင်းဆုံးနည်းပဲ။

ပထမ ကိုယ့်စိတ်ကို ကိုယ်ကြည့်တတ်အောင် လေ့ကျင့်ပါ။ စိတ်ချမ်းသာလာတဲ့အခါ စိတ်ချမ်းသာနေတယ်ဆိုတာကို ပြန်သိနေပါ။ စိတ်ချမ်းသာနေတယ်။ စိတ်ချမ်းသာနေတယ်။ အဲဒီလို လုပ်တာများလာရင် စိတ်ကိုသိလိုက်တာနဲ့ စိတ်ချမ်းသာလာမယ်။ ဘာမှ အပိုမလုပ်ရတဲ့ တိုက်ရိုက်နည်းပဲ။ စိတ်ကိုသိတဲ့နည်းနဲ့ တရားအားထုတ်တာကို အလေ့အကျင့်လုပ်ထားတဲ့သူအဖို့ နောက်ထပ် ဘာမှပြောဖို့မလိုတော့ဘူး။

ဆရာတော်ဦးဇောတိက (မဟာမြိုင်တောရ) စိတ်ချမ်းသာဖို့လိုရင်းပါစာအုပ်မှ

ဝမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



စာ-၉ မှ

## ရဲနှင့်ပြည်သူ - ကူညီပါရစေနှင့်တရားဥပဒေစိုးမိုးရေး

ရဲတပ်ဖွဲ့ဝင်များစောင့်စည်းရမည့်ကျင့်ဝတ်များတွင် ပါးစပ်ကသာ တိုင်းပြည်ကို မချစ်ဘဲ အလုပ်ဖြင့်လည်း ချစ်ပါဟုပါဝင်ပြီး ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ရိုင်းပြစွာ ပြောဆိုဆက်ဆံမှုကို ရှောင်ကြဉ်ခြင်း၊ ပြည်သူ၏ ယုံကြည်ကိုးစားမှုကိုရယူခြင်း၊ ပြည်သူအတွက် တရားဥပဒေနှင့်အညီအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ပြည်သူ၏သားပျို၊ သမီးပျိုနှင့် သားမယားတို့ကို စည်းစောင့်ခြင်းစသည်တို့ကိုလည်းကျင့်ဝတ် အရလက်ကိုင်ထားကြရမည်ဖြစ်သည်။

တာဝန်ကို ပေါ့ပေါ့ဆဆ ဆောင်ရွက်ခြင်း၊ ပြည်သူကိုညှဉ်းပန်းနှိပ်စက်ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီမလုပ်ခြင်း၊ သက်သေခံရာတွင်မမှန်မကန် ထွက်ဆိုခြင်း၊ တရားခံကိုညှဉ်းပန်းနှိပ်စက်ခြင်း၊ အထက်မှပေးလိုက်သည့်အမိန့်နှင့် ညွှန်ကြားချက်များ အောက်ခြေအထိမရောက်ခြင်း စသည်တို့မှာလည်း ရဲတပ်ဖွဲ့ဝင်များ ရှောင်ရမည့်အချက်များဖြစ်သည်ကို တွေ့ရသည်။

ရဲတပ်ဖွဲ့ဝင်များသည် အကျင့်ပျက်ခြစားမှုမကျူးလွန်မိစေရန် ထိန်းသိမ်းရမည်ဖြစ်သလို တရားခံများကိုလည်း ညှဉ်းပန်းနှိပ်စက်ခြင်းမှ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ကုလသမဂ္ဂက အတည်ပြု ထုတ်ပြန်ထားသည့် တားဆီးနှိမ်နင်းရေး အရာရှိများလိုက်နာရမည့် ကျင့်ဝတ်တွင်လည်း -

အပိုဒ်(၅)- မည်သည့် တားဆီးနှိမ်နင်းရေးအရာရှိမဆို ညှဉ်းပန်းနှိပ်စက်ခြင်း(သို့မဟုတ်) အခြားရက်စက်မှုများ(သို့မဟုတ်) လူသားမဆန်မှုများ(သို့မဟုတ်) နှိမ့်ချဆက်ဆံမှု(သို့မဟုတ်)ဒဏ်ခတ်ခြင်းမပြုရ။

အပိုဒ်(၇)- တားဆီးနှိမ်နင်းရေးအရာရှိများသည် အကျင့်ပျက်ခြစားမှုတစ်စုံတစ်ရာကိုမျှ မကျူးလွန်ရ။ ထိုအပြုအမူအားလုံးကိုလုံးဝလက်မခံဘဲဆန့်ကျင်တိုက်ဖျက်ရမည်ဟု ဖော်ပြပါရှိသည်။

အထက်ပါအချက်အလက်များနှင့် စောင့်စည်းရမည့် ကျင့်ဝတ်များကို ရဲတပ်ဖွဲ့ဝင်တိုင်းက အတိအကျ လိုက်နာကျင့်သုံးကြပါမှ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရရှိနိုင်မည်ဖြစ်ပြီး ရဲလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပြည်သူက လိုလိုလားလား ပါဝင်ကူညီလာကြမည်ဖြစ်သည်။

"တရားဥပဒေစိုးမိုးမှုမှာ ရဲကမပါမဖြစ်ဆိုပေမယ့်အားကိုးမှုအပြည့်အဝမရဘူးဖြစ်နေတယ်။ တစ်ခုခုဖြစ်လာရင် ၁၉၉ကို ဆက်ဆိုပေမယ့်အပြည့်အဝယုံကြည်မှု မရသေးပါဘူး" ဟု အစိုးရဝန်ထမ်း အရာရှိတစ်ဦးက သုံးသပ်ပါသည်။

ထိုသို့ ရဲနှင့်ပြည်သူအကြားတွင် အပြန်အလှန်ယုံကြည်မှုကင်းကွာနေသည့်ကိစ္စကို ဖြေရှင်းနိုင်ပြီးပြည်သူကယုံကြည်အားထားခံရသည့် ပြည်သူ့ရဲတပ်ဖွဲ့အဖြစ်သို့ လျင်မြန်စွာ ကူးပြောင်းလာမည်ဆိုလျှင် ရဲနှင့်ပြည်သူအကြား ပဋိပက္ခနှင့် အငြင်းပွားစရာများဖြစ်လာလိမ့်မည်မဟုတ်ပါ။

ရဲနှင့်ပြည်သူ ယုံကြည်မှု ရှိရှိဖြင့် ညီညွတ်မှသာလျှင် လူ့အဖွဲ့အစည်းအတွက် ကောင်းမွန်သည့် တရားဥပဒေစိုးမိုးမှုတစ်ရပ် ပေါ်ပေါက်လာလိမ့်မည်ဖြစ်သည်။ ရဲဝန်ထမ်းများသည် ဒီမိုကရေစီခေတ်တွင် စိတ်သစ်၊ လူသစ်နှင့် အမူအကျင့် သစ်များပြောင်းလဲဆောင်ရွက်ရန်အချိန်တန်နေပြီဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်ရဲတပ်ရင်းမှ ရဲမှူးမြင့်သိန်းက အောက်ပါအတိုင်း ပြောပါသည်။

"ရဲနဲ့ပြည်သူ အပြန်အလှန်ယုံကြည်ကြမှ ကူညီပါ ရစေဆိုတာ လုပ်လို့ရမှာပေါ့"။ ။

■

မွန်မြတ်ဆေးခန်း ဗိသာစုဘာ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

ရန်ကုန်/မော်လမြိုင်

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့်သွေးထဲအဆီများသူများကုသခြင်း
-(၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီ တည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
-(၇)ရက်သောက်သုံးပါက ခေါင်းမူးခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ပယ်ရှားပေးသည်။
-(၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၂၂၅၃၄၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၀၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၅၇ ၄၀၀ ၅၈၅၆၅၅

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.46 ▪ JANUARY 24 , 2013

စာ(၁၂)မှ

## အစိုးရက အပစ်အခတ်ရပ်ရန် ပြောကြားသော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေ

တစ်လကြာမြင့်ပြီဖြစ်သော လေကြောင်းပစ်ကူတိုက်ခိုက်မှုများမှာ အစိုးရဘက်က အပစ်အခတ်ရပ်ရန် တိုက်တွန်းပြီးနောက် ယခုရက်ပိုင်းတွင်ရပ်တန့်သွားပြီး ရိက္ခာပို့ရန်နှင့် လူအင်အားဖြည့်တင်းရန်သာ အသုံးပြုတော့သည်ကို တွေ့ရကြောင်း ကေအိုင်အေရှေ့တန်းမှ အရာရှိတစ်ဦးက ပြောကြားသည်။

လေကြောင်းမှ ပစ်ခတ်မှုများ ရပ်ဆိုင်းသွားသော်လည်း မြေပြင်တိုက်ပွဲများ ဆက်ဖြစ်နေပြီး လဂျားယန်ဒေသ၊ ခါယာဘွမ်စခန်း၊ ကေအိုင်အေတပ်မဟာ(၃)ရှိ ဂျန်မိုင်စခန်းတို့တွင်ဖြစ်ပွားလျက်ရှိပြီး တပ်မတော်ဘက်မှ ထိုးစစ်ဆင်မှုများရှိနေကြောင်းကေအိုင်အေဘက်မှ ပြောကြားသည်။

တိုက်ပွဲများသည် ဇန်နဝါရီ ၁၉နှင့် ၂၀ရက်များတွင် တစ်နေ့လျှင် ပျမ်းမျှ ၁၀ ကြိမ်ခန့် ဖြစ်ပွားနေပြီး စစ်ဆင်ရေး ရပ်ဆိုင်းမည်ဟု ကြေညာအပြီး ခါယာဘွမ်စခန်းအနီး တိုက်ပွဲမှာ အပြင်းထန်ဆုံးဖြစ်ပွားနေကြောင်း ကေအိုင်အို ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က ပြောကြားသည်။

“ခါယာဘွမ်မှာ အစိုးရစစ်ကြောင်းက အော်ဟစ်ပြီးအတင်းထိုးတက်လာတယ်။ တစ်ဖက်နဲ့တစ်ဖက်မီတာတစ်ရာကျော်ကျော်လောက်ဘဲဝေးတော့တယ်။ အော်တက်လာတော့ ရုတ်တရက်ဆိုတော့ လန့်သွားတယ်”ဟု ဇန်နဝါရီ ၂၀ ရက်က ခါယာဘွမ်ရှေ့တန်းစခန်းတွင် တိုက်ပွဲသတင်း သွားရောက်ယူခဲ့သော နိုင်ငံခြား သတင်းထောက်တစ်ဦးက ဖုန်းဖြင့် ပြောကြားသည်။

နိုင်ငံပေါင်း ၂၀ ကျော်၏ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့်နေပြည်တော်တွင် ကျင်းပသော မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က “ကေအိုင်အိုကိုလည်း ငြိမ်းချမ်းရေးဆောင်ရွက်ရန် ကမ်းလှမ်းထားပြီး ယခုလည်း ဒီနေရာကနေ ထပ်မံဖိတ်ခေါ်လိုက်ပါတယ်”ဟုဇန်နဝါရီ ၁၉ရက်တွင် ပြောကြားခဲ့သည်။

ဆက်တိုက်ဆိုသလိုပင် ဇန်နဝါရီ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သော လူထုအခြေပြုအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲ၌လည်း နိုင်ငံတော်သမ္မတက အမှာစကားပြောကြားစဉ်“ကေအိုင်အို၊ ကေအိုင်အေဌာနချုပ်ဟာ ကျွန်တော်တို့ တပ်တွေနဲ့ လက်တစ်ကမ်းအကွာမှာ ရှိပေမယ့် ဌာနချုပ်ကို အပြီးတိုင်ချေမှုန်းသိမ်းယူခြင်းမပြုလုပ်ဖို့ အမိန့်ပေးထားပြီးဖြစ်ပါတယ်” ဟု ထည့်သွင်းပြောကြားသွားခဲ့သည်။

ကေအိုင်အို ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က ထိုသို့ ပြောကြားခြင်းနှင့်ပတ်သက်ပြီး “ဌာနချုပ်ရဲ့ အရေးကြီးတဲ့ တောင်ကုန်းတွေပေါ်က စခန်းတွေရပြီဆိုရင် စစ်စကားနဲ့ ပြောရမယ်ဆိုရင် သိမ်းတာနဲ့ အတူတူပါပဲ” ဟု မှတ်ချက်ပြု ပြောကြားသည်။

“အဓိက ပြဿနာကတော့ ယုံကြည်မှုပျောက်သွားတဲ့ ပြဿနာပဲ။ အခု ဖြစ်နေတာက ကေအိုင်အေတောင်းဆိုတာကို အစိုးရမလိုက်လျောနိုင်လို့ဖြစ်နေတဲ့ ပြဿနာမဟုတ်တော့ဘူး။ နိုင်ငံရေးအရ အဖြေရှာရမယ်ဆိုတာကို အစိုးရဘက်က လက်ခံလိုက်ပြီးသား။ အခုပြဿနာက တပ်တွေရဲ့ပြဿနာ” ဟု မြန်မာငြိမ်းချမ်းရေး စင်တာမှ အပစ်အခတ်ရပ်စဲရေး ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးက လက်ရှိဖြစ်နေသည့် အခြေအနေများကို သုံးသပ်ပြောကြားသည်။

၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲထားပြီးမှ ၂၀၁၁ ဇွန်လတွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ရာ ယခုဆိုလျှင် တစ်နှစ်နှင့်ခုနစ်လကြာမြင့်ခဲ့ပြီး ပြီးခဲ့သော ဒီဇင်ဘာလက ကေအိုင်အိုဌာနချုပ်ရှိရာ လိုင်ဇာမြို့အနီး လဂျားယန်ဒေသတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာပြီး နှစ်ဖက်အတင်းမာဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည်။

ယခုအနေအထားသည် နှစ်ဖက်တပ်များ အလွန်နီးကပ်စွာတည်ရှိနေပြီး အပစ်အခတ်ရပ်ရန် မလွယ်ကူသည့် အနေအထားရှိနေသဖြင့် နှစ်ဘက်ပြိုင်တူအပစ်ရပ်နိုင်မှ ပြဿနာကို ဖြေရှင်းနိုင်မည်ဟု ဒေါက်တာမင်းဇော်ဦးက ပြောသည်။

သမ္မတ၏ ညွှန်ကြားချက်အတိုင်း ခုခံကာကွယ်ခြင်းမှအပ ထိုးစစ်များ မပြုလုပ်ဟု ကာချုပ်က ထပ်မံအတည်ပြုကာ ကေအိုင်အေကလည်း မိမိတို့၏တပ်များကိုစတင်မတိုက်ခိုက်ရန် အစိုးရကထုတ်ပြန်သော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းဖြစ်သည်။

“နှစ်ဖက်လုံး အပစ်အခတ်ရပ်နိုင်ဖို့ဆိုတာ နှစ်ဖက်လုံးကတာဝန်ရှိတဲ့ စစ်ရေးနားလည်တဲ့သူတွေလာပြီး တပ်ကိစ္စ အဖြေရှာပြီး ဘယ်လိုအပစ်ရပ်မလဲ၊ တပ်တွေကိုဘယ်လိုခွဲမလဲဆိုတာစနစ်တကျဆွေးနွေးဖို့လိုမယ်။ အဲဒီအဆင့်ကိုရောက်မှတကယ်အပစ်ရပ်လို့ရမှာ” ဟု လက်ရှိ ဖြစ်ပွားနေသောကချင်စစ်ပွဲပြဿနာများပြေလည်နိုင်မည့်နည်းလမ်းကို ဒေါက်တာ မင်းဇော်ဦးက ပြောကြားသည်။

အစိုးရဘက်မှလဂျားယန်ကို အပစ်အခတ် ရပ်ဆိုင်းထားမည်ဟုကြေညာအပြီး နောက်တစ်ရက်တွင် ကေအိုင်အိုဘက်မှလည်း ကြေညာချက်တစ်စောင် ထုတ်ပြန်ရာ ထိုကြေညာချက်တွင် တပ်မတော်၏ ထိုးစစ်ဆင်မှုများကို လဂျားယန်ဒေသတွင် သာမကဘဲ ကချင်ဒေသ အနှံ့တွင်ပါ စစ်ရေးလှုပ်ရှားမှုများ လျှော့ချသင့်ကြောင်း တိုက်တွန်းထားသည့် အချက်ကို အဓိကထားပြောကြားထားသည်။

အစိုးရအဖွဲ့၏ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီက ကေအိုင်အိုကို တွေ့ဆုံညှိနှိုင်းဆွေးနွေးရေးအတွက် ဇန်နဝါရီ ၁၉ ရက်မှာပင် စာတစ်စောင်ပေးပို့ကာ ကမ်းလှမ်းခဲ့သည်။

ကေအိုင်အိုဘက်မှ ထိုကမ်းလှမ်းမှုကို ပြန်လည်အကြောင်းပြန်ရာတွင် အစိုးရက လဂျားယန်ဒေသကို ဇန်နဝါရီ ၁၉ ရက် နံနက် ၆ နာရီမှစတင်ကာ စစ်ဆင်ရေး ရပ်ဆိုင်းမည်ဖြစ်ကြောင်း ပြောကြားထားသော်လည်း ၁၉ ရက်နှင့် ၂၀ ရက်များတွင် တပ်မတော်မှ ထိုးစစ်ဆင် စခန်းသိမ်းတိုက်ပွဲများ ဆက်လက်ပြုလုပ်နေဆဲဖြစ်ပြီး သတင်းထုတ်ပြန်ချက်နှင့် ရှေ့တန်းစစ်မျက်နှာပြင်တွင် ဖြစ်ပွားနေမှုများမှာ လုံးဝဆန့်ကျင်ကွဲပြားနေကြောင်း ထည့်သွင်းရေးသားထားသည်။ ထိုသို့ ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်ကာ စစ်ရေးအရဖိအားပေးမှု အခြေအနေတွင် ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကေအိုင်အိုအဖွဲ့တို့ သီးခြားတွေ့ဆုံ ဆွေးနွေးမှုမလုပ်ဘဲ ကော်မတီနှင့် ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC)တို့သာ ဆွေးနွေးလျှင် ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း အကြောင်းပြန်ကြားစာကို ဇန်နဝါရီ ၂၀ ရက်က အကြောင်းပြန်ခဲ့သည်။

စာ(၁၂)မှ

## ခွင့်ပြုမိန့်မရဘဲ ဆောက်ထားသည့် ရာနှင့်ချီ ကန်ထရိုက်တိုက်များကို စည်ပင်တရားစွဲ

ဆောက်လုပ်သည့် နည်းစနစ်မမှန်ကန်၍ ပါမစ်မရရှိထားခြင်းကြောင့် ရန်ကင်းမြို့နယ်ရှိ ကန်ထရိုက်တိုက် သုံးလုံးကို တစ်တိုက်လုံး ဖြိုဖျက်ခဲ့ခြင်းမျိုး မဟုတ်ဘဲ သတ်မှတ်အမြင့် ပမာဏ အထပ်နှင့် အမိုးနေရာဆောက်လုပ်ရန်အတွက် ချန်ထားပြီး ဖြိုဖျက်စေခဲ့သည်ဟု ၎င်းကပြောသည်။

ဆောက်လုပ်ခွင့် ပါမစ်ပေးရာတွင် တိုက်အမြင့်ကို လမ်းအကျယ်အဝန်း၏ နှစ်ဆနှင့်လေးပေခွဲခန့် ခွင့်ပြုထားရာ ပါမစ်မရရှိသည့် ကန်ထရိုက်တိုက်များကို ကော်မတီအနေဖြင့် ဖြိုဖျက်ခွင့်ရှိသည်ဟု သိရသည်။

ခွင့်ပြုချက်မရှိဘဲတည်ဆောက်သည့်အတွက် ပုဒ်မ(၂၈)ဖြင့် စွဲဆိုရာတွင်ဒဏ်ငွေဆောင်၍ဆောက်လုပ်မှု ရပ်ဆိုင်းထားရပြီး ဆက်လက်ဆောက်လုပ်ပါက ပုဒ်မ ၂၉ ဖြင့်တစ်ရက်လျှင်ကျပ်တစ်သောင်းမှ ငါးသောင်းအထိ ဒဏ်ကြေးရှိကြောင်း ဦးနေဝင်းက ပြောကြားသည်။

တရားစွဲဆိုခြင်း ခံထားရသည့်ကန်ထရိုက်တိုက်များအနေဖြင့်အဆောက်အအုံဆိုင်ရာဒီဇိုင်းတွက်ချက်မှု ကျွမ်းကျင်လိုင်စင်ရရှိထားသည့်သူတစ်ဦး၏ လက်မှတ်နှင့် ဒဏ်ကြေးငွေပေးဆောင်ပါက တရားစွဲဆိုမှုကို ရုပ်သိမ်း၍ ဆောက်လုပ်ခွင့် ပါမစ်ထုတ်ပေးမည်ဖြစ်ပြီး ခွင့်ပြုချက်မရဘဲတည်ဆောက်မည့်ကန်ထရိုက်တိုက်များကိုမူပြန်လည်မဖျက်မချင်း တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

“တရားစွဲခံရတဲ့ တိုက်တွေက ဇန်နဝါရီ ၃၁ ရက် မတိုင်ခင်လာတင်ရင် ပါမစ်ပေးမယ်။ ခိုင်ခံ့မှုကိုတော့ တာဝန်မယူဘူး။ သတ်မှတ်ထားတဲ့ဒဏ်ကြေးပေးဆောင်ရမယ်” ဟုဦးနေဝင်းက ပြောကြားသည်။

ဆောက်လုပ်ခွင့် လိုင်စင်ကြေးမြင့်တက်ပြီး နောက်ပိုင်း တရားမဝင် ဆောက်လုပ်မှုများပြားလာခြင်းဖြစ်ရာ အငှားလိုင်စင်ပြဿနာများလည်း ရှိလာပြီး ထိုဆောက်လုပ်မှုများမှာ မြို့နယ်များ၏ အတွင်းပိုင်း ချောင်ကျသည့်နေရာများ၌ အများဆုံးဖြစ်လေ့ရှိကြောင်း စမ်းချောင်းမြို့နယ်မှ လိုင်စင်ရကန်ထရိုက်တာ ဦးနေမင်းစိုးကပြောသည်။

“လာဘ်ပေး လာဘ်ယူဖြစ်စဉ်တွေက အဲဒီအပိုင်းတွေမှာ ရှိနိုင်တယ်။ လိုင်စင်ကို လျှောက်တိုင်းချပေးနေတယ်ဆိုရင် အရည်အသွေးပိုင်းက မေးခွန်းထုတ်စရာတွေ အများကြီးရှိလာပြီ” ဟု ၎င်းက ပြောသည်။

စာ(၃)မှ

## မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးမှု စီမံကိန်းအတွက် ဧက ၃၇၀,၀၀၀ ကျော် ထပ်မံတိုးချဲ့ရန် JICA အဆိုပြု

ယခင်နှစ် ၂၀ ကျော်က အစိုးရကဖော်ထုတ်ခဲ့သည့်မြို့သစ်အများစုမှာစနစ်မကျဘဲ ဖွံ့ဖြိုးမှုအားနည်းခဲ့ကြောင်း၊ ယခုစီမံကိန်းမှာ ယင်းကဲ့သို့ အမှားအယွင်းများ မဖြစ်ပေါ်စေဘဲ စနစ်ကျစေရန် အဆင့်အတန်းမြင့် လူနေရပ်ကွက်များ အဓိကဖော်ထုတ်ရန် လိုအပ်ကြောင်း ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းအကြံပေးပညာရှင် ဒေါက်တာကျော်လတ်က ပြောသည်။

ယခင်ဖော်ထုတ်ခဲ့သော မြို့သစ်မြို့နယ်များကိုပါ စနစ်ကျစေရန် လမ်း၊ လျှပ်စစ်၊ ရေအစရှိသော ပြဿနာများကိုလည်း ပြန်လည်ဖြေရှင်းပေးသင့်ကြောင်း တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုထွေးကပြောသည်။

ထို့အပြင် ထပ်မံဖော်ထုတ်သည့် နယ်မြေသစ်များတွင် အိမ်ရာစီမံကိန်းသစ်များ၊ ဟိုတယ်စီမံကိန်းများကိုခွင့်ပြုချက်ရပါက အဓိကလုပ်ဆောင်လိုကြောင်း နေပြည်တော်ရှိ ဆောက်လုပ်ရေးလုပ်ငန်းအများစု လုပ်ကိုင်ခွင့်အများဆုံးရခဲ့သော ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိ ရန်ကုန်မြို့၏ အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၃၀၀ ကျော်သာ ကျယ်ဝန်းပြီး မြို့တွင်းပိုင်းကျပ်တည်းမှုများကိုဖြေလျှော့ရန် ယင်းစီမံကိန်းမှအထောက်အကူပေးနိုင်ရန် မျှော်လင့်မိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များကပြောသည်။

**Puzzle ဝါသနာရှင်များ သိစေရန် -**

ယခင်အပတ် 7Day Puzzle အမှတ်စဉ်(၂၁၇)တွင် ဒေါင်လိုက် အမှတ်-၈ မေးခွန်း၌ အဖြေမှန် ‘DRUNKARDS’ နေရာတွင် DRANKARDS ဟူ၍ မှားယွင်းခဲ့ခြင်းအတွက် Puzzle ဝါသနာရှင်များ စိတ်အနှောင့်အယှက်ဖြစ်ပါလျှင် တောင်းပန်အပ်ပါသည်။

**အယ်ဒီတာ**

စာ(၁၂)မှ

## ဖုန်းကတ်များ ကျပ်တစ်သိန်းအောက်ဈေး ရောင်းပေးရန် သမ္မတညွှန်ကြားဟုဆို

“သမ္မတကြီးအနေနဲ့ နိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍကို အိမ်နီးချင်းနိုင်ငံတွေနည်းတူ ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။ ဒီထက်ပိုပြီး အရေးကြီးတာက သမ္မတကြီးအနေနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချတဲ့ လုပ်ငန်းစဉ်တွေမှာ မိုဘိုင်းဆက်သွယ်ရေးတွေရဲ့ အရေးကြီးမှုကို သိရှိပြီး ပြည်သူအားလုံး မိုဘိုင်းဖုန်းတွေကို လက်လှမ်းမီလွယ်လွယ်ကူကူ သုံးစွဲနိုင်အောင် လုပ်ပေးချင်တဲ့ ဆန္ဒပြင်းပြနေပါတယ်”ဟု ဦးရဲထွဋ်က ဆက်လက်ပြောကြားသည်။

နိုင်ငံတော်သမ္မတက မြန်မာ့ဆက်သွယ်ရေးက ရောင်းချမည့်မိုဘိုင်းဖုန်းများကို ကျပ်ငါးသောင်းဖြင့်သာ သတ်မှတ်ရောင်းချပေးရန် ဝန်ကြီးဌာနသို့ညွှန်ကြားမှုရှိခဲ့ကြောင်း ယခုရက်ပိုင်းအတွင်းလူမှုကွန်ရက်ဝက်ဘ်ဆိုက်များပေါ်တွင် ထွက်ပေါ်ခဲ့သော်လည်း ယင်းသတင်းကို အဆိုပါဝန်ကြီးဌာနက အတည်ပြုပြောဆိုခဲ့ခြင်း မရှိပေ။

ထပ်မံချထားပေးမည့်မိုဘိုင်းဖုန်းများ၏ နှုန်းထားများသည် ကျပ်ငါးသောင်းဖြင့် ထွက်ရှိလာရန် ရာခိုင်နှုန်းများနေသည်ဟု ပြည်တွင်းဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သတ်ဆက်စပ်နေသော ပုဂ္ဂလိကပိုင်းမှ အတိအကျ ပြောဆိုသံများ ယနေ့ထွက်ပေါ်လာသော်လည်း ယင်းသတင်းနှင့်ပတ်သက်၍မူ အများပြည်သူသို့ အတိအကျ ထုတ်ပြန်မရနိုင်သေးကြောင်း စုံစမ်းသိရှိရသည်။

အခုဆက်သွယ်ရေးက ထပ်ချပေးမယ့်ဖုန်းတွေကို ငါးသောင်းလောက်ဖြစ်ရင်ပဲ ကျေနပ်ပါပြီ။ အဲဒီထက်လည်း ချပေးမယ် မထင်ပါဘူး။ ဒါပေမဲ့ အင်တာနက်စနစ်ကိုတော့ တစ်ခါတည်း ထည့်ပေးစေချင်တယ်။ အရင်ငါးသိန်းဖုန်း၊ နှစ်သိန်းဖုန်းတွေတုန်းက ဈေးကြီးလို့ မဝယ်နိုင်ဘူး။ ငါးသောင်းလောက်ဆို ကိုယ့်အတွက် အဆင်ပြေပေမယ့် ဆက်သွယ်ရေးကို စိတ်မချရတော့ ပိုပိုလိုလို တစ်သိန်းလောက်ကို ဖုန်းဝယ်ဖို့အတွက် စုထားပါတယ်”ဟုနည်းပညာကုမ္ပဏီတစ်ခုမှဝန်ထမ်းဖြစ်သောအသက် ၂၂နှစ်အရွယ် မဆုရည်မိုးကပြောသည်။

ယခုနှစ်အတွင်း ထပ်မံရောင်းချပေးသွားမည့် မိုဘိုင်းဖုန်းများ၏ ဈေးနှုန်းများကိုမြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းအထိ မည်သည့်နှုန်းထားဖြင့် ရောင်းချမည်ကို အတိအကျထုတ်ဖော်ပြောဆိုနိုင်ခဲ့ခြင်း မရှိသော်လည်း ယခုအချိန်တွင်မူ ကျပ်တစ်သိန်းတိတိဖြင့် ရောင်းချရန် နိုင်ငံတော်ပိုင်းသို့ တင်ပြထားပြီဖြစ်သည်ဟု မိုဘိုင်းဌာန၏ အင်ဂျင်နီယာချုပ်က ယနေ့တွင် အတည်ပြု ပြောကြားလိုက်သည်။

“လက်ရှိဈေးကွက်မှာရောင်းနေတဲ့ဈေးရဲ့ ထက်ဝက်နဲ့ ရောင်းဖို့တင်ပြထားပါတယ်။ အထက်က ခွင့်ပြုချက်တော့ မကျသေးပါဘူး။ ကျန်တဲ့အပိုင်းကတော့ အဆင်သင့်ဖြစ်နေပါပြီ။ အထက်က ဈေးနှုန်းသတ်မှတ်ဖို့ပဲ ကျန်ပါတော့တယ်”ဟု အဆိုပါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အင်ဂျင်နီယာချုပ်ဦးဌေးဝင်းက ဆိုသည်။

# Health

7 DAY NEWS JOURNAL

Vol.11, No.46 • JANUARY 24 , 2013




## မြို့နယ်အချို့တွင် အခမဲ့ဆေးကုခန်းများတွင်ကျယ်လာ၍ ပုဂ္ဂလိကဆေးခန်းငယ်များ လူနာလျော့လာ

**ဝတ်ရည်အောင်**

**ရန်ကုန်၊**

**ဇန်နဝါရီ - ၁၈**

အခမဲ့ဆေးခန်းများ ဖွင့်လှစ်ထားရှိသည့် ဆင်ခြေဖုံးရပ်ကွက်များတွင် ပုဂ္ဂလိကဆေးခန်းငယ်များသို့ သွားရောက်ကုသမှုမှာ သိသိသာသာ လျော့နည်းသွားကြောင်း အထွေထွေရောဂါကုဆရာဝန်အချို့က ပြောကြားသည်။

လွန်ခဲ့သည့် တစ်နှစ်ခန့်မှ စတင်ကာ အဖွဲ့အစည်းများ၏ အခမဲ့ဆေးကုသပေးသော ဆေးခန်းများ များပြားလာပြီး မြို့နယ်အချို့တွင် ထိုကဲ့သို့သော ဆေးခန်း ငါးခန်း ဖွင့်လှစ်ကုသနေ၍ ငွေကြေးဖြင့်ကုသည့်ဆေးခန်းများတွင်လူနာအရေအတွက်သိသိသာ သာနည်းသွားခြင်းဖြစ်သည်။

"အရင်ကဆို တစ်နေ့ကို လူနာ ၂၀ ကျော်လောက်ရှိတယ်။ ဒီနေ့ဆို အခုချိန်ထိ တစ်ယောက်ပဲ ရှိသေးတယ်" ဟုအထွေထွေ ရောဂါကုဆရာဝန် ဒေါက်တာထွန်းသိန်းက ပြောသည်။

"အခမဲ့ဆေးခန်းတွေရှိလာတာကောင်းတာပေါ့။ ဆေးကုဖို့ မတတ်နိုင်တဲ့ သူတွေအတွက် အရမ်းအဆင်ပြေတယ်။ ဒါပေမဲ့ ဆေးခန်းတွေကတော့ လူနာ တဖြည်းဖြည်း နည်းလာတာသိသာတယ်။ အတွေ့အကြုံရှိတဲ့ ဆရာဝန်တွေတောင် ဒီလိုလူနာနည်းလာတဲ့အခါ အတွေ့အကြုံနည်းသေးပြီး ကျောင်းပြီးတာ မကြာသေးတဲ့ ဆရာဝန်လေးတွေ ဘာလုပ်ရမလဲ မသိတော့ဘူး" ဟု ရွှေပြည်သာမြို့နယ်မှဆရာဝန်တစ်ဦးကပြောသည်။

ထိခိုက်၊ ဖျားနာစသည့် အထွေထွေရောဂါများအား အဓိကကုသပေးသော ထိုအခမဲ့ဆေးခန်းများတွင် ဖွင့်လှစ်သည့် ရက်များတွင် လူနာ ၆၀ဦးခန့် ကုသပေးရကြောင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အခမဲ့ဆေးကုခန်းလေးခုခန့် ရှိသည့်သာကေတမြို့နယ်အတွင်းမှ ဆရာဝန်တစ်ဦးကလည်း "အရင်ကဆို လူနာ ၃၀ ဝန်းကျင်လောက်က ပုံမှန်ပဲ။ အခုဆိုရင် တစ်နေ့ကို ၁၀ ယောက်တောင် မပြည့်ချင်တော့ဘူး။ ဒါကလည်း ကုန်ကျစရိတ်သက်သာတဲ့ အခမဲ့ဆေးခန်းကိုဝင်ငွေနည်းတဲ့အတွက် လူတွေအားကိုးကြတာထုံးစံပဲလေ" ဟုအဆိုပါဆရာဝန်ကပြောသည်။

## ကနေဒါအမျိုးသမီးတစ်ဦးကင်ဆာရောဂါမရှိဘဲ မှားယွင်းကုသမှုခံယူခဲ့

**ဂက်ဗ်လီ၊ဇန်နဝါရီ-၁၇**

ဆွီဒင်နိုင်ငံမှ အမျိုးသမီးတစ်ဦးသည် ကင်ဆာရောဂါအတွက် ၂ နှစ်တာ ကီမိုဆေးသွင်း ကုသမှုခံယူခဲ့ပြီးနောက် သူမတွင် ကင်ဆာအကြိတ်များ ရှိမနေကြောင်း ကုသနေသော ဆရာဝန်များက သိရှိလာသည်ဟုကနေဒါကျန်းမာရေး အရာရှိများက ပြောကြားသည်။

အသက် ၆၀ ကျော် အမျိုးသမီးကြီးမှာ ၎င်း၏ရောဂါအတွက် ခွဲစိတ်ကုသခြင်းနှင့် ကော်တီဆုန်းဆေးဝါးများဖြင့်လည်း ကုသမှုခံယူခဲ့သည်။ ယင်းသို့ မရှိသောရောဂါကို မလိုအပ်ဘဲ ကုသမှုခံယူမှုကြောင့် တစ်သက်လုံး ဦးနှောက်ပျက်စီးသွားမှု ခံစားရပြီး သူမ၏လက်များကို ထိန်းချုပ်နိုင်မှုနည်းသွားသည်ဟု ဆရာဝန်များက ပြောကြားသည်။

"ဒီကိစ္စဟာ အလွန့်အလွန် နှောင်တရစရာ ကောင်းပါတယ်" ဟု ဂက်ဗ်လီဆေးရုံမှ အကြီးအကဲ ဆရာဝန် လားစ်ဂိုရန်ဟော့ဘလီကပြောသည်။

ယခင်က အဆိုပါအမျိုးသမီးမှာ ရင်သားကင်ဆာအတွက် ကုသမှုခံယူခဲ့ပြီး ရောဂါပျောက်ကင်းခဲ့ဖူးသည်။ ယခုအဖြစ်အပျက်ကို အမျိုးသားကျန်းမာရေးဌာနသို့ အသိပေး အကြောင်းကြားထားကြောင်း သိရသည်။

*—Ref: UPI*



## သွေးတိုးရောဂါ ဖြစ်ပွားနှုန်းများနေပြီး ထိန်းချုပ်နိုင်မှု နည်းနေသေးဟုဆို

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၇**

မြန်မာနိုင်ငံ လူဦးရေ၏ ၃၀ ရာခိုင်နှုန်းတွင် သွေးတိုးရောဂါဖြစ်ပွားနေကြောင်း တစ်နိုင်ငံလုံး သွေးတိုးရောဂါ ဖြစ်ပွားမှုဆိုင်ရာ သုတေသနပြုချက်အရ တွေ့ရှိရသည်။

အသက် ၁၅ နှစ်မှ ၆၄ နှစ်ကြား လူခုနစ်ထောင်ကျော်ကို ပြုလုပ်ခဲ့သည့် Steps Chronic Diseases Risk Factor Survey, Myanmar (2009) အချက်အလက်များပေါ် အခြေခံကာ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခု တွေ့ရှိသည့်ရာခိုင်နှုန်းသည် ၂၀၀၄ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် သုတေသနတွေ့ရှိချက်ထက် ပိုမိုများပြားလာကြောင်း သွေးတိုးရောဂါ သုတေသနပြုလုပ်ရာတွင် ပါဝင်ခဲ့သည့် ဒေါက်တာမောင်မောင်သန်းထိုက်က ပြောသည်။

"ဖွံ့ဖြိုးပြီး နိုင်ငံတွေထက်တော့နည်းနေပေမယ့် တဖြည်းဖြည်းတော့ တက်လာတယ်" ဟု အဆိုပါ ဆရာဝန်က ပြောကြားသည်။

သွေးတိုးရောဂါဝေဒနာရှင်များ၏ ထက်ဝက်ခန့် အရေအတွက်သာ ရောဂါရှိကြောင်း သိရှိကြပြီး ထိုအထဲမှ ထက်ဝက်ကျော်သာ သွေးတိုးကျဆေး မှီဝဲနေကြောင်း၊ သွေးတိုးရောဂါအဖြစ်များနေသော်လည်း ရောဂါအခြေအနေ ထိန်းချုပ်နိုင်မှု နည်းပါးနေသေးကြောင်း သုတေသနပြုချက်တွင် ဖော်ပြထားသည်။


အမျိုးသားများတွင် သွေးတိုးရောဂါ ပိုမိုဖြစ်ပွားကြောင်း တွေ့ရှိရပြီး မည်သည့်အကြောင်းရင်း၊ အပြုအမူများကြောင့် သွေးတိုးရောဂါ များပြားလာရသည်ကို ထပ်မံသုတေသနပြုမှသာ သိရှိနိုင်မည်ဟုဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ လူသုံးဦးတွင် တစ်ဦးမှာ သွေးတိုးရောဂါဖြစ်ပွားနေပြီး သွေးတိုးရောဂါသည် နေ့စဉ် နေထိုင်စားသောက်သည့် ပုံစံများကြောင့် ဖြစ်ပွားနေခြင်း ဖြစ်သည်။ သွေးတိုးရောဂါကြောင့် နောက်ဆက်တွဲ ဖြစ်ပွားသည့် ဦးနှောက်အတွင်း သွေးခဲခြင်း၊ သွေးကြောပေါက်ခြင်းများကြောင့် လေဖြတ်ခြင်း၊ အသက်သေဆုံးခြင်းများလည်းဖြစ်ပွားပြီးပြည်သူ့ဆေးရုံများတွင် လေဖြတ်သည့် လူနာများပြားနေကြောင်း သတင်းရရှိသည်။

အဆိုပါသုတေသနကိုကျန်းမာရေးဝန်ကြီးဌာနရှိ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ဆေးတက္ကသိုလ် ၂(ရန်ကုန်)၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (အရှေ့တောင်အာရှဒေသ)၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ ပါမောက္ခများ၊ သုတေသန ပညာရှင်များက ပြုလုပ်ထားခြင်းဖြစ်သည်။







7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

# အသင့်စားအစားအစာများနှင့် ကလေးရင်ကျပ်ရောဂါဆက်စပ်နေ

**ပါရီ၊ ဇန်နဝါရီ-၁၈**

ဟမ်ဘာဂါ၊ ကြက်ကြော် စသော အမြန်ပြင် အသင့်စား အစားအသောက်များကို မကြာခဏ စားသော ကလေးများသည် အသီးအနှံနှင့် အခြားအစားအစာများ စားသုံးသော ကလေးများထက် ပြင်းထန်သည့် ပန်းနာရင်ကျပ်ရောဂါ ခံစားရရန် အလားအလာပိုများကြောင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားသော နိုင်ငံတကာ သုတေသနတစ်ရပ်က တွေ့ရှိခဲ့သည်။

သုတေသနအရ နိုင်ငံပေါင်းများစွာမှ အသက် ၁၃-၁၄ နှစ်ကြား လူငယ်များ၊ အသက် ၆ နှစ်မှ ၇ နှစ်ကြား ကလေးငယ်များ၏ စားသောက်ပုံ အလေ့အကျင့်များနှင့် ပြီးခဲ့သည့်နှစ်အတွင်း ဖျားနာအအေးမိခြင်းမရှိဘဲ နှာချေခြင်း၊ ယားယံခြင်း၊ နှာခေါင်းပိတ်ခြင်း၊ ရေယုံနာ၊ နှင်းခူနာဖြစ်ခြင်းတို့ဖြစ်ပေါ်ခဲ့သည်လား ဆိုသည်ကို မေးခွန်းရှည်များ မေးမြန်းခဲ့သည်။

၎င်းတို့၏ သုတေသနရလဒ်များအား လွှမ်းမိုးနိုင်သော အခြားအချက်အလက်များကို စနစ်တကျ ဖယ်ထုတ်ပြီးနောက်ပိုင်း ယင်းအသင့်စား အစားအစာများမှာ ရင်ကျပ်ရောဂါ ပြင်းထန်မှုနှင့် သိသိသာသာ ဆက်စပ်နေခြင်းကို သုတေသီများက တွေ့ရှိခဲ့သည်။

သီတင်းတစ်ပတ်လျှင် ယင်းအသင့်ပြင် (fast food) အစားအစာများကို သုံးကြိမ်၊ သုံးကြိမ်နှင့်အထက် စားသုံးပါက ၁၄ နှစ်၊ ၁၅ နှစ် လူငယ်များ၌ ပြင်းထန်သော ရင်ကျပ်ရောဂါဖြစ်နိုင်ခြေ ၃၉ ရာခိုင်နှုန်း တိုးလာပြီး ၆နှစ်၊ ၇ နှစ် ကလေးငယ်များတွင် ၂၇ ရာခိုင်နှုန်း များလာသည်။



လေ့လာမှုများ ဆက်လက်လုပ်ဆောင်ရန် လိုအပ်သေးသော်လည်း ကမ္ဘာ့တစ်ဝန်း အသင့်ပြင် (fast food)များ စားသုံးခြင်းမြင့်မားခြင်းကို ထောက်ရှုပါက ယခုတွေ့ရှိမှုများမှာ လူထုကျန်းမာရေးအတွက် အရေးပါကြောင်း ဗြိတိန်နိုင်ငံထုတ် Thorax ဂျာနယ်တွင် ရေးသားထားသည်။

—Ref: AFP

# ကျန်းမာရေးကွန်ရက်တစ်ခု ဒီချုပ် ထပ်မံဖွဲ့စည်းမည်

**ရဲနောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၀**

ပြည်တွင်းကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ကူညီရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ကော်မတီဖွဲ့စည်း၍ ကျန်းမာရေးကွန်ရက်တစ်ခု ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။

“တရားဝင်တော့ ရုံးစာမထွက်သေးဘူး။ ကြားရသလောက်တော့ ကော်မတီအဖွဲ့ဝင် ငါးယောက်လောက်တော့ပါတယ်” ဟု ပညာရေးကွန်ရက်နှင့် အခမဲ့ဆေးခန်းများတွင် ဦးဆောင်နေသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါက်တာကျော်စွာဦးက ပြောသည်။

ကျန်းမာရေးကွန်ရက်ဖွဲ့စည်းပြီးပါက အခမဲ့ဆေးကုသခြင်း၊ လူထုကျန်းမာရေးအသိပညာပေးခြင်း၊ ကျောင်းကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်သွားမည့်အပြင် ဆရာဝန်များ၏ စဉ်ဆက်မပြတ်လေ့လာရေးနှင့် အရည်အသွေး မြင့်မားရေးတို့ အတွက် ဆေးပညာသင်တန်းများကိုလည်းဖွင့်လှစ်ပေးသွားဖွယ်ရှိသည်ဟု သိရသည်။

ကျန်းမာရေးကွန်ရက်အနေဖြင့် အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထု၏ ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ ကူညီပေးမည့် ရည်ရွယ်ချက်ဖြစ်ကြောင်း အင်န်အယ်လ်ဒီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

“ဒီလိုလုပ်တာ အင်န်အယ်လ်ဒီ မဲရဖို့လုပ်တာမဟုတ်ပါဘူး” ဟု ဒေါက်တာကျော်စွာဦးက ပြောသည်။ ယခုကဲ့သို့ ကျန်းမာရေးကွန်ရက် ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ပြည်တွင်း အင်န်ဂျီအိုတစ်ခုမှ လူမှုရေးလုပ်ငန်းလုပ်ဆောင်နေသူတစ်ဦးက “အင်န်အယ်လ်ဒီမှမဟုတ်ပါဘူး၊ ဘယ်လို အဖွဲ့အစည်းကပဲ လုပ်လုပ်ပြည်သူအတွက် တကယ်အကျိုးရှိရင်ကြိုဆိုပါတယ်” ဟု ဆိုသည်။

အစိုးရ၏ ကျန်းမာရေးအသုံးစရိတ်မှာ နည်းပါးလွန်းသည်ဟု ဝေဖန်မှုများခံနေရပြီး လာမည့် လွှတ်တော် အစည်းအဝေးများတွင် ကျန်းမာရေးအသုံး စရိတ်အား တိုးတောင်းဖွယ်ရှိသည်ဟု သတင်းများ ထွက်ပေါ်နေသည်။

TRADEMARK CAUTION
KOTRA PHARMA (M) SDN. BHD., a company incorporated in Malaysia at No 1, 2 & 3 Jalan TTC 12 Cheng Industrial Estate 75250 Melaka Malaysia is the Owner and Sole Proprietor of the following Trade-marks:-

Axcel
Reg: 4/1746/2000
In respect of : “Pharmaceutical Products”.

WEIGHT GAIN
Reg: 4/1747/2000
In respect of : “Milk powders and milk based products”.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 24 Jan 2013



Regional

7 DAY NEWS JOURNAL

Vol.11, No.46 • JANUARY 24 , 2013

# ဂိတ်ခန်းတန်ဖိုးများမြင့်တက်နေ၍ ကုန်တင်ယာဉ်ပိုင်ရှင်များပြောင်းရွှေ့ရန် အခက်အခဲဖြစ်

**ညီညီဇော်**

**မန္တလေး၊ ဇန်နဝါရီ - ၁၇**

မန္တလေးမြို့အတွင်းရှိ ကုန်တင်ကားဂိတ်များ မြို့ပြင်စွယ်တော်ဘုရားအနီးရှိ ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်းအသစ်သို့ပြောင်းရွှေ့ရာတွင်ဂိတ်ခန်းတန်ဖိုးများ မြင့်နေသောကြောင့် ပြောင်းရွှေ့ရန် အခက်အခဲကြုံနေကြောင်း သတင်းရရှိသည်။

ကုန်တင်ယာဉ်ရပ်နားစခန်းသစ်တွင် ၂၅ပေ၊ပေ၆၀ ကျယ်ဝန်းသော ကုန်တင်ဂိတ်ခန်း ၁၅၀ ခန်း ဆောက်လုပ်ခဲ့ပြီး တစ်ခန်းလျှင်ကျပ်သိန်း ၁,၃၅၀ ဖြင့် ရောင်းချပေးကာ ငှားလိုပါက တစ်လကျပ်ခုနစ်သိန်းဖြင့် ငှားရမ်းကြောင်းနှင့် တန်ဖိုးနည်းဂိတ်ခန်းတစ်ခန်းလျှင် ကျပ်သိန်း ၇၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ငှားလိုပါက တစ်လလျှင်သုံးသိန်းဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း သိရသည်။

ကုန်တင်ကားဂိတ်လုပ်ငန်းရှင်များက ဂိတ်ခန်း တန်ဖိုးကို ကျပ်သိန်း ၂၅၀ နှင့် ၃၀၀ ကြားသာ တတ်နိုင်ကြောင်း၊ ငှားခကိုလည်း ကျပ်တစ်သိန်းခွဲထက် ပိုမပေးနိုင်ကြောင်း၊ ဝယ်မည်ဆိုပါက အရစ်ကျစနစ်ဖြင့်သာ လိုချင်ကြောင်း စသည့်အချက်တို့ကို ကားကွင်းမဆောက်မီကတည်းက တင်ပြခဲ့ကြောင်း၊ ယခုလက်ရှိဈေးဖြင့် အဆင်မပြေနိုင်ကြောင်း ပြောသည်။




*ဆောက်လုပ်ပြီးစ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းကို ဇန်နဝါရီလတတိယပတ်ကတွေ့ရစဉ်* ဓာတ်ပုံ - ညီညီဇော်

သို့သော် ဇန်နဝါရီလ ၁၇ ရက် မွန်းလွဲပိုင်းက မြို့တော်ဝန်နှင့် ကုန်တင်ကားဂိတ်လုပ်ငန်းရှင်များသည်ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းတွင် တွေ့ဆုံရာ၌ မြို့တော်ဝန်က ဂိတ်ခန်းတန်ဖိုးများ ပြောကြားခဲ့ပြီး ဖေဖော်ဝါရီ၅ ရက်မှ ၁၅ ရက်အတွင်း အပြီးရွှေ့ပြောင်းရန် အသိပေးခဲ့သည်။

# ဒီမောဆိုမြို့နယ် ဒေါစုဖျားကျေးရွာတွင် အိမ်ခြေ ၆၀ ခန့် မီးဘေးသင့်

**ထွန်းခိုင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၇**

ကယားပြည်နယ် ဒီမောဆိုမြို့နယ် ဒေါစုဖျားကျေးရွာတွင် ဇန်နဝါရီ ၁၆ရက်ကမီးလောင်မှုကြောင့်အိမ်ခြေ၆၀ ခန့် မီးဘေးသင့်ခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အဆိုပါကျေးရွာတွင် ယမန်နေ့နံနက် ၁၁ နာရီခန့်မှ စတင်၍ နှစ်နာရီခွဲခန့်ကြာ လောင်ကျွမ်းသော မီးကြောင့် ရာနှင့်ချီသော လူများ၊ နေအိမ်များ ဆုံးရှုံးခဲ့ရကြောင်း ဒေသခံများက ပြောကြားသည်။

အအေးပိုသည့် ယခုလို ကာလမျိုးတွင် အိုးမဲ့အိမ်မဲ့ ဖြစ်ရသူများအတွက် အရေးပေါ် အကူအညီများပေးနိုင်ရန် အရေးတကြီး လုပ်ဆောင်နေကြောင်း ဒေသခံများနှင့် လူမှုကူညီရေး အဖွဲ့ဝင်များက ပြောသည်။

“ဒီမှာက တအားအေးနေတယ်။ ညနေ လေးနာရီ နေကျပြီဆိုရင် ပိုအေးတယ်။ ကယ်ဆယ်ရေးအတွက်ဘာတွေလိုအပ်မလဲဆိုတာကို စီစဉ်စရာရှိတာ စီစဉ်ရအောင်အခုသွားပြီးစာရင်းကောက်နေတယ်”ဟု ကယားဖူး လူမှုအဖွဲ့မှ လက်ထောက်ညှိနှိုင်းရေးမှူး ဒေါ်နိုမေခူးက ပြောသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသည် ကယားပြည်နယ် လွိုင်ကော်မြို့မှ နှစ်နာရီခန့် အချိန်ယူသွားရသည့် နေရာဖြစ်ပြီး လမ်းမှာလည်း ကြမ်းတမ်းသောကြောင့် ခရီးမတွင်ကြောင်း ဒေသခံများက ပြောသည်။ မီးလောင်မှုဖြစ်ပွားရာသို့ ဒုတိယ ညွှန်ကြားရေးမှူးကိုယ်တိုင် သွားရောက်ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နေကြောင်း ကယားပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းမီးလောင်မှုနှင့် ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုအခြေအနေ အသေးစိတ်ကို ပြည်နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသောကြောင့် အသေးစိတ်အချက်အလက်များကိုမသိရှိရသေးကြောင်း ကယားပြည်နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

# စမာဆည် ရေတံခါး ဆောက်ပြီးငါးလကြာ ပြန်လည်ပြုပြင်နေရဟု ဒေသခံများပြောကြား



*ပြန်လည်ပြုပြင်နေသော စမာဆည်ရေတံခါး* ဓာတ်ပုံ - ညီညီဇော်

**ညီညီဇော်**

**မန္တလေး၊ဇန်နဝါရီ-၁၇**

မြစ်သားမြို့ပန်းလောင်မြစ်ပေါ်ရှိ စမာဆည်ပေါ်တွင် မြစ်သားမြို့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ကျပ်သိန်း ၇,၀၀၀ကျော် အကုန်အကျခံကာ တည်ဆောက်ထားသော သဲထုတ်ရေတံခါးမှာ တည်ဆောက်ပြီး ငါးလခန့်အကြာတွင် ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်နေရသဖြင့်ရေတံခါး၏ကြံ့ခိုင်မှုအပေါ် ဒေသခံအချို့က စိုးရိမ်နေကြောင်း သတင်းရရှိသည်။

သက်တမ်း ငါးလသာရှိသေးသော်လည်း ပျက်စီးမှုများကိုစတင်မြင်ရကြောင်း၊ ရေတံခါးမှာလည်း စောင်းနေကြောင်း၊ ရေတံခါးအလယ်တိုင်အောက်ခြေတွင်လည်း ပျက်စီးမှုအချို့ရှိနေကြောင်း၊ မှတ်တမ်းဓာတ်ပုံများလည်း ရှိကြောင်း၊ ပျက်စီး၍ ပြုပြင်ရသည်ဆိုသည်မှာ ငြင်းရန်မလိုကြောင်း၊ ရေတံခါးကြံ့ခိုင်မှုမရှိပါက မြို့အတွက် စိုးရိမ်ဖွယ်ရာရှိကြောင်း မြစ်သားမြို့ခံအချို့ကပြောသည်။

“သုံးလတည်းနဲ့အပြီးဆောက်တယ်။ ငါးလအတွင်းပျက်စီးတယ်။ ငွေတွေဒီလောက်ကုန်ထားတာပဲ။ နိုင်ငံတော်ကနေ စစ်ဆေးပေးစေလိုပါတယ်”ဟု မြစ်သားမြို့မှ အသက် ၆၀ ဝန်းကျင် အမျိုးသားကြီး တစ်ဦးကပြောသည်။

ကျောက်ဆည်ခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကမူ ပျက်စီး၍ ပြုပြင်နေခြင်းမျိုးမဟုတ်ကြောင်း၊ အလယ်တိုင် ကျောက်စီထားသည်ကို ကွန်ကရစ်လောင်းခြင်းနှင့် ရေတံခါးကြပ်သည်ကို ပြုပြင်ခြင်းသာဖြစ်ကြောင်း၊ ဇန်နဝါရီမှ ဖေဖော်ဝါရီ ၁၅ ရက်အထိ မြောင်းပြင်ချိန်ဖြစ်ကြောင်း တုံ့ပြန်ပြောဆိုသည်။

ယင်းတာဝန်ရှိသူက “ဘာမှ စိုးရိမ်စရာမရှိပါဘူး။ ကျွန်တော်တို့လုပ်ထားတဲ့အလုပ် ကျွန်တော်တို့က ပိုစိုးရိမ်ပါတယ်”ဟု ဆိုသည်။

မြစ်သားမြို့မှ စမာရေလွှဲဆည်သည် ၂၀၁၂ ခုနှစ်အတွင်း ပြုလုပ်သော ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတင်ပြသည့် တစ်နိုင်ငံလုံးရှိ အကျိုးမရှိသောဆည်(၆၇)ခုစာရင်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ယင်းအကျိုးမရှိသော ဆည်ကို ဖျက်သိမ်းပေးရန် ဒေသခံ ၁၂၆၀ ဦးက သမ္မတထံ စာတင်ခဲ့ကြသည်။ သို့သော် ဆည်မဖျက်သိမ်းရုံသာမက မြို့ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်ဟုဆိုကာ ကျပ်သိန်း၇,၀၀၀ ကျော်အကုန်အကျခံ ရေတံခါး တည်ဆောက်ခဲ့သည်။ ထို့ကြောင့်ဒေသခံများကပန်းလောင်မြစ် သဘာဝအတိုင်း စီးဆင်းရေးအတွက် ၂၀၁၂ ဇူလိုင် ၂၅ ရက်က တရားဝင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

သဲထုတ် ရေတံခါးစီမံကိန်းကို ၂၀၁၂ ဧပြီလကုန်ပိုင်းမှ စတင်ခဲ့ပြီး ဇူလိုင် ၂၃ရက်တွင် ရေတံခါးဖွင့်ပွဲ ပြုလုပ်ခဲ့သည်။

# ငလျင်ဒဏ်ပျက်စီးမှုများ ပြန်လည်ပြုပြင်ရန် ကျပ်သန်းနှစ်သောင်းခြောက်ထောင်ကျော် ထပ်မံလိုအပ်

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ - ၁၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအားပြန်လည်ပြုပြင်တည်ဆောက်ရန် ရရှိပြီး အလှူငွေများအပြင် ကျပ်သန်းပေါင်း နှစ်သောင်းခြောက်ထောင်ကျော် ထပ်မံလိုအပ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မန္တလေးတိုင်းလွှတ်တော်သို့ တင်ပြသည့်အစီရင်ခံစာအရ သိရသည်။

ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်ရာတွင် လူနေအိမ်များ ပြုပြင်ရန် ခန့်မှန်းကုန်ကျငွေ ကျပ် ၁၁,၆၉၄ သိန်းကျော်၊ သာသနိကအဆောက်အအုံများပြန်လည်ပြုပြင်ရန် ကျပ် ၁၄,၉၈၆ သိန်းကျော်၊ စုစုပေါင်းကျပ် ၂၆,၆၈၀ သိန်းကျော်ထပ်မံလိုအပ်မည်ဖြစ်ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးရန်ပုံငွေမှ ခွဲဝေသုံးစွဲနိုင်ရန် နိုင်ငံတော်သို့တင်ပြထားကြောင်း အစီရင်ခံစာတွင်ပါရှိသည်။

ကျပ်သိန်းပေါင်း နှစ်သောင်းကျော် လိုအပ်နေသေးသော်လည်း ငလျင်ဒဏ်သင့် ဒေသများအတွက် ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများကိုနိုင်ငံတော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များပူးပေါင်းကာ ပြီးစီးအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက ပြောသည်။

“လောလောဆယ် ကျွန်တော်တို့ လုပ်ပေးထားနိုင်တဲ့ ရာခိုင်နှုန်းက နည်းနေတယ်။ ပြန်လည်ထူထောင်ရေးတွေ လုပ်ပေးဖို့ တော်တော်လိုပါသေးတယ်” ဟု ၎င်းကပြောသည်။

လတ်တလောရရှိထားသည့် အလှူငွေများဖြင့် ကယ်ဆယ်ရေးပစ္စည်းနှင့် ရိက္ခာဆန်များ ထောက်ပံ့ပေးထားသလို နေအိမ်ပြန်လည်ပြုပြင်စရိတ် ကျပ်နှစ်သိန်းအောက်သာ ကုန်ကျမည့်သူများအတွက် ကိုယ်တိုင်စိတ်တိုင်းကျပြန်လည်ပြုပြင်ရန် ဒီဇင်ဘာ နောက်ဆုံးပတ်ကတည်းက ငွေထုတ်ပေးပြီးဖြစ်ကြောင်း၊ ကျပ်နှစ်သိန်းအထက် ကုန်ကျမည့်သူများအတွက် လိုအပ်သောငွေကြေးကို ယခုတစ်ပတ်အတွင်း ဒုတိယအကြိမ် ထပ်မံပေးအပ်မည်ဖြစ်ကြောင်း ငလျင်ဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေး ကော်မတီ ဥက္ကဋ္ဌလည်းဖြစ်သူ ဦးအောင်ဇံက ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

## တိုင်းရင်းသားကျေးရွာ အချင်းချင်း ဆက်သွယ်မည့် တောင်ခြေ ကွန်ကရစ်လမ်း ဧပြီလတွင်ပြီးစီးနိုင်

မောင်ကံ

မောင်တော၊ ဇန်နဝါရီ - ၁၅

ပဋိပက္ခများအတွင်း မီးရှို့ခံခဲ့ရသည့် တိုင်းရင်းသား ကျေးရွာများသို့ ဆက်သွယ်ဖောက်လုပ်မည့် တောင်ခြေကွန်ကရစ်လမ်းအား AMC ကုမ္ပဏီက စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများအား ဇန်နဝါရီလမှ စတင်ခဲ့ပြီး လမ်း၏အရှည်မှာ ၁၃မိုင် ၂ ဖာလုံခန့်ရှိကာ မောင်တောမြို့ သုံးမိုင်ဝေသာလီကျေးရွာမှ တောင်ပိုင်းဥဒေါင်းကျေး ရွာထိရောက်ရှိမည်ဖြစ်သည်။ လမ်းအကျယ်မှာ ၁၆ ပေ နှစ်လမ်းသွားဖြစ်သည်။

ယင်းတောင်ခြေကွန်ကရစ်လမ်းမှာ မီးရှို့ခံကျေးရွာများဖြစ်သည့် ရွှေရင်အေး၊ ဗောဓိကုန်း၊ ကန်သာယာအထက်ရွာ၊ ကင်းချောင်း၊ ခရေမြိုင်၊ သရေကုန်ဘောင်၊ ကိုင်းကြီး၊ မောဝ်ရဝတီ ကျေးရွာသို့ ချိတ်ဆက်သွားမည်ဖြစ်သည်။

လက်ရှိတွင် မီးရှို့ခံကျေးရွာများမှ ရွာသူရွာသားများသည် ယခင်လမ်းဖြစ်သည့်မောင်တော-အလယ်သံကျော်လမ်းမှ ဖြတ်သန်းသွားလာခြင်းမပြုတော့ဘဲ မောင်တောခရိုင်အမျိုးသားကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်းမှ ဖောက်လုပ်ပေးသည့် တိုင်းရင်းသားကျေးရွာချင်းဆက်လမ်းမှ သွားလာနေကြသည်။ တောင်ခြေကွန်ကရစ်လမ်းမှာ လာမည့် ဧပြီလခန့်တွင် ပြီးစီးနိုင်မည်ဟု ခန့်မှန်းထားကြောင်း အေအမ်စီဆောက်လုပ်ရေးကုမ္ပဏီမှ ကိုအန်တူးက ဆက်လက် ပြောကြားသည်။

## လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီ(မုံရွာ)၏ ကြေးနီစီမံကိန်း လေ့လာမှုအစီရင်ခံစာ ကော်မရှင်သို့ တင်ပြ

မျိုးမင်းဦး

မုံရွာ၊ဇန်နဝါရီ-၁၅

လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီမှ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလေ့လာမှု အစီရင်ခံစာတစ်စောင်အား လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်ထံသို့ ဇန်နဝါရီ ၁၀ ရက်က တင်ပြခဲ့ကြောင်း လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီ (မုံရွာ) ဥက္ကဋ္ဌ ဦးချစ်ခင်ကပြောသည်။

“ကြေးနီစီမံကိန်းလေ့လာမှု အစီရင်ခံစာကို ဇန်နဝါရီ ၁၀ ရက်မှာ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်စန်းလှိုင်က တစ်ဆင့် ပေးပို့ခဲ့ပါတယ်။ အဓိကပြောကြားလိုတာက ပညာရှင်တွေလို အတိအကျ မဖော်ပြနိုင်ခဲ့ပေမယ့် ဒီဒေသရဲ့ လက်တွေ့မျက်မြင်အခြေအနေတွေ၊ ဒေသခံပြည်သူတွေ ခံစားနေရတာတွေကို လေ့လာပြီး တင်ပြတာ ဖြစ်ပါတယ်” ဟု ဦးချစ်ခင်က သတင်းထောက်များအား ပြောကြားသည်။

“စုံစမ်းစစ်ဆေးရေးကော်မရှင်အနေနဲ့ သူ့အစီအစဉ်အတိုင်း လေ့လာနေပါတယ်။ ကျွန်တော်တို့ကော်မတီကလည်း ကော်မရှင်ကို ကူညီတာပါ။ အခုကိစ္စမှာ မျက်စိတွေ အများကြီးနဲ့ ကြည့်ရမယ်။ နားတွေအများကြီးနဲ့ နားထောင်မှ အဖြေမှန်ကို ရမှာပါ”ဟု လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီနာယက ဦးအုံ့မောင်က ဆိုသည်။

ကြေးနီစီမံကိန်းလုပ်ငန်းများ အပြီးအပြတ် ဖျက်သိမ်းခြင်းဖြင့် ဒေသခံပြည်သူများ အကျိုးစီးပွားနှင့် သဘာဝတောတောင်အလှ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ပျက်စီးဆုံးရှုံးမှု ထိခိုက်နစ်နာမှုများ လျော့နည်းစေမည်ဖြစ်ပြီး ကြေးနီစီမံကိန်းစွန့်ပစ်ရေများကြောင့် ချင်းတွင်းမြစ်ရေစီးကြောင်းအတိုင်း ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်များ ပျက်စီးစေနိုင်ကြောင်းဦးအုံ့မောင်က သတင်းထောက်များအား ပြောကြားသည်။

လက်ပံတောင်းတောင်ကယ်တင်ရေးကော်မတီ (မုံရွာမြို့) စံပယ်တောင်၊ ကြေးစင်တောင်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း လေ့လာမှုအစီရင်ခံစာတွင် (၁)ဒေသနောက်ခံသမိုင်း(၂)ကြေးနီစီမံကိန်းအကျဉ်း (၃)ကြေးနီစီမံကိန်းအတွက် မြေသိမ်းယူမှုဖြစ်စဉ် (၄) အိုင်ဗင်ဟိုးကာလ (၅) စံပယ်တောင်၊ကြေးစင်တောင်စီမံကိန်း၏ သက်ရောက်မှုများ (၆) လက်ပံတောင်းတောင် စီမံကိန်း၏ ပြဿနာများစသည့် အစီရင် ခံစာငါးမျက်နှာနှင့် ဓာတ်ပုံမှတ်တမ်း ရှစ်မျက်နှာပါရှိကြောင်း သတင်းရရှိသည်။

## နေပြည်တော်တွင် စည်းကမ်းဖောက်သောဆိုင်ကယ်များ ဒဏ်ကြေးတိုးမည်

ထူးသန့်

နေပြည်တော်၊ ဇန်နဝါရီ-၁၉



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နေပြည်တော် ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများ စည်းကမ်းချိုးဖောက်၊ မလိုက်နာပါက ပြစ်မှုတစ်ခု အတွက် ယခင်ဒဏ်ငွေ ကျပ်နှစ်သောင်းဒဏ်ရိုက်ရာမှ ကျပ်ငါးသောင်းနှုန်းဖြင့် မကြာမီ စတင်ဒဏ်ရိုက်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ဒီလ ၁၅၊ ၁၆၊ ၁၇ ရက်က ပညာပေးတဲ့။ ၁၈ ရက်ကစပြီး တစ်မှုကို ဒဏ်ငွေ ငါးသောင်း ရိုက်မယ်တဲ့။ မနေ့ကလည်း မြို့နယ်အစည်းအဝေးမှာ ပြောလိုက်တာ။ ဒါကို ပြည်သူတွေ သိအောင် အသိပေးဖို့ဆိုပြီး ကျွန်တော်တို့ ရပ်/ကျေးခေါင်းဆောင်တွေကို တွေ့ဆုံပြီး ရှင်းပြလိုက်တာ” ဟု အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့သူ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်တစ်ဦးက ပြောသည်။ သို့သော် ဇန်နဝါရီ ၁၉ အထိ ဒဏ်ရိုက်ခြင်း မပြုသေးပေ။


ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးဦးကျော်တင့်ကလည်း“အဲဒါက တရားရုံးက ဆုံးဖြတ်ပြီး ဒဏ်တပ်မှာဆိုတော့ ဘယ်လောက်ရယ်လို့ မပြောနိုင်ပါဘူး။ စည်ပင်ဥပဒေအရတော့ သုံးလထက် မပိုတဲ့ ထောင်ဒဏ်၊တစ်သိန်းထက်မပိုတဲ့ ငွေဒဏ်နဲ့ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်တယ် ဆိုပြီးပါတယ်”ဟု ပြောသည်။ နေပြည်တော်ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဆွေဝင်းကလည်း အဆိုပါ ငါးသောင်းကျော်မှာလောလောဆယ် အတည်မပြုနိုင်သေးကြောင်း ပြောကြားသည်။

“အဲဒီသတင်းကြားတယ်။ ကြားကြားချင်း လူကို တုန်လှုပ်သွားတာပဲ။ ဒီပမာဏက သာမန်ဝန်ထမ်းတစ်ဦးရဲ့ လစာလောက်ဖြစ်နေတယ်။ နောက်ပြီး ဒီဥပဒေထဲမှာ ဘာတွေပါတယ်။ ဘယ်နှချက်ပါတယ်။ ဘယ်လို ငြိစွန်းတယ်ဆိုတာတွေ သိဖို့လိုတယ်။ ပြည်သူတွေသိအောင် ချပြဖို့ လိုတယ်”ဟု ပျဉ်းမနားမြို့မှ နေပြည်တော်သို့ နေ့စဉ် ဆိုင်ကယ်ဖြင့် သွားလာသူ အစိုးရဝန်ထမ်း ကိုမိုးဇော်က ပြောကြားသည်။

ဆိုင်ကယ်ကယ်ရီအလုပ်ဖြင့် မိသားစုဝင်ငွေ ရှာဖွေနေရသူ ကိုလှဦးကလည်း “နေပြည်တော်မှာ ကျွန်တော်တို့လို စာမတတ်တဲ့သူတွေ အလုပ်ရှားကုန်လို့ ကယ်ရီလေးဆွဲပါတယ်။ ထမင်းအိုးမှောက်မဲ့ကိန်း ဆိုက်နေပြီ” ဟူ၍ ၎င်း၏ အခြေအနေကိုပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးသို့ ပြောင်းရွှေ့တာဝန်ထမ်းနေသည့် ကညနမှ တာဝန်ရှိသူတစ်ဦးကလည်း “ရန်ကုန်နဲ့ မန္တလေးမှာက မွေးကတည်းက ကားရယ်၊ လမ်းရယ်၊ မီးပွိုင့်ရယ်နဲ့ ယဉ်ပါးခဲ့တာ။ နေပြည်တော်က ရွာကိုအခြေပြုပြီး မြို့တည်ထားတာ။ အဲဒါကြောင့် ပညာပေးရေးကိုပဲ ဦးစားပေးလုပ်သင့်တယ်” ဟု နေပြည်တော်တွင် တာဝန်ထမ်းစဉ်က ယာဉ်စည်းကမ်းအစည်းအဝေး၌ ပြောကြားသည်။

၂၀၁၁ ဇွန် ၂၄ ရက်က ထုတ်ပြန်ခဲ့သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမိန့်ကြော်ငြာစာ ၇၁/၂၀၁၁ အရ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် လမ်းအသုံးပြုသူများ လိုက်နာရန် စည်းကမ်းချက် ၃၅ ချက်ပါဝင်ပြီး စည်းကမ်းချက် တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်ပါက (သို့မဟုတ်) ပျက်ကွက်ပါက နေပြည်တော်စည်ပင်ဥပဒေပုဒ်မ(၂၆)အရ သုံးလထက်မပို့သော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အရေးယူခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။




## လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော နယ်မြေသတ်မှတ်ထားခြင်း ဖျက်သိမ်းရေး ဆန္ဒထုတ်ဖော်

ရန်နိုင်ကျော်

မုံရွာ၊ ဇန်နဝါရီ - ၁၉

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း လုံးဝဖျက်သိမ်းရေးနှင့်ပုဒ်မ၁၄၄ထုတ်ပြန်ထားသောနယ်မြေအဖြစ်မှ ဖျက်သိမ်းရေးအတွက် လက်ပံတောင်းတောင်ဒေသခံ ၃၀၀ ကျော်သည် ဆားလင်းကြီးမြို့နယ်တုံကျေးရွာ သပိတ်စခန်းမှ ဆားလင်းကြီး-ညောင်ပင်ကြီးလမ်းအတိုင်း ညောင်ပင်ကြီး စက်လှေဆိပ်ချင်းတွင်းမြစ်ကမ်းသို့ဇန်နဝါရီလ ၁၉ ရက် ညနေပိုင်းတွင် လှည့်လည်ပြုလုပ်ခဲ့သည်။

“အဓိက တောင်းဆိုတာ နှစ်ချက်ပါ။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း လုံးဝဖျက်သိမ်းရေး၊ လက်ပံတောင်းတောင်ဒေသအား ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော နယ်မြေအဖြစ်မှ ဖျက်သိမ်းပေးရေးအတွက် တောင်းဆိုတာပါ” ဟု ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်သော တုံကျေးရွာဒေသခံတစ်ဦးက ပြောကြားသည်။

အဆိုပါငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုအား ဇန်နဝါရီ ၁၉ ရက် နေ့လယ် ၁ နာရီအချိန်တွင် တုံကျေးရွာ သပိတ်စခန်းမှ စတင်ထွက်ခွာလာရာ ညောင်ပင်ကြီး ကျေးရွာချင်းတွင်းမြစ်ဆိပ်ကမ်းသို့ ညနေ ၃ နာရီခွဲ အချိန်တွင်ရောက်ရှိခဲ့ပြီး ချင်းတွင်းဆိပ်ကမ်း၌ တစ်နာရီခန့် ဆန္ဒထုတ်ဖော်ခဲ့ပြီး တုံကျေးရွာသပိတ်စခန်းသို့ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရှိရသည်။ ဆန္ဒထုတ်ဖော်မှုတွင် လက်ပံတောင်းတောင်ခြေရှိ တုံ၊ ဆည်တည်း၊ ဇီးတော ကျေးရွာများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာဒေသခံများ ပါဝင်ခဲ့ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

# အိမ်ထောင်ရေးကိစ္စကြောင့် မုံရွာမြို့နယ်တွင် တစ်ပတ်အတွင်း လူသတ်မှုနှစ်ခုဖြစ်

**ရန်နိုင်ကျော်**

**ဇန်နဝါရီ-၁၈**

မုံရွာမြို့နယ်အတွင်းတွင် ဇန်နဝါရီ ဒုတိယပတ်အတွင်းတွင် အိမ်ထောင်ရေးကိစ္စကြောင့် လူသတ်မှုနှစ်မှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

မိမိထက်အသက် ၁၅ နှစ်ခန့်ကြီးသော ဇနီးဖြစ်သူအား ဆက်လက်ပေါင်းသင်းရန် စိတ်ကုန်လာရာမှသတ်၍ အလောင်းဖျောက်သူကို သက်ဆိုင်ရာမှ ၂၄ နာရီအတွင်း အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ဆန်းမင်းထက်(ခ) တရုတ်ကြီးသည် ၎င်း၏ဇနီး မခိုင်မြင့်အား ဇန်နဝါရီ ၁၂ ရက် ည ၉ နာရီအချိန်ခန့်တွင် ကျောက္ကာကျေးရွာ ရေနံကုန်းမှ ဆိုင်ကယ်ဖြင့် သာစည်ကျေးရွာအနီး သာစည်သဲချောင်းသို့ ချော့၍ခေါ်ဆောင်ခဲ့ပြီး အသင့်ပါလာသည့် ခါးပတ်ဖြင့် လည်ပင်းအား ညှစ်သတ်ခဲ့ပြီးနောက် သဲချောင်းအတွင်း တွင်းတူးမြှုပ်နှံကာ အလောင်းဖျောက်ခဲ့ကြောင်း သတင်းရရှိသည်။

ဆန်းမင်းထက်(ခ) တရုတ်ကြီး၏ ထွက်ဆိုချက်များအရ ယင်းသို့သိရပြီး ၎င်း၏ခါး၌ အသင့်ပတ်ထားသော ခါးပတ်အား သက်သေများရှေ့တွင် ဖြုတ်ယူကာ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့၍ မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြူးအင်းမှ တရားလိုပြုလုပ်ကာ မုံရွာမြို့အမှတ်(၂) ရဲစခန်း၌ (ပ) ၃၀/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ အမှုဖွင့် ဆောင်ရွက်လျက်ရှိသည်။

မုံရွာမြို့ သလ္လာမြို့သစ်ရပ်ကွက်တွင်လည်း ဇနီးဖြစ်သူနှင့် အိမ်ထောင်ရေးဖောက်ပြန်သည်ဟုယူဆ၍ ဓားဖြင့်ခုတ်သတ်သည့် လူသတ်မှု ဇန်နဝါရီ ၁၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

သလ္လာမြို့သစ်ရပ်ကွက်တွင် နေထိုင်သူ စိုးထိုက်ကျော် (ခ) ချမ်းမြေ့ကျော်က တစ်ရပ်ကွက်တည်းနေသူ အောင်နိုင်သည် ၎င်း၏ ဇနီးဖြစ်သူနှင့် အိမ်ထောင်ရေးဖောက်ပြန်သည်ဟု အထင်လွဲကာ ထင်းခုတ်ဓားမဖြင့် ခုတ်သတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်စဉ်ကို မုံရွာမြို့အမှတ်(၂)ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် မုံရွာမြို့အမှတ်-၂ ရဲစခန်း အလုံရဲကင်းမှ တာဝန်ရှိသူများ ပိတ်ဆို့ရှာဖွေရာ အက်တောရွာအနီး သာစည်လမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

# ရန်ကုန်-ရခိုင် ခရီးစဉ်အချို့ လေအိတ်ကားများဖြင့် ပြောင်းလဲပြေးဆွဲ

**အိမွန်ကျော်၊ သွယ်သွယ်လင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

ယခင်က ရိုးရိုးမှန်လုံယာဉ်များဖြင့်သာ ပြေးဆွဲနေရာသော ရန်ကုန်မှ ရခိုင်ပြည်နယ်ခရီးစဉ်များတွင် ယခုအခါ အချို့ခရီးစဉ်များအား လေအိတ်ယာဉ်များဖြင့်စတင်ပြေးဆွဲနေသော်လည်း လမ်းခရီးများ ခက်ခဲနေသေးကြောင်း အောင်မင်္ဂလာအဝေးပြေး ကားဂိတ်များမှ သိရသည်။

ရန်ကုန်-စစ်တွေခရီးစဉ်တွင် ကားလိုင်းခုနစ်လိုင်း ပြေးဆွဲနေပြီး ရွှေပြည်သစ်၊ တိုးရတနာ၊ ကြံ့တိုင်းအောင်၊ ကင်းစတားစသည့် ကားဂိတ်များက လေအိတ်ကားများ ပြေးဆွဲနေပြီ ဖြစ်သည်။

အဆိုပါ ဂိတ်များမှ နေ့စဉ်နံနက် ၈ နာရီတွင် ရန်ကုန်မှ စစ်တွေသို့ ထွက်ခွာကြောင်း ယင်းကားဂိတ်များမှ သိရသည်။ “လမ်းတွေက ကြမ်းနေသေးတယ်။ အရင်ကထက်စာရင်တော့နည်းနည်းကောင်းလာတယ်” ဟု ရွှေပြည်သစ်ကားဂိတ်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်-စစ်တွေ ခရီးသည် နာရီပေါင်း လေးဆယ်ကျော် သွားရသော ခရီးဖြစ်ပြီး ၅၆၇ မိုင် အကွာအဝေးရှိသော ခရီးဖြစ်သည်။

အောင်မင်္ဂလာ အဝေးပြေးမှ ရခိုင်ဒေသများသို့ ခရီးသွားကြသော ပြည်သူများအနက် ကုန်ပစ္စည်း အထုပ်အပိုးပါသော ခရီးသည်များမှာ လေအိတ်ယာဉ်များဖြင့် သွားလာကြသည်။

“လေအိတ်ကားတွေက ပစ္စည်းမပါတော့ စီးရတာ အဆင်ပြေတယ်။ သက်သောင့်သက်သာရှိတယ်” ဟု ခရီးသည်တစ်ဦးက ပြောသည်။ ယင်းအပြင် လေအိတ်ယာဉ်များမှာ ဖုန်ဝင်ရာတွင် သက်သာပြီး သက်ကြီးရွယ်အိုနှင့် ကလေးများအတွက် ခရီးသွားရာတွင် အဆင်ပြေသက်သာသည်ဟု ရခိုင်ဒေသခံတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ်တောင်ပိုင်း ခရီးစဉ်များဖြစ်သည့် ရန်ကုန်မှ ကျောက်ဖြူ၊ ရန်ကုန်မှ ရမ်းဗြဲ ဒေသများသို့ပါ လေအိတ်ယာဉ်များ ပြေးဆွဲလာခြင်းဖြင့် ခရီးသည်များ သက်သောင့်သက်သာနှင့် ခရီးသွားနိုင်ရန် စီစဉ်ထားပြီး လမ်းခရီးကောင်းမွန်လာပါက အခြားကားလိုင်းများပါ လေအိတ်ယာဉ်များ တိုးချဲ့လာနိုင်ကြောင်း မာန်သစ္စာကားဂိတ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ “လမ်းခရီး အခက်အခဲကြောင့် မာန်သစ္စာ တစ်ဂိတ်ပဲရှိသေးတယ်” ဟု၎င်းကဆက်လက်ပြောကြားသည်။

ယခုလက်ရှိအချိန်တွင် ရန်ကုန်မှစစ်တွေသို့ အဝေးပြေးကားလိုင်းခုနစ်လိုင်း၊ ရန်ကုန်မှကျောက်ဖြူသို့ ငါးလိုင်းနှင့် ရန်ကုန်မှ ရမ်းဗြဲသို့ မာန်သစ္စာကားလိုင်း တစ်လိုင်းသာရှိကြောင်း သိရသည်။

# မန္တလေးတွင် မိုဘိုင်းစနစ်ဖြင့် ဆိုင်ကယ်လိုင်စင်ပြုလုပ်ပေးမည်

**ညီညီဇော်**

**မန္တလေး၊ ဇန်နဝါရီ - ၁၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ မိုဘိုင်းစနစ်ဖြင့် လိုက်လံပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခင်က မြို့နယ်များသို့ ယာဉ်လုပ်ငန်းဆိုင်ရာများ ဖြစ်သော မှတ်ပုံတင်သက်တမ်းတိုးခြင်း၊ ယာဉ်စစ်ဆေးခြင်းတို့ကိုသာ ဆောင်ရွက်ပေးပြီး ယခုမှစတင်၍ ယာဉ်မောင်းသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်း၊ စစ်ဆေးခြင်း၊ လိုင်စင်အသစ်ထုတ်ပေးခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း တိုင်းဦးစီးမှူး ဦးသိန်းဦးက ပြောသည်။



*ဆိုင်ကယ်သုံးစွဲမှုအမြင့်ဆုံးမြို့တစ်မြို့ဖြစ်သော မန္တလေးမြို့လယ် မြင်ကွင်း*

ဓာတ်ပုံ - အားမာန်

“နယ်ကလူတွေက လိုင်စင်လုပ်ချင်ပေမယ့်မန္တလေးကိုလာလုပ်ဖို့ဝေးတော့ အဆင်မပြေလို့ ခုလိုစီစဉ်ရတာပါ။ နောက်လည်း လိုအပ်သလို လုပ်ပေးသွားမယ်” ဟု ဦးစီးမှူးက ပြောသည်။

ပထမဆုံးအနေဖြင့် မိုးကုတ်မြို့တွင် ဇန်နဝါရီလ ၁၅ ရက်မှ စတင်ကာ သုံးရက်ကြာ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ထို့နောက် သပိတ်ကျင်း၊ စဉ့်ကူး၊ မတ္တရာ အစရှိသည့် မြို့များတွင် ဆက်လက်ပြုလုပ်ပေးသွားမည်ဟု ယင်းဦးစီးမှူးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဆိုင်ကယ်အစီးရေပေါင်း ၈၉၄,၂၃၅ စီးရှိပြီး ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်ပေါင်း ၆၂၇,၁၂၅ လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆိုင်ကယ် တစ်စီးလျှင် ယာဉ်မောင်းလိုင်စင်တစ်ခုနှုန်းဖြစ်စေရန် လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

# နာဂပွဲတော်ကာလအတွင်း ပြည်ပဧည့်သည်ပိုမိုလာရောက်ပါက ဒေသဖွံ့ဖြိုးရေးအထောက်အကူဖြစ်နိုင်

**ရဲနောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၇**

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်များသို့ နိုင်ငံခြားခရီးသွား ဧည့်သည်လာရောက်လေ့လာမှု ပိုမိုများပြားလာပါက ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်သည်ဟု နာဂရိုးရာ ယဉ်ကျေးမှုကော်မတီ နာယက ဦးနှင်းဝါက ပြောသည်။

“နိုင်ငံခြားသားတွေ လာလို့ရတဲ့အကျိုးအမြတ်တွေကို နိုင်ငံတော်က ကျွန်တော်တို့ ဒေသဖွံ့ဖြိုးမှုအတွက် ပေးတာရှိပါတယ်” ဟု ဦးနှင်းဝါက ပြောသည်။

အဓိကအားဖြင့် ခရီးအစီအစဉ်များ ကြိုတင်ဆွဲ၍ ခရီးသွားဧည့်သည်များ တည်ခိုရန် အဆင့်မြင့် အဆောက်အအုံများ ရှိပြီး လုံခြုံရေးအရ လုံခြုံစိတ်ချရပါက နာဂရိုးရာ ယဉ်ကျေးမှု ပွဲတော်အား ခရီးသွားများ စိတ်ဝင်စားသော နေရာတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်ဟု နာဂကိုယ်တိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုစ်ကြူးက ပြောသည်။

ယခုနှစ်ဇန်နဝါရီ၁၄၊၁၅ရက်များတွင် နာဂနှစ်သစ်ကူးပွဲတော်အား နန်းယွန်းမြို့၌ကျင်းပရန် စီစဉ်ခဲ့သော်လည်း လုံခြုံရေး အခြေအနေအရ လဟယ်မြို့သို့ ပြောင်းရွှေ့ကျင်းပခဲ့ရပြီး နိုင်ငံခြားသားခရီးသည်လာရောက် လေ့လာမှုမှာ ၁၅ယောက်သာရှိ၍ မနှစ်ကထက် ဝက်ကျော် လျော့နည်းခဲ့သည်။

ထို့အတူ ရန်ကုန်မြို့၌ ဇန်နဝါရီ ၁၉ ရက်တွင် တတိယအကြိမ်မြောက် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ကမာရွတ် လှည်းတန်း လမ်းဆုံအနီး ရိုးရာအင်ကြင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

“မနှစ်ကတော့ နိုင်ငံခြားသား သုံးလေးယောက် လာတယ်။ သိတဲ့သူ နည်းသလို လာတဲ့သူလည်း နည်းပါးတယ်” ဟု ရန်ကုန်နာဂရိုးရာ ပွဲတော်ကျင်းပရေးကို လုပ်ဆောင်နေသည့် နာဂတိုင်းရင်းသားတစ်ဦးက ပြောသည်။

နာဂကိုယ်တိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်တို့တွင် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး အကူအညီများအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးနှစ်စီမံကိန်း ထောက်ပံ့ရန် အိန္ဒိယအစိုးရနှင့် မြန်မာအစိုးရတို့ကြား ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းက သဘောတူညီခဲ့သည်။

နီလာ

TRADEMARK CAUTION
Lighting & Equipment Public Co., Ltd. a company Incorporated in Thailand at 539/2(16th and 17th Floors, Gypsum Metropolitan-Tower), Sriayudhya Road, Kwaeng Thanon Phayathai, Khet Rajthevee, Bangkok Thailand is the Owner and Sole Proprietor of the following Trademarks:-

L&E

Reg : No.4/14201/2012
In respect of : Ballast, starter, cable terminal, capacitor, socket, plug, transformer.
Reg: No.4/14205/2012
In respect of : lighting fixture and accessories.
Reg: No.4/14203/2012
In respect of : selling lighting fixture and accessories.

LUMAX

Reg.No.4 /14204/2012
In respect of : Ballast, starter, cable terminal, capacitor, socket, plug, transformer.
Reg: No.4/14202/2012
In respect of : lighting fixture and accessories.
Reg: No.4/14206/2012
In respect of : selling lighting fixture and accessories.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 24 Jan 2013

# လယ်ယာလုပ်ငန်းသုံး ထွန်စက်ဈေး ကျဆင်းခြင်းမရှိသေး

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇန်နဝါရီ-၁၈**

ပြီးခဲ့သည့် နှစ်များမှစ၍ ယာဉ်အိုယာဉ်ဟောင်းလဲလှယ်မှု စနစ်ကြောင့်ပြည်တွင်းမော်တော်ယာဉ်ဈေးမှာ သိသိသာသာ ကျဆင်းလာခဲ့သော်လည်း လယ်ယာလုပ်ငန်းခွင်သုံး လယ်ထွန်စက်များ ဈေးကျဆင်းခြင်းမရှိသေးကြောင်း မုံရွာဒေသခံတောင်သူများကပြောကြားသည်။

"ကားတွေသာ သိသိသာသာ ဈေးကျနေတာ။ လယ်ယာလုပ်ငန်းသုံး ထွန်စက်တွေ ဈေးမကျသေးဘူး။ ဒီဒေသမှာ ဈေးသက်သက်သာသာနဲ့ တင်သွင်းလာတဲ့ တရုတ်နိုင်ငံထုတ် လက်တွန်းထွန်စက်လေးတွေ အဓိကသုံးနေရတယ်။ မော်တော်ကားတွေလို အခွန်အခတွေ လျှော့ချလို့ ထွန်စက်ဈေးကျသွားရင် စက်မှုလယ်ယာစနစ်ကို ကူးပြောင်းဖို့ ထွန်စက်အသုံးပြုသူ ပိုများလာမယ်" ဟု မုံရွာမြို့ဒေသခံ စက်မှုလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လယ်သမား အများစုမှာ မီနီထွန်စက်များ အသုံးပြုလိုသော်လည်း ပြည်တွင်းထုတ်နှင့် တရုတ်နိုင်ငံမှဝင်သည့် ယင်းမီနီထွန်စက်များမှာ ကျပ်သိန်းလေးဆယ်ကျော်ရှိသည်။ တောင်သူလယ်သမားအများစုသည် ကျပ်ရှစ်သိန်းခွဲမှ သိန်းနှစ်ဆယ်ကြားရှိ တရုတ်နိုင်ငံထုတ် လက်တွန်းထွန်စက်များသာ အဝယ်များကြောင်း မုံရွာမြို့တော်ဝင် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာ အရောင်းဆိုင်မှ ဦးတင့်ဆွေက ပြောသည်။

"မော်ဒယ်မြင့် ကားတွေ ဈေးချပေးတာ တောင်သူတွေအနေနဲ့တော့ တိုက်ရိုက်အကျိုးသက်ရောက်မှု မရှိပါဘူး။ လယ်တောသုံးတဲ့ ထွန်စက်တွေ၊ စက်ယန္တရားတွေ ဈေးသက်သက်သာသာနဲ့ အသုံးပြုနိုင်မှ တောင်သူတိုက်ရိုက်အကျိုးရှိမှာ" ဟု မုံရွာမြို့ ညောင်ဖြူပင် ကျေးရွာဒေသခံ တောင်သူတစ်ဦးက ပြောသည်။

TRADEMARK CAUTION
KOTRA PHARMA (M) SDN. BHD., a company incorporated in Malaysia at No 1, 2 & 3, Jalan TTC 12 Cheng Industrial Estate 75250 Melaka Malaysia is the Owner and Sole Proprietor of the following Trademarks:-

APPETON®

Reg: 4/3015/1995
In respect of : "Pharmaceutical for human, Pharmaceutical for animal, Tablet, Injuntion, Cream as a form of Syrup, Cream, Tablet pills, Capsules, powder"

Booster

Reg: 4/3016/1995
In respect of : "Various kind of Beverage".
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 24Jan 2013




# စုံစမ်းရေးကော်မရှင်နှင့် ပူးပေါင်းလိုကြောင်း တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး ပါတီဥက္ကဋ္ဌကဆို

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၇**

လယ်ယာမြေ သိမ်းဆည်းခံရမှုများနှင့်ပတ်သက်၍ လာရောက်တိုင်ကြားမှုများလာသည့်အတွက် လယ်ယာမြေစုံစမ်းရေးကော်မရှင်နှင့်ပူးပေါင်းဆောင်ရွက်လိုကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌက ပြောကြားသည်။

လက်ရှိအချိန်တွင်လယ်ယာမြေသိမ်းဆည်းခံရမှု အမှုပေါင်း ၅၀ ကျော်ကို ပါတီသို့ လာရောက်တင်ပြထားမှုရှိနေပြီး အများစုသည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှဖြစ်ကြောင်း ၎င်းက ဆိုသည်။

"ကျွန်တော်တို့ မတတ်နိုင်တဲ့ကိစ္စကို လယ်ယာမြေစုံစမ်းရေးကော်မရှင်ကို တင်ပြချင်တယ်" ဟု မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုးက ပြောသည်။

တောင်သူလယ်သမားများ၏ အကျိုးစီးပွား ဦးစားပေးလုပ်ဆောင်မည်ဆိုသော မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmer's Development Party) ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစက်တင်ဘာ ၂၄ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

လက်ရှိ အချိန်တွင် ပါတီဝင် တစ်သိန်းကျော်ရှိနေပြီး အများစုမှာ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ၊ မော်ကျွန်းမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် တွံ့တေးမြို့နယ်များမှ ဖြစ်သည်ဟု သတင်းရရှိသည်။

## ဝန်ထမ်းအလိုရှိသည်

**Web Developer** **M/F (2) Posts**

- Programming language တစ်ခုခုကို တတ်မြောက်ရမည်။
- Coldfusion programming ကို သိရှိနားလည်သူ ဦးစားပေးမည်။
- Database အနေဖြင့် Microsoft SQL ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- Client script အဖြစ် jQuery, Javascript တို့ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- HTML နှင့် CSS ကို ကျွမ်းကျင်ရမည်။
- ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ရမည်။
- လိုအပ်ပါက နယ်သို့ ခရီးတိုထွက်ခွာနိုင်ရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူတို့နှင့်အတူ (၃၁.၁.၂၀၁၃) နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
အခန်းအမှတ် ( G-12) မြေညီထပ်၊ တိုက် (B)၊ Diamond Centre၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Tel: 523911~918

## ဝန်ထမ်းအလိုရှိသည်

- Receptionist F (2) posts
- Driver M (2) posts

အမှတ်စဉ် (၁) အတွက် အသက် ၁၉ နှစ်မှ ၂၅ နှစ်အတွင်း၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။ ရုပ်ရည်ချောမောပြေပြစ်ရမည်။ အပြောအဆို သွက်လက်ရမည်။ ဖြင့်ပနန်းအဝင်အထွက်များ မြေဆို မှတ်သားခြင်း၊ စာဝင်စာထွက်များ သက်ဆိုင်ရာဌာနများသို့ ဖြန့်ဝေပေးခြင်း၊ နေ့စဉ်မှတ်တမ်း ရေးသားခြင်းများ ဆောင်ရွက်ရမည်။

အမှတ်စဉ် (၂) အတွက် အသက် (၄၀) နှစ်အောက်၊ အနိမ့်ဆုံး အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်သူဖြစ်ရမည်။ ယာဉ်မောင်းအတွေ့အကြုံ (၅) နှစ်အထက်ရှိရမည်။ အကျင့်စာရိတ္တနှင့် ကျန်းမာရေး ကောင်းမွန်ရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ အခြေခံလစာနှင့်အတူ အခြားစံစားခွင့်များ ရှိသည်။ ယာဉ်မောင်းကျွမ်းကျင်မှုပေါ်မူတည်၍ လစာညှိနိုင်းပေးမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ တို့နှင့်အတူ (၃၁.၁.၁၃) နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။
အခန်းအမှတ် ( G-12) မြေညီထပ်၊ တိုက် (B)၊ Diamond Centre၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Tel: 523911~918

# တိုင်ပေတွင်အလုပ်လုပ်ရန် မြန်မာလုပ်သား ၁၀,၀၀၀ခန့် ကမ်းလှမ်းခံရ

**အေးမြတ်သူ**

**မန္တလေး၊ ဇန်နဝါရီ - ၁၇**

တိုင်ပေတွင် အလုပ်လုပ်ကိုင်ရန်အတွက် မြန်မာလုပ်သားဦးရေ ၁၀,၀၀၀ ခန့်ကို အလုပ်သမားဝန်ကြီးဌာနသို့ ပထမဆုံး အကြိမ်အဖြစ် ကမ်းလှမ်းထားကြောင်း အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

"ဟိုတုန်းကတော့ ကမ်းလှမ်းတာမျိုး မရှိဘူး။ ခုမှ ပထမဆုံး ကမ်းလှမ်းတာ။ စက်ရုံတွေမှာ လုပ်ဖို့ပေါ့။ စကားနဲ့ပဲ ကမ်းလှမ်းလာသေးတာ။ မြန်မာ လုပ်သားတွေကိုတိုင်ပေက သုံးချင်ပါတယ်။ လွှတ်ပေးနိုင်မလားဆိုပြီး စုံစမ်းတာပေါ့" ဟု အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးကပြောသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုကမ်းလှမ်းချက်အပေါ် လေ့လာသည့် အခြေအနေတွင်သာရှိပြီး အလုပ်သမားစေလွှတ်မှုအား အစိုးရအချင်းချင်းမှလည်းကောင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှ တစ်ဆင့်ပို့ဆောင်ရန်သော်လည်းကောင်း မသေချာသေးဟု ဆိုသည်။ မြန်မာလုပ်သားများအတွက် လုပ်ငန်းခွင်၊ နေထိုင်မှု တိကျမှန်ကန်ပါက ခွင့်ပြုရန်အစီအစဉ်ရှိကြောင်းလည်း သတင်းရရှိသည်။

"တိုင်ပေက လုပ်သားတွေခေါ်တာတော့ ရှိတယ်ကြားတယ်။ ဒါပေမဲ့ ဟိုဘက်ကော၊ ဒီဘက်ကော မဖွင့်သေးဘူး။ လုပ်သားယူဖို့ပဲ တာစူနေတုန်းပဲ ရှိသေးတယ်" ဟုကျောက်တံတားမြို့နယ်အခြေစိုက် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ တစ်ဦးက ပြောသည်။

တိုင်ပေအနေဖြင့် မြန်မာလုပ်သားခေါ်ယူကမ်းလှမ်းခဲ့ခြင်းမရှိခဲ့ခြင်းမှာ နိုင်ငံရေးဥပဒေအရ ထင်သာမြင်သာ အားနည်းမှုအပြင် တိုင်ပေ၌မြန်မာသံရုံးမရှိခြင်းတို့ကြောင့်ဖြစ်နိုင်သည်ဟု အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ အရာရှိက သုံးသပ်ပြောသည်။

# သင်္ဘောသား တရားမဝင်စေလွှတ်သည့် ကုမ္ပဏီများအား အရေးယူမှု အားနည်းနေ

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၇**

သင်္ဘောသားအလုပ်အကိုင် ကြီးကြပ်ရေးဌာနခွဲ (SECD) နှင့် စာချုပ်ချုပ်ဆိုခြင်းမရှိဘဲ သင်္ဘောသားစေလွှတ်သည့် ကုမ္ပဏီများရှိနေပြီး ယင်းကုမ္ပဏီများအား အရေးယူမှုတွင်အားနည်းနေကြောင်း ရေကြောင်းညွှန်ကြားမှုဦးစီးဌာန ဒုညွှန်ကြားရေးမှူးက ပြောသည်။

သင်္ဘောသားအလုပ်အကိုင် ကုမ္ပဏီများသည် နိုင်ငံတကာ သင်္ဘောလိုင်းများသို့ သင်္ဘောသားစေလွှတ်ရာတွင် သင်္ဘောသားအလုပ်အကိုင် ကြီးကြပ်ရေးဌာနခွဲ (SECD) နှင့် စာချုပ်ချုပ်ဆို၍ ပို့ဆောင်ရပြီး ထိုသို့စာချုပ် မချုပ်ဆိုဘဲ တရားမဝင်စေလွှတ်သည့် ကုမ္ပဏီများအား အရေးယူရာတွင် အားနည်းနေကြောင်း ၎င်းက ဆိုသည်။

"တရားမဝင် လုပ်နေတာတွေလည်းရှိတယ်။ ပြဿနာဖြစ်မှပဲ တိုင်တာတွေ၊ တရားစွဲတာတွေ လုပ်ကြတယ်။ ထောင်သွင်းအရေးယူမှုကတော့ မရှိဘူး။ အားနည်းနေတာအမှန်ပဲ" ဟု ဒုညွှန်ကြားရေးမှူးက ပြောသည်။


ဓာတ်ပုံ - gcaptain.com

လက်ရှိအချိန်တွင် SECD နှင့် စာချုပ်ချုပ်ဆိုထားသည့် ကုမ္ပဏီ ၁၆၀ ရှိပြီး ၂ နှစ်စာချုပ်ဖြင့် စေလွှတ်ကြောင်း ယင်းဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။

ထိုသို့ စာချုပ်ချုပ်ဆိုထားခြင်းမရှိသည့် တရားမဝင် ကုမ္ပဏီဖြင့် သွားရောက်လုပ်ကိုင်ခဲ့ရာမှ သင်္ဘောပေါ်တွင် နှိပ်စက်ခံရခြင်း၊ လစာအပြည့်အဝ မရရှိခြင်းများ ကြုံတွေ့ခဲ့ရကြောင်း သင်္ဘောသားတစ်ဦးက ပြောသည်။

သို့သော် တရားဝင် စာချုပ်ချုပ်ဆိုထားသည့် ကုမ္ပဏီများဖြင့် သွားသော်လည်း တစ်ဖက်တွင် စာချုပ်ခိုင်မာမှုမရှိခြင်းကြောင့် နစ်နာသည့် သင်္ဘောသားများလည်း ရှိကြောင်း ရေကြောင်းဦးစီးဌာနမှ ဒုညွှန်ကြားရေးမှူးက ပြောသည်။

"သင်္ဘောပိုင်ရှင်ပေါ်မူတည်ပါတယ်။ သင်္ဘောသားက နစ်နာရင် ဥပဒေကြောင်းအရ လျော်ကြေးတောင်းတာတွေ လုပ်ပေးတယ်" ဟု မြန်မာနိုင်ငံ ပင်လယ်ပျော်များသမဂ္ဂ ဥက္ကဋ္ဌ ဦးအောင်သူရက ပြောသည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော သင်္ဘောသားဦးရေ ၇၅,၀၀၀ ခန့်ရှိပြီး ကိုရီးယား၊ တိုင်ပေ၊ စင်ကာပူ၊ မလေးရှားစသည့် နိုင်ငံများသို့ သွားရောက်တာဝန်ထမ်းဆောင်ခြင်းများပြားကြောင်း သတင်းရရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအမြန်အလိုရှိသည်**
အင်တာနက်ဆိုင်ဝန်ထမ်း ကျား (၂)ဦး
နေစရာပေးမည်။
**Hyper Active Cyber Cafe**
**ကမာရွတ်ဘူတာရုံလမ်း၊ အေးရိပ်မွန် (၅) လမ်း၊ (၅) ရပ်ကွက်၊ လှိုင်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ အအေးဖျော်ဆရာ
၂။ အချက်အပြုတ် ကျွမ်းကျင် (ရှမ်း၊ တရုတ်၊ ယိုးဒယား)
၃။ စားပွဲထိုး
၄။ မီးဖိုချောင်အကူ
**Tel : 01-535350**

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
1. Operation Manager ကျား (၂)ဦး
2. Account LCCI (I,II) မ (၂) ဦး
**Ph : 01-.398299**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Tour Operator 1 Post
(ဂျပန်စကားပြောတတ်သူ ဦးစားပေးမည်)
**Ph : 01-527830**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ ယာဉ်မောင်း ကျား (၅) ဦး
၂။ မောင်း/ရောင်း ကျား (၇) ဦး
၃။ Sales & Marketing Supervisor ကျား/မ (၃) ဦး
၄။ Sales & Marketing Manager ကျား/မ (၂) ဦး
၅။ စာရင်းကိုင်/စာရင်းစစ် ကျား/မ (၅) ဦး
**ဖုန်း - ၀၁-၆၈၅၅၂၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ရောင်း/မောင်း ဝန်ထမ်း (၂) ဦး
အဆောင်စီစဉ်ပေးမည်။
**ဖုန်း - ၀၉-၅၁၀၂၁၉၄**

--------------------------------

**အလိုရှိသည်**
Graphic Designer ကျား (၁) ဦး
Myanmar Spa Today Far East Advertising Ltd.
**ဖုန်း - ၀၁-၅၀၇၁၀၂၊ ၅၁၃၆၁၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Sale Gril (၂) ဦး
Edelle Beauty Trading Coporation Ltd.
**(တစ်ပတ်အတွင်း)**
**ဖုန်း - ၀၁-၅၄၆၁၇၇**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းကျား(၁)ဦး၊ အသက် ၅၀ နှစ်အထက်ရှိပြီး၊ ကျန်းမာရေးကောင်းမွန်ရမည်။ အရက်သေစာကင်းရှင်းသူဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်နှင့် လုပ်သက်အနည်းဆုံး(၁၀)နှစ်ရှိရမည်။
**ဖုန်း- ၀၉-၇၃၂၄၃၈၈၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing Supervisor မ(၁)ဦး၊ အသက် (၃၀)နှစ်ထက်မကြီးရ၊ သွက်လက်စွာပြောဆိုလုပ်ကိုင်နိုင်ပြီး ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။ ကြော်ငြာလုပ်ငန်း၊ ကြော်ငြာဈေးကွက်နှင့်စပ်လျဉ်းသည့် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
**ဖုန်း-၃၇၄၂၈၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ ခေါင်းလျှော် ကျွမ်းကျင် မ (၃) ဦး
၂။ လက်သည်းခြေသည်းကျွမ်းကျင် မ (၁)ဦး
**ဖုန်း - ၀၁-၅၄၀၆၀၅**

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
၁။ Cashier ကျား (၃) ဦး
၂။ Waiter ကျား (၁၀) ဦး
၃။ သန့်ရှင်းရေး ကျား (၃) ဦး
၄။ ဂိတ်ကြေးကောက်စာရေး မ (၅) ဦး
၅။ ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၇) ဦး
၆။ အကင်ဆရာ ကျား (၂) ဦး
၇။ ဓားကိုင် ကျား (၂) ဦး
**ဆိပ်ကမ်းစားသောက်ဆိုင်**
**ဖုန်း - ၀၉-၅၀၉၃၈၇၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Photoshop ကျွမ်းကျင်ဝန်ထမ်း မ(၁) ဦး အလိုရှိသည်။
**ဖုန်း - ၀၉-၇၃၀၁၁၉၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ ပစ္စည်းထိန်း (Store Keeper) မ (၂) ဦး
၂။ အရောင်းခန်းမဝန်ထမ်း မ (၁၀) ဦး
၃။ စက်ရုံဝန်ထမ်း မ (၁၀) ဦး
Autron Hearing Aid Centre
**Ph : 01-555491**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Global Connect Asia Company Limited
1. PHP Expert Programmer (2 Posts)
2. PHP Web Developer (2 Posts)
3. Share Point Programmer (1 Post)
**Ph : 09-73142903**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Site Engineer ကျား/မ (၃) ဦး
၂။ Accountant မ (၃) ဦး
၃။ Computer D.T.P ကျား/မ (၃)ဦး
၄။ Driver/Sale Drive ကျား (၃) ဦး
၅။ Marketing (အရောင်း) ကျား/မ (၅) ဦး
၆။ Office Staff မ (၃) ဦး
၇။ အရောင်း(နေ/စား ငြိမ်း) ကျား/မ (၅) ဦး
၈။ Waiter/Waitress ကျား/မ (၅) ဦး
**Ph : 01-243819**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Assistant Auditor ကျား/မ (၅) ဦး
B.Com/B.Act ဘွဲ့ရရှိထားသူ၊ Computer (Word,Excel) ကျွမ်းကျင်
**ဖုန်း - ၀၁-၆၅၇၈၃၀**
**(၁၅. ၂. ၂၀၁၃ နောက်ဆုံး)**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ ဆံပင်ညှပ်လျှော်ကျွမ်းကျင် မ (၅) ဦး
၂။ ခေါင်းလျှော်အလုပ်သင် မ (၁၀) ဦး
လစာ/နေရေး/စားရေး စီစဉ်ပေးမည်။
**ဖုန်း - ၀၉-၇၃၀၀၅၆၁၁**

--------------------------------

၁။ တေးစီးရီးထုတ်ရန် ကျား (၅)ဦး၊ မ (၅) ဦး
၂။ သီချင်း V.C.D ရိုက်ကူးရန် ကျား (၅) ဦး၊ မ (၅) ဦး
**ဖုန်း - ၀၉၄၃၁၀၆၅၆၇**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
တက္ကသိုလ်ဟန်မင်းဦး အနုပညာသင်တန်းကျောင်း
- ပညာသင်ဝန်ထမ်း မ (၁၀) ဦး အလိုရှိသည်။ ဓာတ်ပုံပညာ သင်ကြားပေးမည်။
- သင်တန်းကျောင်း၏ အနုပညာအဖွဲ့ဝင် (ကျား/မ) များ အလိုရှိသည်။
**ဖုန်း - ၀၁-၂၂၇၁၉၉**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
သူရိယဝင်းကုမ္ပဏီလီမိတက်
ရုံးကားယာဉ်မောင်း ကျား (၃) ဦး
**ဖုန်း - ၀၁-၅၂၃၇၄၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Business Relation Executive ကျား/မ (၂) ဦး
၂။ Business Relation Assistant ကျား/မ (၂) ဦး
(၁၄. ၂. ၂၀၁၃ ရက်နေ့ နောက်ဆုံး)
**ဖုန်း - ၅၆၂၂၅၂**

--------------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


TIGER BALM
နာကျင်ရာ နာစမ်း... TIGER BALM®
Tiger Balm (White) သည် မူးဝေခြင်းနှင့် အင်းဆက်ပိုးမွှားများကိုက်ခံရခြင်းဝေဒနာ တို့ကိုပျောက်ကင်းစေပါသည်။
Reg No. 1308AA599
Tiger Balm (Red) သည် ကြွက်သား နာကျင်ကိုက်ခဲခြင်းနှင့် အတွင်းဒဏ်ဖြစ်ခြင်း တို့ကိုအလျင်မြန်ဆုံးသက်သာစေပါသည်။
Reg No. 1402AA1320
Tiger Balm (Liniment)
ကြွက်သားတောင့်တင်းခြင်း၊ နာကျင်ခြင်းတို့ကို အလျင်မြန်ဆုံးပျောက်ကင်းစေပါသည်။
Reg No. 1308AA643
TIGER BALM
သင့်ရဲ့ နာကျင်ကိုက်ခဲမှုဝေဒနာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည်
TIGER BALM® PLASTER
Cool သည်ထိခိုက်နာကျင်မှုများ၊ ကြွက်သားဒဏ်ဖြစ်ခြင်းများ အတွက် အသုံးပြုရန် အထူးသင့်လျော်ပါသည်။
Reg No. 1407AA1733
RD Warm
Reg No. 1407AA1734
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

# Education

7DAY NEWS JOURNAL

Vol.11, No.46 · JANUARY 24 , 2013

## နိုင်ငံတကာဆက်ဆံရေး၊ ဥပဒေနှင့်စီးပွားရေးဘာသာရပ်များ သင်ကြား၊ သင်ယူမှု မြှင့်တင်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၇**

ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်များတွင် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်၊ဥပဒေဘာသာရပ်နှင့်စီးပွားရေးဘာသာရပ်များ သင်ကြား၊သင်ယူမှုမြှင့်တင်ရေးအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အဆင့်မြင့်ပညာကဏ္ဍ စီမံကိန်းမှသိရသည်။

လက်တွေ့စီးပွားရေး နယ်ပယ်တွင် တိုက်ရိုက်အသုံးချနိုင်ပြီး နိုင်ငံတကာတွင် လေ့လာလိုက်စားသူများပြားနေသော စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကို ပညာထူးချွန်၍ ဉာဏ်ရည်ထက်မြက်သော ကျောင်းသားများအနက် ထိရောက်စွာ သင်ကြားပေးနိုင်မည့် အရေအတွက်ကိုသာ လက်ခံရန်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် မည်သည့်ဘာသာတွဲဖြင့် အောင်မြင်သည်ဖြစ်စေ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်၊ ဥပဒေဘာသာရပ်၊စီးပွားရေး ဘာသာရပ်များနှင့်ပတ်သက်၍ အသစ်ဖွင့်လှစ်သည့် သင်ကြားရေးအစီအစဉ်များနှင့် ပုံမှန်သင်တန်းများတွင် ဝင်ခွင့်ပြုရန်နှင့် လက်ရှိဖွင့်လှစ်ထားသော စီးပွားရေးစီမံခန့်ခွဲမှုဒီဂရီဘွဲ့ (BBM) သင်တန်းကို တိုးချဲ့ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနှစ် စီးပွားရေးဘာသာရပ်အတွက် လူဦးရေပိုခေါ်တယ်။ အဆင့်မြင့်ပညာရေးကဏ္ဍစီမံကိန်းအစီအစဉ်ကြောင့်ဖြစ်ပါတယ်။ စီးပွားရေး စီမံခန့်ခွဲမှုဒီဂရီဘွဲ့ (BBM)သင်တန်းကို စိတ်ဝင်စားတဲ့ ကျောင်းသားဦးရေလည်း များပြားနေပါတယ်"ဟု ပညာရေးဝန်ကြီးဌာနတွင် ပါမောက္ခချုပ် တာဝန်ထမ်းဆောင်နေသူတစ်ဦးက ပြောသည်။

နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်၊ဥပဒေဘာသာရပ်နှင့် စီးပွားရေးဘာသာရပ် သင်ကြားရေးမြှင့်တင်ရေးလုပ်ငန်းအစီအစဉ်များကို ပညာရေးဝန်ကြီးဌာနက ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုပညာသင်နှစ်မှစတင်၍ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်သင်ယူလိုသော ကျောင်းသားများအတွက် တက္ကသိုလ်ဝင်ခွင့်ကို ပြောင်းလဲပေးခဲ့ပြီး စီးပွားရေးဘာသာရပ်အတွက် ကျောင်းသားတိုးမြှင့်ခေါ် ယူခြင်းပြုလုပ်ခဲ့သည်။ အဆင့်မြင့်ပညာရေးကဏ္ဍတွင် အထက်ပါဘာသာရပ်များ အဆင့်မြင့်တင်ရေးအတွက် နိုင်ငံတကာ တက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များကို ချမှတ်ထားသည်။

## အမေရိကန် စာပေပညာရှင်များ ပြည်တွင်းတက္ကသိုလ်သုံးခုတွင် လာရောက် ပို့ချ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၅**

အမေရိကန်နိုင်ငံမှ စာရေးဆရာနှင့် ကဗျာဆရာပညာရှင် အဖွဲ့သည်ရန်ကုန်တက္ကသိုလ်၊ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့တွင် အမေရိကန်အနုစာပေနှင့်ရသခံစားမှုအကြောင်း ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ-အမေရိကန်သံရုံး

ပြည်တွင်း တက္ကသိုလ်များတွင် အမေရိကန်ပညာရှင်များ ပညာရပ်ဆိုင်ရာ လာရောက်ဆွေးနွေး ပို့ချမှုသည် နှစ်ပေါင်းနှစ်ဆယ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး နောက်ပိုင်းတွင် ယင်းကဲ့သို့ အစီအစဉ်များ ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန်သံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမေရိကန်နိုင်ငံရှိUniversity of Iowa Sr Director of International Writing Program ဖြစ်သူ Mr. Christopher Merrill ဦးဆောင်၍ University of California at Berkeley မှ Mr. Robert Hass, University of Texas at Austin နှင့် University of Houston and Stanford မှ Ms. ZZ Packer, Saint Mary's College in Moraga မှ Ms. Brenda Hillman နှင့် Staff Coordinator ဖြစ်သူ Ms. Kelly Bedeian တို့ ပါဝင်သော ကဗျာဆရာများနှင့် စာရေးဆရာများသည် ပြည်တွင်းတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အမေရိကန် အနုစာပေများနှင့် ရသခံစားမှုများအကြောင်း ဆွေးနွေးပို့ချခဲ့ခြင်း ဖြစ်သည်။

"ဒါပထမဆုံး အကြိမ်ပဲ။ နိုင်ငံခြားက ပညာရှင်တွေ လာတာကို အပေါ်က ခွင့်ပြုပေးသွားရင် ထပ်လုပ်သွားဖို့ရှိပါတယ်။ အင်္ဂလိပ်လိုဟောပြောဆွေးနွေး ပို့ချတာဖြစ်တဲ့အတွက် အင်္ဂလိပ်စာသင်ကြားနေတဲ့ဆရာ၊ဆရာမတွေနဲ့ကျောင်းသား၊ ကျောင်းသူတွေအပါအဝင် ၂၁၅ဦး ဆွေးနွေးပွဲ တက်ရောက်ခဲ့ပါတယ်"ဟု ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဆရာတစ်ဦးက ပြောသည်။


အမေရိကန် စာပေပညာရှင်အဖွဲ့သည် ပြည်တွင်းရှိ စာရေးဆရာ အများအပြားနှင့် တွေ့ဆုံခဲ့ပြီး အမေရိကန်သံရုံးတွင်လည်း စာပေအလုပ်ရုံ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

## နော်ဝေးအစိုးရ ပညာသင်ဆု မြန်မာကျောင်းသား ၄၀ ထပ်မံခေါ်ယူမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၄**

ထိုင်းနိုင်ငံရှိ အာရှနည်းပညာအင်စတီကျုဒ်(AIT)တွင် မဟာဘွဲ့ ပညာသင်ယူနိုင်ရန် နော်ဝေးအစိုးရက မြန်မာ ကျောင်းသား ၄၀ ဦး




အား ပညာသင်ဆု ထပ်မံပေးအပ်မည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၅ ရက်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

နော်ဝေးနိုင်ငံခြားရေး ဝန်ကြီးဌာနက အရည်အချင်းပြည့်မီသောမြန်မာကျောင်းသားများအား ထိုင်းနိုင်ငံတွင် ဘွဲ့လွန်ပညာလေ့လာနိုင်ရန် ယခင်နှစ်မှ စတင်၍ သုံးနှစ်ဆက်တိုက် ပညာသင်ဆုရွေးချယ်ပေးအပ်ရန် စီစဉ်ခဲ့ခြင်းသည်။

အင်ဂျင်နီယာ၊ သဘာဝပတ်ဝန်းကျင်၊နည်းပညာနှင့်စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များ လေ့လာသင်ယူမည့်မြန်မာကျောင်းသားများအနေဖြင့် ပညာသင်ဆု လျှောက်ထားနိုင်မည်ဖြစ်ပြီး ဆေးပညာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဆက်ဆံရေး၊ မီဒီယာ စသည့်ဘာသာရပ်များ လေ့လာသင်ယူလိုသူများအနေဖြင့် အခွင့်အလမ်းရရှိမည်မဟုတ်ကြောင်း သိရသည်။

ကျောင်းသားများအနေဖြင့် မဟာဘွဲ့သင်တန်းအတွက် AIT &Sd School of Enviroment, Resources and Development (SERD), School of Engineering and Technology (SET)ESifh School of Management (SOM) တို့တွင် သင်ကြားနေသော ဘာသာရပ်များကို လေ့လာသင်ယူခွင့်ရရှိမည် ဖြစ်သည်။

ပညာသင်ဆုအတွက် အသက် ၄၀နှစ်အောက် ကျောင်းသားများ လျှောက်ထားနိုင်မည်ဖြစ်ပြီး မဟာဘွဲ့သင်တန်းပြီးဆုံးပါက မြန်မာနိုင်ငံသို့ ပြန်လာ၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်လုပ်ကိုင်ဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ထားသည်။

ပညာသင်ဆုလျှောက်လွှာအတွက် www.ait.asia/admissions/form.html တွင် လျှောက်လွှာပုံစံရယူ ဖြည့်သွင်းရမည်ဖြစ်ပြီး AIT ကျောင်းတွင် တက်ရောက်လိုသည့် အကြောင်းရင်း၊ မိမိ၏ကာလတို၊ ကာလရှည် အနာဂတ်ရည်မှန်းချက်၊ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရေတို၊ ရေရှည်၌ မည်သည့်အခန်းကဏ္ဍ၌ မည်သို့ပါဝင်ဆောင်ရွက်သွားမည်ကို မြန်မာ ဘာသာဖြင့် စာစီစာကုံးသုံးမျက်နှာရေးသား၍ မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်ရှိ Myanmar Egress ရုံးသို့ လျှောက်လွှာပေးပို့ရမည်ဖြစ်သည်။

နော်ဝေးအစိုးရက ပေးအပ်သော ပညာသင်ဆုအခွင့်အလမ်းအတွက် ယခင်နှစ်က ကျောင်းသား ၇၀၀ ကျော်လျှောက်ထားခဲ့ကြပြီး ကျောင်းသား ၄၂ ဦးရွေးချယ်ခဲ့ကာ ယခုအခါ ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြောင်း သတင်းရရှိသည်။

GOLDEN PASS
TRAVELS & TOURS CO.,LTD.
၇.၅ သိန်း
၈.၅ သိန်း
၅.၃ သိန်း
Grand Palace, Emerald Buddha
Dream World, Coral Island,
Alazcar Gay Show,
Nong Nooch Tropical,
Shopping Centers

**VACANCY**

**The Embassy of Malaysia** is looking to appoint a motivated and committed person of the highest integrity as **a Watchman/Guard.**

**Requirements:**

1. Possess minimum basic high school education;
2. Loyal, cooperative, responsible and healthy person;
3. Able to communicate and understand in English language;
4. Age – between 21 and 35 years; and
5. Previous working experience as watchman / guard would be an advantage.

Please send your application with updated Curriculum Vitae (CV) and a recent photo to the Embassy of Malaysia, 82, Pyidaungsu Yeiktha Road, Yangon **before 31 January 2013.** Only those candidates, whose qualifications and experience are of interest to the Embassy, will be contacted for subsequent interview.

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

## နည်းပညာတက္ကသိုလ်ကျောင်းသားများ အင်ဂျင်နီယာနည်းပညာဆိုင်ရာထုတ်ကုန်ပြပွဲသို့ လေ့လာမှုနည်း

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၅**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ပြုလုပ်သည့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပြပွဲသို့နည်းပညာတက္ကသိုလ်ကျောင်းသားများ လာရောက်လေ့လာမှုအားနည်းကြောင်း မျိုးဆက်သစ်အင်ဂျင်နီယာလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောသည်။

နည်းပညာတက္ကသိုလ်ကျောင်းသားများလာရောက်လေ့လာမှု အားနည်းခြင်းသည် ယခုနှစ်တွင် တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်း၍ဖြစ်ပြီး နောင်နှစ်တွင် နည်းပညာတက္ကသိုလ်များနှင့် ပူးပေါင်းကာ ကျောင်းသားများအတွက် ခရီးစဉ်များကိုပါ အဆင်ပြေစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ထို့အပြင် နည်းပညာဆိုင်ရာ ညဏ်စမ်းပဟေဠိပြိုင်ပွဲသို့ လာရောက်သောကျောင်းသားများနှင့် ပတ်သက်၍"ကျောင်းသားတွေက အုပ်စုလိုက်ထက် နှစ်ယောက်၊ သုံးယောက်စီလာကြတာများတယ်" ဟု ဦးခင်မောင်ဝင်းက သုံးသပ်ပြောသည်။

ယခုနှစ်တွင် လူငယ်များ ပညာရစေရေး ရည်ရွယ်၍ လုပ်ငန်းစဉ်ပြခန်းများ ထည့်သွင်းပြသခဲ့ပြီး မိတ္ထီလာလေကြောင်းပညာတက္ကသိုလ်မှ မောင်းသူမဲ့လေယာဉ်ပြခန်းကိုပါ ပြသထားသည်ကို တွေ့ရသည်။

ယခုနှစ်ပြပွဲသည် ဆဋ္ဌမအကြိမ်မြောက်ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတက္ကသိုလ်များ (လှိုင်နယ်မြေ)မှ နည်းပညာပြခန်း ၅၁ခန်းပါဝင်ပြသခဲ့ခြင်းဖြစ်သည်။

## ဂျပန်တက္ကသိုလ်တစ်ခု ရန်ကုန်တက္ကသိုလ်တွင် ဥပဒေသုတေသနစင်တာတည်ထောင်ရန် စီစဉ်

**ရန်ကုန်၊ ဇန်နဝါရီ-၁၆**

ဂျပန်နိုင်ငံရှိ နာဂိုယာတက္ကသိုလ်သည် မြန်မာနိုင်ငံရှိ ရန်ကုန်တက္ကသိုလ်တွင် ဥပဒေသုတေသနစင်တာတစ်ခု တည်ထောင်ရန် ပြင်ဆင်နေကြောင်း ကျိုဒိုသတင်းတွင် ဖော်ပြထားသည်။

ယင်းသုတေသနစင်တာကို ယခုနှစ်ဇွန်လတွင် ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားကြောင်း နာဂိုယာတက္ကသိုလ်မှ တာဝန်ရှိသူများက ပြောကြားထားသည်။

"နာဂိုယာတက္ကသိုလ်က ဂုဏ်ထူးဆောင် ပါမောက္ခတစ်ယောက်ရောက်နေတယ်။ သင်တန်းတွေလာပို့ချပေးတာပါ။ သုတေသနစင်တာလုပ်ဖို့ပြင်နေတာကိုကြားတယ်"ဟု ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသောဆရာတစ်ဦးကပြောသည်။

နာဂိုယာတက္ကသိုလ်မှတာဝန်ရှိသူများက သုတေသနစင်တာသည် ဥပဒေဌာနကို ပြန်လည်၍ ပညာရေးပြုပြင်ပြောင်းလဲရန်စီစဉ်နေခြင်းဖြစ်ပြီး စစ်အုပ်ချုပ်ရေးကာလများတွင်နိမ့်ကျသွားခဲ့သော မြန်မာတက္ကသိုလ်များကို ပြန်လည်ဆွဲတင်၍ ဘွဲ့ရကျောင်းသားများနှင့်ကျွမ်းကျင်သူများ မွေးထုတ်နိုင်ရန် ရည်ရွယ်ကြောင်းဆိုသည်။

အစိုးရသစ် တက်လာပြီးနောက် ရန်ကုန်တက္ကသိုလ်ကိုပြန်လည်အသက်သွင်းရန် နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှု အရှိန်ကို မြှင့်တင်လျက်ရှိပြီး အမေရိကန်နိုင်ငံမှ ဂျွန်ဟော့ကင်းတက္ကသိုလ်ကလည်း ရန်ကုန်တက္ကသိုလ်တွင် လူမှုရေးသိပ္ပံဘာသာရပ်ကို အမေရိကန်နှင့် ကိုရီးယားပညာရှင်များ လာရောက်သင်ကြားပို့ချနိုင်ရန် စီစဉ်လျက်ရှိသည်။

## မြန်မာအင်ဂျင်နီယာများ နိုင်ငံတကာ အသိအမှတ်ပြု PE သင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၈**

မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေး မဟာဗျူဟာနှစ် ၃၀ စီမံကိန်းတွင် မြန်မာအင်ဂျင်နီယာများလည်း အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရန်အတွက် နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာဘွဲ့များ ပေးရန် ပြင်ဆင်လျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

"ဒီစီမံကိန်းမှာ အလုပ်အကိုင်အခွင့်အလမ်း ရနိုင်ဖို့အတွက် မြန်မာနိုင်ငံက အင်ဂျင်နီယာတွေမှာ နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာဘွဲ့ ရှိမနေဘူးဆိုရင် သူများနောက်လိုက်ပဲဖြစ်မယ်။ ဒါကြောင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနဲ့ တိုင်ပင်ပြီး ပီအီးဘွဲ့ပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက ပြောသည်။

JICA (Japan International Cooperation Agency) နှင့် ရန်ကုန်မြို့တော်စည်ပင်တို့ ပူးပေါင်းလုပ်ဆောင်မည့် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံချက်အတွက် ဂျပန်အစိုးရက ရွေးချယ်စေလွှတ်မည့် ဂျပန်အင်ဂျင်နီယာများနှင့် အကောင်အထည်ဖော်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက အင်ဂျင်နီယာများကိုလည်း Professional Engineer (PE) သင်တန်းများ ဆက်တိုက် ပို့ချနေပြီဖြစ်ကြောင်း မြို့တော်စည်ပင်မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှုဌာနမှ ဒုတိယ ဌာနမှူးက ပြောသည်။


" PE သင်တန်းတွေကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကပေးနေပြီ။ စာမေးပွဲတွေလည်း ဆက်တိုက်လုပ်ပေးနေတယ်။ လုပ်ငန်းအတွေ့အကြုံရှိရင် ပိုအခွင့်အရေးရှိတာပေါ့" ဟု မြို့တော်စည်ပင် မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှုဌာနမှ ဒုတိယဌာနမှူး ဦးတိုးအောင်က ပြောသည်။

နှစ် ၃၀ စီမံကိန်းဖြစ်သည့် ယင်းစီမံကိန်းတွင် မြို့ပြအိမ်ရာစီမံကိန်းများ အဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်မီးကိစ္စ၊ မြို့တွင်းသယ်ယူပို့ဆောင်ရေးစနစ်များ၊ ရေစနစ်၊ မိလ္လာစနစ်များ၊ စက်မှုဇုန်များ စသည့်လုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ထည့်သွင်းစဉ်းစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ၁၇ရက်က ရန်ကုန်မြို့တော်ခန်းမတွင်ပြုလုပ်သည့်မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးမှု မဟာဗျူဟာစီမံကိန်းဆွေးနွေးပွဲမှ သိရသည်။

TRADEMARK CAUTION
BANGSUE CHIA MENG RICE MILL COMPANY LIMITED a company incorporated in Thailand, at 102 Moo 4, Rimthangrotfai, Road, Bangsue District, Bangkok 10800, Thailand is the Owner and Sole Proprietors of the following Trademark:-

GOLDEN PHOENIX

Reg: 4/14872/2012
In respect of : Class 21 : Rice.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 24 Jan 2013




THE UNIVERSITY OF SYDNEY is one of Australia's largest and most prestigious universities. It is ranked in the top 50 universities in the world and amongst the top four in Australia. Our current enrolment of approximately 50,000 students (including more than 10,000 international students representing 147 nationalities), enjoy an academic experience of the highest quality.

FACULTIES & SCHOOLS: Agriculture & Environment, Architecture, Design & Planning, Arts & Social Sciences, Business, Dentistry, Education & Social Work, Engineering & IT, Health Sciences, Law, Medicine, Music, Nursing, Pharmacy, Science, Veterinary Science, Visual Arts.

STUDENT INTERVIEW SESSION

Date: Tuesday 29 January 2013
Time: 15:00-18:00
Place: AVSS Yangon
Address: No. 99 First Floor (B)
Dhammazedi Road
Bahan Township, Yangon
Email: avssmdy@theavss.com
Phone: +(95 9) 45000 6944

Technology
7 DAY NEWS JOURNAL
Vol.11, No.46 · JANUARY 24 , 2013

# ဝန်ကြီးနုတ်ထွက်သွားပြီးနောက် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပိုကောင်းလာရန် မျှော်လင့်နေ

**ယုဇနကိုကို**

**ရန်ကုန်၊ဇန်နဝါရီ-၁၇**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသိန်းထွန်း ရုတ်တရက်ရာထူးမှ နုတ်ထွက်သွားပြီးနောက်ပြည်သူများနှင့်နည်းပညာဆက်စပ်လုပ်ကိုင်နေသူများက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝန်ဆောင်မှုများ ပိုကောင်းလာရန် မျှော်လင့်နေကြသည်။

ထပ်မံရောင်းချမည့် မိုဘိုင်းဖုန်းစီမံကိန်းမပြီးပြတ်သေးသည့် အချိန်တွင် ဦးသိန်းထွန်းသည် ဇန်နဝါရီ ၁၆ ရက်က မိမိဆန္ဒအလျောက်ရာထူးမှ နုတ်ထွက်သွားကြောင်း နိုင်ငံတော်သမ္မတရုံးက ကြေညာခဲ့ခြင်းဖြစ်ပြီး ၎င်း၏ နုတ်ထွက်မှုကြောင့် လူအများဆုံးစိတ်ဝင်စားနေသော မိုဘိုင်းဆင်းမ်ကတ်ဈေးနှုန်းများ ပိုမိုလျော့ကျသွားနိုင်သည်ဟု သုံးသပ်နေကြသည်။

နုတ်ထွက်သွားရသော အကြောင်းရင်းကို မသိရသော်လည်း အဆိုပါဝန်ကြီးဌာနမှ ဆောင်ရွက်နေသော မိုဘိုင်းဖုန်းရောင်းချခြင်း ဝန်ဆောင်မှုနှင့် အင်တာနက်ဝန်ဆောင်မှုများ ပိုကောင်းလာမည်ဟု မျှော်လင့်နေကြခြင်းဖြစ်သည်။

"ဒီဝန်ကြီးရဲ့လက်ထက်မှာ ဖုန်းဈေးတွေ သိန်းဂဏန်းလောက်ကျသွားတယ်ဆိုလည်းပဲ ဖုန်းမသုံးနိုင်သေးတဲ့ လူတန်းစားအရေအတွက်က အများကြီးကျန်သေးတယ်။ ဆက်သွယ်ရေးကဏ္ဍဟာ ပြည်သူတွေကို ဝန်ဆောင်မှုပေးတာနဲ့ မတူခဲ့တာကြာပါပြီ။ ဒါကြောင့် အခုဝန်ကြီးဟောင်းရဲ့ နုတ်ထွက်မှုအပြီးမှာ နိုင်ငံရဲ့ဆက်သွယ်ရေးကဏ္ဍကို အရင်ထက်မျှော်လင့်မိတယ်" ဟု နာမည်ရ မိုဘိုင်းဖုန်းဝန်ဆောင်မှု လုပ်ငန်းတစ်ခုမှ မန်နေဂျာတစ်ဦးက ပြောသည်။

"တာဝန်မယူနိုင်လို့ နုတ်ထွက်သွားတယ်ဆိုတော့ တာဝန်ယူမယ့်သူတွေ ရောက်လာမယ်လို့ မျှော်လင့်ပါတယ်။ အခုဆိုရင် အရင်ကထက်တောင် ပိုမျှော်လင့်ထားပါတယ်။ နောက်ရောက်လာမယ့် ဝန်ကြီးက ဆက်သွယ်ရေးနည်းပညာတိုးတက်ရေးအတွက် အများကြီး လုပ်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု Total Game Play ကုမ္ပဏီလီမိတက်၏ Developer တစ်ဦးဖြစ်သူ ကိုမြင့်ကျော်သူကပြောသည်။

ဆက်သွယ်ရေးဝန်ကြီးနုတ်ထွက်မှုနှင့် ပတ်သက်၍ မိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်တည်ထောင်ထားသူ အမျိုးသားတစ်ဦးက "နောက်တက်လာမယ့် ဝန်ကြီးကို ပုဂ္ဂလိကထဲကပဲဖြစ်စေချင်တယ်။ တပ်ဘက်က မဖြစ်စေချင်ဘူး။ နည်းပညာနဲ့ ပတ်သက်ပြီး နားလည်တတ်ကျွမ်းဖို့အပြင်ကို ပြည်သူအတွက် တကယ်စဉ်းစားတဲ့ဝန်ကြီးမျိုးပဲ ဖြစ်စေချင်တယ်"ဟု ဆိုသည်။ နုတ်ထွက်သွားသော ဆက်သွယ်ရေးပြည်ထောင်စုဝန်ကြီး စတင်တာဝန်ယူစဉ်က မိုဘိုင်းဆင်းကတ်တစ်ခုလျှင် ကျပ်၅သိန်းမှ ၂၅၀,၀၀၀အထိ အဆင့်ဆင့်လျှော့ချရောင်းခဲ့သော်လည်း လူထုကထို့ထက်ပိုမိုကျဆင်းရန် မျှော်လင့်ခဲ့ကြသည်။

အများပြည်သူသုံး အင်တာနက်ကဖေးဆိုင်များမှတစ်ဆင့် နိုင်ငံတကာသို့ ဖုန်းခေါ်ဆိုနိုင်သည့် VOIP စနစ်များကို တရားမဝင်အဖြစ် သတ်မှတ်ခဲ့ခြင်း၊ မိုဘိုင်းအင်တာနက်အသုံးပြုခများကို သုံးစွဲသူများ လက်မခံနိုင်သည့် စနစ်များဖြင့် ကောက်ခံရန်စီစဉ်ခဲ့ခြင်းနှင့် အင်တာနက်မြန်နှုန်းများ တိုးတက်လာခြင်းမရှိခြင်း၊ လူထုမျှော်လင့်သကဲ့သို့ ဆင်းကတ်ဈေးနှုန်းများ ကျပ်တစ်သိန်းအောက် မလျှော့ခြင်း စသည်တို့ကြောင့် ၎င်းအားဝေဖန်သူ များခဲ့သည်။

ဦးသိန်းထွန်း ရာထူးမှ နုတ်ထွက်အပြီး ဇန်နဝါရီ ၁၇ ရက်တွင် ၂၀၁၂ ဖေဖော်ဝါရီလနှင့် ၂၀၁၂ ဧပြီလရက်စွဲများဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှ အင်ဂျင်နီယာချုပ်ဟောင်းတစ်ဦးက အဆိုပါဝန်ကြီး၏ အမည်နှင့်တူသော အမည်သို့ ကမ္ဘောဇဘဏ်မှတစ်ဆင့် ကျပ်ငွေသိန်းထောင်နှင့်ချီ လွှဲပို့သည့်ဘဏ်ချလန်ဓာတ်ပုံများသည် ဖေ့စ်ဘွတ်စာမျက်နှာများပေါ်တွင် ချက်ချင်းဆိုသလို ပျံ့နှံ့လာခဲ့သည်။

ဦးသိန်းထွန်း နုတ်ထွက်သွားခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က **စာမျက်နှာ(၂၄)သို့ »**






## HTC ကုမ္ပဏီ စီအီးအိုနှင့် စကားစမြည်

**ယုဇနကိုကို**

ကမ္ဘာ့ပထမဆုံးသော 3G Windows စမတ်ဖုန်းများနှင့် Android OS စနစ်ဟန်းဆက်များကို စတင်ထုတ်လုပ်ခဲ့သည့် ထိုင်ဝမ်အခြေစိုက် HTC ကော်ပိုရေးရှင်းက ၎င်းတို့၏အမှတ်တံဆိပ် မိုဘိုင်းဖုန်းများကို ပြည်တွင်းသို့ စတင်တင်သွင်းလာပြီဖြစ်သည်။

**စာမျက်နှာ(၂၄)သို့ »**



7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

စာမျက်နှာ(၂၃)မှ

## ဝန်ကြီးနုတ်ထွက်သွားပြီးနောက် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပိုကောင်းလာရန် မျှော်လင့်နေ

"ဦးသိန်းထွန်းဟာ သူ့ဆန္ဒအလျောက် ရာထူးက နုတ်ထွက်သွားတာဖြစ်တဲ့အတွက် သူ့လုပ်ဆောင်ချက်တွေအပေါ် ကျွန်တော့်အနေနဲ့ မှတ်ချက်မပေးလိုပါဘူး" ဟု ပြောသည်။

ဝန်ကြီးဌာနနှင့် နီးစပ်သော စီးပွားရေးလုပ်ငန်းရှင်နှင့် ကွန်ပျူတာပညာရှင်အသိုင်းအဝိုင်းမှ ဝန်ကြီးဟောင်း၏ နုတ်ထွက်မှုနှင့် ပတ်သက်ပြီး သတင်းမျိုးစုံ ပေါ်ထွက်လျက်ရှိသည်။

ထို့အပြင် ပြည်တွင်း၏ ဆက်သွယ်ရေးကဏ္ဍနှင့် နီးစပ်သည့် လုပ်ငန်းရှင်၊ ပညာရှင်အချို့က ယခုကဲ့သို့ အများပြည်သူအတွက် ကောင်းမွန်သည့် ဝန်ဆောင်မှုကို မပေးနိုင်သေးသည့် ဝန်ကြီးဌာန၏ ဝန်ကြီးအပြောင်းအလဲတွင် ယခင်ထက် ကောင်းမွန်သည့် ဝန်ဆောင်မှုများဖြစ်လာမည်ဟု မျှော်လင့်နေကြသော်လည်း လူပြောင်းခြင်းထက် စနစ်တစ်ခုလုံးပြောင်းလဲပစ်ရန်သာ အဓိကကျပြီး ပြုပြင်ပြောင်းလဲမှုများကို လုပ်ရဲသည့် ပုဂ္ဂိုလ်ဖြစ်ရန်လည်း လိုအပ်သည်ဟု သုံးသပ်ပြောဆိုမှုများ ရှိလာသည်။

"လူပြောင်းတာထက် စနစ်ပြောင်းဖို့လိုတယ်။ ပြုပြင်ပြောင်းလဲမှု စီမံကိန်းကို သတ္တိရှိရှိ လုပ်ရဲပြီး မှားတာကိုလည်း ပြောရဲတဲ့သူဖြစ်ရမယ်။ နည်းပညာနဲ့ပတ်သက်တဲ့ ပညာပြည့်စုံရုံနဲ့လည်းမရဘူး။ ဝန်ကြီးသည် စီးပွားမရှာရဘူး။ ပေါ်လစီကိုကောင်းကောင်းသိတဲ့သူဖြစ်ရမယ်။ အစိုးရကိုယ်တိုင်က ထိုးသားဖြစ်နေရင် ရေရှည်မလွယ်ဘူး။ စနစ်တစ်ခုလုံး ပြောင်းမယ်ဆိုတာမှာ အရင်ဝန်ကြီး လက်ထက်ကတည်းက တရုတ်က ဈေးပေါပေါနဲ့ ဝယ်ထားတဲ့ အရည်အသွေးမကောင်းတဲ့ ဆက်သွယ်ရေးစက်ပစ္စည်းတွေကိုပါ လဲရမှာပေါ့" ဟု ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက ၎င်း၏ထင်မြင်ချက်ကို ပြောသည်။




စာမျက်နှာ(၂၃)မှ

## HTC ကုမ္ပဏီ စီအီးအိုနှင့် စကားစမြည်

အခြားသော နိုင်ငံတကာ အမှတ်တံဆိပ် မိုဘိုင်းဖုန်းများ၏ ဈေးကွက်ထိုးဖောက်ပုံနှင့် မတူကွဲပြားသည့် ယင်း၏ ထူးခြားချက်မှာ ဇော်ဂျီနှင့် စံမြန်မာစနစ်ဖောင့်များကို လွယ်ကူစွာ ရေးသားဖတ်ရှုနိုင်မည့် မြန်မာစာစနစ်အား ပြည်တွင်းသို့ တင်သွင်းလာသမျှသော ဟန်းဆက်များတွင် ထည့်သွင်းပေးလိုက်ခြင်းပင် ဖြစ်သည်။

ထို့အပြင် အရောင်းစင်တာ သီးသန့်မဟုတ်ဘဲ ဝန်ဆောင်မှုစင်တာဟု အမည်တပ်ကာ ရန်ကုန်မြို့၌ ယခုလ ၁၄ ရက်တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

HTCကော်ပိုရေးရှင်း၏တည်ထောင်သူ အဓိကလူပုဂ္ဂိုလ် လေးဦးတွင် အမှုဆောင်အရာရှိချုပ်ရာထူးနှင့်ဥက္ကဋ္ဌရာထူးကိုတွဲဖက်တာဝန်ယူထားသည့် မစ္စတာPeter Chou နှင့် တွေ့ဆုံမေးမြန်းထားသည်များမှ အချို့ကို ပြန်လည်ဖော်ပြလိုက်ရပါသည်။

ကမ္ဘာကျော် နည်းပညာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်သည် မြန်မာနိုင်ငံသားတစ်ဦးဖြစ်ပြီး ၎င်း၏ အမည်ရင်းမှာ ဦးဝင်းသန်းဖြစ်သည်။

**HTC က ပြည်တွင်းဈေးကွက်ထဲကို မြန်မာစာစနစ်ပါတဲ့ ဟန်းဆက်တွေကို တင်သွင်းဖို့ ဆုံးဖြတ်ခဲ့ရတဲ့ အဓိကအကြောင်းအရင်းကို သိလိုပါတယ်။**

အဓိကပြင်းပြတဲ့ ဆန္ဒက မြန်မာဘာသာကို အပြည့်အဝ အသုံးချနိုင်မယ့် စမတ်ဖုန်းတွေကို ဆန်းသစ်တီထွင်မှု ပြုလုပ်ပေးချင်တာပါ။ ဒါမှသာ မြန်မာလူမျိုးတွေ ဆက်သွယ်မှုပိုင်းမှာ ပိုပြီးတော့ အဆင်ပြေပြေနဲ့ လွယ်လွယ်ကူကူ ဆက်သွယ်လာနိုင်ကြမှာပါ။ နောက်ပြီး ကိုယ့်မြန်မာနိုင်ငံသားတွေထဲက အရည်အချင်းရှိတဲ့ developer တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရစေချင်လို့ပါပဲ။ မြန်မာလူမျိုးတွေအနေနဲ့ ဖုန်းတွေမှာ မြန်မာစာဖောင့်ကို တွင်တွင်ကျယ်ကျယ် အသုံးမပြုနိုင်သေးတာကိုလည်း အဆင်ပြေအောင် လုပ်ပေးချင်ခဲ့တာပါ။ ပြီးတော့ ကျွန်တော်တို့ အမှတ်တံဆိပ်က မြန်မာနိုင်ငံအတွက် Platform တစ်ခုကို စပြီးချပေးလိုက်ခြင်းလို့လည်း ပြောလို့ရပါတယ်။

**မြန်မာလူမျိုးတွေ ဖုန်းမှာ မြန်မာစာဖောင့်အတွက် အခက်အခဲမရှိအောင် လုပ်ပေးလိုက်တယ်ဆိုပေမယ့် ဒီနိုင်ငံရဲ့ အနေအထားနဲ့ HTC ရဲ့ဈေးနှုန်းတွေဟာ အခြေခံလူတန်းစားအများစု အသုံးမပြုနိုင်တဲ့ အနေအထားဖြစ်နေပါသေးတယ်။ Apple အမှတ်တံဆိပ်ရဲ့ ဈေးနှုန်းထက်တောင်များနေတဲ့ ဒီဖုန်းတွေကို မြန်မာနိုင်ငံသား အားလုံးနီးပါးအသုံးပြုနိုင်မယ့် နှုန်းထားတစ်ခုဖြစ်အောင်ရော ဆောင်ရွက်ဖို့ ရှိပါလား။**

HTC က တီထွင်ဖန်တီးမှုကို ဦးစားပေးတာများပါတယ်။ တီထွင်ဖန်တီးတဲ့နေရာမှာ ကျွန်တော်တို့ အမှတ်တံဆိပ်ကို အကောင်းဆုံးဖြစ်နေအောင်ပဲ လုပ်ပါတယ်။ လူအားလုံးကို ပေးသုံးချင်တာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့က စုတ်ပြတ်နေတာတွေ၊ အရည်အသွေးမကောင်းတာတွေကို မလုပ်ချင်ဘူး။ လုပ်မယ်ဆိုရင်လည်း ရတာပဲလေ။ ဒါပေမဲ့ ကိုယ့်ရဲ့အမှတ်တံဆိပ်ကို သုံးစွဲသူတွေက အရည်အသွေး ကောင်းတယ်ဆိုတာပဲ ဖြစ်ရမယ်။ ဈေးကြီးတာကို ဦးစားပေးလုပ်တာထက် အကောင်းဆုံးကိုပဲ လုပ်တာပါ။ မြန်မာပြည်သူတွေကိုလည်း အကောင်းဆုံးတွေကိုပဲ ပေးချင်တာပါ။ ဒါကနံပါတ်တစ်ပါ။

**အခုလက်ရှိ HTC ရဲ့ ကမ္ဘာ့စမတ်ဖုန်းဈေးကွက်မှာ ရပ်တည်နေရတဲ့ အနေအထားနဲ့ ဈေးကွက်ဝေစု ဘယ်လောက် ပိုင်ဆိုင်ထားပြီလဲ။**

HTCစမတ်ဖုန်းဈေးကွက်ဝေစုက ငါး(သို့မဟုတ်)ခြောက်ရာခိုင်နှုန်းလောက် ရှိပါတယ်။ ရပ်တည်နေရတဲ့ အနေအထားက ထိပ်တန်းစမတ်ဖုန်းတွေထဲမှာ ရှိနေပါတယ်။ ကမ္ဘာ့နံပါတ် သုံးနေရာမှာပေါ့။ ဒါပေမဲ့ ဒီဈေးကွက်စုက အရေးမကြီးပါဘူး။ အရေးကြီးတာက အရည်အသွေးအကောင်းဆုံးတွေကို ဆက်ထုတ်နိုင်ဖို့ပါ။

**HTC အနေနဲ့ ကမ္ဘာ့မိုဘိုင်းဖုန်းနယ်ပယ်မှာ Android OS စနစ်ပါဟန်းဆက်တွေကိုပထမဆုံးစတင်ထုတ်လုပ်ခဲ့တာဆိုပေမယ့် လက်ရှိမှာ Samsung ကတော့ Android OS နည်းပညာမှာ ဈေးကွက်ဝေစုအများဆုံး ရနေတယ်ဆိုတော့ အဓိကတာဝန်ရှိသူတစ်ဦးအနေနဲ့ ဘယ်လိုမှတ်ချက်ပေးချင်ပါလဲ။**

စောစောက ပြောခဲ့သလိုပဲ ဒါကလည်း ကိစ္စမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဒီစမတ်ဖုန်းဈေးကွက်က တော်တော်ကြီးတယ်လေ။ ကျွန်တော်တို့ကတော့ ကိုယ့်ရဲ့ အရည်အသွေးမြင့် ထုတ်ကုန်တွေအတွက် စိတ်ချမ်းသာပါတယ်။ ဈေးကွက်ဝေစုခြောက်ရာခိုင်နှုန်းလောက်ရလည်းပဲကိုယ့်ရဲ့ထုတ်ကုန်အတွက်စိတ်ချမ်းသာမှုရဖို့ကလည်း လိုအပ်တယ်။ အဓိကအချက်က ယှဉ်ပြိုင်မှုတွေကြား ထဲက HTC ရဲ့ အမှတ်တံဆိပ်ကို လက်ခံကြဖို့နဲ့ ရေရှည်မှာ ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်ဖို့ ဘာတွေက အကောင်းဆုံးဖြစ်အောင် လုပ်ရမလဲဆိုတာတွေပါပဲ။

**ကျေးဇူးတင်ပါတယ်။**



# ဂန္ဓလရာဇ် ခရီးသည် (၉)

ကျော်ဝင်း

ဟိုင်းတက်(ချ)၊ ဇင်ကျောင်းတော်-မှ
တော်လှန်ရေး၏ ပုခက်တွင်းသို့ (၅၊ နိုဝင်ဘာ ၂၀၁၂)

**ဟိုင်းတက်(ချ)**

ချန်ကျိုးမြို့၏ နောက်ဆုံးနေ့ဖြစ်သည်။ ဒီနေ့အတွက် အစီစဉ်နှစ်ခုရှိသည်။ မနက်ပိုင်းနှင့် နေ့လယ်ပိုင်း။ ပြီးလျှင်တော့ နန်ကျင်းသို့ ခရီးဆက်ရမည်ဖြစ်သည်။ မနက်ပိုင်းအစီအစဉ်မှာ ချန်ကျိုး၏ High and New-Tech Zan သို့ သွားကြဖို့ဖြစ်သည်။ 'ဟိုင်းတက်(ချ)ဇုန်' ဆိုပါတော့။

'ဟိုင်းတက်(ချ)ဆိုသည်နှင့် စာရေးသူစိတ်ဝင်စားသွားသည်။ ချန်ကျိုး မရောက်ခင်ကပင် Changthon National Hi-tech District (CND) ဆိုသည်ကို ကြားဖူးနေသည်။ ယခုသွားကြရမည်က အဆိုပါ CND ၏ အစိတ်အပိုင်းတစ်ခုဟု ဆိုနိုင်သော ဟိုင်းတက်(ချ)ဇုန်။

စာရေးသူသိထားသလောက် CND မှာ တရုတ်ပြည်၏ နိုင်ငံတော်အဆင့် စက်မှုဖွံ့ဖြိုးရေးဇုန်များထဲမှ တစ်ခုဖြစ်သည်။ ချန်ကျိုးမြို့၏ မြောက်ပိုင်းတွင်ရှိသည်။ ရှန်ဟိုင်းနှင့် နန်ကျင်းကြား အကြီးဆုံးစက်မှုဇုန်ကြီးဖြစ်သည်။ နိုင်ငံခြားကုမ္ပဏီပေါင်း ၁,၃၀၀ နှင့် ပြည်တွင်းကုမ္ပဏီပေါင်း ၅,၀၀၀ ခန့် ဤဇုန်ကြီးတွင် မှတ်ပုံတင်ထားသည်ဟု သိရသည်။ လုပ်ငန်းတွေမှာလည်း စုံသလားမမေးနှင့်။ ထရန်စဖော်မာများ၊ မော်တော်ကား အစိတ်အပိုင်းများလို ရိုးရိုးစက်မှုလုပ်ငန်းများ ရှိသလို ကွန်ပျူတာဆော့ဝဲလ်၊ ဘိုင်အိုတက်တနိုလိုဂျီ (ဇီဝနည်းပညာ)လို ဟိုင်းတက်(ချ) လုပ်ငန်းတွေလည်းပါသည်။ ပြောရလျှင် တရုတ်ပြည်ကြီး လက်တွေ့ကျင့်သုံးလျက်ရှိသော "လမ်းနှစ်မွှာ မဟာဗျူဟာ" (twim-track strategy) ကို လှစ်ပြနေသည့် အထူးစီးပွားရေးဇုန်ဟုဆိုနိုင်ပါလိမ့်မည်။

အမှန်စင်စစ် ပြုပြင်ပြောင်းလဲမှုများမတိုင်မီ တရုတ်ပြည်မှာ ကျွန်တော်တို့နိုင်ငံနှင့် သိပ်ကွာလှသည်မဟုတ်ပါ။ ဖွံ့ဖြိုးရေးလှေကားထစ်များပေါ် မတတ်လှမ်းနိုင်သေးသော စိုက်ပျိုးရေး လူ့ အဖွဲ့အစည်းမျှသာဖြစ်သည်။ သို့နှင့်အမျှ တရုတ်တို့၏ လတ်တလော စိန်ခေါ်ချက်မှာ ဖွံ့ဖြိုးရေး၏ ပထမဆုံး လှေကားထစ်ပေါ် တက်လှမ်းနိုင်ရေး (တစ်နည်း စက်မှုထူထောင်ရေး) ဖြစ်သည်။ သို့တစေ တရုတ်ခေါင်းဆောင်များမှာ သူတို့၏ 'မစ်ရှင်' ကို ဤမျှနှင့် ကန့်သတ်မထား။ ဖွံ့ဖြိုးရေးလှေကား၏ နောက်အဆင့် လှေကားဆံများ (ဝန်ဆောင်မှု၊ တီထွင်မှု) သို့ပါ တက်လှမ်းနိုင်ဖို့ ဗျူဟာခင်းသည်။ ဆိုရလျှင် အဆင့်မြင့် တက်ကနိုလိုဂျီ (ဟိုင်းတက်(ချ) သုံးပြီး အမီလိုက်ဖို့ဖြစ်သည်။ ဤသို့စက်မှုထူထောင်ရေးနှင့် အဆင့်မြင့်ဝန်ဆောင်မှုစီးပွားရေးရည်မှန်းချက် တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်မည့် ပေါ်လစီကို "လမ်းနှစ်မွှာ ဗျူဟာ" ဟု ဝိဂြိုဟ်ပြုထားခြင်းဖြစ်ပါသည်။

စာရေးသူတို့ မြန်မာအဖွဲ့ကို ပထမဦးခေါ် သွားသည့် နေရာမှာ ကွန်ပျူတာ ဆော့ဝဲလ်များ ထုတ်လုပ်ဖန်တီးနေရာ သုတေသနဌာနတစ်ခုဖြစ်သည်။ မနေ့က ရောက်ခဲ့သော စက်ရုံတွေလို ပစ်စတင်ထိုးသံမကြား။ ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ အလုပ်သမားတွေအများကြီးလည်းမတွေ့။ ကွန်ပျူတာဖန်သားပြင်နှင့် မျက်နှာချင်းဆိုင်ထားကြသော လူငယ်အနည်းငယ်ကိုသာ မြင်ရသည်။ ကြွက်သားမှလာသော လုပ်အားဖြင့် မောင်းသည်မဟုတ်၊ ဦးနှောက်မှလာသော ဉာဏ်အားဖြင့် မောင်းသည့်အလုပ်စခန်းမှန်း အမြင်နှင့်ပင် သိသာပါသည်။

ကမ္ဘာလုံး အတိုင်းအတာ အိုင်တီကုမ္ပဏီကြီးများ (အထူးသဖြင့် အာရှကုမ္ပဏီများ) ၏ 'ဆပ်ပလိုင်းချိန်း' တွင် 'အမာထည်' (hardward) နေရာ တော်တော်များများကို တရုတ်က ရယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ သို့တိုင်အောင် 'အပျော့ထည်' (software) တွင်မူ တရုတ်တိုင်ပေနှင့် အိန္ဒိယကို မယှဉ်နိုင်ရှိနေဆဲဖြစ်သည်။ သို့အတွက် တရုတ်တွေ ကျားကုတ်ကျားခဲကြိုးစားနေကြဟန် တူပါသည်။ ဤသည်ပင် လမ်းနှစ်မွှာဗျူဟာ၏ အဆင့်မြင့်ပိုင်း (ဟိုင်းတက်(ချ) ဖော်ပြချက်ဖြစ်သည်။ ကျွန်တော်တို့ မြင်တွေ့နေရသော သုတေသန အလုပ်ရုံလေးမှာ အဆိုပါ ဖော်ပြချက်၏ သင်္ကေတဖြစ်ပါလိမ့်မည်။

ဒုတိယ ရောက်သွားခဲ့သည်မှာ မော်တော်ကား အစိတ်အပိုင်းများ ထုတ်လုပ်ရာ စက်ရုံဖြစ်သည်။ မနေ့က မြင်ခဲ့ရသော စည်းပတ်လမ်းတွေလောက် မရှည်သော်လည်း 'စည်းပတ်လမ်း' သဘောတွေကိုကား တွေ့နေရဆဲဖြစ်သည်။ အချောသတ်တပ်ဆင်ပြီး မော်တော်ကား အသစ်စက်စက်တွေကိုလည်း တွေ့ရသည်။ တရုတ်ကားတွေမှာ ကမ္ဘာ့ဈေးကွက်သို့ မပေါက်နိုင်သေးသည့်တိုင် ပြည်တွင်းဈေးကွက်နှင့် အာဆီယံဈေးကွက်တွင်မူ အထိုက်အလျောက်နေရာ ရနေပြီဟု သိရပါသည်။

ကျွန်တော်တို့ ရောက်နေသော စက်ရုံမှာ ဆိုခဲ့ပါလမ်းနှစ်မွှာဗျူဟာ၏ အခြေခံအပိုင်း (စက်မှုထူထောင်ရေး) ၏ ဖော်ပြချက်ဖြစ်ပါလိမ့်မည်။ တရုတ်တွေမှာ အခြေခံကို ခိုင်အောင်လုပ်သည်။ တစ်ပြိုင်နက်တည်းမှာပင် အဆင့်မြင့်ပိုင်းကိုလည်း ဦးတည်ထားသည်။ ဤသဘောကို ဟိုင်းတက်(ချ) ဇုန်တွင် တွေ့ခဲ့ရသည်။ တွေးမိရင်း စာရေးသူမှာ ဖတ်ခဲ့ဖူးသော တရုတ် ပေါ်လစီမိတ်ကာများကြား၊ ဝိရောဓိဇာတ်ကွက်လေးတစ်ခုကို အမှတ်ရနေသည်။ ယခုလို. . .

အချိန်မှာ ၁၉၈၃ ခုနှစ် အောက်တိုဘာ. . ။ ပြုပြင်ပြောင်းလဲရေးခရီး၏ လေးနှစ်အကြာကာလ။ ပေါ်လစီကွန်ဖရင့်တစ်ခုတွင် သဘာပတိ ဝန်ကြီးချုပ် ကျောက်ကျိယန်က 'အနာဂတ္တိဆရာ အယ်(လ)ဗင်းတော်ဖလာ၏ တတိယလှိုင်း အယူအဆများကို လေ့လာကြဖို့' အဆိုပြုလိုက်သည်။ ဤတွင် ပြုပြင်ပြောင်းလဲရေး ဝါဒီ 'ကျောက်' မှာ ကွန်မြူနစ် ကွန်ဆာဗေးတစ်များနှင့် ထိပ်တိုက်တိုးရလေတော့သည်။

သူတို့၏အမြင်အရ တရုတ်ပြည်မှာ ပထမလှိုင်း (စိုက်ပျိုးရေး လူ့အဖွဲ့အစည်း) မှာပင် ရှိသေးသည်။ ဒုတိယလှိုင်း (စက်မှု လူ့အဖွဲ့အစည်း) သို့ တက်လှမ်းနိုင်ရန် ကျားကုတ်ကျားခဲကြိုးစားနေရဆဲဖြစ်သည်။ ဤအခြေအနေတွင် တတိယလှိုင်း (ပညာလူ့အဖွဲ့အစည်း) အကြောင်း ပြောကြဆိုကြသည်မှာ လက်တွေ့မကျ။ ထို့ထက် မတ်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို သစ္စာဖောက်ရေးရောက်သည်ဟူ၍ပင် စွဲချက်တင်လာကြသည်။ 'ကျောက်' ကမူ 'သမိုင်းကို တစ်ဆင့်ပြီးတစ်ဆင့် လှမ်းရမည်' ဆိုသော သမားရိုးကျအမြင်ဖြင့် သွားနေလျှင် ရှေ့တန်းရောက်နိုင်ငံကြီးများကို ဘယ်တော့မှ အမီလိုက်နိုင်မည်မဟုတ်။ ပညာဖြင့် ခုန်ကူးမှ ဖြစ်မည်။ လမ်းနှစ်မွှာဗျူဟာဖြင့် သွားရမည်ဟု ရပ်ခံသည်။

သို့ဖြင့် ပြဿနာမှာ အထွေထွေအတွင်းရေးမှူးချုပ် ဟူယုံပန်းဆီ ရောက်သွားတော့သည်။ ဤတွင် 'ဟူ' ၏ မှတ်ချက်မှာ မှတ်သားစရာ. . ။ 'ကျုပ်တို့ ကွန်မြူနစ်တွေဟာ အိုင်ဒီယာသစ်၊ ပညာသစ်တွေကို ကြောက်နေကြသလိုပဲဗျ။ ဒီလိုသာ ကြောက်နေရင် အနာဂတ် ပျောက်မယ့် အန္တရာယ်ရှိတယ်နော်. . ' ဟူ၏။

**ဇင်ကျောင်းတော်**

ဟိုင်းတက်(ချ)ဇုန်မှ အပြန်တွင် တည်းခိုဟိုတယ်သို့ ပြန်ပြီး နေ့လယ်စာစားသည်။ ပြီး ပြန်ထွက်။ ဒီတစ်ခါ ခရီးစဉ်က 'ထျန်းနင်' ကျောင်းတော်သို့။ 'ထျန်းနင်' ကျောင်းတော်မှာ တရုတ်ဗုဒ္ဓဘာသာ 'ချန်' ဂိုဏ်း (Chinese Chan Buddhism) ၏ ဝတ်ပြုကိုးကွယ်ရာဖြစ်သည်။ အနောက်တိုင်း သုတေသီအချို့က တရုတ်ချန်ဂိုဏ်းကို ချင်းဗုဒ္ဓဘာသာနှင့် သဘော သဘာဝချင်း တူသည်ဟု ဆိုသည်။ သို့နှင့်အမျှ ထျန်းနင် ကျောင်းတော်ကိုလည်း ချင်းကျောင်းတော်ဟု လွယ်လွယ်ခေါ်ကြသည်များ ရှိသည်။ ဆိုကြပါစို့ 'ဇင်ကျောင်းတော်'။

ဇင်ကျောင်းတော် (ထျန်းနင်ကျောင်းတော်) မှာ ကမ္ဘာပေါ်တွင် အမြင့်မားဆုံး သစ်သားဘုရားကျောင်းဖြစ်သည်။ အထပ်ပေါင်း ၁၃ ထပ်ရှိပြီး ပေ ၅၀၀ သာသာ မြင့်သည်။ ယခု အဆောက်အအုံကို ၂၀၀၂ ခုနှစ်ကမှစတင်ဆောက်လုပ်ခဲ့သည်ဖြစ်ရာ ထျန်းနင်ကို ရှေးဟောင်းအမွေအနှစ်ဟု အပြည့်အဝဆိုနိုင်လိမ့်မည်တော့ မဟုတ်ပါ။ သို့တစေ ကျောင်းတော် နေရာမှာ ရှည်ကြာသော သမိုင်းနောက်ခံရှိရာ ရှေးဟောင်းအနံ့အသက်များကိုမူ ထျန်းနင်တွင် အမှန်ပင်တွေ့နိုင်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၃၅၀ ထန်မင်းဆက် လက်ထက်က ဤနေရာတွင် သာသနိက အဆောက်အအုံကြီးတစ်ခုရှိခဲ့သည်ဟု အမှတ်အသားရှိသည်။ သို့တိုင်အောင် တရုတ်ပြည်ကြီး၏ ရှည်ကြာသော စစ်ပွဲများနှင့် တော်လှန်ရေးများကိုဖြတ်သန်းပြီးသော အခါ အဆိုပါ ရှေးဟောင်းအဆောက်အအုံကြီး၏ အစအနကိုမျှ ရှာလို့မတွေ့တော့ပါ။ တရုတ်ဗုဒ္ဓဘာသာ အသင်း၏ မေတ္တာရပ်ခံချက်ကြောင့် ၂၀၀၂ ခုနှစ် ဧပြီလ ရောက်တော့မှ တရုတ်အစိုးရက တာဝန်ယူပြီး ယခုကျောင်းတော်ကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ် ဧပြီ ၃၀ ရက်နေ့တွင် တရုတ်ဗုဒ္ဓဘာသာ ရဟန်းတော်များ ရာနှင့်ချီပြီး ထျန်းနင်ကျောင်းတော်သစ်ကို ဖွင့်လှစ်ပေးခဲ့သည်ဟု ဆိုပါသည်။ ယခုနောက်ပိုင်း တရုတ်ကွန်မြူနစ်အစိုးရမှာ နိုင်ငံရေးတွင် ဗဟုဝါဒ ကျင့်သုံးဖို့ 'တွန့်' နေသေးဟန် ရှိသော်လည်း ဘာသာရေးတွင်မူ ဗဟုသဘောများကို ယခု ခရီးစဉ်အတွင်း ဤအချက်ကို ထူးထူးခြားခြား သတိပြုမိသည်။

ထျန်းနင် ကျောင်းတော် ပရဝုဏ်အတွင်း ဝင်လိုက်သည်နှင့် အေးမြသော အရိပ်အာဝါသက ဆီးကြိုနှင့်သည်။ ပထမဆုံး တွေ့ရသည်မှာ တရုတ်ဟန်ပန် အမိုးလေးနှင့် ရှည်ရှည်မျောမျော အဆောက်အအုံ တစ်ခု။ ဂန္ဓကုဋီတိုက်ဖြစ်ပါလိမ့်မည်။ အဆောက်အအုံ၏ အရောင်က ထူးခြားသည်။ တရုတ်ဘုန်းကြီး သင်္ကန်းရောင်၊ ဝါဝါထိန်ထိန်။ အနီးစပ်ဆုံးပြောရလျှင် ပိတောက် ခြောက်ရောင်။ အဆိုပါ အဝါနောက်ခံတွင်မှ အနီရောင်စာလုံးများ. . ။ အနီမှာ တရုတ်ရိုးရာယဉ်ကျေးမှုအရ မင်္ဂလာရှိသော အရောင်ပင်။ ဂန္ဓကုဋီအတွင်းတွင်ကား ဗုဒ္ဓမြတ်စွာနှင့်အပြိုင် ကွမ်ရင်မယ်တော်ကိုလည်း တွေ့ရသည်။ ဦးတည်ပွားရုပ်တုကိုလည်း မြင်ရသည်။ ပူဇော်ထားသော တရုတ်အမွှေးတိုင်ရနံ့ဖြင့် ထုံမွှမ်းလျက်. . . ။

ဂန္ဓကုဋီကထွက်လိုက်သည်နှင့် ထျန်းနင်ကျောင်းတော်မျှော်စင်ကြီးကို မြင့်မြင့်သွန်သွန်ကြီး ဖူးမြင်လိုက်ရသည်။ ပုံပန်းသဏ္ဌာန်က စွယ်တော်မျှော်စင်နှင့် တူသည့်တိုင် ထျန်းနင်ကပိုမြင့်သည်။ ပြီးတော့ သစ်သားအဆောက်အအုံဖြစ်သည်။ မြန်မာနှင့် ပါပူဝါနယူးဂီနီမှ ကျွန်းသားများဖြင့် ဆောက်လုပ်ထားသည်ဟု သိရသည်။ ဆိုခဲ့ပါ သစ်သားပန်းဆစ်အပြောက်အမွှမ်းများ ကြားတွင်မှ ရွှေ၊ ကြေးဝါ၊ ကျောက်စိမ်းတို့ဖြင့် တန်ဆာဆင်ထားသည်။

ထျန်းနင်းကျောင်းတော်မျှော်စင်ခြေရင်းရောက်ဖို့ကျောက်ဖြူသားလှေကားထစ်များကို အတော်လေး ချွေးစို့အောင် တက်ရပါသည်။ လှေကားထိပ်တွင်မူ ကျောက်သားလား၊ သတ္တုစပ်လားမသိ ရောမဆင်ရုပ်ကြီးက ဆီးကြိုနှင့်သည်။ ပြီးတော့ ရွှေပိန်းချဦးတည်ပွားရုပ်တု။ စွယ်တော်အပါအဝင် စာရေးသူတို့ရောက်ခဲ့သည့် ဗုဒ္ဓဘာသာ သာသနိကအဆောက်အအုံတိုင်းတွင် ဦးတည်ပွားအပါအဝင်အမည်မသိတရုတ်နတ်ရုပ် တော်တော်များများကို တွေ့ခဲ့ရသည်။ နတ်ကိုးကွယ်မှုမှာ တရုတ်တို့၏ ရိုးရာယုံကြည်မှုဖြစ်လိမ့်မည်ထင်သည်။

ထျန်းနင်ကျောင်းတော်မှာ ၁၃ ထပ်ရှိသည်ဖြစ်၍ ဓာတ်လှေကားနှင့်တက်ရသည်။ ၁၁ ထပ်အရောက်တွင် ဓာတ်လှေကားထဲမှ ထွက်ပြီး ခြေလျင်ပင် တက်ကြသည်။ အပေါ်ထပ်တွေမှာက ကြည်မောစရာ အနုလက်ရာတွေ ရှိသည်လေ. . . ။ နံရံအပြည့်ဂလိုင်ပေါက်များထဲမှ ဗုဒ္ဓရုပ်ပွားတော်တွေကို ဖူးရတော့ မုံရွာ မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီကြီးကို သတိရမိသည်။ တရုတ်ဗိသုကာများအနေနှင့် သမ္ဗုဒ္ဓေမှ စိတ်ကူးရခဲ့လေသလားပင် စဉ်းစားမိသည်။

အပေါ်ဆုံးထပ်တွင်ကား ကမ္ဘာ့ကျော်ကြေးခေါင်းလောင်းကြီးရှိသည်။ ခေါင်းလောင်းကြီးမှာ ကြီးလှ၊ မြင့်လှသည်ဖြစ်ရာ ခေါင်းလောင်းထိုးဖို့ စင်မြင့်လေးတစ်ခုပေါ် လှေကားနှင့်တက်ရသည်။ ပြီးမှ ကြိုးများဖြင့် ဆိုင်းထားသည့် ရောမခေါင်းလောင်းထိုးတံကြီးဖြင့် ထိုးရသည်။ ခေါင်းလောင်းသံကမူ ထင်သလောက်မကျယ်။ ခပ်အုပ်အုပ်ပင်။ အပေါ်ဆုံးထပ်ပတ်ပတ်လည်တွင် ဝရန်တာသဘောထုတ်ထားရာ၊ အဆိုပါ ဝရန်တာထက်မှမြင်ကွင်းမှာ စာရေးသူမြင်ဖူးသမျှထဲတွင် အလှဆုံးတစ်ခုဟု ဆိုနိုင်လောက်သည်။ ချန်ကျိုးမြို့ကြီးတစ်ခုလုံးကို အပေါ်စီးမှ စီးမြင်ရသည်။

မဟာတူးမြောင်းကြီးပေါ် တည်ထားသော ချန်ကျိုးကား တကယ့်ရေမြို့တော်ပင်။ ခေတ်မီတိုက်တာအဆောက်အအုံများနှင့် စိမ်းစိုသော သစ်ပင်၊ ပန်းမန်များကြားတွင် စမ်းချောင်းလေးတွေ ရစ်ခွေစီးဆင်းလျက်ရှိရာ တကယ့်ကို နဂါးတစ်ကောင်နှင့် တူလှသည်။ သည်တော့မှ ချန်ကျိုးကို နဂါးမြို့တော်ဟု ဘာကြောင့်ခေါ်မှန်း ဆဝါးမိတော့သည်။

မြို့တော်ကြီး၏ အပေါ်စီးရှုခင်းကို တအံ့တဩကြည့်မောကြ၊ အလှဓာတ်ပုံတွေ ရိုက်ကြနှင့် စာရေးသူတို့အဖွဲ့မှာ တော်တော်နှင့် မပြန်နိုင်။ မပြန်ချင်။ နန်ကျင်းကို ခရီးဆက်ရဦးမည်မို့ တရုတ်မိတ်ဆွေတွေ သတိပေးတော့မှ မပြန်ချင်ပြန်ချင် ပြန်ခဲ့ရသည်။

**တော်လှန်ရေး၏ပုခက်တွင်းသို့**

ဇင်ကျောင်းတော်မှ ဟိုတယ်ကို မပြန်တော့ပါ။ ဘူတာရုံသို့ တန်းသွားခဲ့ကြသည်။ နန်ကျင်းသို့ မီးရထားဖြင့် ခရီးဆက်ကြမည်လေ။ ဒီတစ်ခါခရီးစဉ်မှာ ဘေကျင်းမှ ချန်ကျိုးသို့ လာစဉ်ကလို မဟုတ် ပိုအဆင်ပြေသည်။ ပို၍ အစီအစဉ်ကောင်းသည်ဟု ဆိုရပါမည်။ ကျွန်တော်တို့ ဝန်စည်စလှယ်တွေကို နေ့လယ်စာ ပြန်စားစဉ်ကပင် ထုပ်ပိုးပြင်ဆင်ပြီး ဟိုတယ်လော်ဘီတွင် အပ်ခဲ့ပြီးဖြစ်သည်။ ချန်ကျိုးမှ တရုတ်မိတ်ဆွေများက ဒါတွေကို ကားနှင့်သယ်ကာ၊ နန်ကျင်းသို့ ပို့နှင့်လိမ့်မည်။ ကျွန်တော်တို့က ပစ္စည်းမပါ လူလွတ်သက်သက် မီးရထားစီးကြရုံသာ. . . ။

**စာမျက်နှာ(၃၀) သို့**

7 DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

# ဝါးကိုပဲ ပေါင်းကွပ်ခဲ့ရတဲ့အချိန် ကျော်ခဲ့ပြီ

သင်းရီ

၂၀၁၂ကုန်ခါနီးဒီဇင်ဘာလသည် ဒီမိုကရေစီနည်းကျလျှို့ဝှက်မဲဖြင့် မဲပေးရွေးချယ်ရသော ရွေးကောက်တင်မြှောက်ပွဲငယ်ကလေးများ နိုင်ငံနှင့်အဝန်းကျင်းပခဲ့ကြသည့်လဟု ဆိုရမည်ဖြစ်လေသည်။ ဒီမိုကရေစီ ကျင့်စဉ်နှင့် ရာစုနှစ်ဝက်လောက် ကင်းကွာခဲ့ရသည့် နိုင်ငံဆိုပေမယ့် သူ့ဟာနှင့်သူတော့ မဆိုးလှဆိုရမည်။

ရပ်ကွက်၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲတွေပြီးသွားခဲ့ပြီ။ နေရာလုကြရင်း ပူညံပူညံအသံတွေကြားရတာလည်းရှိ၊ ဘာသံမျှမကြားလိုက်ရဘဲ အေးအေးချမ်းချမ်းနှင့် ပြီးသွားကြတာလည်းရှိ။

တစ်ချိန်တည်းမှာပင် အင်အားကြီး နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကျေးရွာအုပ်စုနှင့် မြို့နယ်ညီလာခံရွေးချယ်ပွဲတွေလည်း နိုင်ငံနှင့်အဝန်း ကျင်းပခဲ့ကြသည်။ သူတို့လည်း ထိုနည်းလည်းကောင်း ပူညံပူညံအသံတွေနှင့် သတ်မခန်းပုတ်မခန်းတွေလည်းရှိ၊ အေးအေးချမ်းချမ်းပြီးသွားခဲ့တာတွေလည်းရှိ။ ဘာပဲဖြစ်ဖြစ် ဒီမိုကရေစီအမြည်းအစမ်းအချိန်မှာ သည်လောက်တော့ ရှိပေမပေ့ါဟုတွေးရသည်။ နောက်တော့လည်း သူ့ဟာနှင့်သူ အထာကျသွားပေမပေ့ါ မျှော်ရသည်။

ပူညံပူညံအသံတွေ ကြားရသည်က နေရာလုကြလို့ဖြစ်နိုင်သလို ပူညံပူညံ မကြားရသည်များကျတော့လည်း စိတ်ဝင်တစားမရှိကြလို့ ဘာသံမျှ မကြားလိုက်ရတာလည်းဖြစ်နိုင်သည်။ နှစ်ခုလုံးကတော့ ကောင်းမွန်သည့် လက္ခဏာမဟုတ်။ တကယ်တော့ နိုင်ငံ့အရေးကို စိတ်မဝင်စားတာလည်း မကောင်း။ နေရာလိုချင်လို့ လုကြတာလည်းမကောင်း။

ပူညံပူညံ အသံတွေကတော့ နေရာပြဿနာကြောင့်ပဲဖြစ်တာသေချာသည်။ နေရာဆိုသည်ကို ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ဘယ်လိုဖွင့်ကြသည်တော့မသိ။ အာဏာလား။ လုပ်ပိုင်ခွင့်လား။ ဂုဏ်သိက္ခာလား။ စေတနာလား။ အဖွဲ့တွင်း အတွင်းစိတ်အမြင်ကို ခွဲခြမ်းစိတ်ဖြာရ တော်တော်ခက်သည်။ တစ်ခုခုကြောင့် အဲ့သည်နေရာဆိုတာကို မက်ကြတာဖြစ်မည်။ လူအတော်များများကတော့ဖြင့် နေရာဆိုလျှင် ခံတွင်းမြိန်တတ်ကြသည် ထင်၏။

ဒါလည်း ခုမှတော့မဟုတ်။ ခေတ်အဆက်ဆက်၏ နေရာတကာတိုင်းမှာ နေရာပြဿနာတွေ ရှိခဲ့ဖူးသည်။ ရပ်ကွက်ဆွမ်းလောင်း အသင်းလို နေရာအသေးအမွှားလေးမှာကအစ နေရာပြဿနာ ရောဂါက ကြီးကြီးမားမားရှိတတ်သည်။

အဲ့သည့် နေရာမက်ခြင်းအကြောင်းကြောင့်ပင် မဆုံးရှုံးသင့်တာတွေ ဆုံးရှုံးခဲ့ကြရ၊ မနစ်နာသင့်တာတွေ နစ်နာခဲ့ကြရတာတွေ ကျွန်တော်တို့နိုင်ငံမှာ ရှိခဲ့ရသည်။ စနစ်ကြောင့်၊ မူကြောင့် မဟုတ်ဘဲ နေရာကြောင့် ကွဲခဲ့ကြပြဲခဲ့ကြတာတွေ အများအပြားရှိသည်။ ကြီးမားသော ဆုံးရှုံးနစ်နာမှုတွေလည်း အများအပြားရှိခဲ့ရသည်။

ပဒေသရာဇ် ရာဇဝင်ထဲမှာလည်းရှိခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလ သမိုင်းထဲမှာလည်းရှိခဲ့သည်။ လွတ်လပ်ရေးရပြီး သည်ဘက်ခေတ်ထဲမှာလည်း ရှိခဲ့သည်။

ရလဒ်ကတော့ အနုတ်လက္ခဏာသာဖြစ်၏။

မြန်မာနောက်ဆုံးမင်းဆက် သီပေါမင်းသားကို နန်းတင်နိုင်ဖို့ မင်းသားမင်းမြေးပေါင်း ၄၀ ကျော်ကို လုပ်ကြံသတ်ဖြတ်စတေးခဲ့ရလျက် သုံးဆယ်မင်းသား၊ မက္ခရာမင်းသား၊ ညောင်ရမ်းမင်းသားတို့ကဲ့သို့ထက်မြက်သောမင်းသားကြီးများကို ဖယ်ရှားပစ်ခဲ့ကြသည်မှာလည်း နေရာပြဿနာဖြစ်သည်။

အကျိုးဆက်ရလဒ်မှာ နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခုခံနိုင်မည့် လက်ရုံးရည် နှလုံးရည်ပြည့်ဝသူများကို ဆုံးရှုံးခဲ့ရခြင်းဖြစ်၏။

အလားတူပင် လွတ်လပ်ရေးရလုနီးနီးကာလတွင်မှာမှ လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်ကို ဦးဆောင်မှုပေးလာခဲ့သည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တန်ဖိုးမဖြတ်နိုင်သော ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည်မှာလည်း နေရာမက်မောခြင်း၏ အခြေခံပြဿနာပင်ဖြစ်၏။

အကျိုးဆက်ရလဒ်မှာ ပြည်နယ်ပြည်မတိုင်းရင်းသားလူမျိုးပေါင်းစုံက ယုံကြည်ကိုးစား အားထားသည့် ဗိုလ်ချုပ်အောင်ဆန်းလို ပုဂ္ဂိုလ်မျိုးကို ဆုံးရှုံးခဲ့ရသဖြင့် ယနေ့ထက်တိုင် ပြည်တွင်းစစ်မီး မငြိမ်းနိုင်ခဲ့ခြင်းဖြစ်လေသည်။

နောက်တစ်ခု မမေ့နိုင်စရာ အဖြစ်မှာကား လူလားမမြောက်သေးသော ၁၀ နှစ်သား ဒီမိုကရေစီကို ကွပ်မျက်လျက် မြန်မာပြည်သူများ ယနေ့ထက်တိုင် ဆင်းရဲတွင်းမှ တက်မရနိုင်လောက်အောင် ဖြစ်ခဲ့ရသည့် ၁၉၆၂ စစ်တပ်မှ အာဏာသိမ်းခဲ့သော အဖြစ်ဖြစ်လေသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဟု နာမည်သစ် တီထွင်သည်မှာလည်း ရာဇပလ္လင်ကိစ္စအပေါ် ဆိတ်သားရေအုပ်ခြင်းသက်သက်မျှသာဖြစ်၏။

သိသာမြင်လွယ်သော ဤသုံးခုကိုသာ လွယ်လင့်တကူထုတ်ပြရသော်လည်း နေရာကိုအကြောင်းပြုကာ အကွဲကွဲအပြဲပြဲဖြင့် အနုတ်လက္ခဏာ ဆောင်သွားခဲ့ကြသည့် အကြောင်းတွေနှင့် အကျိုးဆက်များ ကျွန်တော်တို့နိုင်ငံမှာ အနမတဂ္ဂ ရှိနေသေးသည်။ အဲဒါတွေသည် သမိုင်းထဲမှာ ကျန်နေခဲ့ပြီဖြစ်သည့်တိုင် ထိုသမိုင်းကို သင်ခန်းစာမယူဘဲ နမော်နမဲ့ ရှိခဲ့လျှင် မှောင်အတိကျနေသည့်အနာဂတ်ကသာ ကျွန်ုပ်တို့ကို ဆီးကြိုနေမည်မှာ ဧကန်ဖြစ်သည်။

ယခုကဲ့သို့ ဒီမိုကရေစီပြန်လည် အားယူနိုးထခွင့်ရခါစ အချိန်ကာလတွင် ရှေ့ခရီးလှေကားထစ်များပေါ်၌ တိုင်းပြည်၏ အနာဂတ်အပေါ် စေတနာအမှန်ထားတတ်သည့် နှလုံးရည်ထက်မြက်သော အရည်အချင်းပြည့် ပုဂ္ဂိုလ်များ ပါဝင်လာဖို့က အထူးလိုအပ်ချက်ဖြစ်နေသည်။ အရည်အချင်းပြည့်မီသူများကို ရွေးချယ်၍ ထိုက်ထိုက်တန်တန်နေရာပေးတတ်ဖို့လည်း လိုအပ်နေချိန်ဖြစ်သည်။

“နေရာယူတယ်ဆိုတာ တစ်ဦးတစ်ယောက်အတွက်၊ နေရာပေးတယ်ဆိုတာ အများအတွက်ဖြစ်တယ်” ဟု လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့ဖူးသည်။ ကျွန်ုပ်တို့သည် နေရာယူတတ်ဖို့ထက် နေရာပေးတတ်ဖို့က အရေးကြီးသည်ဟုထင်သည်။ မိမိထက် နှလုံးရည်ပြည့်သူ၊ မိမိထက်တော်သူ၊ တတ်သူကို အနာဂတ်အတွက် စေတနာရင်းဖြင့် ရွေးတတ်ကြဖို့ လိုမည်ထင်သည်။

ကျွန်ုပ်တို့တွင် သစ်ရှာခွင့်မရခဲ့သဖြင့် ဝါးတွေနဲ့ချည်း ပေါင်းကွပ်ခဲ့ရသော အချိန်ကာလတွေ မနည်းမနောဆုံးရှုံးခဲ့ကြရပြီး ဖြစ်သည်။ ယခုတော့ သစ်ရှာဖို့ အခွင့်သာခဲ့ပြီထင်၏။

နောက်ကြောင်း ပြန်လှည့်ကြည့်မိတော့ ပူပူနွေးနွေးရှိသေးသည်။ လမ်းစဉ်ပါတီ ခေတ်တုန်းကလည်း အောက်ခြေရပ်ကွက် အဆင့်လောက်ကိုမျှပင် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်မရှိခဲ့။ ပါတီယူနစ်မှချပေးသော ရပ်ကွက်ကောင်စီဥက္ကဋ္ဌ ဆိုသည်မှာ ပြည်သူကြိုက်ဖို့မလို။ ပါတီယူနစ်က ကြိုက်ဖို့သာလိုသည့်ခေတ်။ ထို့ကြောင့်လည်း ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌ ဖြစ်လိုသူက ပါတီယူနစ်သို့ သွားကာဖားဖားယားယားလုပ်ကြရ၏။

သူ့နောက်မှ နဝတခေတ်၊ ရဝတခေတ်ကိုတော့ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲဟုသာ ဆိုရမလို။ ရဝတဆိုသည်မှာ မဝတအလိုကျ ပြည်သူကို နှိပ်ကွပ်ရသည့် ခွေးသွားစိတ်တစ်ခုမျှသာဖြစ်၏။ သတင်းပေး၊ ခိုင်းရာလုပ်၊ ရသလောက်ဝါးစားဆိုသည့် ရဝတခေတ်။ အရက်ဆိုင်၊ ချဲဒိုင်လစဉ်ကြေး အပထား၊ ညှော်စာရင်းကြေးလောက်နှင့်ပင် ရဝတတို့ အတော်လုပ်ဖြစ်သည့်ခေတ်။ ရဝတအကုန်လုံးသည်လိုလူတွေချည်း မဟုတ်ပါ ဆိုသည့်တိုင် သည်ထိုင်ခုံထိုင်လျှင် သည်စတိုင်ချိုးသူက အများစုဖြစ်သည်။ သည်တော့လည်း ပြည်သူကြိုက်ဖို့မလို မဝတကြိုက်ဖို့သာ လိုလေ၏။ ထို့ကြောင့် ရဝတ ဖြစ်ချင်၍ မဝတကို ထိုးရသည့် လာဘ်ငွေကပင် သိန်းဆယ်ဂဏန်းလောက်နီးပါး ပေါက်ဈေး ရှိခဲ့ဖူးလေ၏။

ရှိစေတော့ လွန်ခဲ့ပြီ။

ယခုမူ ကျွန်ုပ်တို့တွင် ရွေးချယ်ပိုင်ခွင့်တွေ ရှိခဲ့ပြီ။ သည်အခွင့်အရေးကို အမိအရကိုင်တွယ်တတ်ပါမှ ကျွန်ုပ်တို့၏ အနာဂတ်လှပမည်။ ပြည်သူသာ အမိ၊ ပြည်သူသာ အဖခေတ် စစ်စစ်သို့ ပြန်ရောက်အောင် အတ္တာဟိ အတ္တနော နာထော ကြရလိမ့်မည်။

အုပ်ချုပ်ရေးကဏ္ဍ၏အောက်ခြေအဆင့်ကိုသာမက နိုင်ငံတော်၏ မူဝါဒရေးရာ ဥပဒေရေးရာများကို ကိုင်တွယ်ဆောင်ရွက်ရမည့် အပြင် ခိုင်မာတောင့်တင်း သန့်ရှင်းကောင်းမွန်သော အစိုးရတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်စွမ်း ရှိရမည့် လွှတ်တော်အဆင့်ဆင့်သို့ သွားရာ နိုင်ငံရေး ပါတီများ၏ တည်ဆောက်ရေးအပိုင်းကိုလည်း ကျွန်ုပ်တို့ လျစ်လျူရှုထားလို့မရ။ ပါတီစုံ ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍက အလွန်အရေးကြီးလေသည်။

၂၀၁၀ ရွေးကောက်ပွဲကာလ မတိုင်ခင် လွန်ခဲ့လေပြီးသော အနှစ် နှစ်ဆယ်နီးပါးကာလတစ်လျှောက်တွင် ပြည်ခိုင်ဖြိုးပါတီ တစ်ခုမှလွဲ၍ ကျန်ပါတီများ၏ ဘဝကဖုတ်သက်မျှသာဟုပင်ဆိုရမလောက်။ အထူးသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့်မူ ငါးဖယ်တေအတေခံနေခဲ့ရသလိုသာ ရှိခဲ့သည်။ ရှိသည့်အင်အားဖြင့် တွေပြီးရပ်နေခဲ့ရသည်။ ယုံကြည်ချက်ကိုဖွဲ့တွေ၊ သတ္တိတွေဖြင့်မံထားကြရသည်။ အင်အားကိုသာတည်ဆောက်နိုင်လျက်အရည်အချင်းကို တည်ဆောက်နိုင်ခြေအားနည်းခဲ့သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တစ်ဦးဖြစ်သော အဘ ဦးကြည်မောင် ဂန္ဓီညီလာခံတွင် ပြောခဲ့ဖူးသည့်စကားကို အမှတ်ရမိသည်။

“လူလိမ္မာများ ခြေမချရဲတဲ့နေရာမှာ ကျွန်တော်တို့ အာဝါဒါးများ ရပ်တည်နေကြရတာပါ”

အဘဦးကြည်မောင်က သူ့ကိုယ်သူ တမင်နှိမ်ချ၍ ထိုစဉ်က ပြောခဲ့စေကာမူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အကျပ်အတည်းကာလများတွင် လူလိမ္မာဟုခေါ်ခေါ် လူပါးဟု ခေါ်ခေါ် အဲ့သည်လို လူမျိုးတွေက အဖွဲ့ချုပ် အပါးသီတောင်မသီခဲ့ကြ။ ဝေးဝေးကသာ မသိသလို နေခဲ့ကြသည်။ နိုင်ငံရေးမှုက ဓားပြ၊ လူသတ်မှုထက် အပြစ်ဒဏ်ကြီးနေချိန်၊ အလုပ်အကိုင်လျှောက်ရာတွင် နိုင်ငံရေးကင်းရှင်းကြောင်း ထောက်ခံစာ ပါရသည့်အချိန်ပေမို့ နိုင်ငံရေးစည်းဝိုင်းအပါးသို့ တော်ရုံလူ မကပ်ရဲကြ။ သို့ပေမဲ့ ဒါကို အပြစ်ဟုပြောဖို့ရာ နည်းနည်းတော့ခက်မည်။ လူတွမှာ သူ့ရေချိန်နှင့်သူ ရှိသည်။ သူ ပါဝင်နိုင်သည့် အဆင့်အထိသာ လိုက်ပါပေလိမ့်မည်။ ပါတီ၏ မူဝါဒအပေါ် သစ္စာဖောက်သူ မဟုတ်ခဲ့လျှင် ငြင်းပယ်ရမည့်သူ ဟုတ်၊ မဟုတ် စဉ်းစားစရာရှိလာသည်။ သူ့နှလုံးအိမ်ထဲမှာ ဒီမိုကရေစီရေးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အမြဲတေရှိရင်းစွဲလည်းဖြစ်မည်၊ ကြုံရာလှေပေါ်တက်ကာ ကိုယ့်ခရီးကိုယ်နှင်မည့် လှေကြုံစောင့် အချောင်သမားလည်းမဟုတ်ဘူးဆိုလျှင်. . . ဟု တွေးစရာတွေ ရှိလာသည်။

ယခုတော့ ဝေးဝေးနေခဲ့ကြသည့် အဲ့သည်လူတွေလည်း နိုင်ငံရေးစည်းဝိုင်းနား ကပ်ရဲလာကြသည်။ ဘာပဲဖြစ်ဖြစ် ကြိုဆိုရမည်ပင်။

တစ်ခုတော့ရှိမည်ပြည်သူက အရေအတွက်ကို လိုချင်သည်မဟုတ်။ အရည်အချင်းကို တောင့်တခြင်းဖြစ်သည်။

ဒါလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တစ်ခုတည်းကိုသာ ဦးတည်ရည်ရွယ်၍ ဆိုလိုသည်မဟုတ်။ ကျွန်ုပ်တို့ ပြည်သူများအနေနှင့်တော့ ပါတီပေါင်းစုံပျိုးခင်းထဲတွင် ပျိုးကောင်း၊ ပျိုးသန့်များကိုသာ မျှော်လင့်နေမိသည်။ အားကိုးချင်နေမိသည်။ ယခုအခါ ရွေးချယ်ပိုင်ခွင့်က ကျွန်ုပ်တို့ပြည်သူများ၏ လက်ဝယ် ပိုင်ပိုင်နှင်းနှင်း ရောက်နှင့်ခဲ့ပြီးဖြစ်သည်ဟု ထင်သည်။ ဘယ်သူ့ပါတီ ဘာပါတီမဆို တိုင်းပြည်နှင့် ပြည်သူ့အကျိုး စီးပွားကို အမှန်တကယ်ဆောင်ကြဉ်းနိုင်သည့်ပါတီကိုသာ မိမိတို့၏ အားကိုးရာအဖြစ် ရွေးချယ်ကြမည်သေချာသည်။ ၂၀၁၅ မှာ ပြည်သူ့အချစ်တော် ရွေးပွဲကြီးက လာတော့မည်။ ဘယ်လိုပြင်ဆင်ထားကြလျှင် ကောင်းမည်လဲတော့ တိုင်းပြည်ကို တည်ဆောက်ကြမည့် နိုင်ငံရေးပါတီတွေ စဉ်းစားကြလိမ့်မည်ထင်သည်။


ယခုအခါ နိုင်ငံရေး ရာသီဥတုက ပွင့်လင်းလာပြီမို့ ယခင်က နိုင်ငံရေးစည်းဝိုင်းနား မကပ်ရဲကြသူတွေ အင်နှင့်အားနှင့် ကပ်လာကြသည်။ ထိုအထဲတွင် ဗလငါးတန်နှင့် နှလုံးထက်မြက်ပြည်စုံသူလည်းပါမည်။ ချို့တဲ့အားနည်းသူလည်းပါမည်။ တိုင်းပြည်၏ အနာဂတ်အပေါ် စေတနာကြည်ကြည်လင်လင်ထားတတ်ဖို့ အခြေခံစိတ်ဓာတ်တစ်ခုလေးပဲ လိုသည်။

တိုင်းပြည်က နှစ်ပေါင်းများစွာ နောက်ကျကျန်နေခဲ့သည်။ အဲ့သည့်တိုင်းပြည်ကြီးကို ထူထောင်မြှင့်တင်ဖို့ဆိုလျှင် ထူးချွန်ထက်မြက်သည့်အသိပညာရှင် အတတ်ပညာရှင်တွေလိုသည်။ သည်လိုပုဂ္ဂိုလ်မျိုးတွေ၏ ကိုယ်စွမ်း ဉာဏ်စွမ်းမပါဘဲ တိုင်းပြည်ကို မည်သို့မျှ တွန်းမတင်နိုင်။

ဒါဆိုလျှင် နေရာယူမှာလား၊ နေရာပေးမှာလား ဆိုသည့် ပြဿနာက ရှင်းသည်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ နေရာပေးတာဟာ အများအတွက်ဟု ဆိုသည်။ နေရာမက်မှုကြောင့် တိုင်းပြည်နစ်နာခဲ့ရသည့် သင်ခန်းစာတွေလည်း ရှိသည်။

ဒီမိုကရေစီအမြည်းအစမ်းကာလထဲမှ အောက်ခြေရွေးကောက်ပွဲလေးတွေတော့ ပူညံပူညံ အသံလေးတွေဖြင့် စည်စည်ဝေဝေ ပြီးဆုံးသွားခဲ့ကြပြီ။ ဘာပဲဖြစ်ဖြစ် ရွေးသင့်ရွေးထိုက်သူ၊ တင်သင့်တင်ထိုက်သူကို ရွေးနိုင်တင်နိုင်ခဲ့ကြပါရဲ့လား ဆိုသည်ကတော့ အချိန်က အဖြေပေးလိမ့်မည်။

တိုင်းပြည်အတွက် တကယ့်စေတနာဆိုလျှင်တော့ ဗိုလ်ချုပ်အောင်ဆန်းမိန့်မှာခဲ့သည့် “နေရာ ယူတယ်ဆိုတာ တစ်ဦးတစ်ယောက်အတွက်၊ နေရာပေးတယ်ဆိုတာ အများအတွက်ဖြစ်တယ်” ဆိုသည့် တန်ဖိုးကြီးစကားတစ်ခွန်းကိုသာ မမေ့ကြပါကုန်. . . ဟူ၍။ ။



7 DAY NEWS JOURNAL

# Current Affairs

Vol.11, No.46 • JANUARY 24 , 2013

## အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေထားသည့် မြန်မာ့နိုင်ငံရေး နောက်ခံစာအုပ် ကော်ပီများ ဈေးကွက်ကောင်းနေ

**အောင်နိုင်၊ အေးသူစံ**
**ရန်ကုန်၊**
**ဇန်နဝါရီ ၁၉**

ပြည်တွင်းစာအုပ်ဈေးကွက်တွင် ပြန်လည်ကူးယူရောင်းချနေသော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေထားသည့် မြန်မာ့နိုင်ငံရေး နောက်ခံစာအုပ်စာတမ်းများမှာ မူရင်းဈေးနှုန်းထက် အဆမတန် သက်သာမှုကြောင့် ဝယ်ယူဖတ်ရှုမှုများပြားနေကြောင်းလမ်းဘေးစာအုပ်ဈေးကွက်မှ သတင်းရရှိသည်။



*လမ်းဘေးစာအုပ်ဆိုင်များတွင် လွယ်လွယ်ကူကူတွေ့ရစဉ်*

ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

ယခင်အစိုးရလက်ထက်က ပုန်းလျှိုးကွယ်လျှိုးသာဖတ်ရှုခဲ့ရသော စာအုပ်စာတမ်းများမှာ ၂၀၁၀ ခုနှစ် မြန်မာ့နိုင်ငံရေး အပြောင်းအလဲများနောက်ပိုင်းတွင် ရန်ကုန်မြို့လယ်ခေါင်ရှိ စာအုပ်ဆိုင်ကြီးများနှင့် လမ်းဘေးစာအုပ်ဆိုင်များတွင်ပါ ပေါ်ပေါ်ထင်ထင် ရောင်းချခွင့်ရရှိလာခဲ့သည်။

ဝယ်ယူဖတ်ရှုကြသူ အများစုမှာ ဈေးနှုန်းမြင့်မားသော မူရင်းစာအုပ်များထက် လမ်းဘေးစာအုပ်ဆိုင်များတွင်ပြန်လည်ကူးယူရောင်းချထားသည့် ဈေးနှုန်းသင့်တင့်သော ကော်ပီစာအုပ်များကို ရွေးချယ်ဖတ်ရှုကြသည်ကို တွေ့ရသည်။ ယခု လတ်တလော အရောင်းရဆုံးမြန်မာ့နိုင်ငံရေးနောက်ခံစာအုပ်များမှာ The Voice of Hope , Freedom from Fear, The River of Lost Footsteps တို့ဖြစ်ကြောင်း အထက်ပါ ဈေးကွက်မှ စုံစမ်းသိရှိရသည်။

"နိုင်ငံရေးနဲ့ ပတ်သက်တဲ့ ကော်ပီစာအုပ်တွေ ရောင်းရတယ်။ လာမှာထားတာတွေတောင် ရှိတယ်။ အပြင်မှာဆို ဒီစာအုပ်တွေက သောင်းဂဏန်းလောက်ရှိတယ်။ ကျွန်တော်တို့က လေးငါးထောင်နဲ့ရောင်းတော့ လူတွေက ဖတ်နိုင်ကြတယ်" ဟု ပန်းဆိုးတန်းလမ်းရှိ လမ်းဘေး စာအုပ်ရောင်းသူတစ်ဦးက ပြောသည်။

မူရင်းစာအုပ်များကို ယခုကဲ့သို့ တစ်ဆင့်ပြန်လည်ကူးယူရောင်းချခြင်းမှာ ဥပဒေအရ တရားမဝင်သော်လည်း စာဖတ်ဝါသနာပါသူများနှင့်ကျောင်းသားလူငယ်များအတွက်မူ ကော်ပီ စာအုပ်များမှာ ဈေးနှုန်းသင့်တင့်မှုကြောင့် အကျိုးသက်ရောက်မှု ရှိကြောင်း တော်ဝင်စင်တာရှိ Myanmar Tab Book စာအုပ်ဆိုင်မှ ဒေါ်ခင်ယွန်းယွန်းက ပြောသည်။

"အပြင် လမ်းဘေးမှာ ကော်ပီစာအုပ်တွေ ရောင်းနေတာ ကျွန်မတို့လို နိုင်ငံတကာ စာအုပ်ဆိုင်ကြီးတွေနဲ့ သဘောတူညီချက်ယူပြီး တင်ရောင်းတဲ့ ဆိုင်တွေနစ်နာတယ်။ ပိုပြီးနစ်နာတာက မူပိုင်ခွင့်နဲ့ထုတ်ထားတဲ့သူတွေပေါ့။ ဒါပေမဲ့ စာဖတ်သူအနေနဲ့၊ ကျောင်းသား လူငယ်တွေအနေနဲ့ကျတော့ သက်သာတဲ့ နှုန်းနဲ့ အသိဉာဏ်ပညာ တွေရတာပေါ့" ဟု ၎င်းက ပြောသည်။

ယင်းသို့ စာအုပ်စာတမ်းများအား တရားမဝင်ကူးယူရောင်းချမှုကို ၁၉၁၄ ခုနှစ် Myanmar Copyright Act ဖြင့်အရေးယူနိုင်ပြီး တရားမကြောင်းဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ အရေးယူနိုင်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးသန်းမောင်(စစ်တွေ)က ပြောသည်။ သို့သော် ယင်းဥပဒေပါတွင် ကူးယူသော စာ တစ်မျက်နှာလျှင် ပြား ၅၀ လျော်ကြေးပေးရန် ပြစ်ဒဏ်သတ်မှတ် ထားခြင်းကြောင့် ခေတ်နှင့်မလျော်ညီသည့်ဥပဒေဖြစ်နေကြောင်း Myanmar Book Center ၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်းက ပြောသည်။

"ဒီဥပဒေအရ ခိုးတဲ့သူကလည်းလျော်ကြေးပေးမှာပဲ။ မထိရောက်တော့ တရားစွဲမယ့်သူက မစွဲကြတော့ဘူး။ အဲဒီခေတ်က ခိုးကူးစရာဆိုရင် စာအုပ်ပဲရှိတယ်" ဟု ၎င်းကပြောသည်။

၂၀၁၃ ခုနှစ်အတွင်း အတည်ပြုရန် စီစဉ်နေသော Intellectual Property Law(IP Law) အသက်ဝင်လာပါကမူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းချက်များမှာ နိုင်ငံတကာ အဆင့်မီဖြစ်လာမည်ဖြစ်သည်။

ထို့ကြောင့် ယင်းသို့ တရားမဝင်ကူးယူ ရောင်းချနေသော စာအုပ်စာတမ်း ဈေးကွက်နှင့် ဝယ်ယူဖတ်ရှုနေသူများ အခက်တွေ့လာနိုင်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးသန်းစိုး(ထွန်း)က ပြောကြားသည်။

မူပိုင်ခွင့် ဥပဒေအတည်ပြုပြီးပါက စာအုပ်များကို ပြည်တွင်းတွင် သင့်တင့်သော ဈေးနှုန်းဖြင့် ပြန်လည်ရောင်းချရန် နိုင်ငံတကာမှ စာအုပ် ထုတ်ဝေသူများနှင့် ပြည်တွင်းစာ အုပ်ဆိုင်ရှင်ကြီးများကြား နှစ်ဦးနှစ်ဖက် သဘောတူညီသည့် နှုန်းထားများ ကြိုတင်ညှိနှိုင်းနေပြီဖြစ်ကြောင်း သိရသည်။

## ထိုင်းနိုင်ငံမှ မှောင်ခိုတင်သွင်းလာသည့် ဘီယာချမ်း ဒါဇင်တစ်သောင်းကျော် ဖမ်းမိ

**ပြည့်သိမ်း၊ မောင်တာ**
**ရန်ကုန်၊ ဇန်နဝါရီ - ၂၀**

မြဝတီ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ မှောင်ခိုတင်သွင်းလာသည့် ထိုင်းနိုင်ငံထုတ် ဘီယာချမ်း ဒါဇင်တစ်သောင်းကျော် ဖမ်းမိကြောင်း မြဝတီနယ်စပ်ကုန်သွယ်ဦးစီးဌာနမှ သတင်းရရှိသည်။

"ဘီယာချမ်းက ဟိုဘက်မှာဆိုဆယ်ဘတ်ပဲရှိတော့ ဈေးသက်သာလို့သွင်းကြတာပေါ့။ ကျပ်ငွေနဲ့ဆို သုံးရာဝန်းကျင်ပဲရှိတယ်" ဟု မြဝတီလမ်းကြောင်းမှ တရားမဝင် ကုန်သွယ်မှုတားဆီးရေးအဖွဲ့ ခေါင်းဆောင်ဦးသိန်းဝင်းကဆိုသည်။

အဆိုပါဘီယာကိုစူပါမားကက်များ၊ဈေးဝယ်စင်တာများတွင် တစ်ဘူးလျှင် ကျပ်ငွေ ၆၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ယနေ့ထိ ပြည်ပမှ အရက်၊ ဘီယာများကို တရားဝင်လိုင်စင်ထုတ်ပေးထားခြင်း မရှိကြောင်းနယ်စပ်ကုန်သွယ်ရေးဦးစီးဌာန လက်ထောက်ညွှန်မှူးတစ်ဦးက ရှင်းပြသည်။ အရက်၊ ဘီယာများ အပါအဝင် အစားအသောက် အဖျော်ယမကာများ တင်သွင်းပါက (FDA) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုအဖွဲ့ ထောက်ခံချက်ပါမှ လိုင်စင်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ရှော့ပင်းမောတွေ ဈေးဝယ်စင်တာတွေလည်း ဒီတရားမဝင်ကုန်စည်နဲ့ပတ်သက်ပြီး စစ်သင့်တယ်။ ဒီဆိုင်ကြီးတွေမှာဆို ဘီယာ၊ အရက်တွေ ပေါ်တင်ပဲရောင်းနေတာ" ဟု သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အရက်ဘီယာနှင့် ဝိုင်အမျိုးမျိုးကို ပြည်ပမှ တင်သွင်းပါက တရားဝင်ဆိုလျှင်ကုန်သွယ်လုပ်ငန်းခွန် ၅၀ ရာခိုင်နှုန်း ပေးဆောင်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁၁၆/၂၀၁၂ တွင် ထုတ်ပြန်ထားသည်။

"အရက်၊ ဘီယာအပါအဝင်အချို့ပစ္စည်းတွေ လိုင်စင်ပေးဖို့တော့ ဆွေးနွေးနေတယ်" ဟု ဦးသိန်းဝင်းက ဆိုသည်။

တရားမဝင်ကုန်သွယ်ရေးအား ပိုမိုတားဆီးနိုင်ရန်အတွက် ပင်လယ်ရေကြောင်းမှ စက်သုံးဆီများ တရားမဝင်ကုန်သွယ်နေသည်ဟုသတင်းများထွက်ပေါ်လာပြီးနောက်လေကြောင်းနှင့်ပင်လယ်ရေကြောင်းများမှ တရားမဝင် ကုန်သွယ်မှုများအား ရှောင်လွှားစစ်ဆေးရေးအဖွဲ့က တိုးချဲ့စစ်ဆေးအရေးယူသွားတော့မည်ဖြစ်ကြောင်းစီးပွား/ကူးသန်းပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယခုအပတ်အတွင်းက ပြောကြားသွားသည်။

လက်ရှိ မြဝတီကုန်သွယ်ရေးတွင် မှောင်ခိုတားဆီးရေးဆောင်ရွက်ပြီးနောက် ၂၀၁၂ ဒီဇင်ဘာလအတွင်း ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၃၉ သန်းကျော်ရရှိသည်။ ယင်း ပမာဏမှာ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် ကန်ဒေါ်လာသန်း ၂၀ ဝန်းကျင်မြင့်တက်လာကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှညွှန်မှူးများက ဆိုသည်။

## ရှေ့နေလိုင်စင်ရုပ်သိမ်းမှုကိုသာ ပြုလုပ်သည့် ဘားကောင်စီဥပဒေပြင်ဆင်ရန် ကြိုးပမ်း

**အေးသူစံ**
**ရန်ကုန်၊ ဇန်နဝါရီ - ၁၇**

ရှေ့နေလိုင်စင်ရုပ်သိမ်းအရေးယူခြင်းသာ အဓိကဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၊ တရားရုံးချုပ်ရှေ့နေများကောင်စီ (Bar Council) ဥပဒေအမှတ် ၂၂ ကို ပြင်ဆင်ရန် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ရန်ကုန် အခြေစိုက်ရှေ့နေအများစုက ပြောကြားသည်။

"ဒီကောင်စီက ရှေ့နေတွေကို အရေးယူတဲ့ကိစ္စတွေမှာ ကြားနာမှုတောင် မလုပ်ဘဲ တောက်လျှောက်အရေးယူခဲ့တယ်။ ရှေ့နေချုပ်ကလည်း ရှေ့နေတွေကိစ္စကို လုံးဝဆောင်ရွက်မပေးဘူး။ ဒါကြောင့် ဒီဘားကောင်စီဥပဒေကို ပြင်ဖို့ အားလုံး လုပ်ကြရတာပါ" ဟု ဗဟိုတရားရုံးချုပ်ရှေ့နေ ဦးသန်းစိုးက ပြောသည်။

ရှေ့နေရှေ့ရပ်များနှင့် သက်ဆိုင်သောကိစ္စရပ်များအတွက် နိုင်ငံတော်အဆင့် 'တရားရုံးချုပ်ရှေ့နေများကောင်စီ' မှာ ၁၉၂၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သို့သော် ၁၉၈၉ နောက်ပိုင်းတွင် ယင်းဥပဒေပါ ပုဒ်မ ၄ ကို ဥပဒေပုဒ်မ ၂၂ ဖြင့် အစားထိုး ပြဋ္ဌာန်းလိုက်ပြီး ရှေ့နေအများစု ကိုယ်စားပြု ရွေးချယ်သူများ မပါဝင်တော့ဘဲပြင်ဆင်လိုက်သည့်ဥပဒေအရ ကောင်စီဥက္ကဋ္ဌအဖြစ် ရှေ့နေချုပ်၊ ဒုဥက္ကဋ္ဌအဖြစ် ဒုတိယရှေ့နေချုပ်တို့ဖြစ်လာကာ ကောင်စီအဖွဲ့ဝင်များမှာလည်း တရားရုံးချုပ်၏ အငြိမ်းစားတရားရေးဝန်ထမ်းများသာ ပါဝင်လာခဲ့သည်။

ဘားကောင်စီဥပဒေကို ပြင်ဆင်ပယ်ဖျက်ပေးရန် ဆန္ဒပြုလက်မှတ်ရေးထိုးခြင်းကို ယခုလ အတွင်း သမ္မတ၊ လွှတ်တော် ဥက္ကဋ္ဌများနှင့် ရေးရာကော်မတီများထံ တင်ပြသွားမည်ဖြစ်သည်ဟု ဆိုသည်။

"ဥပဒေက နှိပ်ကွပ်ဖို့ပြဋ္ဌာန်းထားတာမဟုတ်ဘူး။ ကောင်စီလူကြီးတွေက အစိုးရက တိုက်ရိုက်ခန့်ဖြစ်နေတော့ အုပ်ချုပ်ရေးပိုင်းက ဖိအားတွေ ပါလာတဲ့အခါ အခုလိုတွေဖြစ်ကုန်တာပါ။ ရှေ့နေတွေရဲ့ လုပ်ရပ်ကိုတော့ အားပေးပါတယ်" ဟု တရားလွှတ်တော်ရှေ့နေ ဦးသန်းမောင် (စစ်တွေ) က ပြောသည်။

## ပထမဆုံး ကိုရီးယားအမျိုးသမီးသမ္မတ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့မည်

**ရန်မျိုးနိုင်**
**ရန်ကုန်၊**
**ဇန်နဝါရီ- ၂၁**

မကြာသေးမီက တောင်ကိုရီးယားသမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံခဲ့ရသော ပထမဆုံးတောင်ကိုရီးယား အမျိုးသမီးသမ္မတ ပက်ဂျွန်ဟေးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် လာမည့်အပတ်တွင်း ဆိုးလ်မြို့၌ တွေ့ဆုံမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု ဟာဝိုင်အီပြည်နယ်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ ဇန်နဝါရီ ၂၄ မှ ဖေဖော်ဝါရီ ၁ ရက်အထိ သွားရောက်မည်ဖြစ်သည်။

ယခုလ ၂၈ ရက်တွင် ဟာဝိုင်အီပြည်နယ် ဟိုနိုလူလူမြို့တွင် ကျင်းပမည့် ရိုထရီငြိမ်းချမ်းရေးဆွေးနွေးပွဲ (Rotary Peace Forum)တွင် တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး ဟာဝိုင်အီငြိမ်းချမ်းရေးဆု (Huwaii Peace Award)ကို လက်ခံရယူမည်ဖြစ်သည်။

ထို့နောက် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ လက်ရှိတောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်နှင့်လည်းကောင်း သမ္မတအသစ်အဖြစ် ရွေးချယ်ခံထားရသူ မစ္စစ်ပက်ဂျွန်ဟေးတို့နှင့် ဇန်နဝါရီ ၂၉ ရက်တွင် တွေ့ဆုံမည်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည်ဆိုးလ်အမျိုးသားတက္ကသိုလ်ရှိ ကျောင်းသူ၊ ကျောင်းသားများအား တွေ့ဆုံမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေးထိပ်သီးညီလာခံ (Global Development Summit)တွင်လည်း မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

# ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဝန်ဆောင်မှုအစစ်ဖြစ်စေရန်

**သီဟ၊ ရဲနောင်၊ ဝတ်ရည်အောင်**



ရန်ကုန်ပြည်သူ့ဆေးရုံကြီး အတွင်းပိုင်းတစ်နေရာအား တွေ့ရစဉ်

ဓာတ်ပုံ-ကျော်ဇင်သန်း

ပြည်သူ့ကျန်းမာရေးဆေးရုံများတွင် အားကိုးတကြီးဖြင့် သွားရောက်ကုသခဲ့ကြသော လူနာများက မကြာခဏ ပြောလေ့ရှိကြသော စကားတစ်ခွန်းရှိသည်။ ထိုစကားမှာ"ဆရာဝန်တွေက အရမ်းဟောက်တာပဲ"ဟူ၍ဖြစ်သည်။

ငွေကြေးတတ်နိုင်သူများ သွားရောက်ကြသော ပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများ၌ပင်လျှင် အခန့်မသင့်ပါက အလားတူပြောဆိုခံရမှုများ ရှိပါသည်။

ကျန်းမာရေးဝန်ဆောင်မှုဟု အမည်ပေးထားသော်လည်း(Customer) ဖြစ်သော လူနာများအနေဖြင့် ရသင့်ရထိုက်သော အခွင့်အရေးများ မရှိခြင်းကို တွေ့မြင်နေကြရသည်။ ကျန်းမာရေးမူဝါဒများ ချမှတ်၍ ပြောင်းလဲရန် ကြိုးစားနေသော်လည်း မပြောင်းလဲသေးဘဲ ဆရာဝန်နှင့် လူနာဆက်ဆံရေး အလှမ်းကွာဝေးနေဆဲဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်အရ တက္ကသိုလ်ဝင်တန်း အောင်မှတ်ဖြင့် ရွေးချယ်ရသော စနစ်နှင့် ယဉ်ကျေးမှုဓလေ့တို့ကြောင့် လူထု၏ စိတ်ထဲတွင် ဆရာဝန်များအား မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အဆင့်မြင့်ဆုံးအလွှာရှိ လူအစုအဖွဲ့တွင်ရှိသည်ဟု မှတ်ယူခံစားမိနေခြင်းကလည်း ဆရာဝန်၊ လူနာဆက်ဆံရေးတွင် အဆင်မပြေမှုများ ဖြစ်ပေါ်စေသော အကြောင်းရင်းခံဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုထုံးစံအရ ဆရာဝန်ဟုဆိုသည်နှင့် သမားဂုဏ်နှင့် ပြည့်စုံသည်။ လေးစားရမည်။ မိမိတို့အား ကျန်းမာရေးအတွက် ဆေးကုသပေးနေခြင်းဖြစ်၍ အသက်သခင်ကျေးဇူးရှင်များ အဖြစ် စွဲထင်မှတ်သားထားကြပြီးဖြစ်သည်။

မှန်သည်၊ မှားသည်ကိုပင် မဆုံးဖြတ်ကြတော့ဘဲ ဆရာဝန်ပြောသမျှ အရာရာကို ခေါင်းညိတ်လက်ခံလိုက်ကြသည်သာများ၏။

မြန်မာ့ပညာရေးစနစ်သည် တက္ကသိုလ်ဝင်တန်း ရမှတ်ကို အခြေခံသည့် ပညာရေးစနစ် ဖြစ်ပြီး ဆေးတက္ကသိုလ်ဝင်ခွင့်မှာ အမြင့်ဆုံးနေရာတွင်ရှိသကဲ့သို့ နိုင်ငံတကာတွင်လည်း ဆေးကျောင်းဝင်ခွင့်အတွက် အရည်အချင်းသတ်မှတ်ချက်များမှာ အမြင့်ဆုံးတန်းတွင် ရှိနေကြပြီး ဝင်ခွင့်သတ်မှတ်ချက်များမှာ ဝါသနာကိုအရင်းခံထားရှိကြောင်း နိုင်ငံတကာပညာရေး ကျွမ်းကျင်သူများက ပြောသည်။

မြန်မာနိုင်ငံ၏ ဆေးတက္ကသိုလ်ဝင်ခွင့်သတ်မှတ်ချက်သည် ဝါသနာကို အရင်းခံသည့် သတ်မှတ်ချက်မဟုတ်သည့်အပြင် အခြားသော ပြဿနာများကြောင့် ဆရာဝန်အဖြစ် အသက်မွေးဝမ်းကျောင်းသူနှင့် လူနာအချိုးအစား မမျှတမှုကြောင့် ဆရာဝန်များ၏ ကုသရေးပိုင်းဆိုင်ရာတွင် လူနာများဘက်မှ ဘဝင်မကျမှုများလည်းရှိသည်။

ငွေကြေးတတ်နိုင်သူများက အထူးဂရုစိုက်မှုခံရရန် အထူးကုဆေးခန်းများတွင် အထူးကုဆရာဝန်ကြီးများဖြင့် ကုသမှု ခံယူကြသော်လည်း အထူးကု ဆရာဝန်ကြီးများ၏ အချိန်ဆင်းရဲမှုကြောင့် လူနာများမှာ စိတ်ကျေနပ်မှု အပြည့်အဝ မရရှိကြပေ။

"တစ်ယောက်ကို သုံးမိနစ်လောက်ပဲကြာတယ်။ စကားကြာကြာပြောချိန်မရဘူး။ ဘာဖြစ်လို့လဲဆိုပြီး စမ်းသပ်တယ်။ ပြီးရင် ဒါလုပ်၊ ဒီဆေးသောက်ဆိုပြီး ညွှန်ပေးလိုက်တယ်။ အဲ့ဒီလောက်ဆိုရင် ကိုယ့်အလှည့်ပြီးပြီ" ဟု အထူးကုဆေးခန်းတစ်ခုတွင် သွားရောက်ကုသမှုခံယူခဲ့သည့် ၅၆ နှစ်အရွယ် အမျိုးသားကြီးတစ်ဦးက ကြုံတွေ့ခဲ့ရသည်များကို ပြောပြသည်။

"လူနာကို အချိန်ပေးဖို့ဆိုတာ နှစ်ဦးနှစ်ဖက် နားလည်မှုရှိဖို့လိုတယ်။ သူများနိုင်ငံမှာလိုမျိုး နာရီဝက်အချိန်ပေးပြီး ဆွေးနွေးကုသတယ်ဆိုရင် အဲဒီအတွက် လိုလောက်တဲ့ ဆွေးနွေးခရော ရရှိနေရဲ့လားဆိုတာ ရှိသေးတယ်။ ဆရာဝန်တွေရဲ့ စားဝတ်နေရေးလည်း ရှိသေးတယ်။ ဒါကို နှစ်ဦးနှစ်ဖက် နားလည်ဖို့လိုတယ်" ဟု အချိန်မပေးနိုင်ခြင်းနှင့်ပတ်သက်၍ အထူးကုဆရာဝန်ကြီးတစ်ဦးက ပြောသည်။

သို့သော်လည်း စံချိန်မီသည့် ဝန်ဆောင်မှု၊ နွေးထွေးမှု၊ တိုင်ပင်ဆွေးနွေးမှုများ ရရှိရန်အတွက် ကုန်ကျစရိတ်များစွာ အကုန်အကျခံ၍ ပြည်ပသို့သွားရောက်ကုသခံသူများပင်ရှိရာ မြန်မာနိုင်ငံမှ အထူးကုဆေးရုံ၊ ဆေးခန်းများနှင့် ဆရာဝန်များ၏ ဝန်ဆောင်မှုကို စိန်ခေါ်နေသကဲ့သို့ပင် ဖြစ်သည်။

**စာ(၃၀)သို့**



# ကန်ထရိုက်တိုက်များသာမက ကွန်ဒိုများတွင် ကားပါကင်ပြဿနာကြီးထွားလာ

**မြတ်စုမွန်၊ ဆွေမွန်**
**ရန်ကုန်၊ဇန်နဝါရီ-၂၀**

မော်တော်ယာဉ် တင်သွင်းမှု များပြားလာသည်နှင့်အမျှ ရန်ကုန်မြို့တွင် ယာဉ်ရပ်နားရန် နေရာမလုံလောက်သည့် ပြဿနာများ ရင်ဆိုင်လာရပြီး အချို့ကွန်ဒိုမီနီယံများတွင် ယာဉ်ရပ်နားမည့် တစ်နေရာစာအတွက် ကျပ်သိန်း ၇၀ ဝန်းကျင်အထိ ပေါက်ဈေးရှိနေကြောင်း ကိုယ်တိုင်ကြုံတွေ့နေရသည့် ရန်ကုန်မြို့ခံများထံမှ သတင်းရရှိသည်။

လက်ရှိ တည်ဆောက်ပြီးသော ကွန်ဒိုမီနီယံအများစု၌ လူနေအိမ်ခန်းတစ်ခန်းလျှင် ကားတစ်စီးစာနေရာကို ထည့်သွင်းရောင်းချခြင်း (သို့မဟုတ်) နေရာငှားရမ်း ရပ်နားခွင့်ပေးကြောင်း ကွန်ဒိုဆောက်လုပ်သည့်လုပ်ငန်းရှင်များက ပြောသည်။

"လွန်ခဲ့တဲ့ ၂ နှစ်လောက်က ကားတစ်နေရာစာ ပါကင်ထိုးဖို့အတွက် ကျပ်သုံးဆယ့်ခြောက်သိန်း ပေးဝယ်ရတယ်။ ဒီနှစ်ဆိုရင် ကျပ်သိန်း ၆၀ နဲ့ ၇၀ လောက်ထိ ပေါက်တယ်။ ဝယ်မယ့်သူရှိတာတောင် ရောင်းမယ့်သူမရှိလို့ခက်နေတယ်။ ငှားတာကတော့ တစ်လကို လေးသောင်းကျပ်လောက်နဲ့ ငှားရတာမျိုးလည်းရှိတယ်" ဟု သီရိကွန်ဒို သာယာရေးကော်မတီ အတွင်းရေးမှူး ဦးရဲကျော်သူက ပြောကြားသည်။

မော်တော်ယာဉ် ရပ်နားမှုများ ပိုမိုအဆင်ပြေစေရန်အတွက်မူ ဆောက်လုပ်ရေးလုပ်ငန်းရှင်များသာမက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီကလည်း မြေနေရာများ သီးခြားစီစဉ်ပေးမည်ဆိုပါက ပို၍အဆင်ပြေမည်ဖြစ်ကြောင်း တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးစိန်ဝင်းကပြောသည်။

"အခန်းတစ်ခန်းကိုကားတစ်စီးနှုန်းပဲ ရပ်ခွင့်ပေးနိုင်တယ်။ မြေအနေအထားအရ တစ်စီးထက်ပိုပြီး ရပ်ခွင့်ပေးဖို့မလွယ်သေးဘူး" ဟု ကွန်ဒိုဆောက်လုပ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့အတွင်း မော်တော်ယာဉ်ရပ်နားမည့်နေရာများ လုံလောက်စွာ ရရှိနိုင်စေရန် နေရာသစ်များ တိုးချဲ့ဆောက်လုပ်နေပြီး လက်ရှိအချိန်တွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

"အရင်က ယာဉ်ရပ်နားခွင့် မရှိတဲ့နေရာတွေမှာ ကားတွေ ပလက်ဖောင်းပေါ်တက်ပြီး တရားမဝင်ရပ်တယ်။ အခု အဲဒီ ပလက်ဖောင်းတွေကို လှီးပစ်ပြီး ကားပါကင်တွေအဖြစ် တရားဝင်ရပ်ခွင့်ပေးလိုက်တယ်"ဟု မြို့တော်စည်ပင်မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှုဌာန ဒုတိယဌာနမှူး ဦးတိုးအောင်ကပြောသည်။

ထို့အပြင် ရန်ကုန်မြို့တွင်း ဆက်လက်လုပ်ဆောင်သွားမည့် စီမံကိန်းများတွင် ကားပါကင်များ ထည့်သွင်းဆောက်လုပ်သွားရန် လုပ်ဆောင်လျက်ရှိကြောင်းလည်း ဦးတိုးအောင်က ဆက်ပြောသည်။

လက်ရှိပထမအကြိမ်အဖြစ် ဗိုလ်ချုပ်လမ်း၊ ဗဟန်းရေတာရှည်လမ်း၊ ရေကျော်လမ်းနှင့် ဗိုလ်တထောင်လမ်းများတွင် လမ်းဘေးပလက်ဖောင်းများကိုဖျက်ကာကားပါကင်များအဖြစ် ပြန်လည်လုပ်ဆောင်လျက်ရှိကြောင်း သိရပြီး မော်တော်ယာဉ်နားခ နှုန်းထားများမှာလည်း ယခင်နှုန်းထားများ အတိုင်းသာဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းဦးကလည်း "အဆောက်အအုံတွေကို တစ်လုံးချင်းဆောက်တဲ့နည်းနဲ့ ဖြေရှင်းဖို့ မလွယ်ကူဘူး။ အစိုးရလည်းပါဝင်၊ ကန်ထရိုက်တိုက် အများကြီးစုပေါင်းပြီး စီမံကိန်းအနေနဲ့ အကောင်အထည်ဖော်နိုင်မှရမယ်။ ကားပါကင်နေရာအတွက် ကန်ထရိုက်တိုက်တစ်လုံးဖြုတ်၊ တစ်လုံးဆောက်နဲ့တော့ ဘယ်လိုမှမဖြေရှင်းနိုင်ဘူး"ဟုပြောသည်။

ထို့အပြင် အထပ်မြင့်တိုက်များတွင် မော်တော်ယာဉ်ရပ်နားရန် အဆောက်အအုံတစ်ခု ထပ်မံပူးတွဲဆောက်လုပ်မည်ဆိုပါက ကုန်ကျစရိတ် မြင့်မားမှုများ ကြုံလာနိုင်ကြောင်း Asia Express ဆောက်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာ ဒေါ်သက်သက်ခိုင်က ပြောကြားသည်။

အချပ်ပို(D)သို့



*မရမ်းကုန်းမြို့နယ်အတွင်းရှိ အဆင့်မြင့်ကွန်ဒိုတစ်ခု၏ ကားပါကင်အတွင်းပိုင်း*

**ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)**






စာ(၂၈)မှ

## ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဝန်ဆောင်မှုအစစ်ဖြစ်စေရန်

ပြည်တွင်း၌ပင်လျှင် အမှန်တကယ်ဝန်ဆောင်မှုနှင့် အချိန်ပေးမည်ဆိုပါက ပြည်ပတွင်ပေးရသည့် တန်ဖိုးအတိုင်း ပေးနိုင်မည့် လူနာများလည်းရှိသည်။

“ကလေးကိုဆေးခန်းသွားပြတာ ဘာမှမေးခွင့်မရဘူး။ စမ်းသပ်ခငါးထောင်ပေးရတယ်။ တကယ်တမ်းအချိန်ပေးမယ်ဆိုရင် ငါးသောင်းလည်းပေးနိုင်ပါတယ်။ ကိုယ့်ကလေးရဲ့ ကျန်းမာရေးအတွက်ပဲ” ဟု ယခုရက်ပိုင်းအတွင်းက အထူးကုဆေးခန်းတစ်ခုသို့ သွားရောက်ပြသခဲ့သည့် ကလေးမိခင်တစ်ဦးက ပြောသည်။

“လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်းက ဘန်ကောက်က ဆေးရုံတွေမှာ မြန်မာလူနာ တစ်ယောက်မှမရှိဘူး။ အခုဆိုရင် မြန်မာလူနာတွေအရမ်းများလာတယ်။ ပြည်ပမှာ ငွေကုန်ကြေးကျခံပြီး ဆေးကုတယ်ဆိုတာကလည်း ကိုယ့်နိုင်ငံရဲ့ ကျန်းမာရေးစနစ် အားနည်းတာကိုမီးမောင်းထိုးပြတယ်” ဟု ကုလသမဂ္ဂ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ အောင်ထွန်းသက်က ပြောသည်။

“နိုင်ငံခြားမှာက တော်တော်ဂရုစိုက်တယ်။ Friendly ဖြစ်တဲ့အပြင် တစ်ယောက်ကို နာရီဝက်အချိန်ပေးတယ်။ အချိန်တိကျတယ်။ မစောင့်ရဘူး။ ကိုယ်ဖြစ်ချင်တာ သိချင်တာကို အဲဒီနာရီဝက်အတွင်း အေးအေးဆေးဆေး မေးလို့ရတယ်” ဟု ထိုင်းနိုင်ငံတွင် ဆေးကုသပြီး ပြန်လာသူတစ်ဦးက ပြောသည်။

ဆရာဝန်များ၏ အချိန်ဆင်းရဲမှုနှင့် စားဝတ်နေရေးအား အကြောင်းပြကြသော်လည်း အချို့သော အထူးကု ဆရာဝန်ကြီးများသည် လူနာတစ်ဦး စမ်းသပ်၍ မပြီးခင်မှာပင် အခြားလူနာတစ်ဦးအား စမ်းသပ်ခန်းအတွင်း စောင့်ဆိုင်းနေစေခြင်းကလည်း လူနာများ၏ ကိုယ်ပိုင်အခွင့်အရေးအား ဆုံးရှုံးစေသကဲ့သို့ ခံစားရကြောင်း ကုသမှုခံယူသူများက ပြောသည်။

သို့သော်လည်း အချို့လူနာများအတွက်မူ ဆရာဝန်များအပေါ် ယုံကြည်ကိုးစားမှုနှင့် လေးစားမှုများကြောင့်မိမိသိလိုသမျှကို မေးရန်နှင့် ပြန်လည်ပြောဆိုရန် အခွင့်အရေးရှိသည်ကိုပင် မသိရှိသေးဘဲခေါင်းညိတ်နာခံတတ်သော မြန်မာ့ယဉ်ကျေးမှုများ ထွန်းကားနေဆဲဖြစ်ပြီး တစ်ဖက်တွင်လည်း ဆန့်ကျင်ဘက်အနေဖြင့် ဆရာဝန်များအား တရားစွဲဆိုမှုများလည်း ရှိလာသည်။

ထိုသို့ ယဉ်ကျေးမှုအခြေအနေပြောင်းလဲလာခြင်းအပေါ် ဆရာဝန်များဘက်မှလည်း လူနာများက တရားစွဲမည်၊ စောဒကတက်မည် ဆိုသည့် အခြေအနေတွင် ကုသပေးသူဘက်မှ အာမခံချက်ရရန်အတွက် လိုသည်၊ မလိုသည် အပထား စစ်ဆေးစရာရှိသည်များကို အလုံးစုံစစ်ဆေးခိုင်းလျှင် လူနာများ အကုန်အကျများသွားနိုင်သည်ဟု တုံ့ပြန်ပြောဆိုကြသည်။

“နိုင်ငံခြားမှာဆိုရင် ကိုယ့်ကို အချိန်မရွေးတရားစွဲနိုင်တဲ့အတွက် လူတစ်ယောက်လာရင် ကလေးပဲဖြစ်ဖြစ်၊ အကုန်လုံးစစ်ဆေးတယ်။ သူတို့ တရားစွဲမခံရဖို့အတွက် လိုတာထက်ပိုအကုန်လုပ်ရတယ်။ အဲဒီတော့ ဆေးကုသစရိတ်တွေလည်း အကုန်စျေးကြီးသွားတယ်” ဟု အထူးကုဆရာဝန်ကြီးတစ်ဦးက ပြောသည်။

အချို့ကလည်း လူနာဘက်မှ ဆရာဝန်အပေါ် အထင်မှားမှုများရှိနေပါက ဆရာဝန်အလုပ်မှ အနားယူ၍ အခြားစီးပွားရေးလုပ်ငန်းများ ပြောင်းလုပ်မည်ဆိုပါက ထိခိုက်နစ်နာမည့်သူမှာ လူနာများပင်ဖြစ်သည်ဟု ခြိမ်းခြောက်သယောင် ပြောဆိုနေမှုများလည်း ရှိသည်။

မြန်မာနိုင်ငံဆေးကောင်စီ အထွေထွေဆေးကုသမှုဆိုင်ရာ ညွှန်ကြားချက်များ၌ လူနာများအပေါ် စာနာစိတ်ထား၍ ပြေပြစ်ယဉ်ကျေးစွာ ဆက်ဆံပြုမူဆောင်ရွက်ခြင်း၊ လူနာတင်ပြချက်များကို အလေးထားနားထောင်ခြင်း၊ လူနာသဘောပေါက်လွယ်သော စကားအသုံးအနှုန်းများဖြင့် ကုသမှုဆိုင်ရာ အချက်အလက်ပေးခြင်း အစရှိသဖြင့် ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် တာဝန်များကို ဖော်ပြထားသည်။

“လူနာနဲ့ဆရာဝန်ကြားမှာ စကားပြောဆိုနိုင်တဲ့ အခြေအနေ နည်းနေသေးတာတော့ အမှန်ပဲ” ဟု နား၊နှာခေါင်းလည်ချောင်း အထူးကုဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာကံညွန့်က ပြောသည်။

“လူနာတွေအနေနဲ့ဆရာဝန်ကို ရောဂါနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို မေးဖို့ကို ကြိုဆိုပါတယ်။ ဝမ်းသာစွာနဲ့လည်း ရှင်းပြချင်ပါတယ်။ ရောဂါနဲ့ပတ်သက်ပြီး လေးစားမှု၊ ယုံကြည်မှုနဲ့ မေးလာတာကို ဆရာဝန်ဘက်ကလည်း ပြန်ဖြေပေးဖို့ ဆန္ဒကို ရှိပါတယ်။ တချို့ကျတော့လည်း မေးကတည်းက ပြဿနာရှာချင်တဲ့ ပုံစံလိုမျိုး၊ ရှင်းပြဖို့ တော်တော်လေးအချိန်ယူရမယ့် မေးခွန်းမျိုး၊ ပညာစမ်းတဲ့ ပုံစံမျိုးတွေ မေးလာရင်တော့ ဆရာဝန်တွေက တော်တော် ဖြေရခက်ပါတယ်” ဟု ဒေါက်တာ ကံညွန့်က လူနာနှင့် ဆရာဝန်ကြားမှ နားလည်မှုလွဲတတ်သည့် ဆက်ဆံရေးနှင့် ပတ်သက်၍ ရှင်းလင်း ကြေညာသည်။

ဆေးပညာများ မည်မျှပင် ကျွမ်းကျင်ပါစေ၊ တွဲဖက်ပါလာရမည်က ဆေးပညာကျင့်ဝတ်ပင်ဖြစ်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂ အကြံပေးပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်နေသူ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

လူနာများအား မိမိလုပ်သမျှခံရမည်ဟူသော အချို့သော ဆရာဝန်များ၏ စိတ်ဓာတ်ကို ပြင်ရန် အရေးကြီးသည်ဟုလည်း ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့်လည်း လူနာများနှင့် ထိတွေ့ဆက်ဆံရာတွင် ယုံကြည်ချက်စဉ်ဆက်မပြတ် တည်တံ့ရေးအတွက် မိမိ၏ပြုစုကုသမှုကြောင့် လူနာအပေါ် မမျှော်လင့်သော ဆိုးကျိုးများ ကျရောက်ခဲ့ပါက အမှန်ဘက်သို့ပြန်ရောက်အောင် အမြန်ဆုံးဆောင်ရွက်ပေးရမည်။ လူနာအား အဖြစ်မှန်ကို အသိပေးပြီး ဖြစ်ပေါ်လာနိုင်မည့် ရေတို၊ ရေရှည် အကျိုးအကြောင်းများကို ရှင်းပြရမည်။ လိုအပ်ပါက တောင်းပန်သင့်သည်ဟု ပြဋ္ဌာန်းသတ်မှတ်ပေးထားပြီးဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲရန်အတွက် ပြည်သူ့လွှတ်တော်တွင်လည်း တောင်းဆိုမှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။ ကျန်းမာရေး ဘတ်ဂျက်မှ အစပြု၍ ဝန်ဆောင်မှုပိုင်းဆိုင်ရာများ အပါအဝင် ကျန်းမာရေးကဏ္ဍတွင် အစစအရာရာ မြှင့်တင်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

ကျန်းမာရေးသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်၍ မြန်မာ့ယဉ်ကျေးမှု ဓလေ့နှင့် ပညာရေး ချို့ယွင်းမှုများ မည်သို့ပင် ရှိစေကာမူ နွေးထွေးသည့် ဆွေးနွေးကုသမှုရရှိရန် လူနာများဘက်မှ မျှော်လင့်လျက်ရှိသလို ဆရာဝန်များ အနေဖြင့်လည်း မိမိတို့ ကျမ်းသစ္စာကျိန်ဆိုခဲ့ရသော ဆရာဝန်တစ်ယောက်၏ ကျင့်ဝတ်သိက္ခာပိုင်းကို ပိုမိုအလေးထားလာကြရန် လိုအပ်ပေသည်။ နိုင်ငံတော်ဘက်မှလည်း ဆေးပညာနှင့် အသက်မွေးဝမ်းကျောင်းမည့် ဆရာဝန်များအတွက် ဝါသနာကို အရင်းခံသည့် ကျောင်းရွေးချယ်မှု စနစ်မျိုးအား ပြောင်းလဲကျင့်သုံးမည်ဆိုပါက ဝါသနာကို အရင်းခံမည့် အသက်မွေးဝမ်းကျောင်းပြု ဆရာဝန်များနှင့် နွေးထွေးစွာ ပြုစုကုသမှု ခံယူလိုသည့် လူနာများအကြား ပိုမိုခိုင်မာသည့် ယုံကြည်မှု တည်ဆောက်နိုင်မည်ဖြစ်ပေသည်။ ။

စာမျက်နှာ(၂၅)မှ

## ဂန္ဓလရာဇ်ခရီးသည်(၉)

ချန်ကျိုးဘူတာမှာ ဘေကျင်းနှင့် သိပ်ကွာလှသည်မထင်ပါ။ ကြီးမားခန့်ညားသည်။ ကျယ်ဝန်းသပ်ရပ်သည်။ ပတ်(စ်)ပို့စစ်တာတွေ ဘာတွေလည်းမလုပ်။ ဘူတာရုံရောက်သည်နှင့် VIP ခန်းထဲ တန်းခေါ်သွားသည်။ ဒီမှာတင် အေးအေးဆေးဆေးနား. . .။ ရထားထွက်ခါနီးမှ တွဲပေါ်တက်။ မသိန်းရှင်ရထားမဟုတ်တော့။ VIP ရထား။ ရထားအရှိန်ကမြန်သည်။ သို့သော်ငြိမ့်သည်။ ခရီးသည်တွေကများသည်။ သို့သော် တိတ်ဆိတ်ငြိမ်သက်သည်။ သက်သောင့်သက်သာစီးရင်း လမ်းဘေးဝဲယာကို ငေးနိုင်သည်။ ယန်စီမြစ်ကြီးနှင့် ပိုနီးလာလို့လားမသိ။ တောတောင်ရေမြေ ရှုမြင်ကွင်းက ပိုစိမ်းလာသည်။ တရုတ်ပြည်၏ ဖွံ့ဖြိုးမှုနှုန်းအမြင့်ဆုံး ကမ်းရိုးတန်းဒေသနှင့် ပိုနီးလာလို့လားမသိ။ တိုက်တာ၊ အိမ်ခြေ၊ လူနေအဆောက်အအုံတွေ ပိုစိတ်လာသည်။ ကျွန်တော်တို့ဦးတည်သွားနေသည်က ကျန်းရှုပြည်နယ်၏မြို့တော် နန်ကျင်းဖြစ်သည်ကော။

ညနေ ငါးနာရီဝန်းကျင်တွင် နန်ကျင်းသို့ ရောက်ပါသည်။ နန်ကျင်းမှ မိတ်ဆွေများက ဗင်ကားနှစ်စီးဖြင့် ကြိုနှင့်သည်။ ပြီး. . နန်ကျင်းမြို့ကြီးကိုဖြတ်ပြီး တည်းခိုကြရမည့် ဟိုတယ်သို့ မောင်းသွားသည်။ ညနေငါးနာရီ မထိုးတတ်သေးသည့်တိုင် မှောင်စပြုနေပါပြီ။ ရာသီဥတုကတော့ ပြောလောက်အောင်မအေး။ နေလို့ကောင်းရုံသာ။ ပင်လယ်နှင့်ပိုနီးလာလို့ဖြစ်မည်ထင်သည်။

ဗင်ကားလေးက မီးရောင်စုံပြိုးပြက်နေသော မြို့လယ်ရပ်ဝန်းကို ကျော်လာသည့်တိုင် ဟိုတယ်သို့မရောက်သေး။ နောက်ထပ် နာရီဝက်သာသာ မောင်းပြီးတော့မှ ရောက်သည်။ နန်ကျင်း Parkview Hotel . . .။ အဝင်မုခ်ဦးမှာ တရုတ်ဂန္ထဝင်ဟန် ဘုံခုနစ်ဆင့်နှင့် . . .။ အထဲရောက်တော့မှ ခေတ်သစ် (ခေတ်လွန်ဟူ၍ပင် ဆိုရမည်လား မသိ) ဟန်ပန်အပြည့်ကို တွေ့ရတော့သည်။ ကျွန်တော်တို့ တရုတ်ပြည်တွင် တည်းခိုခဲ့ရသမျှ အသားနားဆုံး ခေတ်အမီဆုံးဟိုတယ်ပင်။

ခရီးရောက်မဆိုက်မှာပင် အခန်းသော့တွေ ထိုးအပ်သည်။ ကျွန်တော်တို့ပစ္စည်းတွေ အခန်းထဲပို့ပေးပြီးပါပြီဟုဆိုသည်။ သို့တစေ အခန်းသို့ ချက်ချင်းတက်လို့မဖြစ်သေး။ ညစာသုံးဆောင်ဖို့ မြေအောက်ခန်းပထမထပ် ($B_1$)ရှိ ဒိုင်းမွန်းခန်းမသို့ကြွပါဟု ဖိတ်မန္တကပြုပြီး ဟိုတယ်ဝန်ထမ်း တရုတ်မလေးက ဦးဆောင်ခေါ်သွားသည်။

ထုံးစံအတိုင်း မိန့်ခွန်းတွေ အပြန်အလှန် ခြွေကြသည်။ ပြီးတော့ ‘ကမ်းပေ့’။ နောက် ဟင်းလျာမျိုးစုံ တစ်ဆိုင်းပြီးတစ်ဆိုင်းလာချ။ ဝန်ခံရလျှင် စာရေးသူမှာ ဘာတွေပြောလို့ပြောမှန်း မမှတ်မိပါ။ မကြားတစ်ချက်၊ ကြားတစ်ချက်။ ဘာတွေစားလို့စားမှန်းမသိတော့ပါ။ မဝင်သလို ဝင်သလို။ တစ်နေကုန် လှုပ်လှုပ်ရှားရှားမို့ အိပ်ငိုက်ချင်ပြီ။ အခန်းပြန်ပြီး နားချင်လှပြီ။

အခန်းရောက်တော့ မနားဖြစ်ပါ။ တော်တော်နှင့် မအိပ်ဖြစ်ပါ။ နန်ကျင်းဟိုတယ်မှာ ထင်ထားတာထက်ပိုခမ်းနားနေသည်။ အိပ်ခန်းနှင့်တွဲလျက် ဧည့်ခန်းပါသည်။ စာကြည့်ခန်းပင် ပါလိုက်သေးသည်။ သန့်စင်ခန်းက နှစ်ခန်း။ ရေချိုးခန်းဆိုလျှင် အပုံစား Tab ကြီးနှင့်။ စာရေးသူ ရေအဝစိမ်ပစ်လိုက်သည်။ ရေချိုးအပြီး အိပ်ရာဘေး စားပွဲပုလေးမှ အံဆွဲကို ဖွင့်လိုက်တော့ စာရေးသူ ဖျားသွားသည်။ ‘ကွန်ဒုံးတွေပါရောလား . . .’။ ‘Sex Gel’ ဆိုသော ဘူးလေးနှစ်ဘူးကိုလည်း တွေ့ရသည်။ အမျိုးသားသုံး၊ အမျိုးသမီးသုံး။ စာရေးသူ တစ်ခါမှမမြင်ဖူးသေးသော ပစ္စည်းများ။ အညွှန်းစာတွေဖတ်ကြည့်မှ ပိုဖျားသွားတော့သည်။ ခေတ်မီရုံမက ခေတ်လွန်ဖြစ်နေချေပြီကော။ စံတော်ဝင် ကွန်မြူနစ်ဝါဒနှင့် ‘Sex’ ဘာဆိုင်သနည်း. . .။

ထိုညက တော်တော်နှင့် အိပ်မပျော်ဖြစ်ပါ။ မိမိရောက်ရှိရာ နန်ကျင်းမြို့ကြီးအကြောင်း တွေးနေမိသည်။

နန်ကျင်းကား ၁၉၁၁ တော်လှန်ရေး၏ မွေးရပ်မြေ။ ဂျပန်ခေတ် အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီး၏နေရာ။ ကွန်မြူနစ်များ အသက်လုပြေးခဲ့ရသော နန်ကျင်းပုန်ကန်မှု။ တရုတ်စာရေးဆရာကြီးလူရွှန်းက နန်ကျင်းကို ‘တော်လှန်ရေး၏ပုခက်တွင်းဒေသ’ဟု ဆိုခဲ့ဖူးသည်။ ဘယ်လိုကဘယ်လို တော်လှန်ရေးပုခက်ထဲတွင် ကွန်ဒုံးနှင့် ‘Sex Gel’ တွေ ရောက်နေပါသနည်း. . .။

*(ဆက်လက်ဖော်ပြပါမည်)*

### ဆရာ၊ ဆရာမ၊ သင်တန်းသား / သူများ အလိုရှိသည်

နေပြည်တော်၊ တောင်ကြီးနှင့် ဘားအံမြို့ကြီးများတွင် ဖွင့်လှစ်မည့် ‘အလင်းရောင်’ ကိုယ်ပိုင်ကျောင်းများတွင် အားဖြည့် ဆရာ၊ ဆရာမများအဖြစ် အတွေ့အကြုံရင့်ကျက်သော ဆရာမများနှင့်အတူ ပူးတွဲတာဝန် ထမ်းဆောင်လိုသော ဘွဲ့ရလူငယ်များ လျှောက်ထားနိုင်သည်။ ရွေးချယ်ခြင်းခံရသူများကို -

- ၂၀၁၃ ခု၊ မတ်၊ ဧပြီ နှင့် မေလများတွင် ရန်ကုန်မြို့၊ Junction Square ရှိ ‘အလင်းရောင်’ Teacher Training Institute တွင် ဆရာအတတ်ပညာ (၃)လ လေ့ကျင့်သင်ကြား ပေးမည်။
- ၂၀၁၃ ခု၊ ဇွန်လတွင် နေပြည်တော်၊ တောင်ကြီးနှင့် ဘားအံမြို့ကြီးများရှိ အသစ်ဆောက်လုပ်ပြီးသော ‘အလင်းရောင်’ ကိုယ်ပိုင်ကျောင်းများတွင် တာဝန်ထမ်းဆောင်ရမည်။ နေထိုင်ရေး စီစဉ်ပေးမည်။
- ဆရာ၊ ဆရာမများ၏ သင်ကြားမှုထိရောက်ကောင်းမွန်စွာ ဖြစ်ထွန်းစေရေးအတွက် ၂၀၁၃-၁၄ ပညာသင်နှစ် တစ်နှစ်လုံး ‘အလင်းရောင်’ ဆရာအတတ်သင် အဖွဲ့က ကူညီလမ်းညွှန် ကြီးကြပ်ပေးမည်။
- လေ့ကျင့်နေသော ကာလအတွင်း တစ်လလျှင် ၁၅၀၀၀၀ ကျပ် (ကျပ်တစ်သိန်းခွဲ) ချီးမြှင့်မည်။ တာဝန်ထမ်းဆောင်သောကာလမှ စ၍ တစ်လလျှင် ၃၀၀၀၀၀ ကျပ် (ကျပ်သုံးသိန်း) ချီးမြှင့်မည်။ ထူးချွန်ထက်မြက်ပြီး ပညာရည်ပြည့်ဝသည့် နိုင်ငံ့သားကောင်းမျိုးဆက်သစ်များကို မျိုးထောင်လေ့ကျင့်ပေးလို၍ ဤသို့ချီးမြှင့်ခြင်း ဖြစ်သည်။
- စိတ်ပါဝင်စားသူများသည် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် Junction Square ရှိ အဆောက်အဦနံပါတ် (၁၁) ‘အလင်းရောင် Teacher Training Centre ’ တွင် လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။
- ဆက်သွယ်စုံစမ်းမေးမြန်းလိုလျှင် သင်တန်းမှူးချုပ် ဒေါက်တာမျိုးတင့် (ဒု-ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဖုန်း ၀၉ ၅၀၆၇၄၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



ဓာတ်ပုံ-မောင်သာချို

# ရှားငံ၌ လိမ္မော်သီးစားခြင်း

မောင်သာချို

(တစ်)

လိမ္မော်သီးတွေကိုမြင်တော့ လိမ္မော်သီးနှင့်ပတ်သက်သော သတင်းကလေးတစ်ပုဒ်က ခေါင်းထဲသို့ ဝင်ရောက်လာပါသည်။ ဗြိတိသျှခေါ် အင်္ဂလန်ကျွန်းနိုင်ငံဘက်ဆီက လာသောသတင်း။ လွန်လေပြီးသော လေးနှစ် ခရစ်နှစ် ၂၀၀၈ တုန်းဆီက ထုတ်ပြန်ခဲ့သော သတင်းပဲဖြစ်ပါသည်။ အင်္ဂလန်၌ရုတ်တရက်ဆိုသလို လိမ္မော်သီး စားနှုန်းကျဆင်းသွားခဲ့သည့် သတင်း။ အင်္ဂလန်တစ်နိုင်ငံလုံး၌ တစ်နှစ်လျှင် လိမ္မော်သီးအလုံးရေ သန်း ၆၀၀ သာ စားသုံးကြတော့သည်ဟု သတင်းက ဆိုပါသည်။ သို့ဖြစ်ရာ အင်္ဂလန်လူဦးရေနှင့် နှိုင်းစာကြည့်သော နှစ်ရာခိုင်နှုန်းသာ စားသုံးတော့သကဲ့သို့အဖြေထွက်လာပါသည်။ လူဦးရေတစ်ရာလျှင် နှစ်ယောက်သာ လိမ္မော်သီး စားတော့သည့်သဘော။ ထား။

ပို၍ စိတ်ဝင်စားဖို့ကောင်းသည်က ဘာကြောင့် လိမ္မော်သီးစားနှုန်းကျဆင်းသွားရသလဲဟူသည့် အကြောင်းပြချက်ဖြစ်ပါသည်။ အော် . . လိမ္မော်သီးတွေကို အခွံနွှာပြီး စားရလို့ဟု ဆိုပါလား။ အချိန်နှင့်အမျှ သွားလာလှုပ်ရှား ရုန်းကန်နေကြရသည့် အင်္ဂလိပ်လူထု အများစုတို့ခမျာ လိမ္မော်သီးကို အခွံနွှာနေရသည်ကို အလိုမရှိကြတော့။ အချိန်မရ။ ဒါကြောင့် လိမ္မော်သီး မစား။

သတင်းကို ဖတ်ရင်းက ကျွန်တော်ပြုံးမိပါသည်။ တို့တွေဆီမှာတော့ လိမ္မော်သီးကို အခွံနွှာပြီး စားဖို့ အချိန်မပေးနိုင်သည်အထိတော့ အလုပ်မရှုပ်ကြသေးဘူးဟု တွေးမိ၍ဖြစ်ပါသည်။

သစ်သီးပွဲရုံတွေထဲမှာလည်း လိမ္မော်သီး၊ သစ်သီးဝလံဆိုင်ကလေးတွေထဲမှာလည်း လိမ္မော်သီး၊ ရထားဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်တွေမှာလည်း လိမ္မော်သီး၊ ဘုရားပွဲဈေးတွေမှာလည်း လိမ္မော်သီး၊ မြန်မာနိုင်ငံသားတို့ လိမ္မော်သီးအခွံနွှာရသည်ကို အလုပ်ရှုပ်လေခြင်းဟု သဘောမထားဘဲ မငြီးမငြင်စားသုံးနေကြဆဲဖြစ်ပါသည်။

အထူးသဖြင့် ယခုနောက်ပိုင်း၌ မြန်မာနိုင်ငံ အနှံ့အပြားရှိ စားသုံးသူ ဈေးကွက်ထဲသို့ မူလဘူတ လိမ္မော်သီးများသာမကဘဲ လိမ္မော်အမျိုးမျိုးတို့က ထိုးဖောက်ဝင်ရောက်ကာ နေရာယူလာကြပါသည်။ ပျားလိမ္မော်တဲ့၊ ပန်းလိမ္မော်တဲ့။ တချို့လိမ္မော်သီးတွေက အလုံးသေးသေးလေးတွေနှင့် အခွံပါ ဝါးစား၍ ရပါသည်။ အစေ့မပါသော လိမ္မော်ဆိုသည်ကလည်း ရှိသေး။

"ကျွန်တော့စိတ်ထင်. . ပျားလိမ္မော်တို့၊ ပန်းလိမ္မော်တို့ ဈေးကွက်ထဲ ဝင်လာတာ ဆယ်နှစ်ဝန်းကျင်လောက်ပဲ ရှိဦးမယ်။ ၂၀၀၃ ကျော်ကျော်လောက်ကလို့ ထင်ပါရဲ့" ရှမ်းတောင်တန်းသို့ရောက်စဉ်က ဒေသခံတစ်ဦးက ကျွန်တော့်ကို ပြောခဲ့ခြင်းဖြစ်ပါသည်။

"အထူးသဖြင့် ရှမ်းအရှေ့ဘက်မှာ ပျားလိမ္မော်များတယ်။ ဒီဘက်ကတော့ ရိုးရိုးသီးတွေပါပဲ"

ရှမ်းအရှေ့ဆိုသည်က တရုတ်၊ ထိုင်းတို့နှင့် ထိစပ်နေသည့် ဒေသများကို ဆိုလိုခြင်းဖြစ်ပြီး ရိုးရိုးသီးဆိုသည်က မျိုးရိုးဗီဇ ပြုပြင်ထားသည့် အသီးမဟုတ်သော အော်ဂဲနစ် (Organic) သီးနှံ စစ်စစ်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ရိုးရိုးသီးတဲ့။

(နှစ်)

ကျွန်တော်တို့ဆီမှာက အရပ်ဒေသများကို သူတို့၏ ထွက်ကုန်သီးနှံများနှင့် တွဲစပ်၍ သိတတ်ကြစမြဲဖြစ်ပါသည်။

တွံတေး မာလကာတဲ့။
တိုက်ကြီး သံပရာတဲ့။
ပန်းတနော် ကွမ်းတဲ့။
တောင်ငူ ကွမ်းသီးတဲ့။
အောင်ပန်း လိမ္မော်တဲ့။

ဟုတ်ပါသည်။ အောင်ပန်းက လိမ္မော်သီး နာမည်ကြီးပါသည်။ အောင်ပန်းသို့ရောက်တိုင်း လိမ္မော်ခြံများ ရှိရာဆီသို့ ကျွန်တော်ရောက်သွားကာ လိမ္မော်သီးကို ကိုယ်တိုင်ခူးဆွတ်စားမြဲ ဖြစ်ပါသည်။

တစ်ခေါက်တွင်ကား အောင်ပန်းကနေ ပင်းတယဘက်သို့ အသွား ပင်းတယဘက်သို့မလိုက်ဘဲ ရှားငံဘက်သို့ ခြေဦးလှည့်ဖြစ်ပါသည်။ ရေငန်၊ ရှားငန်၊ ရှားငံ စသည်ဖြင့် အမျိုးမျိုး ရေးထုံးရှိသော ရှားငံက ပဒတ်လိုဏ်(သို့မဟုတ်) ပြဒါးလင်းဂူကြောင့် လူသိများပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၁,၀၀၀ မှသည် ၆,၅၀၀ အကြား၌ လူနေခဲ့သည်ဆိုသော ထိုလိုဏ်ဂူကြီးက ရှေးဟောင်းသုတေသနသမားနှင့် သမိုင်းဆရာတို့၏ အကြိုက်တွေ့စရာ လိုဏ်ဂူကြီးပင်ဖြစ်ရာ ယင်းလိုဏ်ဂူနှင့် တွဲစပ်လျက် ရှားငံကို လူသိများခြင်းဖြစ်ပါသည်။

ရှားငံက ရှမ်းရိုးမကြီး၏ အနောက်ဘက် တောင်စောင်း၌ ရှိပြီး ဓနုတိုင်းရင်းသား အများစု နေထိုင်ရာဒေသဖြစ်သဖြင့် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပင် ဖြစ်ပါသည်။ နတ်ကိုးကွယ်သူမရှိ၊ ကိုယ်ပိုင်စာနှင့် စကားမရှိ၊ ဗုဒ္ဓဘာသာဝင်အများအပြားနေထိုင်ကာ ရိုးစင်း၍ အေးချမ်းတည်ငြိမ်ကာ နေ့ကွေးလေးလံစွာဖြင့် ဘဝကို လျှောက်လှမ်းသွားကြရာ ဒေသပင်ဖြစ်ပါသည်။

ရှားငံတစ်ဝိုက်မှာက လိမ္မော်ခြံကြီးတွေ ရှိပါသည်။ သည်လိမ္မော်ခြံကြီးတွေ ရှိရာဆီသို့ သွားကာ အေးအေးလူလူဖြင့် လိမ္မော်သီးခူးစားခဲ့ကြခြင်း ဖြစ်ပါသည်။

(သုံး)

လိမ္မော်ပင်က ရှောက်ပင်နှင့်တူပါသည်။ အရွက်ကလည်း ရှောက်ရွက်နှင့် တူပါသည်။ အပင်တိုင်း အပင်တိုင်း၌ လိမ္မော်သီးတို့ ပြွတ်နေအောင်သီးရာ လိမ္မော်ကိုင်းတို့ အောက်သို့ ညွတ်ကျမသွားရလေအောင် ဝါးတန်းကလေးများရိုက်လျက် လေးဘက်လေးတန် ကာရံကာတန်းပစ်၍ ခံပေးထားရပါသည်။ စိမ်းမှောင်နေသော အရွက်များကြား၌ ဝင်းမွတ်ကာ ပင်လုံးညွတ်မတတ် သီးနေသည့် လိမ္မော်သီးများကို ကြည့်ရသည်မှာ ကမ္ဘောဇ၏ အလှဆုံး ပန်းချီကားတစ်ချပ်ပင် ဖြစ်ပါသည်။

လိမ္မော်ပင်က နိမ့်ပါသည်။ အမြင့်ဆုံး အပင်ကမှ လူ့အရပ်တစ်ပြန်ခွဲ နှစ်ပြန်လောက်သာရှိရာ မည်သူမဆို လှမ်းခူး၍ရသော အနေအထားဖြစ်ပါသည်။ တစ်ပင်နှင့် တစ်ပင် ငါးပေဝန်းကျင်လောက်သာခြားပြီး စိုက်ထားရာ အဝေးက လှမ်းကြည့်လျှင် လိမ္မော်သီးတွေ သီးနေသည်နှင့် မတူဘဲ မီးသီးအဝါတွေ ပြွတ်သိပ်ဆင်ထားသည်နှင့်ပင် တူနေပါသည်။

"အခုနောက်ပိုင်း လိမ္မော်က မကိုက်ဘူးဗျာ။ တစ်ပိဿာမှ သုံးရာ့ငါးဆယ်၊ လေးရာပဲ ရတာ။ ပျားလိမ္မော်တို့ ဘာတို့က ထောင့်ငါးရာ ကျော်တယ်လေ"

လိမ္မော်တစ်ပင်က အလွန်ဆုံးသီးလှ အချိန်တစ်ဆယ်ပေါ့။ တစ်ပိဿာ သုံးရာ့ငါးဆယ်ဆိုတော့ တစ်ပင်ကို သုံးထောင့်ငါးရာ၊ ဆယ်ပင်ကို သုံးသောင်းခွဲ၊ အပင်တစ်ရာကို သုံးသိန်းခွဲ၊ အပင်တစ်ထောင်ကို သုံးဆယ့်ငါးသိန်း၊ အပင်တစ်သောင်းကို သိန်းသုံးရာ့ငါးဆယ် စသည်စသည်ဖြင့် ကျွန်တော်က စိတ်တွက်ဖြင့် လိုက်တွက်နေမိသည်။

"အပင်တစ်သောင်း စိုက်တဲ့လူက ရှားပါတယ်။ ထောင်ဂဏန်း၊ ရာဂဏန်းပါပဲ"

လိမ္မော်က ငါးနှစ်သားလောက်ဆိုလျှင် သီးပါပြီ။ တစ်နှစ်ကို တစ်သီး။ မိုးဦး၌ အပွင့်ကလေးများ ပွင့်ကာ အသီးတို့ ဆက်လိုက်လာပြီး ဆောင်း၌ လိမ္မော်ခူးကြရစမြဲ။

(လေး)

အခုနောက်ပိုင်း GM Crop (Genetically Modifical Crop) ခေါ် မျိုးရိုးဗီဇပြုပြင်ထားသည့် အသီးအနှံများ ဈေးကွက်အတွင်း၌ တွင်ကျယ်လာကြပါသည်။ မာလကာသီး၊ ပန်းသီး၊ ဆီးသီး၊ သင်္ဘောသီး၊ ဖရဲသီး၊ ခရမ်းသီး၊ ငှက်ပျောသီး၊ ကြက်ဟင်းခါးသီး၊ စပျစ်သီး၊ သရက်သီး၊ ငရုတ်သီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ အကြီးအသေး အချိုအချဉ် အစပ်အခါး လိုတိုး ပိုလျှော့ ပြုပြင်စီရင်ထားသည့် အသီးအနှံများ။

ကမ္ဘာ၌ ပထမဦးဆုံးသော မျိုးရိုးဗီဇ ပြုပြင်ထားသည့် အသီးမှာ ခရမ်းချဉ်သီး ဖြစ်ပါသည်။ ၁၉၉၂ ၌ အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ တင်ပြပြီး ခွင့်ပြုသဖြင့် ၁၉၉၄ တွင် ထို ခရမ်းချဉ်သီးများ အမေရိကန်ဈေးကွက်အတွင်းသို့ စတင်ရောက်ရှိခဲ့ပါသည်။

နောက်တော့ ထို GM Crop တို့ ကမ္ဘာသို့ ပျံ့နှံ့သွားခဲ့ရာ အမေရိကန်က ၆၈ ရာခိုင်နှုန်း၊ အာဂျင်တီးနားက ၂၂ ရာခိုင်နှုန်း၊ ကနေဒါ ၆ ရာခိုင်နှုန်း၊ တရုတ်က ၃ ရာခိုင်နှုန်း စိုက်သည်ဟု ဆိုပါသည်။

ဆေးပညာရှင်များက ထို GM Crop တို့သည် ဓာတုဗေဒပစ္စည်းများပါသဖြင့် မူးဝေ၊ အော့အန်၊ ယားယံ၊ ဝမ်းပျက်၊ ဝမ်းလျှော၊ နှင်းခူ၊ ကင်ဆာ၊ သားသမီးမြုံ၊ သန္ဓေသားအင်္ဂါချို့ယွင်း၊ ဦးနှောက်နှင့် အာရုံကြော ထိခိုက်စသည်စသည်ဖြင့် ဘေးထွက်ဆိုးကျိုးတို့ များပြားလှကြောင်း သတိပေးနေကြသော်လည်း တိုးပွားလာသည့် လူဦးရေကို ကာမိဖို့ GM Crop များ ခေါင်းထောင်ကြဆဲဖြစ်ပါသည်။ လူတို့၏ အလိုရမ္မက်အရလည်း GM Crop တို့ တွင်ကျယ်ကြဆဲဖြစ်ပါသည်။

ရှားငံလိမ္မော်သီးတွေက GM Crop များ မဟုတ်ကြပါ။ မျိုးရိုးဗီဇပြုပြင်ထားသည့် အသီးများ (Genetically Modifical Crop) မဟုတ်ကြ။ သဘာဝအသီး။ ဒါကြောင့် အချိုမစူး။ မပြင်း။ အလုံးအဖန်မလှ။ မကြွ။

စာရေးဆရာမနုနုရည်(အင်းဝ)က ရှားငံဝန်းကျင်က လိမ္မော်ပင်တွေကြားမှာ ဟိုအပင်က တစ်လုံးခူးလိုက်၊ သည်အပင်က တစ်လုံးခူးလိုက်နှင့် အားရပါးရကို စားနေပါလေသည်။ ကျွန်တော်တို့နောက်မှာ ရောက်လာကြမည့် ကိုဇာဂနာတို့၊ ကိုဇော်သက်ထွေးတို့၊ ကိုညီမင်းညိုတို့လည်း ကြိုက်ကြလေ့မပေါ့။

ရန်ကုန်အပြန် ရှားငံက ထည့်ပေးလိုက်သည့် သဘာဝလိမ္မော်သီးများ လေယာဉ်ပေါ်က ဆင်းလျှင် ဆင်းချင်းမှာပင်လျှင် ကိုရဲသျှမ်း၊ ကိုမင်းသစ်၊ ဆရာကြည်မင်း(ကျော်စောမင်း၊ ယောဂျော်)တို့ကို ကျွေးထည့်လိုက်ရာ "ဟာ. သဘာဝအသီးတွေဟ၊ ဘာဆေးမှ မပါဘူးဟ" နှင့် စားလိုက်ကြသည်မှာ မြိန်ရေယှက်ရေ။

အော်. . ရှားငံ. . ရှားငံ။ ရိုးစင်းငြိမ်းအေးသည့် မြို့ကလေးဝန်းကျင်က ရှမ်းရိုးမ၏ အနောက်ဘက်ခြမ်းတွင် သီးချင်တိုင်း သီးနေသည့် အော်ဂဲနစ် (organic) လိမ္မော်သီးခေါ် သဘာဝ လိမ္မော်သီးခြံကလေးများနှင့် ရှားငံ။

GM Crop အနွယ်ဝင် မျိုးရိုးဗီဇပြုပြင်ထားသည့် လိမ္မော်သီးများကို ကြောက်သူ မိတ်ဆွေများကို ရှားငံတစ်ဝိုက်က လိမ္မော်ခြံများ ရှိရာဆီသို့ ခေါ်သွားချင်စမ်းပါဘိ။ ။

7 ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညာဏ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

**“လူငယ်လူရွယ် ကာယဗလနဲ့ အရာရာညီစေကွယ်၊ ခိုင်မာအောင်သာ သူများအကျိုးအတွက် အခါခါ ကူညီမယ်၊ ရိုသေကြင်နာဖွယ်၊ ကမ္ဘာပေါ် ဝယ်ထင်ပေါ် လာစေမယ်၊ နိုင်ငံသားကောင်းပီသဖို့ရည်ရွယ်၊ မျိုးချစ်စိတ်နဲ့ သစ္စာတွေရယ်၊ ရဲစွမ်းသတ္တိရှိပါပေတယ်၊ အချိန်အခါမရွေးတယ်၊ ဝန်ထမ်းစိတ်ထားတယ်၊ အကျင့်စာရိတ္တကို ပြင်ခါသွန်သင်မယ်”** (ကင်းထောက်သီချင်း)

# ကင်းထောက်တွေ ပြန်လာပြီ

**မျိုးအောင်(အငြိမ်းစား)**



ကျွန်တော်တို့ လူငယ်ဘဝ ကင်းထောက်လုပ်တုန်းကဆိုတဲ့ ဒီသီချင်းတစ်ပိုင်းတစ်စလေးကို သတိရစေတာကတော့ “ကင်းထောက်အဖွဲ့များပြန်လည်ဖွဲ့စည်းမည်” ဆိုတဲ့ သတင်းဖတ်လိုက်ရလို့ ဖြစ်တယ်။ မကြာခင်မှာဘဲ ပညာရေးဌာနက အခြေခံပညာသင်ကျောင်းတွေမှာ ကျောင်းသား၊ ကျောင်းသူ၁၈၀၀ကိုကင်းထောက်ဆင့်ပွား သင်တန်းစတင်ပေးနေပြီဆိုတာ မြန်မာ့ရုပ်မြင်သံကြားမှာ တွေ့လိုက်ရတယ်။

လွန်ခဲ့တဲ့ အနှစ် ၅၀ ကျော် တစ်ခေတ်တစ်ခါက လူငယ်များ တက်ကြွစွာပါဝင် လှုပ်ရှားခဲ့တဲ့ ကင်းထောက်အဖွဲ့တွေ ပြန်မြင်တွေ့ရတော့မယ်ဆိုပြီး စိတ်လှုပ်ရှားမိတယ်။

အင်္ဂလိပ်လို Scout လို့ခေါ်တဲ့ကင်းထောက်အဖွဲ့ကို အင်္ဂလန်နိုင်ငံကစပြီး တည်ထောင်သူကတော့ Lord Baden Powell ဖြစ်တယ်။ ၁၉၀၈ ခုနှစ်မှာ တည်ထောင်ခဲ့တာ နှစ် ၁၀၀ ပြည့်လို့ ကမ္ဘာ့တစ်ဝန်းမှာ ရာပြည့်အခမ်းအနားတွေ ကျင်းပပြုလုပ်ခဲ့ကြတယ်။ သူ့ရဲ့ ရည်ရွယ်ချက်ကတော့ အသက် ၁၁ နှစ်မှ ၁၆ နှစ်အရွယ် လူငယ်များကို အကျင့်စာရိတ္တ၊ စည်းကမ်း၊ ကျန်းမာရေးနှင့် ခေါင်းဆောင်မှုကောင်းအောင် ကျောင်းပြင်ပလှုပ်ရှားမှု(Outdoor activity) တစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့တာ ဖြစ်တယ်။

မြန်မာနိုင်ငံမှာလည်း လွတ်လပ်ရေး မရမီကပင် ကင်းထောက်အဖွဲ့တွေ အခြေခံ ပညာသင်ကျောင်းတွေမှာ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြတယ်။ မြို့မကျောင်း၊ တီတီစီကျောင်းနဲ့ သာသနာပြုကျောင်း(Mission School)တွေမှာ ရှိတယ်။ စေတနာ့ဝန်ထမ်း (Volunteer)သက်သက်ဖြစ်တယ်။ ယောကျ်ားလေးတွေကို Boy Scout လို့ခေါ်ပြီး မိန်းကလေးတွေကိုတော့ Girl Guide လို့ခေါ်တယ်။ အသက် ၁၁ နှစ် မပြည့်သေးတဲ့ လူငယ်လေးတွေကိုတော့ Wolf Cub (သို့) Tenderfoot လို့ခေါ်တယ်။

ရည်ရွယ်ချက်ကတော့ ကျောင်းသား၊ ကျောင်းသူ လူငယ်တွေကို လူတော်၊ လူကောင်းတွေ ဖြစ်လာအောင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂ ဗလဆိုတဲ့ ဗလငါးတန်နဲ့ ပြည့်ဝဖို့ ပျိုးထောင်ပေးတဲ့ အဖွဲ့ဖြစ်တယ်။

ကင်းထောက် လူငယ်တွေဟာ သစ္စာအဓိဋ္ဌာန်နဲ့ ကျင့်ဝတ်တွေအရ နေထိုင်ကြတဲ့အခါ စိတ်ဓာတ်ကောင်းတယ်။ ရည်မှန်းချက်ခိုင်မာတယ်။ ကျောင်းမှန်မှန်တက်တယ်။ စာကြိုးစားတယ်။ အကျင့်စာရိတ္တကောင်းတယ်။ ကျန်းမာတယ်။ ဆေးလိပ်၊ အရက်နဲ့ကွမ်းစားတာ မတွေ့ရဘူး။ လူတော်လူကောင်းတစ်ယောက်ဖြစ်စေဖို့ ကောင်းမွန်တဲ့ လူမှုပတ်ဝန်းကျင်(Social Environment) ဖြစ်တယ်။

ဗိုလ်ချုပ်ကြီး၊ ဝန်ကြီး၊ သူဌေးကြီး၊ ဆရာဝန်ကြီး သား၊ သမီးရယ်လို့ ခွဲခြား ဆက်ဆံမှု လုံးဝမရှိဘူး။ အားလုံး တစ်ဦးနဲ့တစ်ဦး ညီရင်းအစ်ကိုလို ချစ်ကြတယ်။ ရိုင်းပင်းကူညီတယ်။ ခေါင်းဆောင်ရဲ့ စကားကို လေးစားနာခံထောင်တယ်။ ခေါင်းဆောင်ကလည်း အားလုံးကို တရားမျှတ၊ တူညီစွာ ဆက်ဆံတယ်။ စံနမူနာဖြစ်အောင် နေထိုင်တယ်။

ကင်းထောက်တွေဟာ ကျောင်းပိတ်ရက်တွေမှာ စုဝေးတယ်။ ခေါင်းဆောင်၊ ဒုခေါင်းဆောင်များက ကင်းထောက်တစ်ယောက်သိရမယ့် အတတ်ပညာ၊ ဗဟုသုတနဲ့ နည်းစနစ်တွေ သင်ကြားပေးတယ်။ ဥပမာ-ကင်းထောက်ကတိနှင့် ကျင့်ဝတ်၊ တောစခန်းထွက်ခြင်း၊ ရှေးဦးသူနာပြု၊ မီးခြစ်မပါ မီးမွှေးနည်း၊ တောင်ကုန်းတစ်နေရာနှင့် တစ်နေရာ အလံနှင့် အချက်ပြနည်း၊ ရေကူးနှင့် အသက်ကယ်နည်းစတာတွေ ဖြစ်တယ်။

လေကြောင်းနဲ့ ရေကြောင်း ကင်းထောက်ဆိုတာလည်း ရှိတယ်။ လေတပ်နဲ့ ရေတပ်က သက်ဆိုင်ရာ ဘာသာရပ်တွေကို စာတွေ့လက်တွေ့သင်ပေးတယ်။

ရန်ကုန်မှာ ကျောင်းပေါင်းစုံက ကင်းထောက်အဖွဲ့တွေ၊ ကင်းထောက်အတတ်ပညာနှင့် ကျွမ်းကျင်မှု ပြိုင်ပွဲတွေ နှစ်စဉ်လုပ်တယ်။ ပြိုင်ပွဲမှာ အနိုင်ရတဲ့ အဖွဲ့က မြို့တော်ဝန်ရဲ့အလံ(Mayor's Flag)ချီးမြှင့်ခံရတယ်။ ဒါဟာ ကင်းထောက်အဖွဲ့ရဲ့ အမြင့်ဆုံးဆု၊ အကယ်ဒမီလို့တောင် ခေါ်နိုင်တယ်။ အဲဒီတုန်းက ကျွန်တော်တို့အဖွဲ့က မြို့တော်ဝန်အလံရလို့ ပျော်လိုက်ရတာ အမောပဲ။

တစ်နှစ်မှာတော့နိုင်ငံတစ်ဝန်းက ကျောင်းပေါင်းစုံ ကင်းထောက်စခန်းချပွဲတော်ကြီး(Jamboree)ကို အင်လျားလေးစခန်းမှာ လုပ်တယ်။ အဲဒီမှာလည်း ပြိုင်ပွဲတွေ လုပ်တယ်။ တစ်ဦးနှင့်တစ်ဦး ရင်းနှီးပြီး မိတ်ဆွေအသစ်တွေဖြစ်၊ မီးပုံပွဲလုပ်၊ သီချင်းတွေဆို၊ ကကြခုန်ကြ၊ ပျော်စရာကြီးပဲ။

ကင်းထောက်ဟာ ကာယဗလကြံ့ခိုင်ဖို့ ခရီးကြမ်းလျှောက်ရတယ်။ ရန်ကုန်က ထောက်ကြန့်အသွား၊ အပြန် လျှောက်ရတယ်။ ထောက်ကြန့်ရဲစခန်းက ရောက်ရှိကြောင်း လက်မှတ်ယူခဲ့ရတယ်။ ကင်းထောက်ဟာ ရေကူးတတ်ရုံနှင့် မရ။ ရေနစ်သူကို ကူညီနိုင်အောင် အသက်ကယ်နည်းကို စနစ်တကျ သင်ရတယ်။ မတော်တဆ ထိခိုက်ဒဏ်ရာရရင် သက်သာအောင်လို့ ရှေးဦးသူနာပြု (First Aid) သင်ရတယ်။ မိမိတို့အတွက်သာမက လမ်းသွားရင်း ဒဏ်ရာရသူတွေတွေ့ရင် ကူညီပေးရတယ်။

ကင်းထောက် ရန်ပုံငွေ (Fund)ရှာရာမှာလည်း အလှူမခံဘူး။ အလုပ်တစ်ခုခု လုပ်ပေးပြီးမှ “လုပ်ခ”ယူတယ်။ အဲဒီတုန်းက အိမ်တွေသွားပြီး အမှိုက်လှည်း၊ မြက်ဖြတ်၊ ခြံရှင်း၊ ကားရေဆေး တစ်ခုခုလုပ်ရင် ငွေတစ်ကျပ်ရတယ်။ လုပ်အားတန်ဖိုး တစ်ကျပ်ဖိုး(Kyat a Job)လို့ခေါ်တယ်။

ကင်းထောက်အဖွဲ့ရဲ့ ဖွဲ့စည်းမှုမှာ အဖွဲ့ခေါင်းဆောင်(Troop Leader) ရှိတယ်။ သူ့အောက်မှာ ကင်းစိတ်ခေါင်းဆောင်(Partrol Leader)ရှိတယ်။ ကင်းစိတ်အောက်မှာ ဒုကင်းစိတ် ခေါင်းဆောင်ရှိတယ်။ ကင်းစိတ်တွေကတော့ အဖွဲ့ဝင်ဦးရေပေါ်မှာ မူတည်ပြီး ဖွဲ့စည်းပါတယ်။ ကင်းထောက်ဝတ်စုံက ရိုးရိုးလေးပဲ။ ကာကီ အင်္ကျီလက်တို၊ ဘောင်းဘီတို၊ ခြေအိတ်ရှည်အပြာ၊ ရှူးဖိနပ် အနက်ဝတ်ရတယ်။ ကင်းထောက်အဖွဲ့လိုက် ကိုယ်ကြိုက်တဲ့ လည်စည်းအရောင်ကို ရွေးနိုင်တယ်။ ဦးထုပ်က Berry Cap (သံပရာခွံ)၊ လက်မောင်းမှာ မိမိကျွမ်းကျင်မှုအလိုက်ရတဲ့ တံဆိပ်တွေ တပ်ခွင့်ရှိတယ်။ အဆင့်မြင့်ဆုံး ကျွမ်းကျင်မှု တံဆိပ်က “ခြင်္သေ့(King Scout) ဖြစ်ပြီး လက်ျာဘက် ရင်ဘတ်အိတ်ပေါ်မှာ တပ်ရတယ်။ ဒါမြင်တာနဲ့ သူ့ရဲ့ အရည်အချင်းကိုသိနိုင်တယ်။

အဲဒီတုန်းက မြန်မာနိုင်ငံမှာ ကင်းထောက်လှုပ်ရှားမှုကို နိုင်ငံတော်သမ္မတကြီးကအစ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ကျောင်းအုပ်ကြီးတွေ၊ ရှေ့နေကြီးများ ပါဝင်အားပေးခဲ့ကြတယ်။ အမျိုးသမီးကင်းထောက်အဖွဲ့ချုပ်မှာဆိုရင်လည်း ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဇနီး ဒေါ်ခင်ကြည်၊ ဝန်ကြီးချုပ် ဦးနုရဲ့ ဇနီး ဒေါ်မြရီတို့ ဦးဆောင်ပါဝင်ခဲ့တယ်။

ကင်းထောက်အဖွဲ့တွေဟာ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ တော်လှန်ရေး ကောင်စီအစိုးရလက်ထက် ၁၉၆၂ ခုနှစ်မှာ အခြားအသင်းအဖွဲ့များနှင့်အတူ ချုပ်ငြိမ်းခဲ့ရတယ်။

အဲဒီအကြောင်းတွေ ပြန်စဉ်းစားလိုက်ရင် အဲဒီတုန်းက လူငယ်တွေဟာ သိပ်တက်ကြွတယ်။ ကင်းထောက်တစ်ယောက်အဖြစ် ပါဝင်လှုပ်ရှားနေရတာကိုက ဂုဏ်ယူစရာတစ်ခုဖြစ်တယ်။ မမေ့နိုင်တဲ့ ခေတ်ကာလနဲ့ လူငယ်သဘာဝ ပျော်ခဲ့၊ ကုန်ဆုံးခဲ့တဲ့အချိန်တွေကို ပြန်ပြောင်း သတိရပြီး ကင်းထောက်အကြောင်း ခေတ်လူငယ်များ သိဖို့ မျှဝေလိုက်ပါတယ်။

နှစ်သစ်မှာ ကင်းထောက်အဖွဲ့ဝင်သစ်တွေကို ကြိုဆိုရင်း တစ်နေ့မှာ လူတော် လူကောင်းတွေ ဖြစ်လာပြီး နိုင်ငံ့အကျိုးကို သယ်ပိုးနိုင်ပါစေ။ ခေါင်းဆောင်ကောင်းတွေ ဖြစ်ပါစေလို့ ဆုမွန်ကောင်းများ တောင်းလိုက်ပါတယ်။ ။

Business

7 DAY NEWS JOURNAL

Vol.11, No.46 • JANUARY 24 , 2013

# ယခင်ချေးငွေမရခဲ့သည့် ကြံစိုက်တောင်သူများအား ကျပ်တစ်သိန်းနှုန်း ချေးမည်

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ - ၁၈**

ယခင်နှစ်များက နိုင်ငံတော်မှစိုက်ပျိုးစရိတ်ချေးငွေ ချေးပေးခြင်းမရှိသည့် ကြံသီးနှံအား ယခုနှစ်ကြံစိုက်ရာသီမှ စတင်ကာ တစ်ဧကကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကြံစိုက်ပျိုးစရိတ်ချေးငွေကို အမှန်တကယ်စိုက်ပျိုးစရိတ် အခက်အခဲရှိနိုင်သည့် တစ်ပိုင်တစ်နိုင်နှင့် ဆယ်ဧကအောက် တောင်သူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ငံတော်မှ ချေးပေးမည့် တစ်ဧကချေးငွေနှုန်းထားမှာ တောင်သူများ ကုန်ကျသည့် တစ်ဧကစိုက်စရိတ်ထက် နည်းပါးသော်လည်း အကျိုးသက်ရောက်မှုရှိလာနိုင်ပြီး၊ တောင်သူများ ကြံသီးနှံစိုက်ရန် ပိုမိုစိတ်ဝင်စားလာနိုင်သလို ပြည်တွင်းကြံစိုက်ဧကတိုးလာနိုင်ကြောင်း၊ မြန်မာနိုင်ငံကြံနှင့် ကြံထွက်ကုန်ပစ္စည်းကုန်သည်များနှင့် ထုတ်လုပ်သူများအသင်း ဒုဥက္ကဋ္ဌ ဦးစံသိန်းက ပြောသည်။

ယခင်က အစိုးရချေးငွေ မရ၍ ကြံစိုက်တောင်သူတို့မှာ သကြားစက်၊ သကြားပွဲရုံများမှ အတိုးကြီးစွာ ငွေချေး၍ ကြံစိုက်နေရသည့်အတွက် ယခုကဲ့သို့ ချေးငွေပေးလာ၍ စိုက်စရိတ်အရင်းနှီးအတွက် အတန်သင့်အဆင်ပြေသွားနိုင်သလို တောင်သူတို့ အတိုးပေးရသက်သာ၍ ပိုမိုအကျိုးမြတ်ရှိမည်ဟု မျှော်လင့်ကြောင်း တကောင်းမြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်တို့မှ ကြံစိုက်တောင်သူအချို့က ပြောသည်။

ယခု ချေးပေးမည့်ချေးငွေအတွက် နိုင်ငံတော်မှ အတိုးနှုန်းမည်မျှယူမည်ကိုမထုတ်ပြန်သေးသော်လည်း နောက်ဆုံးချေးပေးခဲ့ရာတွင် ကျပ်တစ်ရာလျှင် တစ်နှစ်လုံးစာအတွက် ရှစ်ကျပ်ခွဲ အတိုးယူကြောင်း မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ကြံသီးနှံမှာ တစ်နှစ်စိုက်ပြီး သုံးနှစ်စားရသော သီးနှံမျိုးဖြစ်ကာ သုံးနှစ်ပျမ်းမျှအတွက် ကြံတစ်ဧကစိုက်စရိတ် ကျပ်ခြောက်သိန်းခန့်ကုန်ကျကြောင်း ကြံစိုက်တောင်သူများနှင့် သကြားလုပ်ငန်းရှင်များထံမှ သိရသည်။

လက်ရှိကြံတစ်တန်ဈေးနှုန်းမှာ ကျပ်သုံးသောင်းဖြစ်ကြောင်း သိရသည်။

## ကွန်ဒိုတိုက်ခန်းများကို နိုင်ငံခြားသားဝယ်ခွင့်ပြုပါက တိုက်ခန်းဈေးပါ မြင့်တက်သွားနိုင်ဟုခန့်မှန်း

**အောင်သူရ၊ မိုးညို**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

ကွန်ဒိုတိုက်ခန်းများကို နိုင်ငံခြားသားများအား ဝယ်ယူခွင့်ပြုလိုက်ပါက အဆိုပါကွန်ဒိုတိုက်ခန်းများအပါအဝင် အခြားသောတိုက်ခန်းများ၏ ဈေးနှုန်းများပါ မြင့်တက်သွားနိုင်ကြောင်း ဝါရင့်မြို့ပြ အင်ဂျင်နီယာဒေါက်တာ ကျော်လတ်က သုံးသပ်ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ယခုကျင်းပနေသော လွှတ်တော်တွင် တင်သွင်းမည့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ(မူကြမ်း)တွင် စုပေါင်းပိုင် အဆောက်အအုံ၏ ဆဋ္ဌမထပ်နှင့် အထက်ရှိ

**စာမျက်နှာ(၃၄)သို့ »**



ကချင်ပြည်နယ်အတွင်းမှ ရွှေတူးဖော်ရေးလုပ်ငန်းခွင်တစ်ခု

ဓာတ်ပုံ - TheVelvetRocket.com

## ငလျင်ကြောင့် ရွှေလုပ်ကွက်သစ်များ ပေါ်လာသော်လည်း လုပ်ကွက်ဟောင်းများ မပျောက်ဟုဆို

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၇**

ငလျင်လှုပ်ခတ်မှုများကြောင့် စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ရွှေလုပ်ကွက်သစ်များ ထပ်မံပေါ်ပေါက်လာသော်လည်း ယခင်ရွှေကြောများ ရွှေ့ပြောင်းသွားခြင်းမရှိကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

**စာမျက်နှာ(၃၄)သို့ »**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၄ | ၇၀၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၃၇ | ၁၁၅၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၈. ၉ | ၂၈. ၉ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၈ | ၁၃၉ | ကျပ် |

၂၀၁၃ ဇန်နဝါရီ ၁၉ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၀၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၀၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၀. ၀၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၁၅၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၇၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၆၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၅၈. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၁၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၇၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၈၃၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၀. ၅၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၂၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၁၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၆၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၁၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၁၅၁၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၈၈. ၁၀ |
| ရေနံစိမ်း | စည် | ၁၁၁. ၇၉ |
| ငွေ | ၁ အောင်စ | ၃၀. ၈၁ |
| ကြေးနီ | ပေါင် | ၃၆၆. ၃၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇန်နဝါရီ ၁၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.46 ▪ JANUARY 24 , 2013

စာမျက်နှာ(၃၃)မှ

## ငလျင်ကြောင့် ရွှေလုပ်ကွက်သစ်များ ပေါ်လာသော်လည်း လုပ်ကွက်ဟောင်းများ မပျောက်ဟုဆို

“ငလျင်လှုပ်သော်လည်း ရွှေလုပ်ကွက်တွေက သိပ်ပြောင်းလဲခြင်း မရှိဘူးလို့ထင်ပါတယ်”ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးကျော်ဝင်းက ပြောသည်။

၂၀၁၂ နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေး သပိတ်ကျင်းငလျင်ကြောင့် ထိုမြို့အနီး ရွှေကြောအသစ် ထပ်မံမတွေ့ရှိသေးသော်လည်း အချို့နေရာများ၌ ပေါ်ထွက်နေခြင်းမျိုး ရှိနိုင်ကြောင်း အောင်သမာဓိရွှေဆိုင်ပိုင်ရှင်ဦးအောင်က ပြောသည်။

ငလျင်များ လှုပ်ခတ်ပါက သတ္တုကြောပြတ်ရွေ့မှုကြောင့် ရွှေနှင့်ဓာတ်ငွေ့များ လမ်းကြောင်းပြောင်းထွက်လာနိုင်ပြီး မန္တလေးမြို့ သပိတ်ကျင်းငလျင်အပြီးတွင် ထိုဒေသနားရှိ သတ္တုကြောများ ပေါက်သွားနိုင်သည်ဟု ဘူမိဗေဒပညာရှင်ဦးစိုးသိန်းက ပြောသည်။

“အဝေးကြီး ရွှေ့တာတော့ မဟုတ်ဘူး။ ပတ္တမြားကြောတွေဆိုလည်း ဖြစ်တတ်တယ်။ ရွှေကြောဆိုရွှေ့သွားတယ်။ ဓာတ်ငွေ့ဆို ပျောက်ကွယ်သွားတာ။ ငလျင်လှုပ်တဲ့နေရာပေါ် မူတည်တယ်” ဟု ဦးစိုးသိန်းက ပြောသည်။

ရွှေလုပ်ကွက်သစ်များကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစ၍ တူးဖော်လျက်ရှိပြီး အဓိကဖြစ်သည့် သပိတ်ကျင်းငလျင်နှင့် တာလေ ငလျင်လှုပ်ခတ်မှုများကြောင့် အောက်ဘက်ရှိ ရွှေကြောများ ပေါ်ပေါက်လာခြင်းဖြစ်ရာ ယခုတွေ့ရှိသည့်ရွှေလုပ်ကွက်သစ်များအား စီးပွားဖြစ်ထုတ်လုပ်နိုင်ရန်အတွက် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

ယင်းလုပ်ကွက်သစ်များအနက် တနင်္သာရီတိုင်း ဘော်လူးချောင်းဒေသ၊ ရှမ်းပြည်နယ် ရွှေတြိဂံဒေသ၊ တာချီလိတ်မြို့နယ် တာလေဒေသ၊ မြစ်ကြီးနား၊ ကန့်ဘလူမြို့နယ်၊ မွန်ပြည်နယ် ဘုရားသုံးဆူနှင့် ၈ မိုင်ကွာဝေးသော ဒေသများတွင် စီးပွားဖြစ်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

“မန္တလေးရွှေကြောတွေက ပေါ်နေတဲ့ ရွှေကြောတွေလည်း မပျောက်ဘူး။ အသစ်ထပ်ပေါ်တာမျိုးလည်း မရှိဘူး။ ထပ်တော့ စောင့်ကြည့်ရမှာပေါ့။ တချို့ မသိနိုင်တဲ့ နေရာတွေမှာ ပေါ်တာမျိုးတော့ ရှိနိုင်တယ်” ဟု ဦးအောင်က ပြောသည်။

“ဘော်လူးချောင်းကတော့ ဘူမိဗေဒပညာရှင်တွေ ကွင်းဆင်းလေ့လာနေကြပြီ” ဟု ဦးမျိုးမြင့်က ပြောသည်။

လက်ရှိကာလတွင် ရွှေတူးဖော်ထွက်ရှိရာ အများဆုံးဒေသမှာ ကချင်ပြည်နယ်ဖြစ်ကြောင်း စာရင်းများအရ သိရသည်။

စာမျက်နှာ(၃၃)မှ

## ကွန်ဒိုတိုက်ခန်းများကို နိုင်ငံခြားသားဝယ်ခွင့်ပြုပါက တိုက်ခန်းဈေးပါ မြင့်တက်သွားနိုင်ဟုခန့်မှန်း

၄၀ ရာခိုင်နှုန်းထက်မကျော်သော အိမ်ခန်းများကို နိုင်ငံခြားသားများအား ရောင်းချခွင့်နှင့် လဲလှယ်ခွင့်၊ ပေးကမ်းခွင့်နှင့် စွန့်လွှတ်ခွင့်များ ရှိသည်ဟု ဖော်ပြပါရှိသည်။

“ကျွန်တော်တို့ဆီမှာ အဆင့်မြင့်တဲ့ ကွန်ဒိုတိုက်ခန်းတစ်ခန်းကို သိန်း သုံးထောင်၊ လေးထောင်လောက်ပဲရှိပါတယ်။ ဒေါ်လာနဲ့ဆိုရင် လေးသိန်းဝန်းကျင်ပေါ့။ ဘန်ကောက်မှာဆိုရင် ကောင်းတဲ့ တိုက်ခန်းက အကြမ်းအားဖြင့် ဒေါ်လာ လေးသန်းဝန်းကျင် ရှိပါတယ်။ စင်ကာပူမှာ ဒေါ်လာ ခြောက်သန်းကနေ ၁၂ သန်းအထိ ရှိပါတယ်။ အဲဒီလိုဈေးကွာနေတဲ့ အတွက် အစိုးရက ဝယ်ခွင့်ပြုလိုက်ရင် လာပြီး ဈေးကစားမှာဖြစ်ပါတယ်။ အဆင့်မြင့်တွေ ဈေးတက်ရင် ကျန်တာတွေလည်း ဈေးတက်လာမှာပါ” ဟု ဒေါက်တာကျော်လတ်က ပြောသည်။


ဓာတ်ပုံ -ထက်ပိုင်ဖြိုး(ဇဝန)

လက်ရှိကာလတွင်နိုင်ငံသားအမည်ခံပြီး နိုင်ငံခြားသားများက ဝယ်ယူနေသော တိုက်ခန်းများထဲတွင် ကွန်ဒိုတိုက်ခန်းများမှာ အများဆုံးဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံဆင်းရဲနေချိန်တွင် အိမ်ခြံမြေများအား နိုင်ငံခြားသားများ ပိုင်ဆိုင်မည်ကိုစိုး၍ ၁၉၄၇ ခုနှစ်ကပင် Immovable Property Act ခေါ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများရောင်းချခြင်းကို ဥပဒေပြဋ္ဌာန်းပြီး ကန့်သတ်ခဲ့သည်ဟု အထက်တန်းရှေ့နေ ဦးကိုနီက ပြောသည်။

“နိုင်ငံခြားသားက ဈေးကစားမယ်ဆိုတာ စံချိန်မီကွန်ဒိုတွေကို အဓိကကစားမှာ ရန်ကုန်မှာ စံချိန်မီကွန်ဒိုက နည်းတယ်။ ထင်သလောက်တော့ မဖြစ်လာနိုင်ဘူး။ အရောင်းအဝယ်ကတော့ ကောင်းလာနိုင်တယ်” ဟု ရွှေမင်းသား အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းပိုင်ရှင် ဦးမြတ်သူဝင်းက ပြောသည်။

သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းရှင်အများစုကမူ ကွန်ဒိုတိုက်ခန်းများအား နိုင်ငံခြားသားများအား ရောင်းချခွင့်ဥပဒေကို နှစ်သက်ကြသည်ဟု မေးမြန်းချက်များအရ သိရသည်။

“နိုင်ငံခြားသားတွေကို အမြန်ဆုံးရောင်းချခွင့်ပေးဖို့ တောင်းဆိုချင်ပါတယ်။ သူတို့ထဲက မြန်မာနိုင်ငံမှာ အမှန်တကယ် စီးပွားရေးလုပ်ကိုင်ပြီး အလုပ်လုပ်မယ့်သူတွေ အများကြီးပါလာနိုင်တယ်လေ” ဟုဆောက်လုပ်ရေးအထူးပြုကုမ္ပဏီတစ်ခုဖြစ်သည့် Asia Express ကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်သက်သက်နိုင်က ပြောသည်။

လူဦးရေ ငါးသန်းကျော် နေထိုင်သော ရန်ကုန်မြို့တွင် တစ်နှစ်လျှင် ၂ ဒသမ ၂ ရာခိုင်နှုန်း လူဦးရေ တိုးတက်လျက်ရှိပြီး အိမ်ခန်းပေါင်း သုံးသောင်းကျော် နှစ်စဉ်လို အပ်လျက်ရှိသော်လည်း တစ်နှစ်လျှင် တစ်သောင်းခန့်သာ ဖြည့်ဆည်းပေးနိုင်ကြောင်း ဒေါက်တာကျော်လတ်က ပြောသည်။

ရန်ကုန်မြို့တွင်းဒေသများတွင် တိုက်ခန်းတစ်ခန်းလျှင် ပျမ်းမျှ ကျပ်သိန်း ၂၀၀ ခန့်ရှိပြီး သမ္မတဦးသိန်းစိန် အစိုးရ တက်လာပြီးနောက် အိမ်ခြံမြေဈေးနှုန်းများ ဈေးတက်လာခဲ့ကာ ရန်ကုန်မြို့ရှိအိမ်ခြံမြေဈေးမှာ အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်နေကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

## JOKE

### ဘာလို့ငိုတာလဲ

ကလေးငယ်နှစ်ဦး ဆေးခန်းတစ်ခန်း အပြင်ဘက်တွင် ထိုင်နေကြပြီးတစ်ဦးမှာ ငိုနေပါသည်။

**ပထမကလေး-** မင်း ဘာလို့ငိုနေတာလဲ။

**ဒုတိယကလေး-** ငါ ဒီမှာ သွေးလာစစ်တာကွ။

**ပထမကလေး-** အဲဒါ ဘာဖြစ်လဲ၊ မင်းကြောက်လို့လား။

**ဒုတိယကလေး-** မကြောက်ပါဘူး။ ဒါပေမဲ့ သွေးစစ်ဖို့ ငါ့ရဲ့လက်ချောင်းကို သူတို့ ဓားနဲ့ဖြတ်လိုက်တယ်ကွ။

ဤနေရာတွင် ပထမကလေးမှာ သည်းထန်စွာငိုကြွေးလေတော့ရာ ဒုတိယကလေးမှာ အံ့အားသင့်နေသည်။

**ဒုတိယကလေး-** ဟေ့ကောင် မင်းကဘာလို့ငိုနေတာလဲ။

**ပထမကလေး-** ငါက ဆီးလာစစ်တာကွဟု ဆိုပါတော့သည်။

### ပူးပေါင်းကြံစည်မှု

စာရေးဆရာတစ်ဦးက သူငယ်ချင်းဖြစ်သူကို ယခုလို ပြောသည်။

စာရေးဆရာ-စာအုပ်ထုတ်ဝေသူတွေကတော့ငါ့အပေါ် ပူးပေါင်းကြံစည်နေကြတယ်လို့ ငါယုံကြည်နေတယ် သူငယ်ချင်း။

သူငယ်ချင်း- မင်းက ဘာဖြစ်လို့ အဲဒီလိုထင်နေတာလဲ။

စာရေးဆရာ- မင်း စဉ်းစားကြည့်လေကွာ။ ငါရေးထားတဲ့ ဝတ္ထုဇာတ်လမ်းကိုထုတ်ဝေသူ ဆယ်ဦးစလုံးက ငြင်းလိုက်တယ်လေ။

စာမျက်နှာ(၄၀)မှ

## အုတ်ကျင်းမှ ဖုတ်သွင်းရထား

၁၂-၁-၂၀၁၃မြန်မာ့အလင်း သတင်းစာထဲမှာ "ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့" (Yangon City Public Transport Authority) ကို ဖွဲ့ပြီးပြီ။ ပထမအကြိမ်အစည်းအဝေးကျင်းပပြီး သတင်းစာရှင်းလင်းပွဲလုပ်တာတွေ့ရတယ်။ ရန်ကုန်မြို့ရဲ့နေ့စဉ်ခရီးသွားပြည်သူ သုံးသန်းကျော်အဆင့်တန်းမြင့်စွာ သွားလာနိုင်ရေးအတွက် အဆင်ပြေစေဖို့ Transport System တွေ စီစဉ်သွားမယ်ဆိုတာ ပြောသွားပါတယ်။ မီးရထားဘူတာနဲ့ ကားဂိတ်တွေ ချိတ်ဆက်နိုင်ဖို့တွေလည်း ပါတယ်ပြောသလို အဆင်ပြေစေချင်ပါတယ်။

မီးရထားနဲ့ ပတ်သက်လို့ကတော့ ခရီးသွားတွေကို အဆင်ပြေစေချင်တဲ့ စေတနာနဲ့ မြို့ပတ်ရထားတွေ ထပ်တိုးတာ၊ မတိုးတာအသာထားလို့ ဘူတာရုံက ရောင်းတဲ့ ခရီးစဉ်အချိန်ဇယားမှာပါတဲ့အတိုင်း လာမယ်ဆို တကယ်လာ၊ ထွက်မယ်ဆို တကယ်ထွက်၊ အဲဒီလို ရထားမျိုးလေးတွေ ရရင်ကိုပဲ ကျေးဇူးကြီးလှပါပြီလို့ ပြောချင်ပါတယ်။

အခုလာမယ် နောက်ကျမှ လာမယ်၊ လာချင်မှလည်း လာမယ်ဆိုတဲ့ဖုတ်သွင်းရထားမျိုးတွေ မဟုတ်ရင် ရပါပြီ။ ကျွန်မတို့အတွက် မီးပွိုင့်မမိ၊ စပယ်ယာမလိုတဲ့ မီးရထားက စိတ်ရောလူပါ သက်သာလို့၊ ကိုယ်အဆင်ပြေသလို တခြားခရီးသွားတွေပါ ရထားဆီရွှေ့လာကြရင် အားလုံးအဆင်ပြေ။ ယာဉ်ကြောပိတ်ဆို့ခြင်းကိုလည်း တစ်ဖက်တစ်လမ်းကူညီရာရောက်ပါလိမ့်မယ်။

အားလုံး သိပြီးဖြစ်မှာပါ။ ခရစ္စမတ်နေ့က အဲပုဂံလေယာဉ် မတော်တဆမှု ဖြစ်ခဲ့တာ။ အဲဒီခရီးစဉ်မှာပါတဲ့ ဂျာမနီနိုင်ငံသူ Sabine Hawpel က Voice ဂျာနယ်နဲ့အင်တာဗျူးမှာ နောက်တစ်ခါ ပြည်တွင်းလေယာဉ်တွေ စီးဖို့ အစီအစဉ် ရှိသေးလားဆိုတဲ့ အမေးကို နောက်တစ်ကြိမ်ဆို ရထားပဲ စီးဖြစ်တော့မယ်လို့ ဖြေသွားပါတယ်။ အဲဒီဂျာမနီသူက ရုပ်သံလွှင့်မီဒီယာတစ်ခုမှာ အလုပ်လုပ်နေတဲ့ သတင်းစာဆရာလို့လည်း သိလိုက်ရတယ်။

ဖုတ်သွင်းရထားလို ပျောက်ခြင်းမလှ ပျောက်သွားတဲ့ အုတ်ကျင်းဘူတာရုံက ရထားကို ကျွန်မ ပြေးသတိရသွားတယ်။ အကယ်၍များ အဲဒီဂျာမနီသူ တကယ်ရထားစီးဖြစ်တဲ့အခါ မီးရထားသံလမ်းပေါ်က ဖုတ်သွင်းရထားတွေကို အချိန်မီ ရှင်းထားနိုင်ပါစေလို့ ဆုတောင်းမိပါတယ်။ မဟုတ်ရင်တော့ ကမ္ဘာ့သတင်းမီဒီယာတွေထဲမှာ မြန်မာ့ဖုတ်သွင်းရထားအကြောင်း နာမည်ကြီးဦးမှာ မြင်ယောင်နေမိပါသေးတယ်။ ။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 103,500 |
| Galaxy GIO | 123,500 |
| Galaxy Ace | 154,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 224,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 342,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 295,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### Sony

| Model | Price |
|---|---|
| Xperia X8 | 110,000 |
| Xperia Acrs | 238,000 |
| Xperia Go | 186,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 740,000 |
| iPhone 4S (64 GB) | 605,000 |
| iPhone 4S (32 GB) | 585,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| U 8661 | 77,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| U 8825 D | 116,000 |
| U 8950 D | 162,000 |
| Ascend P1 | 270,000 |

ဇန်နဝါရီ(၁၉)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 35BX | 240,000 |
| Sony (LED) | 32EX33 | 300,000 |
| **DVD** | | |
| EVD(Sony) | DVK75 | 20,000 |
| I-MAX | DVD-SR81220XDM2 | 28,500 |
| EVD (AEK) | HDMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Samsung | RT2ASHMG | 225,000 |
| Hitachi | 190W | 230,000 |
| Panasonic | NR.BT224 | 230,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 145,000 |
| Samsung | WT8J | 165,000 |
| **Aircon** | | |
| Chigo | 1.0HP | 180,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 180,000 |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၁၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၇၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၂၇၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ပေ) | ၁ ပေနှုန်း | ၂၈၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၁၈)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၄၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၁,၁၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၃၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၄၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၈,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၃၆,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၃၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၅,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |

ဇန်နဝါရီ(၁၉)ရက်က ကြည့်မြင်တိုင်ဗဟိုစိပ်ပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jan(13) | 816 | 860 | 880 | 880 |
| Jan(14) | 816 | 860 | 880 | 880 |
| Jan(15) | 816 | 860 | 880 | 880 |
| Jan(16) | 816 | 860 | 880 | 880 |
| Jan(17) | 816 | 860 | 880 | 880 |
| Jan(18) | 816 | 860 | 880 | 880 |
| Jan(19) | 816 | 860 | 880 | 880 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Dell** | |
| Intel Core i5 2.5 GHz, 8GB DDR3, 1TB HDD, HD, 15.6" | 571,000 |
| Intel Core i5 2.5 GHz, 4GB DDR3, 500GB HDD, HD, 15.6" | 498,000 |
| Intel Core i5 2.3 GHz, 6GB DDR3, 640GB HDD, HD, 15.6" | 854,000 |
| Intel Core i7 2.7 GHz, 4GB DDR3, 500GB HDD, HD, 14" | 699,000 |
| **Acer** | |
| Intel Core i5 1.7 GHz, 4GB DDR3, 750GB HDD, 15.6" | 686,000 |
| Intel Core i3 1.8 GHz, 4GB DDR3, 500GB HDD, 14" | 497,000 |
| Intel Core i5 1.7 GHz, 4GB DDR3, 500GB HDD, 14" | 574,000 |
| Intel Core B 987 1.5 GHz, 2GB DDR3, 500GB HDD, HD, 14" | 371,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, 15.6" | 505,000 |
| Intel Core i3 2.3 GHz, 2GB DDR3, 500GB HDD, HD, 14" | 402,000 |
| Intel Core i5 2.5GHz, 2GB DDR3, 500GB HDD,1GB VGA,14" | 561,000 |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, HD, 14" | 445,000 |

7 DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013



# မာလီနိုင်ငံမှာ ဘာတွေဖြစ်နေသလဲ

**ကြည်နေဝင်းမင်း**

နိုင်ငံတကာခေါင်းဆောင်များသည် မာလီနိုင်ငံမြောက်ပိုင်းတွင် အစ္စလာမ်မစ်စစ်သွေးကြွများ ထကြွသောင်းကျန်းနေခြင်းကို တုံ့ပြန်အရေးယူနေကြသည်။ မျှော်မှန်းချက်မှာ တစ်ချိန်က အာဖရိကတိုက်၏စံပြ ဒီမိုကရေစီနိုင်ငံတွင် တည်ငြိမ်မှုပြန်လည်ရရှိရေးဖြစ်သည်။

ယမန်နှစ်က အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း စစ်သွေးကြွများသည် တစ်ချိန်က ကမ္ဘာတစ်ဝန်းမှ အစ္စလာမ်မစ်ပညာရှင်များ တခုတ်တရလာရောက် လေ့လာခဲ့ကြရသော ရှေးဟောင်းဂူဗိမာန်များကို ဖျက်ဆီးခဲ့သည်။ သီချင်းနားထောင်ခြင်းကိုလည်း ပိတ်ပင်ခဲ့သည်။ လူမှုရေးဖောက်ပြန်သော စုံတွဲတစ်တွဲအား အများပြည်သူရှေ့တွင် ကျောက်ခဲများဖြင့် ပစ်ပေါက်သတ်ဖြတ်ခြင်း အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုသတင်းများ အများအပြား ထွက်ပေါ်လာသည်။

မာလီနိုင်ငံတွင်ငြိမ်းချမ်းရေးတပ်ဖွဲ့များ ထားရှိရန် ပြီးခဲ့သည့်လအတွင်း ကုလသမဂ္ဂက ဆုံးဖြတ်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်းမှာပင် ပြင်သစ်တပ်ဖွဲ့များက ၎င်းတို့၏ ကိုလိုနီနိုင်ငံဟောင်းတွင် ပါဝင်ကူညီတိုက်ခိုက်ပေးနေသည်။ အစိုးရထိန်းချုပ်မှုအတွက် အရေးပါသော ရှေ့တန်းစစ်မျက်နှာမှ မဟာဗျူဟာကျသော ကွန်နာမြို့ကို စစ်သွေးကြွများက တိုက်ခိုက်သိမ်းပိုက်ပြီး နောက်ပိုင်း နိုင်ငံတကာကြားဝင်မှုအတွက် အရေးတကြီးဖြစ်လာစေခဲ့သည်။

**မတည်ငြိမ်မှုနောက်ကွယ်မှ ဇာတ်လမ်း**

မာလီနိုင်ငံသည် ၁၉၆၀ ပြည့်နှစ်တွင် ပြင်သစ်နိုင်ငံမှ လွတ်လပ်ရေးရရှိခဲ့သည်။ အနောက်အာဖရိကရှိ ကုန်းတွင်းပိတ်နိုင်ငံမှာ ထိုအချိန်မှစ၍ အခက်အခဲပေါင်းများစွာ ဖြတ်ကျော်ခဲ့ရပြီး ယင်းအခက်အခဲများတွင် မိုးခေါင်ရေရှားခြင်း၊ ပုန်ကန်ထကြွခြင်းနှင့် နှစ်ပေါင်းများစွာ စစ်အာဏာရှင်စနစ်အောက် ရောက်ရှိခဲ့ခြင်းတို့ ပါဝင်သည်။

မာလီနိုင်ငံတွင် ၁၉၉၂ ခုနှစ်တွင် ဒီမိုကရက်တစ် ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့ပြီး ယင်းနောက်ပိုင်း အများအားဖြင့် ခိုင်မာသော ဒီမိုကရေစီနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ် မတ်လအတွင်း စစ်ဘက်တပ်ဖွဲ့ဝင်အချို့က ပုန်ကန်ပြီး အစိုးရအား ဖြုတ်ချခဲ့ရာ ဖွံ့ဖြိုးစပြုနေသော နိုင်ငံစီးပွားရေးနှင့် လူမှုရေးတည်ငြိမ်မှုကို အားနည်းသွားစေခဲ့သည်။

**ဘာကြောင့် အာဏာသိမ်းမှုဖြစ်တာလဲ**

မာလီစစ်တပ်မှ ဒေါသူပုန်ထနေသော စစ်သားအုပ်စုအချို့က နိုင်ငံမြောက်ပိုင်း ကျယ်ပြန့်သော သဲကန္တာရတွင် လှည့်လည်သွားလာနေသော တူအာရက်လူမျိုး သူပုန်များကို နှိမ်နင်းရာ၌ အစိုးရက ၎င်းတို့ကို လုံလောက်သော စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးခြင်းမရှိဟု စွပ်စွဲခဲ့ကြသည်။

၂၀၁၂ မတ်လတွင် သမ္မတနန်းတော်မှ မိုင်အနည်းငယ်အကွာ စစ်တပ်စခန်းတွင် အဓိကရုဏ်းဖြစ်ပေါ်ခဲ့ပြီး စစ်သားများက သမ္မတနန်းတော်ဆီသို့ ချီတက်ခဲ့ကြသည်။ နာရီအနည်းငယ်အကြာတွင် စစ်သားတစ်ဦး အစိုးရုပ်သံ၌ ပေါ်လာပြီး နိုင်ငံကို စစ်ဘက်က ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း ကြေညာသည်။ သမ္မတကိုလည်း မတွေ့ရတော့။ ယင်းသို့ အာဏာလစ်လပ်မှုကို အခွင့်ကောင်းယူ၍ တူအာရက်လူမျိုး သူပုန်များက နိုင်ငံမြောက်ပိုင်းဒေသအချို့ကို သိမ်းပိုက်လိုက်ကြသည်။ ၎င်းတို့မှာ မူလကတည်းကပင် လွတ်လပ်ရေးကို အလိုရှိကြပြီး ၁၉၆၀ ခုနှစ်များမှစ၍ ပုန်ကန်ထကြွမှုများစွာ လုပ်ဆောင်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီ အသတ်ခံရပြီး လစ်ဗျားနိုင်ငံမှာ ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်နေရချိန် လက်နက်များပေါများလာသည်။ ယင်းတွင် ကဒါဖီအတွက် တိုက်ခိုက်ပေးခဲ့သော တူအာရက်သူပုန်များကလည်း ယင်းလက်နက်များကို ရယူ၍ မာလီအစိုးရကို တော်လှန်ကြတော့သည်။

**အစ္စလာမ်မစ် စစ်သွေးကြွတွေလက်ထဲ မာလီမြောက်ပိုင်း ဘယ်လိုရောက်သွားသလဲ**

တူအာရက်သူပုန်များက နိုင်ငံမြောက်ပိုင်းကို သိမ်းယူပြီးနောက်ပိုင်း ဒေသခံ အစ္စလာမ်အယူစွဲပြင်းထန်သူများနှင့် သူပုန်များကြား အာဏာလုပွဲဖြစ်ပေါ်လာခဲ့သည်။ နောက်ပိုင်းတွင် အစ္စလာမ်မစ်အစွန်းရောက်များက တူအာရက် သူပုန်များအား ဖြုတ်ချပြီး ပြင်သစ်နိုင်ငံအရွယ်အစားခန့်ရှိသော မာလီမြောက်ပိုင်း သုံးပုံနှစ်ပုံကို သိမ်းပိုက်ခဲ့သည်။

ဒေသခံအန်ဆာဒိုင်း စစ်သွေးကြွအဖွဲ့အပါအဝင် ယင်းဒေသတွင် အယ်လ်ကိုင်ဒါအဖွဲ့နှင့် ဆက်စပ်သော စစ်သွေးကြွအဖွဲ့များ အများအပြားရောက်ရှိနေသည်ဟု သတင်းများပေါ်ထွက်လာသည်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အနောက်အာဖရိကအစ္စလာမ်မစ်မက်ဂရက်ဒေသတွင် အယ်လ်ကိုင်ဒါများ ရှိနေခြင်းနှင့် မာလီနိုင်ငံအတွင်း တိုးချဲ့နေရာယူခြင်းကို စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားကြသည်။

ယင်းအဖွဲ့သည် လစ်ဗျားနိုင်ငံ၌ အမေရိကန်သံအမတ်ကြီး သေဆုံးခဲ့သည့် တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟုလည်း အမေရိကန်အရာရှိများက ဆိုသည်။

**လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ**

နိုင်ငံမြောက်ပိုင်းကို ထိန်းချုပ်လိုက်သော အစ္စလာမ်မစ်များက 'ရှာရီးယား' ဟုခေါ်သော တင်းကျပ်သည့် အစ္စလာမ်မစ်ဥပဒေကို ချမှတ်ကြသည်။ "ရှာရီးယား ဥပဒေကျင့်သုံးတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘယ်သူ့ကိုမှ ဖြေရှင်းစရာမလိုဘူး" ဟု၍ အစ္စလာမ်မစ်ခေါင်းဆောင်တစ်ဦးဖြစ်သူ အလီယိုတိုရေးက ပြောကြားခဲ့သည်။

ဒေသခံများက ယင်းသို့အစွန်းရောက် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို လက်မခံကြ။ ၎င်းတို့က ထို့ထက်အများကြီးပျော့ပျောင်းသော ယုံကြည်မှုပုံစံကို ကျင့်သုံးကြသည်။

အသစ်ထုတ်ပြန်သော ဥပဒေများတွင် အစွန်းရောက်များက သီချင်းဆိုခြင်း၊ နားထောင်ခြင်းကို ခွင့်မပြု။ ဆေးလိပ်၊ အရက်သောက်ခြင်းကို ပိတ်ပင်သလို ရုပ်မြင်သံကြားမှ အားကစားပွဲများ ကြည့်ရှုခြင်းကိုလည်း ခွင့်မပြု။ ၂၀၁၂ ခုနှစ်အတွင်းမှာပင် အစ္စလာမ်မစ်သူပုန်များက တင်ဘွတ်ကုဒေသသမိုင်းဝင် ဂူဗိမာန်နှင့် ဝတ်ပြုကျောင်းများကို အနည်းဆုံးလေးကြိမ်ဖျက်ဆီးခဲ့ကြသည်။ ယင်းအဆောက်အအုံများမှာ ရုပ်ထု၊ ပြယုဂ်များ ကိုးကွယ်မှုကို အားပေးခြင်းဟု ၎င်းတို့ကဆိုသည်။

**နောက်ဆုံးအခြေအနေ**

နိုင်ငံမြောက်ပိုင်းကို သိမ်းပိုက်ထားရာမှ ၂၀၁၃ ခုနှစ် စောစောပိုင်းတွင် အစ္စလာမ်မစ် အစွန်းရောက်များက နိုင်ငံတောင်ပိုင်းသို့ ထိုးစစ်များဆင်လာပြီး မာလီမြို့တော် ဘာမာကိုကိုပါခြိမ်းခြောက်လာသောအခါ ပြင်သစ် သမ္မတဖရန်ဆွာဟော်လန်ဒီမှာ ၎င်းတို့၏ ကိုလိုနီဟောင်းနိုင်ငံမှ အဖြစ်အပျက်များကို လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ အရေးယူရန် ဆုံးဖြတ်လိုက်သည်။

ဇန်နဝါရီလ ၁၁ ရက်တွင် ပြင်သစ်တိုက်လေယာဉ်များက သူပုန်အဖွဲ့များ၊ စခန်းများကို ဗုံးကြဲတိုက်ခိုက်တော့သည်။ လောလောဆယ်တွင် ပြင်သစ်တပ်ဖွဲ့ဝင်ပေါင်း ၁,၄၀၀ မာလီနိုင်ငံတွင် ပါဝင်တိုက်ခိုက်နေသည်။ Mirage, Refale တိုက်လေယာဉ်များ ဖြင့် ဗုံးကြဲသလို Gazelle တိုက်ခိုက်ရေးရဟတ်ယာဉ်များဖြင့် သူပုန်များကို တိုက်ခိုက်သည်။

ဥရောပနှင့်အာဖရိကနိုင်ငံများက ပြင်သစ်စစ်ဆင်ရေးတွင် ပါဝင်ကူညီရေး ကတိပြုပြောကြားကြသည်။ ဗြိတိန်၊ ဂျာမနီ၊ ဘယ်လ်ဂျီယမ်၊ ဒိန်းမတ်နိုင်ငံတို့က သယ်ယူပို့ဆောင်ရေးအတွက် ကုန်တင်လေယာဉ်များ ပါဝင်ကူညီပြီး အမေရိကန်က ဆက်သွယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီမည်ဖြစ်သည်။

ချဒ်နိုင်ငံကတပ်ဖွဲ့ဝင် ၂၀၀၀ ပို့လွှတ်မည်ဖြစ်ကာ နိုင်ဂျီးရီးယားက ၁၂၀၀၊ ဆီနီဂေါ၊ နိုင်ဂျာ၊ ဘာကီနာဖာဆို၊ တိုဂိုနိုင်ငံတို့က တပ်ဖွဲ့ဝင် ၅၀၀ စီ ပို့လွှတ်မည်ဟု ဆိုကြသည်။

*—Ref:CNN/BBC/Economist*

## မာလီအရေးနှင့် ပတ်သက်၍ အာဖရိကခေါင်းဆောင်များ အိုင်ဗရီကို့စ်နိုင်ငံတွင် စည်းဝေး

**ဘာမာကို၊ဇန်နဝါရီ-၁၉**

အနောက်အာဖရိကနိုင်ငံ ခေါင်းဆောင်များသည် မာလီနိုင်ငံကိုစစ်အားစစ်ရေးအရကိုင်တွယ်ရန် အကောင်းဆုံးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးရန် အိုင်ဗရီကို့စ်နိုင်ငံတွင် တွေ့ဆုံကြမည်ဖြစ်သည်။

အစ္စလာမ်မစ်စစ်သွေးကြွများအား တိုက်ခိုက်နေသော မာလီနှင့် ပြင်သစ်တပ်ဖွဲ့များကို ကူညီရန် အာဖရိကတပ်ဖွဲ့များ ချထားမည့် အစီအစဉ်အပေါ် ခေါင်းဆောင်များက ဆွေးနွေးကြလိမ့်မည်ဟု မျှော်လင့်ရသည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖာဘီးယက်စ်လည်း ယင်းအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

ထိုအတောအတွင်း အစ္စလာမ်မစ်တိုက်ခိုက်ရေးသမားများသည် ပြင်သစ်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် မာလီနိုင်ငံအလယ်ပိုင်းမြို့နှစ်မြို့မှ ဆုတ်ခွာသွားသည်။ အစ္စလာမ်မစ်များသည် လွန်ခဲ့သောငါးရက်က ၎င်းတို့သိမ်းပိုက်ထားသော နိုင်ငံတောင်ပိုင်း ဒီယာဘာလီမြို့မှ ထွက်ခွာသွားပြီဖြစ်ကြောင်း မာလီတာဝန်ရှိသူများကပြောသည်။ မာလီစစ်ဘက်က တောင်နှင့်မြောက်ပိုင်းကြားတွင် အရေးပါသော ကွန်နာမြို့ကိုလည်း ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့သည်။

ပထမဆုံးသော အာဖရိကတပ်ဖွဲ့ဝင် ၁၀၀ မှာလည်း မာလီမြို့တော် ဘာမာကိုသို့ ရောက်ရှိလာပြီဖြစ်သည်။ မာလီနိုင်ငံမြောက်ပိုင်းအား ၂၀၁၂ က သိမ်းပိုက်ခဲ့သော အစ္စလာမ်မစ်သူပုန်များကို တိုက်ခိုက်ရာတွင် ဒေသတွင်းတပ်ဖွဲ့များ ချထားရေး စီစဉ်နေသည်မှာ အချိန်ကြာမြင့်နေပြီဖြစ်သည်။ မာလီပဋိပက္ခတွင် အာဖရိကတပ်ဖွဲ့များ ချထားရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း အတည်ပြုထားသည်။

*—Ref: BBC*


"အိပ်မက်တွေနောက်ကိုလိုက်ပြီး
အကောင်းဆုံး လုပ်လိုက်ပါ"
htc Butterfly
バタフライ
သူဟာ ကမ္ဘာမှာရေပန်းစားနေတဲ့ smartphone brand တွေထဲကတစ်ခုဖြစ်တဲ့ HTC Company ရဲ့ CEOတစ်ယောက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သူနေခဲ့စဉ်ကတည်းကရှိခဲ့တဲ့ အိပ်မက်တစ်ခုကနေစပြီး ဒါတွေအားလုံးအစပြုခဲ့တာပါ။ ဦးဝင်းသန်းခေါ် Mr. Peter Chou ဟု လူသိများတဲ့သူဟာ မြန်မာနိုင်ငံဆီသို့ HTC ကို ခေါ်ဆောင်လာခဲ့ပါပြီ။ အခုအခါမှာ မြန်မာပြည်သူ လူထုအတွက် ကမ္ဘာ့အကြီးမားဆုံး အခွင့်အလမ်းတွေပွင့်နေပြီဖြစ်ပါတယ်။ ကျွန်တော်ရဲ့အိပ်မက်က အဆင့်အမြင့်ဆုံးနည်းပညာတွေနဲ့အခွင့်အရေးတွေ ချိတ်ဆက်နိုင်ဖို့မြန်မာပြည်သူပြည်သားတွေကိုကူညီချင်တာပါ။ ဒီနည်းနဲ့ သူတို့ဘာသာသူတို့လည်း အိပ်မက်တွေကို အကောင်အထည်ဖော်လို့ရနိုင်ပါပြီလို့ Mr. Peter Chou က ပြောကြားခဲ့ပါတယ်။
KMD တွင် ရရှိနိုင်ပါပြီ။
htc
quietly brilliant

# 7DAY BOOK REVIEW





## သဘာဝဓာတ်ပုံ မဂ္ဂဇင်း

စတုတ္ထအုပ်မြောက်ထွက်ရှိလာသည့် ဓာတ်ပုံမဂ္ဂဇင်းတွင်တစ်အုပ်လုံးကို နိုင်ငံခြား ကြွေစက္ကူ ရောင်စုံဓာတ်ပုံများဖြင့် ပုံနှိပ်ဖော်ပြထားသည်။ ယခု မဂ္ဂဇင်းသည် ပုဂံအထူးထုတ်အဖြစ် ထုတ်ဝေထား၍ တစ်အုပ်လုံးလိုလိုမှာ ပုဂံရနံ့၊ အညာရနံ့တို့ဖြင့် သင်းပျံ့၍ နေသည်။ ရွှေကိုင်းသားဆရာတော်၏ ဓမ္မရာဇိကဘုရားမှ စဉ့်ကွင်းများ၊ ဒေါက်တာသန်းထွန်း၏ ပုဂံသာသနာ၊ ဦးအောင်သော်၏ ဘီလူးပန်းဆွဲ၊ ဆရာဇော်ဂျီ၏ ပုဂံမြို့ဟောင်းနှင့်ကျွန်တော်၊ ဆရာမြသန်းတင့်၏ ဇော်ဂျီ၊ ကျွန်တော်နှင့်သီရိပစ္စရာအလွမ်း၊ ဒေါက်တာလွင်အောင်၏ ပုဂံမြို့တော်ဗိသုကာလက်ရာဖွံ့ဖြိုးခြင်း စသည့်ကဗျာ၊ ရသစာတမ်းနှင့် အက်ဆေးများကို ပုဂံရှုခင်းဓာတ်ပုံများဖြင့် ဝေဆာစွာ ခြယ်မှုန်းတင်ဆက်ထားသည်ကို ဖတ်ရှုရပါမည်။

ထို့ပြင် ပုဂံဓာတ်ပုံ အက်ဆေးအဖြစ် ပုဂံနှင့်နံရံဆေးရေး ပန်းချီ၊ ပုဂံနှင့်ဈေးတန်း၊ ပုဂံနှင့် ဘုရားဈေးသည်၊ ပုဂံနှင့်ကမ္ဘာလှည့်ခရီးသည်၊ ပုဂံနှင့် မီးရထား စသည်ဖြင့် ပုဂံဓာတ်ပုံများကို ရှုမငြီးအောင်တင်ဆက်ထားသည်။ သံဝရ၏ ပုဂံဝန်းကျင်ဓာတ်ပုံဆောင်းပါး၌ ပုဂံ၏ သဘာဝအလှတရားများပျက်စီးလာခြင်းနှင့်ပတ်သက်၍ "သို့သော်ငြားလည်း ကြည်ညိုလွန်လွန်းသော ဘာသာရေး အစွဲအလမ်း၊ တည်ဆောက်ပြုပြင်ချင်လွန်းသော လောဘ၊ ရှေးလူထက်ပိုမိုတတ်ကျွမ်း လိမ္မာပါပေတယ် ဟူသော အဝိဇ္ဇာများဖြင့်ပုဂံသည် ဆယ်စုနှစ်နှစ်စု၊ သုံးစုအတွင်း ရုတ်ခြည်းသစ်လွင်ပြောင်းလဲသွားချေပြီ။ အမှောင်ရိပ်ခြုံကြို ခြုံကြားက ပုထိုးအိုပျက်မဟုတ်တော့။ ခရာဆူးခြုံ ရှားစောင်းလက်ပတ်ရုံကြီးများကြား လှည်းလမ်းကြောင်းဘေးက စေတီအို၊ အုတ်ပုံဟောင်း မဟုတ်တော့. . . ၊ ချိုးကူသံသဲ့သဲ့နှင့် ယာတစ်ခင်းတွင် လယ်ထွန်နွားတစ်ရှဉ်း အနားယူနေသာ ထနောင်းရိပ်က လှမ်း၍ ဖူးမြင်ရသည့် စေတီငုတ်တိုစု မဟုတ်တော့" ဟု ရေးသားဖော်ပြထားသည်။

စာအုပ်ကို တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။




## ထောင်စုသစ် အိုင်ဒီယာများ (ကျော်ဝင်း)

၂၀၀၆ ခုနှစ် ပထမအကြိမ် ထုတ်ဝေစဉ်က အိုင်ဒီယိုလော်ဂျီပညာရှင်များ ဖြစ်ကြသည့် ဖရန်စစ်ဖူကူယားမား၊ ဆယ်မျူရယ်(လ)ဟန်တင်တန်၊ ဂျိုးဇက်အက်(စ်)နိုင်းနှင့် နီး(လ)ဖာဂူဆန်တို့၏ ထင်ရှားသောစာအုပ်များ မိတ်ဆက်အဖြစ် ပါရှိခဲ့သလို ယခုဒုတိယအကြိမ်တွင် ထိုပညာရှင်များအပြင် ဆက်စပ်သောစာစုအချို့ကို ဖြည့်စွက်ဖော်ပြထားသည်။ ယခုစာအုပ်တွင် နောက်ထပ်ပညာရှင်ငါးယောက်ဖြစ်သော ဂျက်ဖရီဆာ့(ခ်)၊ လက်စရာသာရိုး၊ ပီတာအက်(ဖ) ဒရပ်ကာ၊ အယ်(လ)ဗင်းတော်ဖလာတို့၏ ထင်ရှားသည့်စာအုပ်ငါးအုပ်ပါအကြောင်းအရာများကိုထည့်သွင်းရေးသားထား သည်။

၎င်းပညာရှင်တို့၏ မူရင်းစာအုပ်များသည် ၂၀ ရာစုနှောင်းပိုင်းနှင့် ၂၁ ရာစုအစောပိုင်းကာလများက နိုင်ငံတကာ၌ ရေပန်းစားဖတ်ရှုခဲ့သော်လည်း အိုင်ဒီယိုလော်ဂျီအယူအဆများနှင့်ပတ်သက်၍ အဖက်ဖက်က နောက်ကျနေသည့်မြန်မာနိုင်ငံတွင်မူ ယခုစာအုပ်သည် တစ်မျိုးတစ်ဖုံဆန်းသစ်နေပါမည်။ မူရင်းစာအုပ်ကြီးများမှာ ထူထဲလေးလံသည်ဖြစ်၍ စာမသွားဘဲ မြန်မာစာဖတ်ပရိသတ်အတွက် မိတ်ဆက်အဖြစ်ရေးသားထားသည်ဟု စာရေးသူက ဆိုထားသည်။ စာအုပ်တွင် စုစုပေါင်းဆောင်းပါး ၃၅ ပုဒ်ပါဝင်ပြီး တူရာ အပုဒ်များကို စုစည်း၍ နိုင်ငံရေးသိပ္ပံ၊ နိုင်ငံတကာဆက်ဆံရေး၊ သမိုင်း၊ ဘောဂဗေဒ၊ နိုင်ငံရေး ဘောဂဗေဒ၊ အထွေထွေဟူ၍ ကဏ္ဍများခွဲကာ ဖော်ပြထားသည်။ စာအုပ်တစ်နေရာတွင် "စာရေးသူအနေနှင့်စာဖတ်ပရိသတ်၏သိခွင့် (right to know) ကိုသာ ကူညီဖြည့်ဆည်းဖို့ ကြိုးစားကြည့်ခြင်းဖြစ်သည်။ 'ဆုံးဖြတ်ခွင့်' (right to determine) ကိုမူ စိုးစဉ်းမျှ ဝင်ရောက်စွက်ဖက်ခြင်းမပြုလို။ သို့အတွက် မိမိ၏ အတ္တနောမတိများမပါစေရန် တတ်နိုင်သမျှပယ်သတ်ထားသည်ကိုဝန်ခံလိုသည်" ဟုဖော်ပြပါရှိသည်။ တကောင်းစာအုပ်တိုက်က တန်ဖိုး ၅,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ပဟုသုတ

## လျှပ်စစ်ထမင်းပေါင်းအိုးတွေ ဘယ်အချိန်က တီထွင်ခဲ့သလဲ

လူတို့သည် နေ့စဉ်ဘဝနေထိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို အသုံးပြုလာနိုင်သည်နှင့်အမျှ လျှပ်စစ်နှင့် ပြုလုပ်နိုင်သည့် အသုံးအဆောင်ပစ္စည်းများကိုလည်း တီထွင်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ပထမဆုံးသော အောင်မြင်စွာ ဈေးကွက်တင်ရောင်းချနိုင်ခဲ့သည့် Rice Cooker ခေါ် ထမင်းပေါင်းအိုးများကို ၁၉၅၅ ခုနှစ်တွင် ဂျပန်မှ တိုရှီဘာလျှပ်စစ်ပစ္စည်း ကုမ္ပဏီကတီထွင်ခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်ထမင်းပေါင်းအိုးများမှာ ပြုလုပ်ထားပုံရိုးရှင်းပြီး ဆန်နှင့်ရေထည့်ပြီး တည်ထားလိုက်သည်နှင့် အပူပေးချက်ပြုတ်ကာ အသင့်စားသုံးနိုင်သည်။ ထို့ကြောင့် အာရှတစ်လွှားတွင် ဂျပန်မှစ၍ ထမင်းပေါင်းအိုးများကို ၁၉၆၀ နှစ်များတွင် ကျယ်ပြန့်စွာသုံးစွဲလာပြီး ထိုနှစ်များအတွင်းမှာပင် ခလုတ်တက်သွားပြီးနောက် မီးမပိတ်ဘဲ ထမင်းကို နွေးပေးထားနိုင်သည့် စနစ်များကိုပါ ထပ်ဖြည့်တီထွင်အသုံးပြုလာကြသည်။ ယခုအခါတွင် လျှပ်စစ်ထမင်းပေါင်းအိုးများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် အသစ်ထွင်ကာ ဒစ်ဂျစ်တယ်ထမင်းပေါင်းအိုးများလည်း တီထွင်အသုံးပြုလာနေကြသည်။ တိုရှီဘာက ပထမဆုံးထုတ်လုပ်ရောင်းချခဲ့သည့် ထမင်းပေါင်းအိုးများမှာ ဈေးကွက်သို့ ၁၉၅၆ ဒီဇင်ဘာ ၁၀ ရက်တွင် လုံးရေ ၇၀၀ ခန့်ဖြင့် စတင်ဝင်ရောက်ခဲ့သည်ဟုဆိုကြသည်။

—Ref: ricecooker chef/yahooanswer

# တစ်ပတ်တာကံကြမ္မာ

ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ

စံအာကာဘို

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

နာမည်အောင်မြင်မည်။ အလုပ်ပို၊ ကိစ္စပိုများ ကြုံမည်။ စေတနာအပေါ် အလေးမထားသောသူများနှင့်တွေ့ရတတ်သည်။ သူတစ်ပါးကြောင့် မိမိတွင် ပြဿနာဖြစ်တတ်သည်။ မိသားစုအတွင်း ကျန်းမာရေးအညံ့ရှိသော သူများရှိမည်။ မိမိအလိုဆန္ဒ၊ ရည်ရွယ်ချက်များအောင်မြင်မည်။ ပြဿနာဖြစ်က သည်းခံပါ။ မေတ္တာရေးတွင် အညံ့ရှိသည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အကြံသစ်များ လက်တွေ့ကျကျလုပ်၍ အောင်မြင်မည်။ ကြိုတင်ရရှိထားသည့် သတင်းစကားများမပီပြင်မှုလစီမံထားသည့်အတိုင်း လုပ်က အခက်အခဲကြုံမည်။ ရုတ်ခြည်းဆုံးဖြတ်ပြီး ဆောင်ရွက်သည်များမှ အောင်မြင်မည်။ ခက်ခဲသောပြဿနာများကို မိတ်ဆွေကောင်းများအကူအညီဖြင့် ဖြေရှင်းအဆင်ပြေနိုင်သည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စအတွက် စကားများရတတ်သည်။ ရည်မှန်းချက်ပြည့်ဝမည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အရာရာသတိနှင့်ဆောင်ရွက်ရမည်။ ထွက်ပေါက်ရှာပြီး ငွေကုန်မည်။ ကျန်းမာရေးဂရုစိုက်ရမည်။ ဆုံးဖြတ်ချက်များ မှားတတ်သည်။ ငွေလက်လွှန်မှုသတိရှိရမည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်များ နှောင့်နှေးတတ်သည်။ မတော်တဆထိရှတတ်သည်။ ရန်အတိုက်အခံများမည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသော ပြဿနာများမိမိက ခေါင်းခံဖြေရှင်းရတတ်သည်။ အပြောအဆိုအသွားအလာ ဂရုစိုက်ပါ။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ဦးတည်လိုက်တိုင်း၊ နေရာတိုင်း အတိုက်အခံရှိမည်။ မဖြစ်မနေလုပ်ကိုင်မှုကြောင့် အဆုံးတွင် အောင်မြင်မည်။ အတွေ့အကြုံအသစ်များရမည်။ လူယုံထား၍ မရ။ သူတစ်ပါးကြောင့် ခိုက်ရန်ဖြစ်တတ်သည်။ ကိုယ် မပြောသောစကား ပြောသယောင်၊ ကိုယ်မလုပ်သောကိစ္စ လုပ်သယောင် ထင်ယောင်ထင်မှားဖြစ်တတ်သည်။ စကားရှုပ်ထွေးသူများနှင့်တွေ့တတ်သည်။ ပြောရေးဆိုရေးအဆင်ပြေမည်။ လိုရာအောင်မည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စိတ်ချမ်းမြေ့စရာ စကားများ ကြားသိရမည်။ မိတ်ကောင်းဆွေကောင်းတွေ့မည်။ မျက်နှာပွင့်မည်။ ဆောင်ရွက်သမျှအဆင်ပြေမည်။ ကာလအတန်ကြာ ခက်ခဲနေသော ပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းနိုင်မည်။ နှောင့်ယှက်မှုများကြုံမည်။ ဆောင်ရွက်သမျှခက်ခဲမည်။ ဉာဏ်ရည်ထက်မြက်နေသည့်စိတ်ကူးသစ်များ အကောင်အထည်ဖော်သင့်သည်။ မေတ္တာရေးကံကောင်းသည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

တိုးတက်မှုနှင့်အပြောင်းအလဲပူးတွဲကြုံမည်။ ဆွေမျိုးအတွက်ကြောင့် မျက်ရည်ကျကိန်းကြုံမည်။ ကောင်းမယောင်နှင့် ဒုက္ခပေးသော မိတ်ဆွေများ၏ ဒဏ်ခံရမည်။ အလုပ်အကြံအစည်များတွင် ကိုယ်လုပ်သမျှ ထိ ရောက်ခြင်းနှင့် အောင်မြင်အဆင်ပြေခြင်းရှိပေမည်။ ရုတ်တရက်ပေါ် လာသော အခွင့်အရေးများကို ပိုင်ပိုင်နိုင်နိုင် အသုံးချပါ။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

မာနလျှော့ပါ။ ပလွှားစွာပြောဆိုသူများကို ရှောင်ပါ။ မိမိအကြံအစည်များကို လျှို့ဝှက်စွာ ဆောင်ရွက်ပါ။ မြုပ်နေသည့်ငွေများ ပြန်ပေါ်မည်။ စတင်ဆောင်ရွက်သည့်ကိစ္စမှန်သမျှ ထူးခြားစွာ အောင်မြင်ခြင်းသို့ ဦးတည်ရောက်ရှိလာမည်။ အနီးကပ်လူ ဒုက္ခပေးတတ်သည်။ တစ်ပါးသူ ရန်ပြုလာသည်ကို ရှောင်ပါ။ ထိပ်တိုက်ရင်ဆိုင်က အမှုပွားတတ်သည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စီမံကိန်းချပြီး လုပ်သောကိစ္စများ ရှောင်ပါ။ သူတစ်ပါးအပေါ် အားကိုးအားထားပြီး မလုပ်သင့်။ အထင်မှားမှုများ ဖြေရှင်းရမည်။ လူယုံဒုက္ခပေးတတ်သည်။ မတော်တဆထိခိုက်မှုသတိရှိပါ။ စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အဝင်မတော်ပါ။ ငွေမြှုပ်မှု အကြီးစားများ ရှောင်ပါ။ ကြန့်ကြာနေသည်များ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

သူတစ်ပါးအတွက် စေတနာသန့်သန့်နှင့် ကူညီရင်း အထင်လွဲခံရမှုကြုံမည်။ ရန်ကြားမှ တိုးတက်မှုရှာဖွေရမည်။ အများနှင့်တွဲလုပ်သော ကိစ္စတွင် သစ္စာမဲ့သူတစ်ဦးကြောင့် ဆုံးရှုံးမည့်ငွေ၊ အခွင့်အရေးများ ပြန်လည်ရရှိမည်။ ငွေကြေးလက်ပြောင်းလက်လွှဲ သတိရှိပါ။ စိတ်ရှည်ခြင်း၊ သည်းခံစောင့်စားခြင်းတို့ကြောင့် အောင်မြင်မှုများရနိုင်သည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

စိတ်ရှုပ်စရာများ ကြုံမည်။ အခက်အခဲများ ဖြေရှင်းရမည်။ ပစ္စည်းပျောက်တတ်သည်။ အကောင်းဖြစ်မည်ဟု မျှော်လင့်ရည်စူးလိုက်သော ကိစ္စမှ ဆိုးခြင်းဘက်သို့ ဦးတည်မည်။ ဆွေမတော်၊ မျိုးမတော်သူတစ်ဦး၏ ကျန်းမာရေးကိစ္စအတွက် အချိန်ကုန် ငွေကုန်ခံအကူအညီပေးရမည်။ ဆောင်ရွက်သမျှ အောင်မြင်မည်။ တွက်ဆထားခြင်းမရှိသည့်ရန်များ ထိပ်တိုက်တွေ့ရတတ်သည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)


ကျန်းမာရေးဂရုစိုက်ပါ။ စိတ်ကူးစီစဉ်ပြီးလုပ်သည်ထက် ရုတ်ခြည်းဆုံးဖြတ်ပြီးလုပ်က အကျိုးပေးမည်။ ဦးတည်ချက်လမ်းကြောင်းများ ပြောင်းလဲပြီးဆောင်ရွက်၍ အထူးအောင်မြင်မည်။ ကတိစကားမတည်သူအား ယုံစားမိ၍ စိတ်သောကဝင်တတ်သည်။ အိမ်တွင် အသက်ကြီးအမျိုးသမီးများ ဆီးနှင့်မျက်စိရောဂါကုသခံယူရခြင်းများ ကြုံမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အတူတွဲလုပ်သူများနှင့် လမ်းခွဲရမည်။ ရန်အပြိုင်ကြားမှ တိုးတက်မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။ သူတစ်ပါးအား ယုံစားပြီး လုပ်မိသည့်ကိစ္စများမှ စိတ်အနှောင့်အယှက်များ ဖြစ်တတ်သည်။ အပြိုင်အဆိုင် မနာလိုဝန်တိုမှုများကြားမှ ဆောင်ရွက်လိုက်သည့်ကိစ္စများ အထူးအောင်မြင်မည်။ ခရီးသွားစဉ် ပစ္စည်းပျောက်တတ်သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

ငယ် စဉ်က အိပ်ရာဝင်ပုံပြင်တွေထဲ နားထောင်ခဲ့ရဖူးတယ်။ ကာတွန်းဖတ်တတ်တဲ့ အရွယ်ရောက်တော့ ဇာတ်တော်ကြီး ဆယ်ဘွဲ့ရဲ့ မဟာဇနကဇာတ်တော်ပုံပြကာတွန်းထဲမှာ ဖတ်ဖူး၊ တွေ့ဖူးတယ်။ အခိဋ္ဌာန်နဲ့ လွှတ်လိုက်တဲ့ "ဖုတ်သွင်းရထား" စက်မပါ မောင်းသူမရှိ၊ ဘယ်ကိုသွားမယ် မရှိ၊ ဘယ်မှာရပ်မယ်မသိ၊ မင်းလောင်းအတွက် မင်းလောင်းရှာတဲ့ "ဖုတ်သွင်းရထား" ကလေးဘဝက အဲဒီလို မှတ်သားထားခဲ့တယ်။



# အုတ်ကျင်းမှ ဖုတ်သွင်းရထား

ဂျေလှသင်

ကျွန်မတို့ရန်ကုန်သူ ရန်ကုန်သားများ သိတော်မူကြတဲ့အတိုင်း ရန်ကုန်လူထု နေ့စဉ်ခံစားနေရတဲ့ ဒုက္ခ၊ အထူးသဖြင့် တစ်လလုပ်တစ်လစား လခစားဝန်ထမ်းများ ပို သိပေ့ါ။ နိစ္စဓူဝ ကားကျပ်၊ လမ်းကျပ်တဲ့ဒုက္ခ။ အခုလလည်း တစ်ရံရောအခါက ရွှေမြို့တော်တစ်ဖြစ်လဲစီးပွားရေးမြို့တော်ဆိုတဲ့ရန်ကုန်မြို့ကြီးရဲ့ လေးဘက်လေးတန်မှာ အသီးသီး ဖော်ဆောင်နေတဲ့ ကားလမ်းခုံးကျော်တံတား စီမံကိန်းကြီးတွေ။ အဲဒါကြီးတွေ ပြီးသွားရင် ရန်ကုန်လူထု ဘယ်လောက်အတိုင်းအတာအထိ သက်သောင့်သက်သာနဲ့မြို့ထဲရောက်မလဲမသိနိုင်ပေမယ့် ခုံးကျော်တံတားတွေ မပြီးခင် ယာဉ်တိုက်မှုတွေကြောင့် သေလိုက်ကြ၊ ဆေးရုံရောက်ကြ၊ ကြားကြားသမျှမသက်မသာတွေ။

မသေခံနိုင်ရိုးလား တစ်ခါတိုက် ရှစ်စီး၊ ကိုးစီး။ ကားတွေ တစ်စီးပြီး တစ်စီး ဆင့်ကဲတိုက်တယ်ဆိုတာ နိုင်ငံခြား အက်ရှင်ကားတွေ ထဲမှာသာ မြင်ဖူးခဲ့တာ။ အခုတော့ ကိုယ့်မျက်စိရှေ့မှောက် အရှင်လတ်လတ်ကိုမြင်ရပြီ။ ယာဉ်ထိန်းရဲတွေရဲ့ အဆောင်လေးကိုပါ ဝင်ကျုံးပစ်တာနော်။ အထဲမှာ လူရှိလို့ကတော့ ပွဲချင်းပြီးပဲ။ အဲဒီလို ကောင်းဘွိုင်စတိုင်နဲ့ ဂျိမ်းစ်ဘွန်းမင်းသားတွေ၊ Transporter ဇာတ်လိုက်ကျော်တွေ မောင်းတဲ့ ဘတ်စ်ကားတွေပေါ် စီးရမှာ ကျောချမ်းလာတယ်။ သံဗုဒ္ဓေရွတ်စီးရင် အန္တရာယ်ကင်းတယ်ဆိုတာကလည်း သီလသမာဓိ လုံခြုံသူ အတွက်တော့ မှန်ကောင်းမှန်ပါလိမ့်မယ်။ ကျွန်မတို့လို ကိုယ့်သမာဓိကိုယ်သံသယရှိတဲ့သူတွေကတော့ ကားစီးတိုင်း ရင်တုန်နေရတယ်။

သာမန် ရုံးချိန်က ရှစ်နာရီခွဲ၊ ကိုးနာရီ ဆိုပေမယ့် အိမ်ကနေ ခုနစ်နာရီလောက်ကတည်းက ထွက်ရတယ်။ ကျွန်မတို့ကြည့်မြင်တိုင်ကနေ မြို့လယ်ခေါင်ကို ကားစီးချိန် အလွန်ဆုံးကြာ နာရီဝက်။ ဒါပေမဲ့ မြေနီကုန်းမီးပွိုင့်၊ လှည်းတန်းမီးပွိုင့်တွေကြောင့် ကားပေါ်မှာ တစ်နာရီကျော် အချိန်ပုပ်တယ်။ ကျပ်ပိတ်သိပ်နေတဲ့ ကားထဲမှာ ယာဉ်ကြောကပါ ထပ်ကျပ်၊ ကိုယ့်ကားက ရှေ့နည်းနည်းတိုးလိုက် ဘရိတ်အုပ်လိုက်ရင် တစ်မျိုး၊ ကိုယ်လို မီးပွိုင့်စောင့်တဲ့ ကားတွေဆီက မီးခိုးတွေ အပူငွေ့တွေက တစ်မျိုး နေ့စဉ်ဒုက္ခ။

ဝဋ်များ လည်စရာရှိရင် ဘဝမကူးဘူး။ ချက်ချင်းလည်တယ်ဆိုတာ သွေးထွက်အောင်ကို မှန်တာပဲ။ အခုခေတ် နတ်ကတော်များကို လူရှင်တော်တွေ ဟာသလုပ်သလို ကျွန်မတို့ ငယ်ငယ်က ဘုရားတွေကို ဂျူတီချပြီး ဘုရားကိုးဆူပူဇော်ပေးတဲ့ ဘုရားကိုးဆူဆရာတွေလည်း အဲဒီခေတ်က လူရွှင်တော်တွေအတွက် ပြက်လုံးတစ်ခုပဲ။ အဲဒီလို ဘုရားကိုးဆူ ဆရာတွေကို ဝစီကံနဲ့ ပြောင်ခဲ့မိတဲ့ ကျွန်မတို့ အခုကားစပယ်ယာတွေရဲ့ ဂျူတီချခြင်း ခံနေရပြီ။ "အထဲမှာ အချောင်ကြီး နောက်ထဲအထိ ဝင်သွား" "အလယ်တန်းကို မကိုင်နဲ့ ဘေးတန်းကိုကိုင်" "ကျောချင်းကပ်ရပ်" "အလယ်ခုံတွေ နောက်ကိုရွှေ့" "ဘေးတန်းတွေ ခြောက်ယောက်ပြည့်အောင်ထိုင်" "ဆင်းမယ့် မှတ်တိုင်တွေ ကြိုပြောထား" "ကားချင်းဖိုက်လာတယ်မှတ်တိုင်ကိုရောက်မှမပြောနဲ့ရပ်မပေးဘူး"

ဘယ်လို မိသားစုမျိုးတွေ က ပေါက်ဖွားလာပြီး ဘယ်လိုကျောင်းမျိုးတွေက မွေးထုတ်ပေးလိုက်မှန်းမသိတဲ့ ကားသမားတွေက ယာဉ်လိုင်းတိုင်းမှာ ထက်ဝက်ကျော်လောက် နေရာယူထားတယ်။ မခံချင်စိတ်နဲ့ မဟုတ်မခံ သူတို့နဲ့ ဖက်ပြိုင်ဖြစ်နေရရင် ကိုယ်လည်းလိုရာမရောက်၊ ဘတ်စ်ကားလည်း တခြားလမ်းကို စဉ်းစားတာပဲ ရှိတယ်။ နေ့စဉ်နဲ့အမျှ ကားနဲ့ လွတ်ရာ လွတ်ကြောင်း နည်းကောင်းကို ရှာနေရာက ကျွန်မအလုပ် မြို့ထဲကနေ လှိုင်မြို့နယ်ကို ပြောင်းရတယ်။ အဲဒါနဲ့ မီးရထားစီးကြည့်ဖို့ စိတ်ကူးရခဲ့တယ်။ ပထမတော့ ရုံးက ဝန်ထမ်းတွေက ရထားပျောက်တတ်တယ်ဆိုပြီး မစီးဖို့ တားကြတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာ လွှတ်တော်အမတ်တစ်ဦးကရထားပျောက်တဲ့ ကိစ္စကို ဆွေး နွေးသွားတာကြားလိုက်ရတယ်။ အဲဒီအားကိုးနဲ့ ရထားပျောက်တော့မှာ မဟုတ်ဘူးဆိုတဲ့စိတ်ကူးနဲ့ ကားမှတ်တိုင်ဆီကနေ ရထား ဘူတာရုံဘက် ကျွန်မခြေဦးလှည့်ခဲ့တယ်။

အရင်ဦးဆုံး ကြည့်မြင်တိုင်ဘူတာမှာ ရထားဝင်ချိန်၊ ထွက်ချိန် အချိန်ဇယား စာရွက်ကို တစ်ရွက် ၁၀၀ ပေးဝယ်ရတယ်။ ဒါမှ ကိုယ်စီးမယ့် ရထားနဲ့ ချိန်ပြီး ရုံးတက်၊ ရုံးဆင်းလုပ်ရမယ်လေ။ ရထားလက်မှတ်ရောင်းတဲ့ စနစ်က အသစ်ဗျာ။ အရင်က ရထားလက်မှတ်တစ်စောင်ကို ၁၀ ကျပ်၊ ခရီးစဉ်တစ်ခုတစ်စောင်။ အခု ခရီးစဉ်တစ်ခုကို ၅၀ ကျပ် တစ်ခါဝယ် နှစ်စောင် ၁၀၀ အသွား၊ အပြန်ပေ့ါ။ အသွားကို ရထားစီးပြီး အပြန်ရထားမစီးရင် ဒါမှမဟုတ် စီးစရာမလိုရင် ၅၀ ဆုံး။ လေယာဉ်လက်မှတ်ကို Two Way ဝယ်ရတယ်ပဲ ကြားဖူးပါတယ်။ ရထားလက်မှတ် Two Way ဝယ်ခိုင်းတာကတော့ ဗိုလ်ကျသလိုလို၊ ခေါင်းပုံဖြတ်သလိုလို တစ်မျိုးကြီးပဲလို့ ခံစားမိတယ်။ ဒါပေမဲ့လည်း အဲကွန်းမဖွင့်ဘဲ ၂၀၀ ပေးစီးနေရတဲ့ ကားတွေနဲ့စာရင် တော်ပါသေးတယ်လို့ပဲ သဘောထားလိုက်ပါတယ်။

ကျွန်မခရီးစဉ်က မနက်ဆိုကြည့်မြင်တိုင်ကနေ အုတ်ကျင်း၊ ညနေဆို အုတ်ကျင်းက ကြည့်မြင်တိုင်မြို့ထဲသွားတဲ့ လမ်းကြောင်းပြောင်းပြန်မို့ထင်ရဲ့ လူချောင်တယ်။ အချိန်အားဖြင့်မိနစ် ၂၀ ပဲကြာတယ်။ အဆင်တွေပြေပြီး သာယာနေတာပေ့ါ။ ဒါပေမဲ့ စိတ်ထဲတော့ မသင်္ကာဖြစ်မိတယ်။ ဒီလောက်ချောင်ပြီး သက်သောင့်သက်သာရှိတဲ့ ရထားကို လူတွေ ဘာလို့မစီးကြတာလဲ။ အင်မတန်စိတ်ညစ်စရာကောင်းတဲ့ ကားတွေကိုပဲ ဘာကြောင့် ခွတိုးနေကြတာလဲပေ့ါ။ မကြာပါဘူး။ ကျွန်မစိတ်ကူးတွေ၊ အတွေးတွေအတွက် အဖြေပေါ် လာပါတော့တယ်။

မှတ်မှတ်ရရဒီဇင်ဘာလ ၂၆ ရက်ညနေ အင်းစိန်ကနေထွက်တဲ့ မြို့ပတ်ရထား။ အုတ်ကျင်းဘူတာကို ညနေ ၆ နာရီ ၄၇ မိနစ်မှာ ဝင်ရမယ့် မီးရထား ပျောက်ပါလေရောလား။ ရထားဆိုတာ ကားလို မှတ်တိုင်မှာ တရစပ် လာရပ်တာမျိုးမဟုတ်။ အချိန်ဇယားနဲ့ တစ်စီးပြီးမှ တစ်စီး ဝင်ထွက်တာ။ အခုပျောက်သွားတော့ နောက်အစီးစောင့်ပေ့ါ။ စိတ်ထဲ သေချာချင်တာနဲ့ လက်မှတ်ရုံထဲ ထိုင်နေတဲ့ ဘယ်ဟာ မီးရထား ဝန်ထမ်းမှန်းမသိတဲ့ (တစ်ယောက်မှ ယူနီဖောင်းဝတ်မထားပါ) တွေ့ကရာလူကို မေးကြည့်လိုက်တယ်။ ၆ နာရီ၄၇ မိနစ် မီးရထားက ပျောက်ပြီလားဆိုတော့ အင်း၊ အဲ နဲ့ အဖြေက ဝါးတားတား။ နောက်အစီးက ဘယ်တော့လဲဆိုတော့ ၇ နာရီ၄၅ တဲ့ အဒီရထားကရော ကြိမ်းသေလာမှာလားဆိုတော့လည်း တိကျတဲ့အဖြေ မပေးနိုင်။

လက်မှတ်ဝယ်တဲ့ အပေါက်က ချောင်းကြည့်လိုက်တော့ ရုံးခန်းထဲမှာ ဖုန်းရှိနေပါတယ်။ ဘူတာရုံ အချင်းချင်း ဆက်သွယ်လို့ရနေတာပဲ မီးရထား မလာဖြစ်ရင်လည်း မလာဖြစ်ဘူးဆိုတာလောက်တော့ ကြေညာမထားသင့်ဘူးလား။ ခရီးသွားတွေ နောက်ရထားကို မစောင့်ချင်ရင်လည်း ကိုယ်အဆင်ပြေရာနဲ့ သွားလို့ရတာပေ့ါ။ ရထားလက်မှတ်ကိုတောင် လေယာဉ်လက်မှတ်လို Two Way ရောင်းထားသေးတာပဲ။ ရထားဆိုက်ရင် ဆိုက်တော့မယ်။ ခရီးစဉ် ဖျက်ရင် ဖျက်တယ်ဆိုတာလောက်တော့ ခရီးသွားပြည်သူကို အသိပေးတဲ့ ဝန်ဆောင်မှုမျိုးလုပ်ပေးသင့်တယ်မဟုတ်ဘူးလား။ အခုတော့ ရထားလားရာဘက်ကို လည်ပင်းလေးတွေ ဆန့်ပြီး မျှော်နေကြတဲ့ ပလက်ဖောင်းပေါ်က ခရီးသည်တွေကို ကြည့်ကောင်းလို့ကြည့်နေကြတာလား။ ရုံပိုင်ကြီးတို့၊ ဂတ်ဗိုလ်တို့၊ လမ်းဗိုလ်တို့ ဆိုတာတွေဟာ တစ်ခေတ်တစ်ခါက အင်မတန် ရေပန်းစား လူသိများ မျက်နှာပွင့်ခဲ့တဲ့ ရာထူးတွေပါ။ အခုခေတ်ကျမှ ညံ့ကြတော့မှာလား။ သတ်မှတ်ထားတဲ့ ဝတ်စုံ(ယူနီဖောင်း)လေးတွေကိုတောင် မမြတ်နိုးကြတော့ဘူးလား။

ကျွန်မတို့မှာတော့ လက်မှတ်ဖိုးလည်း ပြန်မရ၊ စီးစရာ ရထားလည်း မရှိ၊ ကားစီးဖို့ ကားမှတ်တိုင်ကို လမ်းလျှောက်ရတာလည်း အဝေးကြီး၊ စိတ်ညစ်လိုက်တာ မပြောပါနဲ့တော့။ ဒါကြောင့်လည်း မီးရထားဘယ်လောက်ချောင်ချောင် မဖြစ်မနေ ရထားစီးမှ အဆင်ပြေမယ့်သူကလွဲရင် အခြားသူတွေစိတ်မဝင်စားတာ၊ မယုံလို့ မစီးတာ၊ မသေချာလို့အားမကိုးတာဆိုတာ အခုမှပဲ သဘောပေါက်တော့တယ်။

အခုတလော ဂျာနယ်တွေ ရဲ့ မျက်နှာဖုံးမှာ ဦးစားပေးပြောနေကြတဲ့ အပေါ်က အပြောင်းအလဲများ အောက်ခြေလူတန်းစားများ ထံ မရောက်သေးဆိုတာ မှန်လိုက်လေ။ လွှတ်တော်ထဲမှာ မြို့ပတ်ရထားနဲ့ပတ်သက်ပြီး ဆွေးနွေး တဲ့ အဆင့်ရောက်နေတာတောင်မှ မီးရထားစီး ခရီးသွားတွေကို လှည့်ကြည့်ပေးဖော် မရသေးဘူး။ ရထားလမ်းတစ်လျှောက် အမှိုက်မျိုးစုံနဲ့ ပွပလဲနေတဲ့ မြင်ကွင်းတွေ၊ ခရီးသွားပြည်သူတွေ ရထားစောင့်ရင်း နားနားနေနေထိုင်လို့ ရအောင် လုပ်ထားတဲ့ ခုံတွေပေါ် မှာ ပိုးလိုးပက်လက် အိပ်နေတဲ့ လူလေ၊ လူလွင့်တွေ၊ စည်းကမ်းမဲ့ နေရာယူထားတဲ့ ဈေးသည်တွေ၊ ဘူတာရုံထဲက ခွေးလေ ခွေးလွင့်တွေ။ မီးချောင်း၊ မီးလုံးဘာမှ မလင်းတဲ့ ညရထားတွေ အားလုံးအရင်အတိုင်းပါပဲ။

၇-၁-၂၀၁၃ နေ့ထုတ် ဒီလိုင်း ဂျာနယ်ထဲက "ဒီစကား" ရဲ့ ပင်တိုင်ဆောင်းပါးရှင် ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်တက္ကသိုလ်နဲ့ ရန်ကုန်ဆေးရုံကြီးတွေ အဆင့်မြှင့်ဖို့ ပြုပြင်မွမ်းမံရေး လုပ်ငန်းများ လုပ်ဆောင်ရင်း ဒီအဆောက်အအုံတွေကို ဆယ်စုနှစ်တွေအတွက် မရည်ရွယ်ဘဲ ရာစုနှစ်တွေအတွက်ပါ အမြော်အမြင်နဲ့ ဆောက်ခဲ့တဲ့သူတွေကို လေးစားမိတယ်တဲ့။ အမြော်အမြင်ကြီးစွာနဲ့ တစ်ပါးနိုင်ငံသား အစိုးရက လုပ်ပေးခဲ့တာကို ထိန်းသိမ်းခြင်းဆိုတဲ့ လိုအပ်ချက်ကို နားမလည် ထည့်မတွက်ခဲ့တဲ့ ကိုယ့်လူမျိုးအစိုးရများကြောင့် ပျက်စီးယိုယွင်းနေတာကြည့်ပြီး မကျေမနပ် ဖြစ်ရပါတယ်လို့ ပြောသွားပါတယ်။

"ဒီစကား" ကို ဖတ်ပြီး ဆက်စပ်တွေးစရာတွေ တွေးမိပါတယ်။ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ဆေးရုံကြီးတို့နဲ့အတူ ရန်ကုန်ဘူတာကြီးနဲ့တကွသော ဘူတာငယ်လေးများဟာလည်း သက်တမ်းအားဖြင့် သိပ်ကွာမှာ မဟုတ်ပါဘူး။ ကျွန်မတို့ အခုအသုံးပြုနေရတဲ့ ရထားသံလမ်းတွေ၊ ရထားသံလမ်းခုံးကျော်တံတားတွေ၊ ဘူတာရုံတွေဟာလည်း တစ်ပါးနိုင်ငံသားအစိုးရ ဆောက်ပေးခဲ့တာတွေပါ။ မြင်အောင်ကြည့်ပါ။ ဆေးရောင်လွင့်ပြယ်နေတဲ့ ဘူတာရုံတွေဟာ ဖြစ်သလို ပြီးစလွယ် ဆောက်ခဲ့တာ မဟုတ်ဘူးဆိုတာ အဆောက်အအုံ ထုထည်က သက်သေပြနေပါတယ်။ ဘယ်လိုပဲ သံချေးတက်၊ နွယ်ပင်တွေနဲ့ ရှုတ်ယှက်ခတ်နေပေမယ့် ရထားလမ်းခုံးကျော်သံတံတားဟာ လမ်းဖြတ်ကူးချင်တဲ့သူအတွက် အန္တရာယ်ကင်းစေချင်တဲ့ စေတနာပါနေပါတယ်။

တစ်ပါးနိုင်ငံသားက ဘယ်လို ရည်ရွယ်ချက်မျိုးနဲ့ ဆောက်ခဲ့ပါစေ ကျွန်မတို့မြေပေါ်က ပစ္စည်း၊ ကျွန်မတို့နဲ့ အသုံးတည့်လို့ နေ့စဉ် အသုံးဝင်နေတဲ့ ပစ္စည်း၊ နှစ်ပေါင်းများစွာ စောင့်ရှောက်ရမှာက ကျွန်မတို့ပြည်သူတွေရဲ့တာဝန်ပါ။ စည်းကမ်းရှိခြင်း စိတ်ဓာတ်အဆင့်အတန်း မြှင့်တင်ခြင်းဖြင့် တာဝန်ယူရပါလိမ့်မယ်။

မီးရထားဟူသည် တစ်ခါ တစ်ရံ ပျောက်တတ်၏ဆိုတဲ့ သဘောကို ခဏမေ့လို့ ကျွန်မတော့ ရထားကိုပဲ နေ့စဉ် စီးဖြစ်နေပါတယ်။ ကားထက်အများကြီးသက်သောင့်သက်သာ ရှိလို့ပါ။ မျှော်လင့်ချက်တော့ ရပါပြီ။ ဂျပန်လား၊ ကိုရီးယားဆိုလား ရန်ကုန်မြို့ရဲ့ မီးရထားလမ်းတွေကို အဆင့်မြှင့်ဖို့ လေ့လာနေပြီတဲ့။

စာမျက်နှာ(၃၅)သို့

စာမျက်နှာ(၄၁)မှ

## မြန်မာ-တရုတ် ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီ၏ စစ်တမ်းမှာအဖြစ်မှန်နှင့် မကိုက်ညီဟု ကုမ္ပဏီထုတ်ပြန်

တရုတ်-မြန်မာပိုက်လိုင်း စောင့်ကြည့်ရေးကော်မတီသည် မြန်မာနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းထားသော အဖွဲ့ဟုတ်၊ မဟုတ် မသိရသေးဟု ကုမ္ပဏီထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့အပြင် ကုမ္ပဏီ၏ စုံစမ်းမှုနှင့် တုံ့ပြန်မှုလုပ်ရပ်များအားလုံးသည်မြန်မာနိုင်ငံ ဥပဒေနှင့် အစိုးရက ချမှတ်ထားသော စည်းကမ်းနှင့်အညီလိုက်နာလုပ်ဆောင်သွားမည်ဟု ဖော်ပြထားသည်။

ယင်းပိုက်လိုင်းစီမံကိန်းသည် တရုတ်နိုင်ငံတစ်ခုတည်းကပိုင်ဆိုင်သော ကုမ္ပဏီမဟုတ်ဘဲ မြန်မာ၊ ကိုရီးယား၊ အိန္ဒိယ၊ တရုတ် လေးနိုင်ငံမှ ကုမ္ပဏီကြီးခြောက်ခုဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော အပြည်ပြည်ဆိုင်ရာစီမံကိန်းကြီးတစ်ခုဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်။

Environment

7 DAY NEWS JOURNAL

Vol.11, No.46 • JANUARY 24 , 2013

## မြန်မာ–တရုတ် ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီ၏ စစ်တမ်းမှာအဖြစ်မှန်နှင့် မကိုက်ညီဟု ကုမ္ပဏီ ထုတ်ပြန်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၇**

မြန်မာ-တရုတ် ပိုက်လိုင်းဖြတ်သန်းမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးပြဿနာများ ဖြစ်ပေါ်စေကြောင်း၊ မြန်မာ-တရုတ် ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီက ထုတ်ပြန်သော စစ်တမ်းမှာ အဖြစ်မှန်နှင့် ကိုက်ညီမှု မရှိကြောင်း ထိုပိုက်လိုင်း တည်ဆောက်သော SEAGP SEAGP ကုမ္ပဏီမှ ငြင်းဆိုသည်။

မြန်မာ-တရုတ် စောင့်ကြည့်ရေး ကော်မတီက ထုတ်ပြန်သော အချက်အလက်များသည် ပိုက်လိုင်းဆိုင်ရာ ပညာရပ်နှင့် မကိုက်သည့်အပြင် အဖြစ်မှန်နှင့်လည်း မကိုက်ညီကြောင်း ကုမ္ပဏီက ဇန်နဝါရီ ၉ ရက်တွင် ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ကော်မတီ၏ ထုတ်ပြန်ချက်များကို ပြန်လည်ချေပရန်နှင့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာထိန်းသိမ်းရန်အတွက် ထိခိုက်သည့် နေရာများ၏ နာမည်များရရှိပါက တာဝန်ယူ ကွင်းဆင်းစစ်ဆေးပြီး အများပြည်သူ သိရှိရန် ရလဒ်များကို ထုတ်ပြန်မည်ဟုလည်း ကုမ္ပဏီကဆိုသည်။

လူမှုရေးအဖွဲ့(၁၂)ဖွဲ့ဖြင့် ဖွဲ့စည်းထားသော မြန်မာ- တရုတ် ပိုက်လိုင်းစောင့်ကြည့်ရေး ကော်မတီ၏ ဒုတိယအကြိမ် ကောက်ယူထားသော စစ်တမ်းထုတ်ပြန်ပြီး တစ်ပတ်အကြာတွင် ကုမ္ပဏီမှ တုံ့ပြန်၍ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ပိုက်လိုင်း စောင့်ကြည့်ရေး ကော်မတီက ၂၀၁၂ ဒီဇင်ဘာလ နောက်ဆုံးပတ် ထုတ်ပြန်သော ထုတ်ပြန်ချက်တွင် ပိုက်လိုင်းဖြတ်သန်းရာ ကျောက်ဖြူမြို့နယ်မှစပြီး ငဖဲ၊ ရေနံချောင်း၊ တံတားဦး၊ ပြင်ဦးလွင်၊ နောင်ချို၊ ကျောက်မဲနှင့် သီပေါမြို့နယ်တို့တွင် မြေယာနှင့် သီးနှံ လျော်ကြေးမရသည့် ကိစ္စများတောင်းဆိုသည့် လျော်ကြေးများပေးမည်ဟု ကတိပြုထားသော်လည်း မရရှိခြင်း၊ သီးနှံစိုက်ပျိုးမြေအတွက် လိုအပ်သော ချောင်း၊ မြောင်းများ စီမံကိန်းကြောင့် ပျက်စီးခြင်း၊ လမ်းများပျက်စီးခြင်း၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခြင်း၊ ပလပ်မြေ သတ်မှတ်ခံရမှုကြောင့် လျော်ကြေးမရသည့် ကိစ္စရပ်များ၊ အခြားလူမှုရေး ပြဿနာများ၊ မန်းသစ်တောကြိုးဝိုင်း၊ မင်းဘူးမြို့နယ်နှင့် ရေနံချောင်းမြို့နယ်များအတွင်း အဆိုပြုကြိုးပြင်ကာကွယ်တောများ၊ ရှမ်းပြည်နယ်ရှိ နောင်ချိုကြိုးဝိုင်း၊ ဂုတ်ထိပ်ကြိုးဝိုင်း၊ စသော ထိခိုက်မှုများကို အသေးစိတ် ဖော်ပြထားသည်။

ကုမ္ပဏီမှ ထုတ်ပြန်ချက်တွင် “ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကိုနိုင်ငံတကာအသိအမှတ်ပြုထားသော “ဇီဝ ညစ်ညမ်းမှုမရှိသော လုပ်ငန်း အမျိုးအစား” ဖြစ်ပါ၍ လေထု၊ ရေအရင်းမြစ်နှင့် မြေဆီလွှာစသည့်ညစ်ညမ်းမှုများလည်း မရှိပါ။ အရေးကြီးသည်မှာ ဆောက်လုပ်ရေးပြုလုပ်စဉ် ကာလတွင်းမှာ တူးဖော်ခဲ့သော လယ်ယာမြေများသည် ပိုက်လိုင်းဆောက်လုပ်ပြီးစီးသည့်နောက်ပိုင်း နဂိုအတိုင်း ပြန်လည်စိုက်ပျိုးနိုင်ပါသည်။ ထို့အတူ စီမံကိန်းပိုက်လိုင်း လည်ပတ်မှုသည် တည်ငြိမ်မှုနှင့် လုံခြုံမှုရှိပါသည်” ဟုကုမ္ပဏီထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒေသခံ၊ အစိုးရ၊ လယ်သမား၊ တရုတ်ကုမ္ပဏီနှင့် တစ်ဆင့်ခံ ကန်ထရိုက်ကုမ္ပဏီများနှင့် လေးပွင့်ဆိုင်ညှိနှိုင်းပြီး ပေးလျော်ခဲ့ခြင်းဖြစ်ပြီး၊ သက်ဆိုင်ရာမြေပိုင်ရှင်က သဘောတူပါက ဒေသခံများတောင်းဆိုသော လျော်ကြေးငွေအတိုင်း ကုမ္ပဏီဘက်က တစ်လအတွင်း ပေးလျော်ကြောင်း မြန်မာနိုင်ငံသို့ ရောက်ရှိနေသော တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး Mr.Chen Jian ကလည်း တရုတ်သံအမတ်အိမ်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

“တရုတ်နိုင်ငံအနေနဲ့ ဘယ်နိုင်ငံမှာ စီးပွားရေးလုပ်လုပ် ကိုယ်လုပ်တဲ့နိုင်ငံရဲ့ တည်ဆဲဥပဒေကို လိုက်နာဖို့ ပြောထားပါတယ်။ မလိုက်နာခဲ့တဲ့ ကုမ္ပဏီတွေကို အရေးယူခဲ့တာတွေ ရှိပါတယ်” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကော်မတီက လူမှုရေး လှုပ်ရှားသူများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကုမ္ပဏီနှင့် နှိုင်းယှဉ်ပါက ငွေကြေးအင်အားနှင့် လူအင်အား မယှဉ်နိုင်သောကြောင့် လူထုအခြေခံ စစ်တမ်းကောက်ယူခဲ့ကြောင်း၊ ကော်မတီက မြန်မာနိုင်ငံရှိ ပြည်သူများ သတင်းအမှန်သိရန် လုပ်ဆောင်ခြင်းဖြစ်ပြီး ကုမ္ပဏီက ၎င်းတို့၏ အလုပ်ကို လုပ်ခြင်းဖြစ်သောကြောင့် မည်သို့မျှ မှတ်ချက်မပေးလိုဟု ယင်းကော်မတီ ဥက္ကဋ္ဌ ကိုတင်သစ်က ဆိုသည်။

“ကုမ္ပဏီက ငြင်းချင်ငြင်းနိုင်တယ်။ ဒါပေမဲ့ ငြင်းရင်လည်း တစ်ချက်ချင်းစီကို တိတိကျကျ ငြင်းစေချင်တယ်။ ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်ကိုလည်း ပြည်စုံတယ်လို့မယူဆပါဘူး” ဟု ကိုတင်သစ်က ပြောသည်။ *စာ(၄၀) သို့*

## ထားဝယ်မြစ်ကြမ်းပြင် ခဲမဖြူ အဖြိုက်နက်ပါဝင်နှုန်း တိုင်းတာမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

တရုတ်ကုမ္ပဏီ တစ်ခုက ထားဝယ်မြစ်ကြမ်းပြင်ရှိသဲနုန်းများတွင် ခဲမဖြူအဖြိုက်နက် ပါဝင်မှုနှုန်း စမ်းသပ်တိုင်းတာသည့်လုပ်ငန်းကိုသုံးနှစ်လုပ်ကိုင်ခွင့်ရမည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေး ဦးစီးဌာနမှ သတင်းရရှိသည်။

တရုတ် De Rui Feng Investment ကုမ္ပဏီလီမိတက်က စမ်းသပ်လေ့လာမှုပြီးနောက် တစ်ရာရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ခဲမဖြူအဖြိုက်နက်ထုတ်လုပ်သည့် အဆင့်သို့ ရောက်ရှိပါက ထုတ်လုပ်မှု အကျိုးတူစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အကျိုးအမြတ် ခွဲဝေမှုတွေ မပါသေးပါဘူး။ အခုမှ လေ့လာတုန်းပဲရှိသေးတာပါ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းကုမ္ပဏီက ထားဝယ်မြစ်၏ ရေလမ်းကြောင်း ရှင်းလင်းရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက ခွင့်ပြုမိန့်ရရှိထားပြီး ရေလမ်းကြောင်း ရှင်းလင်းရေး လုပ်ဆောင်နေစဉ်အတွင်း တူးဖော်ပြီးသော သဲနုန်းများတွင် ခဲမဖြူအဖြိုက်နက် ပါဝင်မှု ရှိ၊ မရှိကို စမ်းသပ်လေ့လာမည်ဖြစ်သည်။ ဓာတ်သတ္တုပါဝင်မှု ရှိ၊ မရှိစမ်းသပ်သောကာလဖြစ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ချက်အစီရင်ခံစာနှင့် လူမှုဘဝဆန်းစစ်လေ့လာသည့် အစီရင်ခံစာကို ပြုလုပ်မည် မဟုတ်ဟု ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တူးဖော်ပြီးသော သဲနုန်းများတွင် ခဲမဖြူ အဖြိုက်နက် ပါဝင်မှု မရှိပါက ထွက်ရှိလာသော သဲနုန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၏ မြို့နယ်ဖွံ့ဖြိုးရေးအတွက် ပေးဝေမည်ဟု တရုတ်ကုမ္ပဏီက ပြောကြားကြောင်း စာချုပ်ချုပ်ဆိုသည့်ပွဲသို့တက်ရောက်ခဲ့သူတစ်ဦးက ပြောသည်။ နှစ်ဖက်သဘောတူစာချုပ်ကိုနေပြည်တော်ရှိသတ္တုတွင်း ဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသ ကြီးသည် ခဲမဖြူ အဖြိုက်နက် အများဆုံး ထွက်ရှိရာဒေသများထဲတွင် ပါဝင်သည်။

## ခါကာဘိုရာဇီတောင်ခြေသို့ အောင်မြင်စွာသွားရောက်နိုင်ခဲ့



*ခါကာဘိုရာဇီတောင်ခြေ၌ ရောက်ရှိခဲ့သော တောင်တက်အဖွဲ့*

ဓာတ်ပုံ - အောင်မြင့်မြတ်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၉**

မြန်မာနိုင်ငံတွင် အမြင့်ဆုံးရေခဲတောင်ဖြစ်သော ခါကာဘိုရာဇီတောင်သို့ ၁၆ နှစ်ကြာမှ ပထမဆုံးအနေဖြင့် ရှေ့ပြေးခရီးစဉ်အဖြစ် ယင်းတောင်ခြေသို့ တတ်ရောက်နိုင်ခဲ့ကြောင်း တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

အမြင့်ပေ ၁၉,၂၉၆ ရှိသော ခါကာဘိုရာဇီ ရေခဲတောင်ကို ၁၉၉၆ စက်တင်ဘာလက ဂျပန်-မြန်မာချစ်ကြည်ရေး တောင်တက်အဖွဲ့မှ အဖွဲ့ဝင်ဂျပန်နိုင်ငံသား မစ္စတာအိုဇာကီနှင့် လမ်းညွှန်မြန်မာနိုင်ငံသား တိဗက်လူမျိုး နမားဂျွန်ဆိန်တို့ပထမဆုံး တက်ရောက်နိုင်ခဲ့ပြီး ၁၆ နှစ်အကြာမှ ယင်းတောင်ခြေသို့ ယခုကဲ့သို့ သွားရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

“တောင်ခြေအထိ သွားထားနိုင်ရန် တစ်ချိန်မှာ တောင်ထိပ်အထိတက်နိုင်တဲ့ အခွင့်အလမ်းရတဲ့အခါ ပိုလွယ်ကူအောင် တက်ချင်တဲ့သူတွေကို အကူအညီပေးနိုင်အောင်လို့ပါ” ဟု ဦးမျိုးသန့်က ပြောသည်။

ထိုတောင်တက်ခရီးစဉ်တွင် အဖွဲ့ဝင် ခြောက်ဦးပါဝင်၍ ၂၀၁၂ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ ၅၁ ရက်ကြာမြင့်ပြီး ခရီးစရိတ်အဖြစ် ကျပ်သိန်း ၅၀ ကျော်ကုန် ကျခဲ့ကြောင်း ယင်းအဖွဲ့မှ ဦးအောင်မြင့်မြတ်က ပြောသည်။

ခါကာဘိုရာဇီ ရေခဲတောင်သည်မြန်မာနိုင်ငံနှင့်အရှေ့တောင်အာရှတွင် အမြင့်ဆုံးရေခဲတောင်ဖြစ်ပြီး ကချင်ပြည်နယ် ပူတာအိုခရိုင်နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့နယ်ခွဲတွင် တည်ရှိသည်။

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကာတွန်းပြပွဲ ပြုလုပ်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၉**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အဓိကထားရေးဆွဲထားသည့် ကာတွန်းလိုင်လှုဏ်၏ တစ်ကိုယ်တော်ကာတွန်းပြပွဲကို အလံပြ ဘုရားလမ်းရှိ Myanmar Ink Art Gallery တွင် ကျင်းပခဲ့သည်။ အဆိုပါ ကာတွန်းပြပွဲတွင် မျက်မှောက်ခေတ်နိုင်ငံရေး အခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းအရာများကို ဒစ်ဂျစ်တယ်ပန်းချီဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း ကာတွန်းဆရာလိုင်လှုဏ်က ပြောသည်။

“ကျွန်မသဘောအကျဆုံးက ဒီကာတွန်းလေးပါပဲ။ မြန်မာပြည်မြေပုံက ချုပ်ရိုးထင်သွားပြီ” ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ကိုင်နေသူ ဒေါ်ဒေဝီသန့်စင်က အလယ်တွင် ချုပ်ရိုးထင်နေသည့် မြန်မာပြည်မြေပုံကာတွန်းကို ရည်ညွှန်းပြောဆိုသည်။



Tourism
7 DAY NEWS JOURNAL
Vol.11, No.46 · JANUARY 24 , 2013

# နိုင်ငံခြားဧည့်သည်တစ်သန်းခွဲအတွက်ပြင်ဆင်ရမည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ

**ရဲနောင်၊ ခန့်ထက်**

**မန္တလေး၊ ဇန်နဝါရီ - ၁၉**

မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ပြီးခဲ့သည့်နှစ်ကထက် ၅၀ ရာခိုင်နှုန်းပိုမိုတိုးတက်လာနိုင်၍ ခရီးသွားလုပ်ငန်းကဏ္ဍအသီးသီးတွင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် လိုအပ်သည်ဟု အဆိုပါနယ်ပယ်မှကျွမ်းကျင်သူများက ပြောသည်။

၂၀၁၂ ခုနှစ်တွင်မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် တစ်သန်းကျော်ဝင်ရောက်ခဲ့ပြီး ယင်းမှာအမြင့်ဆုံးစံချိန်ဖြစ်ခဲ့သည်။ ယခု ၂၀၁၃ ခုနှစ်တွင် တစ်သန်းခွဲခန့် လာရောက်နိုင်သည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

“ခရီးသွားလုပ်ငန်းတွေက ပိုပြီး တိုးတက်လာဖို့ပဲရှိပါတယ်။ အဲဒီအတွက် ရေတို၊ ရေရှည်ပြင်ဆင်မှုတွေ အများကြီး လုပ်ထားရပါမယ်” ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ထွန်းက ပြောသည်။

ထိုသို့ခရီးသွားဧည့်သည်စံချိန်တင်ဝင်ရောက်ခဲ့မှုကြောင့် ၂၀၁၂ ခုနှစ်အတွင်း ဟိုတယ်အခန်းမလုံလောက်မှု၊ အခန်းခများမြင့်တက်မှု၊ ဧည့်လမ်းညွှန်များမလုံလောက်မှုပြဿနာများကြုံတွေ့ခဲ့ရသည်။



ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် လည်ပတ်နေကြသော ကမ္ဘာ့လှည့်ခရီးသွားများကိုတွေ့စဉ်

ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

ထို့ကြောင့် ဟိုတယ်ဇုန် အသစ်များ ဖော်ထုတ်ခြင်း၊ အဆင့်မြင့်တည်းခိုခန်းများအား ဟိုတယ်လိုင်စင်ထုတ်ပေးခြင်း၊ ဟိုတယ်များအား အဆင့်သတ်မှတ်ချက်နှင့်အညီ ဝန်ဆောင်မှုပေးရန် ပြုလုပ်စေခြင်း၊ ဧည့်လမ်းညွှန်သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ခြင်းတို့ပြုလုပ်ရန် လိုအပ်သည်ဟု ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း နယ်ပယ်မှ ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

၂၀၁၀ ရွေးကောက်ပွဲအပြီး မြန်မာနိုင်ငံ၌ နိုင်ငံရေးအရ ပွင့်လင်းမြင်သာမှုရှိလာခြင်း၊ နိုင်ငံတကာမှ အသိအမှတ်ပြုမှုများလာ၍ စိတ်ဝင်စားမှုမြင့်တက်လာခြင်း၊ အစိုးရသစ်လက်ထက်တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လာရောက်လေ့လာကြခြင်းတို့မှာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းအတွက် အခြေခံကျသော အချက်များဖြစ်သည်။

ခရီးသွားဧည့်လမ်းညွှန်များတွင်လည်း အင်္ဂလိပ်ဘာသာစကား ဧည့်လမ်းညွှန် ပိုမိုလိုအပ်ပြီး လိုင်စင်ရဧည့်လမ်းညွှန်သုံးထောင်ကျော်ရှိသော်လည်း ဝင်ရောက်လုပ်ကိုင်နေသူမှာ တစ်ထောင်ကျော်သာရှိသည်ဟု ဧည့်လမ်းညွှန် အသင်းမှဦးအောင်ထွန်းလင်းက ပြောကြားသည်။

နိုင်ငံခြားခရီးသွားဧည့်သည်များ သွားလာရလွယ်ကူစေရန် “ပြည်တွင်းလေကြောင်းလိုင်းတွေများလာဖို့ အရေးကြီးတယ်” ဟု ခရီးသွား လုပ်ငန်းရှင်များ အဖွဲ့ချုပ် အတွင်းရေးမှူးဦးကျော်ထွန်းက ပြောသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ဗီဇာအဟန့်အတားအနည်းဆုံးဖြစ်အောင်လုပ်ဆောင်ခြင်း၊ ပို့ဆောင်ရေး အဆင်ပြေလွယ်ကူစေရန် ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုကောင်းသော နိုင်ငံတကာအဆင့်မီဟိုတယ်များ၊ ကျွမ်းကျင်မှုရှိသော ဧည့်လမ်းညွှန်များ၊ အသုံးပြုရလွယ်ကူသော ငွေပေးချေမှုခရက်ဒစ်ကတ်စနစ်၊ သတင်းအချက်အလက်များ လျင်မြန်စွာ ဖြန့်ဝေပေးရေးနှင့် ခရီးစဉ်အသစ်များ ဖော်ထုတ်ရေးတို့ လိုအပ်သည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ကျွမ်းကျင်သူများက ပြောသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် လိုင်လုပ်သားများပြားလာနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်လာနိုင်ခြင်းနှင့် ပတ်သက်၍ “နိုင်ငံတကာမှာလည်း ဒီလိုပဲ နောက်ဆက်တွဲဆိုးကျိုးတွေဝင်လာတာပဲ။ ဘယ်လို စီမံခန့်ခွဲမယ်ဆိုတာကို ကြိုတင်ပြင်ဆင်ထားရမယ်။ အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူဝိုင်းဝန်းပြီး လုပ်ဆောင်ကြရမယ်” ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းက ပြောသည်။

စာရင်းများအရမြန်မာနိုင်ငံတွင်ဟိုတယ်အလုံးရေနှစ်ရာကျော်ရှိပြီး ၎င်းတို့အနက် ကြယ်ငါးပွင့်အဆင့်ဟိုတယ်ခုနစ်လုံးနှင့်ကြယ်လေးပွင့်အဆင့်ဟိုတယ်ရှစ်လုံးသာရှိသည်။ နိုင်ငံတကာ လေကြောင်း ၂၃ လိုင်း၊ ပြည်တွင်းလေကြောင်းခြောက်လိုင်းနှင့် လေဆိပ် ၃၃ ခု ရှိသည်။

# ကမ္ဘောဇသာဒီနန်းတော်သို့ ထိုင်းခရီးသွားလာရောက်မှု လျော့ကျ

**ခိုင်ချို၊ ခန့်ထက်**

**ရန်ကုန်၊**

**ဇန်နဝါရီ - ၁၆**

ပဲခူးမြို့ရှိ ဘုရင့်နောင်မင်းတရားကြီး၏ နန်းတော်ဖြစ်သည့် ကမ္ဘောဇသာဒီနန်းတော်သို့ ထိုင်းခရီးသွားဧည့်သည် လာရောက်မှုမှာ ထက်ဝက်လျော့ကျသွားကြောင်း ထိုင်းခရီးသွားဧည့်လမ်းညွှန်များထံမှ သတင်းရရှိသည်။

“ထိုင်းလူမျိုးတွေက ကမ္ဘောဇသာဒီ နန်းတော်ကို အရင်ကတည်းက သမိုင်းကြောင်းတွေကြောင့် အများဆုံးလာကြတယ်။ နည်းသွားတာက ဟိုတယ်အခန်းခတွေ မြင့်လာတာရယ်၊ ခရီးသွားစရိတ်တွေမြင့်လာတာကြောင့်ပါ” ဟု ထိုင်းခရီးသွားဧည့်လမ်းညွှန်တစ်ဦးဖြစ်သူကိုစိုင်းမာနစ်က ပြောသည်။

ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးသည် အေဒီ ၁၅၆၃ တွင် ယိုးဒယား(ထိုင်းနိုင်ငံ)သို့ စစ်ချီတိုက်ခိုက်ရာ အောင်မြင်ခဲ့ပြီး ဆင်ဖြူ လေးစီးအပါအဝင် ထိုင်းဘုရင်နှင့် ထိုင်းအနုပညာသည်များအား ဟံသာဝတီရှိ ကမ္ဘောဇသာဒီနန်းတော်သို့ ခေါ်ဆောင်ခဲ့သည့် သမိုင်းကြောင်းရှိခဲ့သဖြင့် အဆိုပါ နန်းတော်မှာ ထိုင်းခရီးသွားများ စိတ်ဝင်စားသည့် နေရာတစ်နေရာဖြစ်သည်။

ထိုင်းခရီးသွားများသည် ဘုရင့်နောင်မင်းတရားကြီးကို လေးစားကြည်ညိုသည့် အချက်နှင့် ၎င်းတို့၏ ဘုရင်တစ်ပါးနေထိုင်ခဲ့သော နေရာဖြစ်ခြင်းတို့ကြောင့် ကမ္ဘောဇသာဒီ နန်းတော်သို့ လာရောက်လည်ပတ်ကြခြင်း ဖြစ်သည်။

ထိုင်းလူမျိုးများလာရောက်မှုမှာ ၂၀၁၂ အောက်တိုဘာ ခရီးသွားရာသီအစမှစကာ ထက်ဝက်ခန့် လျော့ကျခဲ့ပြီး ဥရောပမှ လာရောက်လည်ပတ်မှု နှစ်ဆခန့်မြင့်တက်လာကြောင်း ထိုင်းခရီးသွားဧည့်လမ်းညွှန်များထံမှ သိရသည်။

ထိုင်းခရီးသွားအများစုမှာ ရန်ကုန်မြို့တွင် တည်းခိုကာ ပဲခူးမြို့သို့နေ့ချင်းပြန်သွားရောက်လေ့ရှိသည်။ ထိုင်းခရီးသွားများသည် ရန်ကုန်၊ ပဲခူး၊ ကျိုက်ထီးရိုးစသည့် နေရာများသို့ အများဆုံး သွားရောက်လည်ပတ်လေ့ရှိကြသည်။

၂၀၁၂ ခုနှစ်အတွင်း ထိုင်းခရီးသွားများ လာရောက်လည်ပတ်မှုမှာ ရှစ်သောင်းကျော် ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။



7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

The Cartoon Logo































7 DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

## အငြင်းပွားကျွန်းများအရေး အာမခံ၍ ရှင်ဇိုအာဘေးအား အမေရိကန်နိုင်ငံသို့ ဖိတ်ခေါ်

**ဝါရှင်တန်၊ဇန်နဝါရီ-၁၉**

ကျွန်းငယ်များကိစ္စနှင့် ပတ်သက်၍ ဘေဂျင်းနှင့် တိုကျို အငြင်းပွားမှုတွင် အမေရိကန်၏ ထောက်ခံမှုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီကလင်တန်က အာမခံလိုက်ပြီး ဂျပန်ဝန်ကြီးချုပ်သစ် ရှင်ဇိုအာဘေးကိုလည်း ဖေဖော်ဝါရီလနှောင်းပိုင်းတွင် သမ္မတဘားရက်အိုဘားမားနှင့် တွေ့ဆုံရန် ဝါရှင်တန်သို့ ဖိတ်ကြားလိုက်သည်။



Photo - AFP

မစ္စစ်ကလင်တန်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါနှင့် အလုပ်သဘောနေ့လယ်စာ စားသုံးခဲ့သည်။ ပြီးခဲ့သည့်လ ရွေးကောက်ပွဲ၌ မစ္စတာအာဘေး အပြတ်အသတ်အောင်ပွဲခံပြီးနောက်ပိုင်း အမေရိကန်-ဂျပန်လုံခြုံရေးနှင့် စီးပွားရေးဆက်ဆံမှုများ ဆက်လက်အားကောင်း ခိုင်မြဲဆဲဖြစ်ကြောင်း နှစ်ဖက်စလုံးက ပြောကြားသည်။

"ဂျပန်နိုင်ငံနဲ့ ကျွန်မတို့ရဲ့ မဟာမိတ်ပေါင်းစည်းမှုဟာ အာရှဒေသမှ အမေရိကန် ပါဝင်ပတ်သက်မှုရဲ့ အဓိကအရေးပါတဲ့ အစိတ်အပိုင်းဖြစ်ပါတယ်"ဟု မစ္စစ်ကလင်တန်က သတင်းထောက်များအား ပြောကြားသည်။ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ မြောက်ကိုရီးယားနျူကလီးယားကိစ္စမှသည် ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းအထိ ကျယ်ပြန့်သည်ဟု ၎င်းကဆက်လက်ပြောသည်။

တရုတ် အရှေ့ပင်လယ်ရှိ ဆင်ကာကူ/ဒိုင်အိုယုကျွန်းများကို သူပိုင်ကိုယ်ပိုင် တရုတ်နိုင်ငံနှင့် အငြင်းပွားနေမှုတွင်လည်း အမေရိကန်နိုင်ငံက ၎င်းတို့၏ သက်တမ်းရှည် မဟာမိတ်နှင့်အတူ ရပ်တည်သွားမည်ဟုလည်း မစ္စစ်ကလင်တန်ကထပ်မံအတည်ပြုပြောကြားထားသည်။

—*Ref: Reuters*

## ဆော်ဒီတွင် ကွပ်မျက်ခံရသော သီရိလင်္ကာအိမ်ဖော်၏မိခင် နစ်နာကြေးကို ငြင်းပယ်

**ကိုလံဘို၊ဇန်နဝါရီ-၁၈**

မကြာသေးမီက ဆော်ဒီအာရေးဘီးယားနိုင်ငံတွင် အိမ်ရှင်၏ ကလေးအားသေစေခဲ့မှုဖြင့်ခေါင်းဖြတ်ကွပ်မျက်ခံခဲ့ရသောသီရိလင်္ကာအိမ်ဖော်၏ မိခင်က ဆော်ဒီမှပေးအပ်သောနစ်နာကြေး ရူပီးနှစ်သန်း (ကန်ဒေါ်လာ ၄၅,၆၀၀)ကို ငြင်းပယ်ခဲ့သည်ဟု သိရသည်။

သီရိလင်္ကာသတင်းစာ လင်္ကာဒီပ၏အဆိုအရ ယင်းအိမ်ဖော်မိန်းကလေး၏မိခင် ဆိုင်ယာဒူဖာရီနာနှင့် အင်တာဗျူးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစာက ၎င်း၏ဝက်ဘ်ဆိုက်၌ ဖာရီနာ၏ အင်တာဗျူးကောက်နုတ်ချက်ကို ဖော်ပြခဲ့ရာ ဖာရီနာက "ကျွန်မအနေနဲ့ ဆော်ဒီလူမျိုးတွေဆီကဖြစ်စေ၊ ဆော်ဒီအစိုးရကဖြစ်စေ ကျွန်မသမီးအတွက်လျော်ကြေး၊ထောက်ပံ့ကြေးပေးတာကို လက်ခံမှာမဟုတ်ပါဘူး"ဟု ပြောကြားထားသည်။ သီရိလင်္ကာ၏ ဒေးလီးမေရာသတင်းစာကလည်း ဖာရီနာထံသို့ဆော်ဒီတော်ဝင်မိသားစု၏ အကြံပေးတစ်ဦးက ဒေါ်လာတစ်သန်းပေးရန် ကမ်းလှမ်းခြင်းခံရကြောင်း၊ အခြားဆော်ဒီ စေတနာရှင်များကလည်း ကန်ဒေါ်လာ ၄၅,၆၀၀ ကိုပေးရန် ကမ်းလှမ်းခဲ့ကြောင်း ဖော်ပြသည်။

ဆော်ဒီအာရေးဗီးယားတွင် ကွပ်မျက်ခံရသည့်သီရိလင်္ကာအိမ်ဖော် ရီဇာနာနာဖိတ်သည် ၂၀၀၅ ခုနှစ်က ဆော်ဒီအိမ်ရှင်တစ်ဦးထံ အလုပ်လုပ်နေစဉ် ကလေးထိန်းရာ၌ ကလေးကို မတော်တဆ သေစေခဲ့မှုဖြင့် အပြစ်ရှိကြောင်း ဆုံးဖြတ်ခံခဲ့ရသည်။ သူမအား ကွပ်မျက်ခဲ့ခြင်းအတွက် ကုလသမဂ္ဂနှင့်အမေရိကန်တို့ကဆော်ဒီအာဏာပိုင်များကို ပြစ်တင်ဝေဖန်ခဲ့သည်။ —*Ref: AFP*



Photo - AFP

*ဇန်နဝါရီ ၁၇ ရက်က သမ္မတရုံးမှ ထုတ်ပြန်သောဓာတ်ပုံတွင် သမ္မတရုံးဝင်းအတွင်း ရေကြီးရေလျှံမှုကို အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘမ်ဘန်း ယူဒိုယိုနို၊ နိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါတို့ လိုက်လံကြည့်ရှုနေသည်ကို တွေ့မြင်ရပုံ*

## ဂျကာတာတွင် ရေကြီးမှုကြောင့် သေဆုံးသူ ၁၅ ဦးအထိရှိလာ

**ဂျကာတာ၊ဇန်နဝါရီ-၁၉**

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော် ဂျကာတာတွင် ရက်ပေါင်းများစွာ ဆက်တိုက်ရေကြီးမှုများကြောင့် သေဆုံးသူလေးဦး၏ ရုပ်အလောင်းကို ထပ်တွေ့ကာ ယခုအခါ သေဆုံးသူစာရင်းမှာ ၁၅ ဦးအထိရှိလာပြီဖြစ်ကြောင်း သိရသည်။

ဂျကာတာရဲတပ်ဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ် ရစ်ဝမ်တိုက ရေကြီးမှုများကြောင့် သေဆုံးသူသုံးဦးကို ယမန်နေ့က ဆယ်ယူရရှိထားပြီး မြို့တော်၏ အဓိကစီးပွားရေးခရိုင်တွင်လည်း နောက်ထပ်တစ်ဦး၏ ရုပ်အလောင်းကို ဆယ်ယူရရှိကြောင်း ဆိုသည်။ ကယ်ဆယ်ရေးသမားများက ယင်းခရိုင်မှ အဆောက်အအုံတစ်ခုတွင် တစ်ရက်ကျော်ကြာအောင် ပိတ်မိနေသောသူတစ်ဦးကို ရေငုပ်ရှာဖွေပြီး ကယ်တင်ခဲ့ရကြောင်း၊ အိပ်ခန်းသန့်ရှင်းရေးသမားတစ်ဦးနှင့် အဆောက်အအုံ ဆောက်လုပ်ရေးပညာရှင်တစ်ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ကြောင်း ဆိုသည်။ အာဏာပိုင်များက ရေလွှမ်းမိုးမှုကြောင့် ရေပြင်အမြင့်သည် အမြင့်ဆုံးအဆင့်တက်ခဲ့ကြောင်းဆိုသည်။ ဂျကာတာတွင် မြို့တော်၏ စီးပွားရေးခရိုင် အပါအဝင်နေရာတော်တော်များများ၌ ဇန်နဝါရီ ၁၈ ရက်က မိုးတိတ်ချိန်မှစ၍ ရေကျသွားခဲ့သည်။

မြို့တော်တွင် ရေကြီးမှုများကြောင့် လူပေါင်း ၁၈,၀၀၀ ခန့်မှာ နေအိမ်များမှ စွန့်ခွာခဲ့ရပြီး စာရင်းအတိအကျကို ထပ်မံဖြည့်စွက်နေဆဲဖြစ်ကြောင်း သဘာဝဘေးကာကွယ်ရေး အေဂျင်စီ ပြောခွင့်ရပုဂ္ဂိုလ် ဆူတိုပိုပါဝိုနူဂရိုဟိုကပြောသည်။ ဂျကာတာတွင် ၂၀၀၇ ခုနှစ်က အဆိုးရွားဆုံးရေကြီးမှုကြုံခဲ့ရာ လူ ၅၀ ခန့်သေဆုံးပြီး လူသုံးသိန်းခန့် နေရာရွှေ့ပြောင်းခဲ့ရသည်။

—*Ref: AFP*

## ရေဒီယိုသတ္တိကြွမှုမြင့်မားသည့်ငါးတစ်ကောင် ဖူကူရှီးမား နျူစက်ရုံအနီးတွေ့ရှိ

**တိုကျို၊ဇန်နဝါရီ-၁၉**

သတ်မှတ်ထားသည့်ပမာဏထက် အဆပေါင်း ၂,၅၀၀ ခန့် ရေဒီယိုသတ္တိကြွမှုအဆင့်မြင့်မားနေပြီး အဆိပ်သင့်နေသည့် ငါးတစ်ကောင်ကို ၂၀၁၁ ခုနှစ်က ဓာတ်ရောင်ခြည်ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ ဖူကူရှီးမား ဒိုင်အိချိနျူစက်ရုံအနီးတွင်တွေ့ခဲ့ရကြောင်း စက်ရုံကိုပိုင်ဆိုင်သည့်ကုမ္ပဏီ တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီ TEPCO ကထုတ်ပြန်သည်။ ကုမ္ပဏီက 'မူရာဆိုအိ' ဟုခေါ်သော ငါးတစ်ကောင်တွင် အစိုးရက တရားဝင်သတ်မှတ်သော ရေဒီယိုသတ္တိကြွမှု ပမာဏထက် ၂,၅၄၀ ဆ ပိုမြင့်မားနေကြောင်း စစ်ဆေးတွေ့ရှိရသည်ဟုဆိုသည်။ ကျောက်ငါးတစ်မျိုးဖြစ်သည့် ယင်းငါးကို ဖူကူရှီးမားစက် ရုံနယ်မြေအတွင်း ဆိပ်ကမ်းတစ်ခုတွင် ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ဖူကူရှီးမားနျူစက်ရုံသည် ၂၀၁၁ မတ်လကလှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဓာတ်ပေါင်းဖိုမှ အဏုမြူဓာတ်ရောင်ခြည် ယိုဖိတ်မှုဖြစ်ပွားကာ ပတ်ဝန်းကျင်သို့ပါ ရေဒီယိုသတ္တုကြွဓာတ်များ ပျံ့နှံ့ခဲ့ရသည်။ ထိုအချိန်မှစ၍ အာဏာပိုင်များက ဖူကူရှီးမားစက်ရုံအနီးတွင် ငါးဖမ်းခြင်း၊ ယင်းဒေသမှ ထွက်သောအမဲသား၊ မို့နှင့်နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များကို ဝယ်ယူစားသုံးခြင်းမပြုရန် ပိတ်ပင်ထားခဲ့သည်။ —*Ref: AFP*




## မြောက်ကိုရီးယားအပေါ် ပိတ်ဆို့မှုများ တိုးမြှင့်ရေး လုံခြုံရေးကောင်စီတွင် အမေရိကန်နှင့် တရုတ် သဘောတူညီမှုရ

**နယူးယောက်၊ဇန်နဝါရီ-၁၉**

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည်ကုလသမဂ္ဂတွင် မြောက်ကိုရီးယား၏ ဒုံးပျံစမ်းသပ်မှုများနှင့်ပတ်သက်၍ ချမှတ်ထားသော ပိတ်ဆို့အရေးယူမှုများကို ထပ်မံသက်တမ်းတိုးရေးအတွက် လုံခြုံရေးကောင်စီတွင် သဘောတူညီမှုများ ရခဲ့ကြောင်း သိရသည်။ နှစ်ဖက်သံတမန်များ၏ အဆိုအရ ယခုသဘောတူညီမှုမှာ ဒီဇင်ဘာ ၁၂ ရက်က ကန်နိုင်ငံခြားရေးဝန်ကြီး ကလင်တန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျိချီတို့ တွေ့ဆုံမှုပြီးနောက် ရက်ပေါင်းများစွာ ညှိနှိုင်းဆွေးနွေးမှုများမှ ပေါ်ထွက်လာကြောင်း သိရသည်။ သံတမန်များက တရုတ်သည် လာမည့်အပတ်တွင် ချမှတ်ဖွယ်ရှိသည့် အဆိုပြုထားသည့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းကိုလေ့လာနေသည်ဟုပြောသည်။ ကုလသမဂ္ဂသည် နျူလက်နက်ပိုင်ဆိုင်ထားသော မြောက်ကိုရီးယား၏ ဒုံးပျံပစ်လွှတ်မှုကို ဆန့်ကျင်၍ နောက်ထပ်ပြင်းထန်သော ပိတ်ဆို့မှုများကို လုံခြုံရေးကောင်စီ၌ ချမှတ်ရန် တိုက်တွန်းထားသည်။ သို့သော် တရုတ်အစိုးရက ၎င်း၏ မဟာမိတ်မြောက်ကိုရီးယားအပေါ် နောက်ထပ်အရေးယူမှုများမလုပ်စေလိုဘဲ တစ်ဆင့်နိမ့်သည့်ကောင်စီကြေညာချက်ထုတ်ပြန်ခြင်းမျိုးကိုသာ ဆောင်ရွက်စေလိုသည်။ တရုတ်နှင့် အမေရိကန်တို့၏ ယခုဆွေးနွေးမှုများကို သိထားသော သံတမန်တစ်ဦးက "ဒါကတော့ အပေးအယူလုပ် ညှိနှိုင်းမှုပါ။ အမေရိကန်က ပုံမှန်ဆုံးဖြတ်ချက် အဆိုကြမ်းတင်ပြီး လက်ရှိ ကန့်သတ်မှုတွေကို ချဲ့ထွင်ချင်ပါတယ်။ တရုတ်ကလည်း ဒါဟာ နောက်ထပ် ပိတ်ဆို့မှုတွေကို ချဲ့ထွင်ချင်ပါတယ်။ တရုတ်ကလည်း ဒါဟာ နောက်ထပ် ပိတ်ဆို့မှုအသစ်တွေကို ရှောင်ကြဉ်ထားတာပဲလို့ ပြောနိုင်ပါတယ်။ ဒီအဆိုကို တရုတ်ဘက်က နောက်ဆုံးအတည်ပြုချက်ရဖို့စောင့်နေတာပါ" ဟု ဆိုသည်။ တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံစလုံးသည် ဖေဖော်ဝါရီလတွင်လုံခြုံရေးကောင်စီအလှည့်ကျဥက္ကဋ္ဌနေရာကို တောင်ကိုရီးယားက ရယူသည့်အချိန်ထိ မည်သည့်ဆုံးဖြတ်ချက်မှမချလိုကြောင်း သိရသည်။ အမေရိကန်အစိုးရသည် မြောက်ကိုရီးယားအပေါ် အသေအချာအရေးယူဆောင်ရွက်ပေးရန် မဟာမိတ်ဂျပန်နှင့်တောင်ကိုရီးယားတို့၏ ဖိအားကို ရင်ဆိုင်နေရကြောင်း ကုလသံတမန်တစ်ဦးကပြောသည်။

—*Ref: AFP*



# Leader's Profile
# ပါရာဂွေးသမ္မတ ဖယ်ဒါရီကိုဖရန်ကို

ရဲမင်း

လူးဝစ်ဖယ်ဒါရီကို ဖရန်ကိုဂေါမက်စ်သည် ၂၀၁၂ ဇွန်လမှစ၍ ပါရာဂွေးနိုင်ငံ သမ္မတ တာဝန်ကိုထမ်းဆောင်နေသည်။ Authentic Liberal Radical Party (PLRA) ပါတီ အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး ၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတ ဖာနန်ဒိုလူဂိုနှင့်အတူ ပါဝင်ယှဉ်ပြိုင်ပြီး ဒုတိယ သမ္မတရာထူးကို ရရှိခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ် ဇွန်လ ၂၂ ရက်တွင် လွှတ်တော်က သမ္မတ ဖာနန်ဒိုလူဂိုအား စွပ်စွဲပြစ်တင်ဖယ်ရှားခဲ့ပြီးနောက် ဒုသမ္မတ ဖယ်ဒါရီကိုဖရန်ကိုမှာ သမ္မတနေရာ ရရှိလာသည်။

ဖယ်ဒါရီကို ဖရန်ကိုအား ၁၉၆၂ခုနှစ်ဇူလိုင်လ ၂၄ ရက်တွင် အဆွန်စီယွန်မြို့၌ မွေးဖွားခဲ့သည်။ မူလတန်းပညာကို ဒိုမီနီကန်ရီပက်ဘလစ်တွင် သင်ကြားခဲ့သည်။ တက္ကသိုလ်ပညာရေးအတွက်မူ အဆန်စီယွန်အမျိုးသားတက္ကသိုလ် ဆေးပညာကျောင်းတွင် တက်ရောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ခွဲစိတ်အထူးကုဆရာဝန်ဖြစ်လာသည်။

ဖရန်ကို၏ မိသားစုသည် ဖာနန်ဒိုဒီလာမိုလာမြို့တွင်ဆေးရုံတစ်ရုံပိုင်ဆိုင်ရာ ၎င်းဆရာဝန်ဖြစ်လာချိန်တွင် ယင်းဆေးရုံမှာပင် အစ်ကိုဖြစ်သူနှင့်အတူဝင်ရောက်လုပ်ကိုင်သည်။ ယင်းမှနေ၍ ၁၉၉၄-၉၆ တွင် National Guard Hospital အကြီးအကဲနှင့် ကိုယ်တွင်းအစိတ်အပိုင်း ဆေးပညာဌာနမှူးအဖြစ် တာဝန်ယူသည်။ ထိုမှတစ်ဖန် မစ္စတာဖရန်ကိုသည် အမျိုးသားဆေးရုံ၊ နှလုံးရောဂါဌာန အကြီးအကဲအဖြစ်လည်း တာဝန်ယူခဲ့သည်။ မစ္စတာဖရန်ကိုသည် ၁၉၉၁ ခုနှစ် ဇွန်လမှစ၍ ပါရာဂွေးနိုင်ငံ ကိုယ်တွင်းအစိတ်အပိုင်းဆေးပညာအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး နောက်ပိုင်း ယင်းအဖွဲ့၏ အလုပ်အမှုဆောင်အဖွဲ့၌ ပါဝင်လာခဲ့သည်။

မစ္စတာ ဖယ်ဒါရီကိုဖရန်ကိုသည် ၂၀၀၃-၂၀၀၈ နှစ်များအတွင်း မြို့တော်အဆွန်ဒီယွန်ပါဝင်ရာ Central ဒေသ၏ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၈ ခုနှစ်မှာပင် သမ္မတရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ARLP ပါတီတွင်း၌ မစ္စတာလူဂိုနှင့် မစ္စတာဖရန်ကိုတို့ကြား မည်သူ့ကို သမ္မတနေရာ အဆိုတင်သွင်းမည့်ကိစ္စ ဆွေးနွေးပြီးနောက်ဆုံးတွင် မစ္စတာဖရန်ဒိုလူဂိုအား သမ္မတနေရာ၊ မစ္စတာဖရန်ကိုအား ဒုတိယသမ္မတနေရာမှ ယှဉ်ပြိုင်စေခဲ့သည်။

သို့သော် မစ္စတာလူဂိုမှာ ၂၀၁၂ဇွန်လတွင် လူပေါင်း၁၇ဦး သေဆုံးခဲ့သော လယ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များ ငြိစွန်းခဲ့မှုကို ကိုင်တွယ်ပုံနှင့်ပတ်သက်၍ လွှတ်တော်က စွပ်စွဲပြစ်တင်ရာထူးမှ ဖယ်ရှားခြင်းခံရသည်။ သို့သော် သမ္မတမှာ၎င်းကိုယ်၎င်းကာကွယ်ရန် လျှောက်လဲရေးအတွက် အချိန်နှစ်နာရီသာ ရရှိခဲ့ရာ အာဏာသိမ်းခြင်းတစ်မျိုးဟု ရှုမြင်ခံရသည်။

သမ္မတဟောင်းဖာနန်ဒိုလူဂိုအား ဖယ်ရှားပြီးနောက် တစ်နာရီအတွင်း ဒုတိယသမ္မတဖြစ်သူ ဖယ်ဒါရီကိုဖရန်ကို ကျမ်းသစ္စာကျိန်ဆိုပြီး ပါရာဂွေးနိုင်ငံ၏ သမ္မတဖြစ်လာခဲ့သည်။ မစ္စတာ ဖယ်ဒါရီကိုဖရန်ကိုသည် ဇနီးသည် အယ်မီလီယာအယ်လ်ဖာရိုနှင့် သားသမီးလေးဦး ထွန်းကားခဲ့သည်။

*—Ref: Wikipedia*

နောက်ကျောဖုံး မှ

## အယ်လ်ဂျီးရီးယား ဓာတ်ငွေ့စက်ရုံစီးနင်းမှု သေဆုံးသူစာရင်း မြင့်တက်

ဝါရင့် အစ္စလာမ်မစ်စစ်သွေးကြွတိုက်ခိုက်ရေးသမားတစ်ဦးက ယင်းမှာအယ်လ်ကိုင်ဒါအဖွဲ့ကိုယ်စားတိုက်ခိုက်ခြင်းဟု ပြောသည်။

အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျပန်၊ နော်ဝေး၊ ရိုမေးနီးယားနိုင်ငံသားလုပ်သားများ သေဆုံး (သို့မဟုတ်) ပျောက်ဆုံးခဲ့သော အဆိုးရွားဆုံး နိုင်ငံတကာဓားစာခံဖမ်းဆီးမှုနှင့်ပတ်သက်၍ မာလီဝန်ကြီးချုပ် အဗ္ဗဒီမာလက်က ဇန်နဝါရီ ၂၁ ရက် သတင်းစာရှင်းလင်းပွဲတွင်အသေးစိတ်အချက်အလက်များ ပြောကြားမည်ဟု မျှော်လင့်ရသည်။

ဇန်နဝါရီ ၂၀ ရက်က ဓားစာခံ ၂၅ဦး၏ အလောင်းများကိုတွေ့ရှိရကြောင်း လုံခြုံရေးရင်းမြစ်က သိရှိရပြီး ယင်းအတွက် စစ်သွေးကြွနှင့် ဓားစာခံသေဆုံးသူ ၈၀ ဦး ရှိလာခြင်းဖြစ်သည်။ စစ်သွေးကြွခြောက်ဦးကိုလည်း အရှင်ဖမ်းမိထားပြီး တပ်ဖွဲ့များက အခြားကျန်ရှိနေသူများကို ဆက်လက်ရှာဖွေနေကြောင်း သတင်းပေးပို့သူက ဆက်လက်ပြောသည်။

ထိုအတောအတွင်း ယင်းတိုက်ခိုက်မှုမှာ အယ်လ်ကိုင်ဒါအဖွဲ့ကိုယ်စား တိုက်ခိုက်ခြင်းဖြစ်သည်ဟု မျက်စိတစ်ဖက်လပ် အစ္စလာမ်မစ်တိုက်ခိုက်ရေးသမား မော့ခ်တာဘယ်မော့ခ်တာကပြောသည်။ "ကျွန်တော်တို့ အယ်လ်ကိုင်ဒါအဖွဲ့က ဒီစစ်ဆင်ရေးကို ကြေညာမောင်းခတ်ပါတယ်"ဟု ဒေသခံဝက်ဘ်ဆိုက်တစ်ခုဖြစ်သော ဆာဟာရမီဒီယာဗီဒီယိုတစ်ခုတွင် ၎င်းကပြောကြားသည်။ တိုက်ခိုက်မှုတွင် လူပေါင်း ၄၀ ခန့် ပါဝင်သည်ဟု သိရပြီး ယင်းမှာ အစိုးရကပြောသော သေဆုံးသူ၊ ဖမ်းမိသူ တိုက်ခိုက်ရေးသမား အရေအတွက်ခန့်ပင် ဖြစ်သည်။

စစ်သွေးကြွများက ဓာတ်ငွေ့စက်ရုံကို ဝင်ရောက်စီးနင်းပြီးနောက် နိုင်ငံခြားသားများအား သီးခြားဖမ်းဆီးထားခဲ့သည်။ လွန်ခဲ့သော ငါးရက်က အိမ်နီးချင်းမာလီနိုင်ငံတွင် ဆင်နွှဲနေသော ပြင်သစ်အစိုးရ၏ ဗုံးကြဲတိုက်ခိုက်မှုများကို ရပ်တန့်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော် ထိုကဲ့သို့ ကြီးမားသော စက်ရုံကြီးအား ဝင်ရောက်စီးနင်းတိုက်ခိုက်ရန် ကြံစည်မှုကို ရက်အနည်းငယ်အတွင်း စီစဉ်ရန်မှာ မဖြစ်နိုင်ကြောင်း အမေရိကန်-ဥရောပအရာရှိများက သံသယရှိကြသည်။

စက်ရုံအား စီးနင်းမှုဖြစ်ပေါ်ပြီး ဇန်နဝါရီ၁၇ ရက်တွင် အယ်လ်ဂျီးရီးယားစစ်ဘက်က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဓားစာခံများနှင့် သေနတ်သမားများပါ သေဆုံးခဲ့သည်။ သေနတ်သမားများက ဓားစာခံများနှင့်အတူ ကားဖြင့် ထွက်ပြေးရန် ကြိုးစားနေ၍ ပစ်ခတ်ခဲ့ရသည်ဟု အယ်လ်ဂျီးရီးယားစစ်ဘက်ကပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုတွင် အယ်လ်ဂျီးရီးယားအလုပ်သမား ၇၀၀ ကျော်နှင့် နိုင်ငံခြားသားလုပ်သား ၁၀၀ ကျော် ထွက်ပြေးလွတ်မြောက်သွားသည်။

ဇန်နဝါရီ၁၉ ရက်တွင်လည်း အယ်လ်ဂျီးရီးယားစစ်ဘက်က စစ်သွေးကြွများအား အတင်းဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဓားစာခံများ ထပ်မံသေဆုံးခဲ့ရသည်။ ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ကမူ အယ်လ်ဂျီးရီးယားစစ်ဘက်၏ ဆုံးဖြတ်ချက်ကိုကာကွယ်ပြောဆိုသည်။

အယ်လ်ဂျီးရီးယားအာဏာပိုင်များအနေဖြင့် ဆုံးဖြတ်ချက်ချရမည်ဖြစ်ကြောင်း လူသေဆုံးမှုများပြားခြင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်ရသော်လည်း ၎င်းတို့မှာ အကြမ်းဖက်သမားများအား နှိမ်နင်းရခြင်းဖြစ်သည်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖာဘီးယက်စ်ကပြောကြားသည်။

*—Ref: Reuters*

နောက်ကျောဖုံး မှ

## ဘူလ်ဂေးရီးယားပါတီညီလာခံတွင် စင်ပေါ်တက် တိုက်ခိုက်ခံရမှု နောက်ကွယ်မှ တရားခံကို ရှာဖွေနေ

အခွင့်အရေးနှင့်လွတ်လပ်ခွင့်များလှုပ်ရှားမှု (MRF)ပါတီ၏ ခေါင်းဆောင် အာမက်ဒိုဂန်အား အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့သည်ဟု ပါတီက စွပ်စွဲပြောကြားသည်။ ယင်းအဖြစ်အပျက်၌ သေနတ်သမားက နှစ်ကြိမ်တိုင်တိုင် ပစ်ခတ်ခဲ့သော်လည်း အာမက်ဒိုဂန်မှာ ထိခိုက်ဒဏ်ရာမရရှိဘဲ သေနတ်သမားအား လုံခြုံရေးအစောင့်များက ထွေးလုံးသတ်ပုတ်ဖမ်းဆီးနိုင်ခဲ့သည်။

"ဒီစုံစမ်းစစ်ဆေးမှုရဲ့အဓိကရည်ရွယ်ချက်က ဒီတိုက်ခိုက်မှုနောက်ကွယ်က နိုင်ငံရေးကြိုးကိုင်သူ ဘယ်သူလဲဆိုတာ ဖော်ထုတ်ဖို့ပါပဲ"ဟုယင်းပါတီညီလာခံခေါင်းဆောင်ဟောင်း အာမက်ဒိုဂန်၏ နေရာကိုရယူခဲ့သူလျူပီမက်စတန်ကပြောသည်။

ပါတီ ခေါင်းဆောင်အား တိုက်ခိုက်သူ သေနတ်သမားမှာ ပင်လယ်နက်အနီး ဘားဂတ်စ်မြို့မှ အသက် ၂၅ နှစ်အရွယ် တူရကီလူမျိုး အိုတေးအယ်နီမေမက်ဒေါ့ဗ်ဆိုသူဖြစ်ကြောင်းရဲတပ်ဖွဲ့ကပြောကြားသည်။ အဆိုပါတိုက်ခိုက်မှုအတွင်း အသုံးပြုခဲ့သော လက်နက်မှာ ဓာတ်ငွေ့ပစ္စတိုသေနတ်ဖြစ်သော်လည်း အသက်အန္တရာယ်မရှိသော လက်နက်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ သေနတ်သမားမှာမူ ရမ်းကားမှုအတွက် ထောင်ဒဏ်ငါးနှစ်၊ သတ်ဖြတ်ရန် ခြိမ်းခြောက်မှုများအတွက် ထောင်ဒဏ်ခြောက်နှစ် ကျခံရနိုင်ကြောင်း အစိုးရရှေ့နေ ဘိုရီစလက်ဗ်က သတင်းထောက်များအား ပြောကြားသည်။

*—Ref: Reuters*

(Urgently)
KYAW TIN KO Co.,Ltd;
AutoCAD DRAFTSMAN (CIVIL /STRUCTURAL)
- AGTI (Civil), BTech (Civil), BE (Civil)
- AGTI (Civil)
- AutoCAD 2D နှင့် Microsoft Office Suite
CV Form
KTK Co., Ltd;
No.5, First floor, 163 rd Street, Tamwe Township, Yangon, Myanmar.
Ph: 01 549292, 01 4411456
email: ktk.job2012@gmail.com

နောက်ကျောဖုံး မှ

## ပြင်သစ်တပ်ဖွဲ့များ မာလီနိုင်ငံမြောက်ပိုင်းသို့ ချီတက်

အခြေစိုက်စခန်းများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထို့အတွက် အစ္စလာမ်မစ်များ မာလီမြို့တော် ဘာမာကိုသို့ ချီတက်ခြင်းကို ထိရောက်စွာ တားဆီးနိုင်ခဲ့သည်။

ပြင်သစ်ကာကွယ်ရေးဝန်ကြီး လောရင့်ဖာဘီရက်စ်က ပြင်သစ်နိုင်ငံသည် ပြောက်ကျားစစ်တွင် အချိန်ကြာမြင့်စွာ ပါဝင်ပတ်သက်နေရဖွယ်ရှိကြောင်း ပြောကြားမှုများကို ပယ်ချလိုက်သည်။ မာလီနိုင်ငံအား အာဖဂန်နစ္စတန်ကဲ့သို့ ဖြစ်အောင်လုပ်မည်ဟု အစ္စလာမ်မစ်များက ပြောကြားထားခြင်းအပေါ်လည်း မစ္စတာမာဘီးယက်စ်က "အာဖဂန်နစ္စတန်မှာ ဒီမိုကရက်တစ်အစိုးရတစ်ရပ်မရှိပါဘူး။ ဒီမှာတော့ ဒီမိုကရက်တစ် အစိုးရအဖွဲ့ရှိပါတယ်။ ပြီးပြည့်စုံအောင်တော့ လုပ်ဆောင်ရနိုင်ပါတယ်"ဟု ပြောသည်။

မြောက်အာဖရိက အယ်လ်ကိုင်ဒါအဖွဲ့ (AQIM) ၊ မာလီစစ်သွေးကြွအုပ်စု အင်ဆာဒိုင်းနှင့် MUJWA အစ္စလာမ်မစ်အဖွဲ့များသည် မာလီနိုင်ငံ မြောက်ပိုင်းအား ပူးပေါင်းထိန်းချုပ်၍ တင်းကျပ်သော ရှာရီးယားဥပဒေများ ကျင့်သုံးခဲ့သည်။

*—Ref: Reuters*

နောက်ကျောဖုံး မှ

## အငြင်းပွားကျွန်းစုများအနီး တရုတ်သင်္ဘောသုံးစီး အသင့်ရှိနေ

မှတ်ချက်များသည်ဂျပန်နိုင်ငံအား ထောက်ခံနေသည်ဟု တရုတ်အစိုးရက ဝေဖန်မှုအပြီး ထွက်ပေါ်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာတွင် အဆိုပါ ကျွန်းစုများမှအချို့ကို ဂျပန်နိုင်ငံဘက်မှ ပြည်သူပိုင်အဖြစ်ဝယ်ယူပြီးနောက်ကျွန်းများအနီးသို့ ၎င်းတို့၏သင်္ဘောများကို မကြာခဏ စေလွှတ်ခဲ့ပြီးနောက် နှစ်နိုင်ငံအငြင်းပွားမှုများမှာ ပိုမိုပြင်းထန်လာသည်။

ဘေဂျင်းသည် မကြာသေးမီက အရှေ့တရုတ်ပင်လယ်အတွင်း လေကြောင်းကင်းလှည့်လေယာဉ်များ ပို့လွှတ်ခဲ့သလို ဂျပန်အစိုးရလည်း တိုက်ခိုက်ရေး ဂျက်လေယာဉ်များ ပြီးခဲ့သော ရက်သတ္တပတ်များအတွင်း စေလွှတ်ခဲ့ပြီး ထိပ်တိုက်တွေ့ဆုံမှုများမှာမူ ဖြစ်ပွားခဲ့ခြင်းမရှိပေ။ ဘေဂျင်းသည် ပြီးခဲ့သည့် တနင်္ဂနွေ (ဇန်နဝါရီ ၂၀ ရက်)က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ မှတ်ချက်ဖြစ်သည့် ကျွန်းစုများအပေါ် တိုကျို၏ ထိန်းချုပ်မှုအား စိန်မခေါ်ရန် တရုတ်နိုင်ငံအား သတိပေးခြင်းကို ပြင်းထန်စွာကန့်ကွက်ခဲ့သည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

# အစ္စရေးရွေးကောက်ပွဲအကြောင်း တိုင်းမ်၏ ဂျေရုဆလင်ပြူရိုအကြီးအကဲ ကားလ်ဗစ်က်နှင့် အမေးအဖြေ

**ကျော်မျိုး**



လာမယ့် ဇန်နဝါရီ ၂၂ (ဒီဂျာနယ်ထွက်ချိန်မှာတော့ ၂၃ ရက်နေ့ဖြစ်နေပြီမို့ ရလဒ်တွေကို ကြိုသိနေလောက်ပြီ ထင်ပါတယ်)မှာ အစ္စရေးမဲဆန္ဒရှင်တွေဟာ အမျိုးသားရွေးကောက်ပွဲတွေအတွက် မဲပေးကြတော့မှာဖြစ်ပါတယ်။ ယခုအခါ အစ္စရေးနိုင်ငံရေးမှာ ပါလက်စတိုင်းတို့ တည်ရှိရာ အနောက်ဘက်ကမ်းဒေသကို ဂျူးလူမျိုးများ ရွှေ့ပြောင်းအခြေချမှုကို ထောက်ခံအားပေးတဲ့ လက်ယာစွန်းနိုင်ငံရေးသမားတွေ တိုးပွားလာနေတာပါ။ ဒီအထဲမှာ လူကြိုက်များလာတဲ့ လက်ယာစွန်းပါတီတစ်ရပ်ဖြစ်တဲ့ ဂျူးအမိမြေပါတီလည်း ပါဝင်နေပါတယ်။ ဒီပါတီကို ယခင်ကွန်မန်ဒိုဟောင်း အဆင့်မြင့်နည်းပညာလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်သူ နက်တာလီဘင်းနတ်က ဦးဆောင်နေပါတယ်။

ဒါကြောင့် တိုင်းမ်ရဲ့ ဂျေရုဆလင်သတင်းပြူရိုအကြီးအကဲ ကားလ်ဗစ်က်ဟာ ဒီတစ်ပတ်ရဲ့ တိုင်းမ်မဂ္ဂဇင်းမှာ အစ္စရေးရွေးကောက်ပွဲကာလအတွင်း ရွှေ့ပြောင်းအခြေချရေးကို ထောက်ခံတဲ့ပါတီတွေအကြောင်း အထူးဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပြီး တိုင်းမ်မဂ္ဂဇင်းကလည်း ဒီဖြစ်စဉ်နောက်ကွယ်ကအကြောင်းတွေကို မစ္စတာကားလ်ဗစ်က်အား မေးမြန်းထားတာကို ပြန်လည်တင်ဆက်လိုက်ပါတယ်။

**အစ္စရေးလူ့အဖွဲ့အစည်းနဲ့ နိုင်ငံရေးမှာ လက်ယာစွန်းအပြောင်းအလဲဖြစ်ဖို့ ဘာက လှုံ့ဆော်ခဲ့တာပါလဲ။ ဘာကြောင့် ဒီလိုအပြောင်းအလဲက လူငယ်တွေကြား ပိုအားကောင်းနေရပါသလဲ။**

လူတွေက ဒီအပြောင်းအလဲရဲ့အချက်က ၂၀၀၆ ခုနှစ်လို့ ပြောကြတယ်။ အဲဒီနှစ်က ဟားမားစ်အဖွဲ့က ဂါဇာကို သိမ်းပိုက်ပြီး ဒုံးကျည်တွေ စပစ်တဲ့နေ့ပါပဲ။ အဲဒီအချိန်က ဒုတိယ လက်ဘနွန်စစ်ပွဲဖြစ်ချိန်ဝန်းကျင်လောက်လည်းဖြစ်တယ်။ သင်ခန်းစာယူစရာတွေကတော့ဗျာ။ ခင်ဗျားအနေနဲ့ ကိုယ်ယခင် သိမ်းပိုက်ဖူးတဲ့ နယ်မြေတစ်ခုကို ချန်ထားခဲ့ရင် အဲဒီနေရာဟာ ဒုံးကျည်ပစ်စင်ဖြစ်တော့တာပဲဗျ။ ဒါကြောင့်မို့ အနောက်ဘက်ကမ်းခြေအတွက် ချန်ထားခဲ့ရပေမယ့် အကျိုးကျေးဇူး၊ အဲဒီကျေးဇူးကလည်း အစ္စရေးရဲ့ ဗဟိုချက်နဲ့ သိပ်နီးကပ်နေတာဆိုတော့ အဲဒါဘာများဖြစ်မလဲ။ မတ်လ ၂၀၀၃ အတွင်းမှာပဲ အစ္စရေးနိုင်ငံတွင်းမှာ နေ့တိုင်းပဲ သေစေလောက်တဲ့ တိုက်ခိုက်မှုတစ်ခု အမြဲဖြစ်နေခဲ့တယ်။ ဒီအချက်ကပဲ ဒီလူ့အဖွဲ့အစည်းမှာ အထူးသဖြင့် ပဋိပက္ခဖြေရှင်းရေးသူတို့ရဲ့ ယုံကြည်မှုနဲ့ မျှော်လင့်မှုမှာ စိတ်ပျက်သွားစေရတာပေါ့။ ဒါကြောင့် ဒီလိုခါးသီးတဲ့ အမှတ်တရမျိုးက အဲဒီအချိန်မှာကြီးပြင်းလာတဲ့ အစ္စရေးလူငယ်တွေအတွက် စိတ်ထဲစွဲစရာဖြစ်တော့တာပါပဲ။

**နက်တာလီဘင်းနတ်ဟာ ဒီလိုနိုင်ငံရေးမှာ လက်ယာစွန်းဘက်အလှည့်အပြောင်းမှာ ပေါ်လာခဲ့တယ်နော်။ ရွေးကောက်ပွဲမှာ အရင်တုန်းက ဝန်ကြီးချုပ် နေတန်ညာဟုရဲ့ စစ်ဦးစီးမှူးဘဝကနေအခုလိုပြိုင်ဘက်ဖြစ်လာတဲ့ ဘင်းနတ်ရဲ့ အလှည့်အပြောင်းနောက်ကွယ်က ဇာတ်လမ်းကရော ဘာပါလဲ။ သူနဲ့ နေတန်ညာဟုတို့ကြားမှာ တူညီတာတွေရော ခင်ဗျားမြင်မိပါသလား။**

ဘင်းနတ်က သူဘာကြောင့် ဘီဘီ(ဘင်ဂျမင်နေတန်ညာဟု)နဲ့ သူစကားမပြောဖြစ်တဲ့အကြောင်း ပြောမပြပါဘူး။ လက်ခံထားကြတဲ့ အမှန်တရားကတော့ သူက ဘီဘီရဲ့မိန်းမ ဆာရာကို မကြိုက်လို့ ဝင်ပြိုင်တာပဲရယ်လို့ ဖြစ်တယ်။ ဆာရာကလည်း ဘီဘီနောက်ကနေ အာဏာကိုင်ထားတယ်လို့ အထင်ခံရတယ်။ ကျွန်တော် ဘင်းနတ်နဲ့ အင်တာဗျူးလုပ်ဖြစ်တော့ အစ္စရေးမှာနေတာ တစ်လ၊ နှစ်လလောက်ပဲ ရှိပါသေးတယ်။ သူက အဲဒီတုန်းက ရွှေ့ပြောင်းအခြေချရေးကောင်စီမှာ အမှုဆောင်ဒါရိုက်တာပါ။ ကျွန်တော်လည်း ရွှေ့ပြောင်းအခြေချမှုတွေကို လိုက်ကြည့်တော့ ဘင်းနတ်ဟာ တကယ်ပဲ ဖော်ရွေပြီး ပွင့်လင်းပါတယ်။ သတင်းထောက်တစ်ဦးအနေနဲ့တော့ သူ့ရဲ့ ပွင့်လင်းရိုးသားမှုကို ကြိုက်တယ်။ သူ ကျွန်တော့်ကို ရွှေ့ပြောင်းမှုနေရာတွေလိုက်ပြတော့ သူ့ကို ဘာသာရေးစိတ်ကူးယဉ်ဝါဒီတစ်ဦးအဖြစ် တစ်ခါမှကို မခံစားရဖူးဘူး။ သူက တစ်ခါမှ ဘာသာရေးကျမ်းစာတွေယူလာပြီးမပြသလို ဘာကြောင့်ရွှေ့ပြောင်းအခြေချမှုတွေ လုပ်ရတယ်ဆိုတဲ့ စစ်ရေးအကြောင်းပြချက်တွေလည်း တစ်ခါမှမပြောဘူး။ ကျွန်တော် သူ့ကို တဲ့တိုးပဲ ခင်ဗျားဘာသာရေးဘယ်လောက်ကြည်ညိုသလဲမေးတော့သူက သိပ်ကြည်ညိုတယ်လို့ ဖြေပါတယ်။ ဒါက နေတန်ညာဟုနဲ့ ကွာခြားတဲ့ တစ်ချက်ပါ။

ဘင်းနတ်ကို ကျွန်တော် ဖိမေးရတဲ့ အကြောင်းရင်းတွေထဲက တစ်ခုက ဒီမေးခွန်းပါ။ ဘာကြောင့်လဲဆိုတော့ ဘာသာရေးအခြေခံ အမျိုးသားရေးဝါဒီတွေ ရှိနေလို့ပါ။ ဒါကြောင့် အစ္စရေးထဲမှာ အခြေချနေထိုင်သူတွေ ဘယ်လောက်များများ ရှိတာလို့ပြောကြလို့ပါ။ သူတို့က အနောက်ဘက်ကမ်းဒေသကို အစ္စရေးက ပိုင်တယ်လို့ ယုံကြည်ကြပြီး အစ္စရေးကို ထိန်းချုပ်ချင်ကြောင်း ပွင့်ပွင့်လင်းလင်းပြောကြပါတယ်။ အစ္စရေးမှာ ဒီလိုစိတ်ပိုင်းဖြတ်ထားတဲ့ လူများစုရှိတယ်လို့ ပြောနိုင်ပါတယ်။ ဒါဟာ ကွဲပြားခြားနားတဲ့ လိုင်းတစ်ခုပါ။ ဒီလိုင်းကို ဘင်းနတ်က လိုက်နေပြီး နေတန်ညာဟုလည်းအဲဒီကနေထွက်လာတာပါ။

**ဘာကြောင့် အခုဆိုရင် ဘာသာရေးအခြေခံတဲ့ ဂျူးဝါဒလှုပ်ရှားမှု ပြန်ဖြစ်လာနေရတာလဲ။**

အစ္စရေးအခြေအနေအရဆိုရင် ကိစ္စတွေက လုံခြုံရေးအကြောင်းရပ်တွေကြောင့် သိပ်တိတ်ဆိတ်လွန်းနေပါတယ်။ ဒါဟာ ပါလက်စတိုင်းသားတွေနဲ့ ပတ်သက်လို့ ဘာလုပ်မလဲဆိုတဲ့ မေးခွန်းကို ဖြေဖြေ၊ မဖြေဖြေ အဲဒါ ထက်ပိုပါတယ်။ တကယ်လို့ ဘီဘီက ဟာရီကိန်းရှိနေပြီလို့ပြောရင် အကာအကွယ်ယူဖို့ လိုပါတယ်။ ဒီခံစားမှုကို အစ္စရေးပြင်ပက လူတွေနားမလည်နိုင်ပါဘူး။ ကျောင်းဆရာတွေကလည်း အခုဆို လက်ဝဲတန်ဖိုးစံတွေအဖြစ် သတ်မှတ်ခံရတဲ့ သာတူညီမျှရေးတို့ ဘာတို့ကို ကိုင်စွဲထားရတာ မကောင်းဘူးလို့မြင်နေကြပြီ။ ဒါကြောင့်လည်းပဲ အမျိုးသားဘာသာရေးအုပ်စုသမားတွေဖြစ်တဲ့ ရွှေ့ပြောင်းအခြေချသူတွေက ဩဇာလွှမ်းမိုးဖို့ ကြိုးစားလာတာပဲ။ သူတို့က မခန့်မှန်းနိုင်အောင် လှုံ့ဆော်မှုပေးတဲ့ အုပ်စုတစ်စုပါ။

**နေတန်ညာဟုဟာမကြာခင်ကရွှေ့ပြောင်းအခြေချမှုအသစ်တွေ လုပ်ဖို့ အတည်ပြုပေးခဲ့တော့ ဘာကြောင့် ဘင်းနတ်ရဲ့ပါတီ 'ဂျူးအမိမြေ'က သူနဲ့ကွဲလွဲရတာလဲ။**

ကျွန်တော်က ဂျူးရွှေ့ပြောင်းမှုအဖွဲ့ ရီရှာကောင်စီကို ဖုန်းဆက်ခဲ့တော့ သူတို့က ဘီဘီဟာ အဲဒီအိမ်တွေကိုတကယ်ပဲဆောက်နိုင်မလား။ သံသယရှိနေကြတယ်။ ဆွေးနွေးမှုတွေရှိသလို အဲဒီအိမ်တွေကို တကယ်ဆောက်နေတာလည်းရှိပါတယ်။ လူတွေကလည်း အဲဒီကို ပြောင်းရွှေ့နေကြတယ်။ နေတန်ညာဟုဟာ ဒီနေရာမှာ ပုံမှန်မဟုတ်သလိုမျိုး ဖြစ်နေတယ်။ သူဟာ အဲဒီအဖွဲ့တွေရဲ့ အကြိုက်အတွက် အမေရိကန်ကလာတဲ့ ဩဇာလွှမ်းမိုးမှုနဲ့ နိုင်ငံရေးဗဟိုချက်ကို သိပ်မှီခိုလွန်းနေတယ်လို့ ခံစားမှုကလည်း ရှိကြတယ်။

**ရွေးကောက်ပွဲမှာ နေတန်ညာဟုရဲ့ လီကွတ်ပါတီနဲ့ သူ့ မဟာမိတ် အစ္စရေး-ဘိုင်တိုင်နုပါတီတို့က နေရာအများစု မနိုင်ခဲ့ရင် ဘာဖြစ်လာမလဲ။ သူတို့ဟာ ဂျူးအမိမြေပါတီနဲ့ မဟာမိတ်ဖွဲ့နိုင်မလား။**

ဒါကတော့ ရွေးကောက်ပွဲမှာ အဓိကမေးခွန်းကြီးပဲ။ အစ္စရေးရွေးကောက်ပွဲတွေကို နှစ်ပိုင်းလုပ်ပါတယ်။ လူတွေက ပါတီတွေအတွက် မဲပေးကြပြီး အဲဒီနောက်မှာ မဲအများစု အနိုင်ရတဲ့ပါတီက ဦးဆောင်ပြီး အစိုးရဖွဲ့စည်းတာကို လုပ်ပါတယ်။ နေတန်ညာဟုရဲ့ လီကွတ်ပါတီနဲ့ သူ့ မဟာမိတ်ပါတီတို့ဟာ နေရာအများကြီး ရနိုင်ခြေရှိပါတယ်။ ဒါပေမဲ့ သူတို့ မဲအများစုကိုရဖို့ မရှိဘူး။ ဒီတော့ ညွန့်ပေါင်းအစိုးရထဲမှာ တခြားပါတီတွေက ဘယ်လိုဖြစ်မလဲ။ ပြီးခဲ့တဲ့ သုံးလေးနှစ်အတွင်း လက်ယာစွန်း ညွန့်ပေါင်းပုံစံဖြစ်ခဲ့တယ်။ နောက်ဆုံးတစ်ကြိမ် လေဘာပါတီတစ်ခုပဲ အပြင်မှာကျန်တဲ့အချိန်မှာ သူ့ရဲ့ လက်ဝဲညွန့်ပေါင်း အီဟွတ်ဘာရက်ကလည်း ကိုယ်ပိုင်ပါတီ ခွဲထောင်သွားတယ်။ ဘင်းနတ်ဟာ နေတန်ညာဟုရဲ့ မဟာမိတ်ညွန့်ပေါင်း ဖြစ်လာမှာပါ။ သူဟာ သူပြောသလို ဝန်ကြီးချုပ်ရာထူးအတွက် မပြိုင်နိုင်ပါဘူး။ ရွေးကောက်ပွဲအပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း ဘာဖြစ်လာမယ်ဆိုတာ ကျွန်တော်တို့ မြင်ကြရမှာပါ။ —*Ref: Behind the Story: Time's Karl Vick Discusses Israel's Upcoming Election Time.*




Photo - AFP

## မက္ကဆီကိုရဲတပ်ဖွဲ့ဝင် ၁၅၀ ရာဇဝတ်ဂိုဏ်းများနှင့်ပတ်သက်၍ အရေးယူခံရ

**မက္ကဆီကိုစီးတီး၊ဇန်နဝါရီ-၁၉**

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းတွင် အုပ်စုဖွဲ့ကျူးလွန်သော ရာဇဝတ်ဂိုဏ်းများနှင့် ပတ်သက်ကြောင်း မသင်္ကာမှုဖြင့် ရဲတပ်ဖွဲ့ဝင်ပေါင်း ၁၅၀ ကျော်ကိုဖမ်းဆီးလိုက်ကြောင်း သိရသည်။

ယင်းဖမ်းဆီးမှုတွင် ဂိုမက်စ်ပါလာစီယိုဒေသပြည်သူ့လုံခြုံရေးညွှန်ကြားရေးမှူးနှင့် လာဒိုမြို့ ရဲတပ်ဖွဲ့အကြီးအကဲလည်း ပါဝင်သည်။ စစ်သားများက ယင်းမြို့နှစ်မြို့ရှိ ရဲစခန်းများအား တစ်ပြိုင်နက်တည်းဝင်ရောက်စီးနင်းခဲ့သည်။

မက္ကဆီကိုသမ္မတ ပင်ညာနီယက်တိုက လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးအား ၎င်းတို့အစိုးရ၏ ထိပ်တန်းဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ်သတ်မှတ်ထားသည်။

အချိန်ကြာမြင့်စွာ စုံစမ်းထောက်လှမ်းမှုများရှိခဲ့ပြီးနောက် ယခုစီးနင်းမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဒူရန်ဂိုပြည်နယ်အစိုးရရှေ့နေ ဆိုနီယာယာဒီရာကပြောကြားသည်။

ဖမ်းဆီးထိန်းသိမ်းလိုက်သော ရဲအရာရှိများ ကိုင်ဆောင်သည့်သေနတ်များကို သိမ်းဆည်းပြီးနောက် ပြည်နယ်အတွင်း ပြစ်မှုကျူးလွန်မှုများ၌ ယင်းလက်နက်များ အသုံးပြုခြင်း ရှိ၊ မရှိ စစ်ဆေးသွားမည်ဟု မစ္စစ်ဆိုနီယာကပြောသည်။ ဖမ်းဆီးထိန်းသိမ်းလိုက်သော ရဲအရာရှိများအား မြို့တော်မက္ကဆီကိုစီးတီးသို့ ဘတ်စ်ကားများဖြင့် ခေါ်ယူသွားပြီး လတ်တလောတွင် အဆိုပါမြို့နှစ်မြို့၏ လုံခြုံရေးကိုစစ်ဘက်က တာဝန်ယူထားသည်။

—*Ref: BBC*

7DAY NEWS JOURNAL

# Entertainment

Vol.11, No.46 • JANUARY 24 , 2013



## မူပိုင်ခွင့်ဥပဒေအရ ဇာတ်လမ်းတစ်ခုဟာ ၅၀ ရာခိုင်နှုန်းတူခွင့်ရှိတယ်

**ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) နှင့် တွေ့ဆုံခြင်း** အေးသူစံ

ဖေဖော်ဝါရီလဆန်းမှာ မြန်မာ့ခရီးသွား ဈေးကွက်မြှင့်တင်ရေးအဖွဲ့နဲ့ ပူးပေါင်းပြီး ``နှင်းဆီခရီးသည်'' အငြိမ့်ကို ကပြဖို့အတွက် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)က ပြင်ဆင်နေပါတယ်။ ဒါရိုက်တာမောင်မျိုးမင်းစီစဉ်တဲ့ ``သက်ဝင်ပြတိုက်'' ပြဇာတ်ဟာ လတ်တလောမှာ ပရိသတ်တွေရဲ့သဘောကျနှစ်ခြိုက်မှုကိုရရှိနေပြီး မြန်မာ့ရုပ်ရှင်ရဲ့အစဉ်အလာကြီးမှု၊ ရှေးသရုပ်ဆောင်ကြီးတွေကို ဖော်ထုတ်တင်ဆက်ပေးမှုနဲ့ နိုင်ငံတကာက အနုပညာရှင်တွေကို လက်ရှိသရုပ်ဆောင်တွေနဲ့ တွဲစပ်ဖန်တီးထားတဲ့ သရော်စာဆန်ဆန်ပြက်လုံးတွေနဲ့ ``သက်ဝင်ပြတိုက်''ဟာ ရုပ်သံလိုင်းတစ်ခုက ထုတ်လွှင့်ပြသခဲ့လို့ အပြင်ဈေးကွက်မှာတော့ ထုံးစံအတိုင်း တရားမဝင် ကူးယူဖြန့်ချိတဲ့အခွေအဖြစ် ထွက်ပေါ်လာပါတယ်။ ယခု ကပြမယ့် ``နှင်းဆီခရီးသည်'' အငြိမ့်ကိုတော့ တရားမဝင်ခိုးကူးခွေကို ကာကွယ်ရုံသာမက ဇာတ်စင်ရှိရာ လာရောက်ကြည့်ရှုကြတဲ့ အစဉ်အလာတွေ ပျောက်ကွယ်သွားမှာစိုးတဲ့အတွက် ဘယ်ရုပ်သံလိုင်းကိုမှ ထုတ်လွှင့်ပြသမှာ မဟုတ်ဘူးလို့ မောင်မျိုးမင်းကပြောပါတယ်။ အနုပညာအသစ်အဆန်းတွေ ထုတ်လုပ်တတ်ပြီး နိုင်ငံတကာရုပ်ရှင်နယ်ပယ်နဲ့ နီးစပ်ကျွမ်းကျင်တဲ့ဒါရိုက်တာမောင်မျိုးမင်းကို ရုပ်ရှင်လောက အပြောင်းအလဲများအကြောင်း အဓိကမေးမြန်းခဲ့ပါတယ်။

စာ(၄၉)သို့



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇ၀န)

## ဆံပင်ပုံစံအသစ်နဲ့ငယ်ငယ် တစ်ကိုယ်တော်ခွေထွက်ရန်ပြင်

**ကြူကြူဟာန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၇**

ကမ္ဘာကျော်အဆိုတော် ရီဟားနားနှင့် ကေပေါ့ပ်အမျိုးသမီးအဆိုတော်များ ညှပ်ထားသည့်ပုံစံဟန်တာကပ်ဆံပင်ဖြင့် တွေ့ရသော အဆိုတော်ငယ်ငယ်က ကိုယ်ပိုင်သံစဉ်သီချင်းများဖြင့် တစ်ကိုယ်တော်ခွေထွက်ရန် ပြင်ဆင်နေကြောင်း ပြောသည်။

"ကြားထဲမှာ ကော်ပီတစ်ခွေလုပ်လိုက်သေးတယ်။ အဲ့ဒါ တစ်ခွေလုံးကို ဖျက်ပြီးတော့ အခုဒီအခွေကိုလုပ်နေတာ။ ကော်ပီလုံးဝမဆိုတော့ဘူးဆိုပြီးတော့ အဆုံးခံလိုက်တာ။ ဒီအခွေမှာ ကိုယ်ပိုင်သံစဉ်သီချင်းတွေပဲ ဆိုထားတယ်" ဟု ငယ်ငယ်က ပြောသည်။

၂၀၀၂ ခုနှစ်တွင် "ငယ်ငယ်" အမည်ဖြင့် ပထမအယ်လ်ဘမ်ထွက်ရှိခဲ့ပြီးနောက်ပိုင်း အတွဲသီချင်းများကိုသာ အပုဒ် ၈၀ကျော် သီဆိုခဲ့ကာ လာမည့် ဖေဖော်ဝါရီလတွင် ဒုတိယအယ်လ်ဘမ် ထွက်ရှိရန် စီစဉ်နေခြင်းဖြစ်သည်။

ရန်ရန်ချမ်း၊ ကျားပေါက်၊ ဟဲလေး၊ ရဲလေး၊ အောင်လ၊ ရေမွန်၊ ဇင်မင်းခန့်တို့ ရေးသားထားပြီး စီးရီးတွင် ယခင်သီဆိုခဲ့သော ဂီတပုံစံမျိုးဖြင့်သာ သီဆိုထားကာခေါင်းစဉ်ကို "ငါဘယ်သူလဲ" ဟု ယာယီပေးထားကြောင်း ငယ်ငယ်ကပြောသည်။

ဆံပင်ပုံစံအသစ် ပြောင်းလဲဖြစ်ပုံကို မေးမြန်းရာ "ဖြိုးလေး၊ နေဝင်းနဲ့ မုန့်သွားစားတော့ အဲဒီလိုလုပ်ရင် ကောင်းမယ်ဆိုပြီး စိတ်ကူးရတာနဲ့ လုပ်လိုက်တာ။ ဆိုင်က အရမ်းကြောက်တယ်၊ တကယ်လုပ်မှာလား။ ဆံပင်အရှည်ကြီးဆိုတော့ နှမြောတာပေါ့။ အဲဒီဆိုင်က တချို့ကောင်မလေးတွေ မကြည့်ရဲလို့ ထွက်ပြေးတယ်" ဟု ငယ်ငယ်ကပြောသည်။



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇ၀န)

## သီချင်းပုဒ်ရေ ၃၀ ကျော် ဖျော်ဖြေသွားသည့် လားရှိုးသိန်းအောင်ဖျော်ဖြေပွဲ

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

နှစ်ပေါင်းလေးဆယ်ကြာ မြန်မာနိုင်ငံနှင့် ကင်းကွာနေသော တေးသံရှင် လားရှိုးသိန်းအောင်၏ ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ် ပြုလုပ်သော ဖျော်ဖြေပွဲ၌ သီချင်းပုဒ်ရေ သုံးဆယ်ကျော်အား တစ်ကိုယ်တော် ဖျော်ဖြေခဲ့ပြီး ပရိသတ် ၂၅၀၀ဝန်းကျင်ခန့်လာရောက်အားပေးခဲ့သည်။

ဖျော်ဖြေပွဲကို ည ၈ နာရီအချိန်ခန့်တွင် ပထမဆုံးအစီအစဉ်အဖြစ် အနက်ရောင်တိုက်ပုံနှင့် ပုဆိုးကို ဝတ်ဆင်ထားသော တေးသံရှင်လားရှိုးသိန်းအောင်က "မင်းတို့အကြောင်းတော့မဟုတ်ဘူး" သီချင်း ၂၄ဖြင့် စတင်ဖျော်ဖြေခဲ့ပြီး အစီအစဉ်တင်ဆက်သူများအဖြစ် ဟာသသရုပ်ဆောင် မေတ္တာနှင့် ကုသိုလ်တို့ ပါဝင်ဆောင်ရွက်ခဲ့သည်။ အစီစဉ်တင်ဆက်သူ ကိုမေတ္တာက "နှစ်လေးဆယ်ကျော်ကြာ နိုင်ငံခြားမှာ နေခဲ့သော ဂျင်မီဂျက်(ခေါ်)လားရှိုးသိန်းအောင်ဟာ မြန်မာမှတ်ပုံတင်ကို ကိုင်ဆောင်ထားပြီး မြန်မာနိုင်ငံသားအဖြစ် ယနေ့အချိန်အထိ ရှိတဲ့အတွက် သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ပါ" ဟု တိုက်ပုံအင်္ကျီအနက်များ အတူဝတ်ဆင်ထားသည့် ဖျော်ဖြေပွဲအကြောင်း ရှင်းပြသည်။

တစ်ကိုယ်တော် ဖျော်ဖြေပွဲဖြစ်သောကြောင့် အဝတ်အစားလဲလှယ်ချိန်များတွင် မေတ္တာနှင့် ကုသိုလ်တို့က လားရှိုးသိန်းအောင်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ပရိသတ်များအား မိတ်ဆက်ပေးပြီး ခေတ်နှင့် လိုက်လျောညီထွေရှိသော ပြက်လုံးများဖြင့် တင်ဆက်ခဲ့ရာ ပရိသတ်များ၏ လက်ခုပ်သံနှင့် အားပေးမှု အပြည့်အဝရရှိခဲ့သည်။

တေးသီချင်းများကို တစ်ကိုယ်တော်အနေဖြင့် အင်္ဂလိပ်၊ တရုတ်ဘာသာများနှင့်ပါ သီဆိုဖျော်ဖြေခဲ့ပြီး ပရိသတ်များကိုလည်း "တေးချစ်ပရိသတ် အလိုကိုလည်း တတ်နိုင်သလောက် လိုက်လျောဖျော်ဖြေသွားမယ်" ဟု လားရှိုးသိန်းအောင်က ပြောသည်။

လားရှိုးမြို့မှ ချီးမြှင့်သော ဆုငွေကျပ်နှစ်သိန်းကိုကြေညာပေးရာတွင် လားရှိုးသိန်းအောင်က "အဲဒါဆို ဒေါ်လာ ဘယ်လောက်လဲ" ဟု အရွှန်းဖောက်ရာ ပရိသတ်များ ပွဲကျသွားခဲ့သည်။

တတိယအစီအစဉ်တွင်လားရှိုးသိန်းအောင်သည် ကိုယ်တိုင် ဂစ်တာတီး၍ သီဆိုဖျော်ဖြေခဲ့ပြီး "နှုတ်မဆက်နဲ့ငိုချင်တယ်" သီချင်း သီဆိုရာတွင် ပရိသတ်များ တစ်ခဲနက်အားပေးခဲ့ကြသည်။

၎င်း၏ နာမည်အကြီးဆုံး တေးသီချင်းတစ်ပုဒ်ဖြစ်သော "အမေတစ်ခု သားတစ်ခု" သီချင်းကို နောက်ဆုံးအစီအစဉ်တွင် ဖျော်ဖြေခဲ့သည်။

ထို့နောက် ည ၁၁နာရီခွဲအချိန်တွင် "တို့ပြည်တို့မြေ" သီချင်းကို အပိတ်သီချင်းအဖြစ် ပွဲ့ပိုးကူညီသူ အနုပညာရှင်များဖြင့် စုပေါင်းသီဆိုနှုတ်ဆက်ခဲ့ကြသည်။

ဖျော်ဖြေပွဲသို့ လာရောက်သော အသက် ၂၀ ဝန်းကျင် လူငယ်တစ်စုက နာမည်သာကြားဖူးပြီး လူမမြင်ဖူး၍ အားပေးခြင်းဖြစ်သည်ဟုဆိုသည်။

ထို့ပြင်အမေရိကန်ကျေးလက်စတိုင် ဝတ်ဆင်ထားသော အဖွဲ့တစ်ဖွဲ့ကလည်း "နှစ် ၃၀ ကျော် ကင်းကွာနေတဲ့ အစ်ကိုကြီးကိုလာပြီး ဂုဏ်ပြုတာပါ" ဟုပြောသည်။

ဇန်နဝါရီ၁၉ ရက်တွင် MCC ခန်းမ (မင်းဓမ္မ)လမ်း၌ ကျင်းပခဲ့သည့် ယင်းဖျော်ဖြေပွဲတွင် သီချင်းအပုဒ်တိုင်းကိုပရိသတ်များ၏ လက်ခုပ်သံများနှင့် စည်းချက်လိုက်ပြီး ည၈နာရီခန့်မှ ၁၁နာရီခွဲအချိန်ခန့်အထိ သီဆိုဖျော်ဖြေခဲ့သည်။

## လေဒီဂါဂါရဲ့ ဖက်ရှင်ဆရာမအတွက် သီချင်းရေးပေးတဲ့ ဂျီ-ဒရာဂွန်



ဆိုးလ်၊ဇန်နဝါရီ-၁၇

ကေပေါ့ပ်အဆိုတော် ဂျီ-ဒရာဂွန်သည် လေဒီဂါဂါ၏ ဖက်ရှင်ဆရာမ နီကိုလာဖော်မီချက်တီနှင့် မိတ်ဆွေများ ဖြစ်နေကြပြီး Big Bang အဖွဲ့ဝင်၏ ဂျီ-ဒရာဂွန်သည် ယနေ့ပြုလုပ်သည့် သူမ၏ ဖက်ရှင်ရှိုးအတွက် ဂီတဖန်တီးပေးထားကြောင်း သိရသည်။ ဖက်ရှင်အဝတ်အထည်ကုမ္ပဏီ Mugle ၏ ဒါရိုက်တာလည်းဖြစ်သော နီကိုလာက တွစ်တာတွင် " Mugler အမျိုးသားဖက်ရှင်ရှိုးကိုလုပ်ပါတော့မယ်။ ဂီတပိုင်းက ဂျီ-ဒရာဂွန်ပါ"ဟု ရေးသားဖော်ပြခဲ့သည်။ နီကိုလာသည် အီတလီ-ဂျပန်လူမျိုး ဖက်ရှင်ဒီဇိုင်နာတစ်ဦး ဖြစ်ပြီး သူမနှင့် ဂျီ- ဒရာဂွန်တို့၏ ရင်းနှီးမှုကို ယခင်က လူသိများခဲ့ခြင်းမရှိဟု သတင်းတွင်ဖော်ပြသည်။ *Ref: Hancirema*



## ကိုရီးယားတွင် ဆုနှစ်ခုရရှိခဲ့သည့် မြန်မာမော်ဒယ်လ် ထွန်းကိုကို အီတလီ သွားမည်

**ကြူကြူဟန်**
**ရန်ကုန်၊**
**ဇန်နဝါရီ-၁၉**

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ပြုလုပ်သော (၁၃)ကြိမ်မြောက် 'Asia new star model'ရွေးချယ်ပွဲ၌ Asia new star Award နှင့် Seokyeong University ဆု ရရှိခဲ့သည့် မော်ဒယ်လ်ထွန်းကိုကိုသည် အီတလီနိုင်ငံ မီလန်မြို့သို့ ထပ်မံသွားရောက်ရန် ပြင်ဆင်နေကြောင်း သတင်းရရှိသည်။

ဆုရရှိခဲ့သည့်အတွက် အီတလီမဂ္ဂဇင်းမျက်နှာဖုံးတွင် ဖော်ပြခွင့်နှင့် အီတလီနိုင်ငံ၌ ပြုလုပ်သော ဖက်ရှင်ရှိုးပွဲများတွင် ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။

"အခု လာကမ်းလှမ်းလို့ ကြော်ငြာရိုက်ဖြစ်မယ်။ အီတလီသွားဖို့ပြင်ဆင်နေတယ်။ အီတလီဘာသာစကားလည်း သင်နေပါတယ်။ အခွင့်အလမ်းရှိလို့ လုပ်ခွင့်ရတဲ့အတွက် ကိုယ့်မော်ဒယ်လောကကို ကိုယ်ကနေဖောက်ပေးတဲ့ လမ်းတစ်ခုဖြစ်အောင် အကောင်းဆုံးကြိုးစားသွားမှာပါ"ဟု မော်ဒယ်လ်ထွန်းကိုကိုကပြောသည်။

ထွန်းကိုကိုသည် ၂၀၀၈ ခုနှစ်တွင် မော်ဒယ်လ်လောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ Title ဆု ရှစ်ဆုရရှိခဲ့သည်။ ပဲခူးကောလိပ်တွင် မြန်မာစာ အဝေးသင်ဘွဲ့ရရှိခဲ့ပြီး နိုင်ငံတကာ အဘိဓမ္မာ Level II တွင် တက်ရောက်နေသည်။

အဆိုပါပွဲကို ဦးစီးကျင်းပသော ကိုရီးယားနိုင်ငံရှိ Korea Model Association ၏ ကမ်းလှမ်းမှုကြောင့် မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ထွန်းကိုကိုသည် အခြားမော်ဒယ်လ်များဖြစ်သည့် မာကို၊ မြတ်သူရအောင်၊ Mဆိုင်းလူ၊ ဟန်သီ၊ အေးချမ်းမြေ့၊ ခင်လပြည့်ဇော်တို့အနက် ၎င်းကဆုနှစ်ဆုရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် တရုတ်၊ မွန်ဂိုးလီးယား၊ ကိုရီးယား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ မြန်မာနိုင်ငံ စသည့် စုစုပေါင်း ၁၅ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံအသီးသီးက နောက်ခံမော်ဒယ်လ်နှစ်ဦးစီ ပါဝင်ကာ ဆုရရှိသော နိုင်ငံ၏ နောက်ခံမော်ဒယ်လ်နှစ်ဦးကိုလည်း ဂုဏ်ပြုဆုချီးမြှင့်ပေးသောကြောင့် မြန်မာနိုင်ငံမှ နောက်ခံမော်ဒယ်လ်အဖြစ် သွားရောက်ခဲ့သော အဆိုတော်ချမ်းချမ်းနှင့် ဆန်းထွဋ်ကိုလည်း ဆုချီးမြှင့်ခဲ့သည်။

Aquear Land ကုမ္ပဏီက 'Face of Myanmar'ကို နှစ်စဉ်ရွေးချယ်ကာ 'Asia New Star Model'ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်သွားမည်ဟု ကုမ္ပဏီတာဝန်ရှိသူတစ်ဦးကပြောသည်။







7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013



စာ-၄၇မှ

# မောင်မျိုးမင်းနှင့်တွေ့ဆုံခြင်း

**ရုပ်ရှင်မှာ ကော်ပီရိုက်သင့်၊ မရိုက်သင့်ဆိုတဲ့ အငြင်းပွားမှုတွေဖြစ်နေပါတယ်။ ဦးမျိုးအမြင်ကရော မှီငြမ်းရိုက်ကူးမှုတွေ ရှိသင့်တယ်လို့ ထင်ပါသလား။**

ကော်ပီရှိသင့်၊ မရှိသင့် ဆိုတာကိုပြောရရင် အခုထိ ကမ္ဘာမှာ ကော်ပီဆိုတာ ရှိနေသေးတာပဲ။ အနုပညာဆိုတာ ရှိနေသေးသရွေ့ ကော်ပီသံသရာကတော့ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး။ ကမ္ဘာမှာလည်း ဒီကိစ္စက တော်တော်ပြဿနာ တက်ကြတယ်။ လီယိုနာဒိုနဲ့ ရိုက်တဲ့ Departed ဆိုတာ တရုတ်ကားကိုမှီးထားတာမို့လို့ ပြဿနာတွေတက်ကြတယ်။ အိန္ဒိယက ဇာတ်ကားတွေဆိုလည်း ဟောလိဝုဒ်က ကားတွေကို မှီးသလို တစ်ခါတလေ ဟောလိဝုဒ်ကလည်း အိန္ဒိယကကားတွေကို ပြန်မှီးတယ်။ ဂျပန်ကား The Ring ဆိုလည်း ဟောလိဝုဒ်က ပြန်ဝယ်ပြီး ရိုက်ကြတာပဲ။ ဒါပေမဲ့ နိုင်ငံတကာ မူပိုင်ခွင့်ဥပဒေအရ ဇာတ်လမ်းတစ်ခုဟာ ၅၀ ရာခိုင်နှုန်း တူခွင့်ရှိတယ်။ ၅၀ ရာခိုင်နှုန်း ကျော်မှ တရားစွဲလို့ရတယ်။ တချို့ အိန္ဒိယကားတွေဆို တော်တော်များများ မူပိုင်ခွင့်ရှိသူနဲ့ မငြိဘဲ အဲဒီလိုလုပ်နေတယ်။ ကျွန်တော်တို့ မြန်မာရုပ်ရှင်မှာဆိုလည်း ဟိုးအရင်တည်းက ကော်ပီရှိတယ်။ ဂျိမ်းစ်လှကျော်ရေးတဲ့ ပထမဆုံး မြန်မာကာလပေါ်ဝတ္ထု မောင်ရင်မောင်မမယ်မဆိုလည်း ဒါကော်ပီပဲ။ ရှေ့မှာကော်ပီတွေကို အကယ်ဒမီပေးခဲ့တာလည်းရှိတယ်။ အနုပညာရှိနေသမျှ ကော်ပီရှိနေမှာပဲ။ တစ်ခါတလေမှာ မတော်တဆ တိုက်ဆိုင်ပြီး သွားတူတာတွေလည်းရှိတယ်။ ဥပမာ ဦးမျိုးရိုက်ခဲ့တဲ့ ဇာတ်ကားတွေနဲ့ ခုနောက်ပိုင်း ထွက်လာတဲ့ဇာတ်ကားတွေနဲ့သွားတူနေတာ ရှိနေတာပဲ။

**နိုင်ငံတကာက ရုပ်ရှင်ပညာရှင်တွေနဲ့ ပူးပေါင်းရိုက်ကူးဖို့ မြန်မာနိုင်ငံက ရုပ်ရှင်လောကမှာ ဘယ်လိုအချက်တွေကို ပြုပြင်ပြောင်းလဲဖို့ အရေးတကြီး လိုအပ်နေပါသလဲ။**

တချို့ဘက်စုံပြောင်းရမယ်။ ဒီမှာအတွေ့အကြုံ နည်းနေတာက မြန်မာပရိုဂျူဆာတွေနဲ့ မြန်မာရှုတင်မန်နေဂျာတွေပါ။ သူတို့ အသိတွေကို အများကြီးဖွင့်ပေးရမယ်။ မြန်မာပြည်က ပရိုဂျူဆာဆိုတာ ငွေထုတ်ပေးရုံနဲ့ ပရိုဂျူဆာလို့ ခေါင်းစဉ်တပ်လိုက်တာ။ တကယ်တမ်း ထုတ်လုပ်မှုပိုင်းကို ဘာမှမသိဘူး။ ကျွန်တော်တို့လည်း ပြည်ပမှာ သင်တန်းတွေသွားတက်ရင်းနဲ့မှ သိလာရတာ။ ဒီမှာစနစ်တကျလုပ်တတ်တဲ့သူ သေချာမရှိပါဘူး။ အတွေ့အကြုံနဲ့ပဲလုပ်နေကြတာ။

**မြန်မာရုပ်ရှင်ဇာတ်ကားတွေ နိုင်ငံတကာကို ထိုးဖောက်ဖို့ကျတော့ ဘယ်အချက်က အဆီးအတားဖြစ်နေတာပါလဲ။**

အရေးအကြီးဆုံးက ဘာသာစကားပဲ။ နောက်တစ်ခုက အမှန်တကယ်စနစ်တကျသိခြင်းပဲ။ စနစ်တကျသိတဲ့သူနဲ့မသိတဲ့သူကွာတယ်။ ကျွန်တော်ကိုယ်တိုင်လည်း စနစ်တကျမသိဘူး။ ဒါပေမဲ့ အတွေ့အကြုံဆိုတာ အကောင်းဆုံး သင်ကြားခြင်းပဲ။ အတွေ့အကြုံ မှာတော့ ကျွန်တော်တို့က သူတို့ထက် သာတယ်။ နေရာတကာ တိုင်းတော့ ကျွန်တော်တို့လည်း ညံ့နေတာမဟုတ်ဘူး။ တချို့နေရာတွေကျတော့သူတို့ထက်လျော့တယ်။ နည်းပညာ၊ စက်ကိရိယာ၊ ဥပဒေပိုင်းတွေပေါ့။ တချို့နောက်ခံတီးလုံး အသုံးပြုတဲ့နေရာမှာ အခမဲ့ရယူနိုင်တဲ့ အင်တာနက်ဒေါင်းလုဒ်တွေ ရှိတယ်။ ဘယ်လောက်မှ မပေးရတဲ့ ဈေးနည်းနည်းလေးနဲ့ ဝယ်လို့ရတဲ့ ဝက်ဘ်ဆိုက်နေရာတွေ ရှိတယ်။ ဒါတွေကို ကျွန်တော်တို့မြန်မာ အနုပညာရှင်တော်တော်များများ မသိကြသေးဘူး။

**ဒီဗီဒီ ဇာတ်ကားရိုက်ကူးခွင့် ရပ်ဆိုင်းလိုက်ခြင်းဟာ ထုတ်လုပ်သူ၊ သရုပ်ဆောင်တွေနဲ့ ဒါရိုက်တာတွေပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိလာမယ်လို့ ထင်ပါသလဲ။**

ဒီဗီဒီကိုခွင့်ပြုတာက ရုပ်ရှင်ဇာတ်ကားကောင်းကောင်းတွေ ထွက်ပေါ်လာဖို့အတွက်ပါ။ ရုပ်ရှင်ဇာတ်ကားကောင်းတွေ များများထွက်ပေါ်လာစေချင်တဲ့ကြားထဲမှာ ဒီဗီဒီကို ထွက်ပေါက်တစ်ခုအနေနဲ့ ရှိစေချင်ခဲ့တာ။ ဒါပေမဲ့ တကယ်တမ်းရိုက်ကူးခွင့် ပြုလိုက်တဲ့အခါ ရုပ်ရှင်ဇာတ်ကားကောင်းတွေ ထွက်မလာဘဲ ဒီဗီဒီတွေပဲ အထွက်များလာတယ်။ ဒါကြောင့် ဒီဗီဒီဇာတ်ကားအားလုံး ကိုရုပ်ရှင်အဖြစ်မြင်ရအောင် ပြောင်းလိုက်တာ။ ကမ္ဘာမှာလည်း ဒီဗီဒီမရှိပါဘူး။ ရုံတင်ရင်ရုပ်ရှင်။ ခွေပြန်ထွက်ရင် ဒီဗီဒီလေ။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီးလျှောက်လိုက်တဲ့သဘောပါပဲ။

**ရုပ်ရှင်လောကသားတွေအတွက် ကျောထောက်နောက်ခံပြုနိုင်တဲ့ ရုပ်ရှင်ဥပဒေကြမ်းကို ရုပ်ရှင်လောကသားတစ်ယောက်အနေနဲ့ ဦးမျိုးက ဘယ်လိုအချက်တွေ အဓိကပါဝင်စေချင်ပါသလဲ။**

အသေးစိတ်ထွက်လာမှ ဝိုင်းပြီး အကြံပြုကြရမှာပါ။ စရည်ရွယ်ကတည်းက ရုပ်ရှင်လောကသားတွေရဲ့ အနာဂတ်ကို ရုပ်ရှင်လောကသားတွေကိုယ်တိုင် စီရင်ခွင့်ရဖို့အတွက် အားလုံးတက်ညီလက်ညီ ဝိုင်းတိုက်ခဲ့ကြ၊ တောင်းဆိုခဲ့တာပဲ။ အခု တောင်းဆိုမှုတွေ ရလာတဲ့အခါ ကိုယ့်အနာဂတ်ကို ကိုယ်စီရင်ခွင့် ရလာတာဟာ တရားအမျှတဆုံးပါပဲ။

**အကယ်ဒမီဆုကို နှစ်ပေါင်း ၅၀ ကျော်အတွင်းမှာ ပထမဆုံးအဖြစ် အစိုးရမဟုတ်တဲ့အဖွဲ့အစည်း ရုပ်ရှင်အစည်းအရုံးက ချီးမြှင့်တော့မယ့်အပေါ် ဦးမျိုးရဲ့မျှော်လင့်ချက်က ဘယ်လိုရှိပါသလဲ။**

ကျွန်တော်တို့တစ်သက်လုံး ကြုံခဲ့တဲ့ အခု နောက်ဆုံးပြီးသွားတဲ့ အကယ်ဒမီပွဲအထိ ဘယ်လိုစံနှုန်းတွေနဲ့ပေးပါတယ်ဆိုတာတစ်ခါမှ မထုတ်ပြန်ခဲ့ဘူး။ ငါတို့ပေးချင်တဲ့သူ ပေးလိုက်တာပဲဆိုတဲ့သဘောပေါ့။ အခုကျတော့ ရုပ်ရှင်အစည်းအရုံးက စံနှုန်းတွေသတ်မှတ်တော့မယ်။ အဲဒီစံနှုန်းတွေနဲ့ ညီ၊ မညီဆိုတာ ကိုယ်တိုင်လည်းပါဝင်အကဲခတ်ခွင့်ရတော့မယ်။ အဲဒါကြောင့် ဒီအကယ်ဒမီဘုတ် အဖွဲ့ဝင်ထဲမှာ ပရိသတ်တစ်ယောက်ဟာ ကိုယ်တိုင်ပါဝင်သလို ကိုခံစားရမယ်။ အရင်လို ငါပေးချင်တဲ့သူ ပေးမယ်ဆိုတာတော့ မဟုတ်တော့ဘူး။

**မြန်မာနိုင်ငံက ရုပ်ရှင်ရုံအားလုံးကို ဒစ်ဂျစ်တယ်စနစ်ပြောင်းလိုက်တော့မယ်ဆိုတော့ ဒစ်ဂျစ်တယ်စနစ်ကိုဦးမျိုးကြိုဆိုပါသလား။**

အနီးဆုံးစင်ကာပူမှာတောင် ဖလင်နဲ့ပြတဲ့ ရုံတော်တော်ရှားသွားပြီ။ ရုပ်ရှင်ရုံအကုန်လုံး ဒစ်ဂျစ်တယ်စနစ်နဲ့ပြတဲ့ Blu-Ray စီဒီချပ်တွေဖြစ်သွားပြီ။ ခုရုံတင်နေတဲ့ကားကိုပဲ ရုပ်ရှင်ရုံတွေဆီ ဘလူးရေးနဲ့ ပို့လိုက်တယ်။ ဒီဘလူးရေးစီဒီချပ်က ဘယ်နှပွဲစာပဲပြလို့ ပါတယ်။ သူသတ်မှတ်ထားတဲ့ပွဲ ပြည့်သွားတာနဲ့ ခွေက ပျက်သွားပြီ။ အခု မြန်မာနိုင်ငံက ဒစ်ဂျစ်တယ်စနစ်နဲ့ စလုပ်တာ ကမ္ဘာကိုရင် ပေါင်တန်းတာပါ။ ကမ္ဘာမှာ ဖလင်ကရှားသွားပြီ။ ၂၀၁၅မှာအကုန်ပျောက်တော့မှာ။ ဒီအတွက် ကျွန်တော်တို့က ကြိုတင်ပြင်ဆင်တာပါ။ ဖလင်ကိုပဲစွဲကိုင်မက်မောနေရင်တော့ ကမ္ဘာကိုနည်းနည်း လှည့်ကြည့်ပါဦးလို့။ ကမ္ဘာကို လှည့်မကြည့်ဘဲ ဒီတိုင်းဖြေရင်တော့ လူရယ်စရာ ဖြစ်နေမယ်။

**ဆင်ဆာလည်း အထိုက်အလျောက်လွတ်လပ်ခွင့်ရှိလာတယ်။ ခိုးကူး လည်း လုံးဝမဟုတ်တောင် အဖမ်းအဆီးရှိလာတော့ အနုပညာ ထုတ်လုပ်မှုပိုင်းမှာ စိတ်ကူးပြိုင်ပွဲကပိုပြင်းထန်လာနိုင်မလား။**

ဆင်ဆာလွတ်လပ်ခွင့် အထိုက်အလျောက်ရလာတယ်ဆိုတာကိုလက်ခံတယ်။ ခိုးကူးခွေပျောက်သွားပြီဆိုတာကိုတော့ လက်မခံဘူး။ ဖမ်းနေပြီဆိုတော့ အမှတ်တမဲ့ပဲ။ ပျောက်သွားအောင်ဖမ်းရမှာ။ လုပ်တော့ လုပ်တယ်။ အပြီးတော့ မပျောက်သေးတော့ အကျိုးသက်ရောက်မှု မရှိသေးဘူး။ ဆင်ဆာလွတ်လပ်လာတာနဲ့ လုပ်ပိုင်ခွင့် ပိုရလာပြီ။ လွပ်လပ်မှုအပေါ် တလွဲ အသုံးမချဖို့ လိုတယ်။ အချင်းချင်းလည်း ထိန်းသိမ်းရမယ်။ လွတ်လပ်ခွင့်ရတဲ့အပေါ်မှာစိတ်တိုင်းကျလုပ်ခွင့် ထပ်လိုသေးတယ်။ ဒါကိုလုပ်ဖို့ ပရိုဂျူဆာတွေကိုအသိတွေ အများကြီး မြှင့်တင်ရဦးမယ်။ စိတ်တိုင်းကျတော့လုပ်၊ မြန်မြန်ရိုက်ဆိုရင်မဟုတ်သေးဘူး။ ဒါကြောင့်လည်းရုပ်ရှင်အစည်းအရုံးက ရိုက်ရက်ကို ဆယ်ရက်သတ်မှတ် လိုက်တာ။ သေသေချာချာလေး လုပ်ရင်တော့အရည်အသွေးတွေတိုးတက်လာလိမ့်မယ်လို့ယုံကြည်တယ်။

**နှင်းဆီအဖွဲ့ကိုလူမစုံရင်နှင်းဆီ အဖွဲ့လို့နာမည်မတပ်ဘူးလို့ ပြောထားတယ်နော်။**

လူမစုံဘူး ဆိုတာအကြောင်းကြောင်းကြောင့်၊ ကျန်းမာရေး၊ လူမှုရေးကြောင့် ဆိုရင်တော့ ကျွန်တော်တို့ကနားလည် ခွင့်လွှတ်ရမှာပဲလေ။

**ကျေးဇူးတင်ပါတယ်။**

## ကေအေတီ၏ တေးသီချင်းများကို ခွင့်မတောင်းဘဲ ထုတ်လွှင့်ခဲ့သည့် ရုပ်သံလိုင်းနှင့်ဂီတအစည်းအရုံးတို့တွေ့

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၇**

တေးသီချင်းရေးသူကို အသိပေးခြင်းမရှိဘဲ တစ်နိုင်ငံလုံးတွင် ထုတ်လွှင့်ပြသခဲ့သည့် Channel 7 ရုပ်သံလိုင်းမှ တာဝန်ရှိသူအချို့ မြန်မာနိုင်ငံဂီတအစည်းအရုံးသို့ ဇန်နဝါရီ ၁၆ ရက်က လာရောက်တွေ့ဆုံသွားကြောင်း အစည်းအရုံး၏ အတွင်းရေးမှူး ဖြူဖြူကျော်သိန်းက ပြောသည်။

Channel 7 မှ တစ်နိုင်ငံလုံးသို့ထုတ်လွှင့်ပြသခဲ့သော နှစ်သစ်ကူးပါတီဖျော်ဖြေပွဲနှင့် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ အထိမ်းအမှတ် ဖျော်ဖြေပွဲများတွင် တေးရေးကေအေတီ ရေးသားသော သီချင်းများကို တေးရေးထံခွင့်မတောင်းဘဲ သုံးစွဲခဲ့ခြင်းအပေါ် ကေအေတီက ဥပဒေအရ အရေးယူမည်ဟု ပြောကြားထားသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး Channel 7 မှ တာဝန်ရှိသူ ဒေါ်ခင်နီတာထွန်းနှင့် အချို့က ဂီတအစည်းအရုံး ပဋိပက္ခနှင့်ညှိနှိုင်းဖြေရှင်းရေး ကော်မတီထံ လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ တေးရေး ကေအေတီက တရားစွဲမည်ဟု ဂျာနယ်အချို့တွင် ပြောကြားထားသည်ကိုသာ သိရှိရပြီး အစည်းအရုံးသို့ အကြောင်းကြားခြင်းမရှိသည့်အတွက် တစ်စုံတစ်ရာမှတ်ချက်မပြုလိုကြောင်း ဖြူဖြူကျော်သိန်းကပြောသည်။

ကေအေတီ၏ ရှေ့နေဦးငြိမ်းကျော်မှတစ်ဆင့် MRTV-4 တာဝန်ရှိသူများထံ ပထမအဆင့် အနေဖြင့် ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ပေးရန် ဇန်နဝါရီလ ၁၆ ရက်တွင် အကြောင်းကြားစာ ပေးပို့ထားကြောင်း သတင်းရရှိသည်။

"တရားစွဲတာထက် ဥပဒေကြောင်းအရ အရေးယူဖို့ လုပ်နေတယ်လို့ ပြောချင်ပါတယ်။ ကျွန်တော့်ရှေ့နေနဲ့လည်း တိုင်ပင်နေပါတယ်။ ဆိုတဲ့ကလေးတွေက ခိုးသုံးတယ်ထားပါတော့။ ခိုးတဲ့ သီချင်းကို Channel က လူတွေက ဘာလို့လက်ခံလဲ" ဟု တေးရေး ကေအေတီက ပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ Channel 7 မှ တာဝန်ရှိသူ ဒေါ်ခင်နီတာထွန်းထံ 7Day Newsက ဖုန်းဖြင့် အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း ပြန်လည်ဖြေကြားခြင်းမရှိခဲ့ပေ။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Zero Dark Thirty | Sony Pictures | ၂၉,၉၁၉,၇၀၀ | ၄ |
| ၂။ | A Haunted House | Open Road Films | ၁၈,၁၀၁,၇၀၀ | ၁ |
| ၃။ | Gangster Squad | Warner Bros. Pictures | ၁၇,၀၇၀,၃၀၀ | ၁ |
| ၄။ | Django Unchained | The Weinstein Company | ၁၂၅,၃၇၅,၀၀၀ | ၃ |
| ၅။ | Les Miserables | Universal Pictures | ၁၁၈,၇၂၃,၀၀၀ | ၃ |
| ၆။ | The Hobbit: An Unexpected Journey | Warner Bros. Pictures | ၂၇၈,၂၁၃,၀၀၀ | ၅ |
| ၇။ | Lincoln | Touchstone Pictures & Walt Disney Pictures | ၁၅၂,၆၀၀,၀၀၀ | ၁၀ |
| ၈။ | Parental Guidance | 20th Century Fox | ၆၀,၆၃၉,၁၀၀ | ၃ |
| ၉။ | Texas Chainsaw 3D | Lionsgate | ၃၀,၈၈၁,၀၀၀ | ၂ |
| ၁၀။ | Silver Linings Playbook | The Weinstein Company | ၄၁,၃၂၄,၂၀၀ | ၉ |

## Movie Review

### Parker




ပါကာမှာ စီးပွားဖြစ်ခိုးယူလေ့ရှိသော သူခိုးတစ်ဦးဖြစ်သည်။ သို့သော် သူ့တွင် ခံယူချက်ရှိသည်။ မချမ်းသာသူများထံမှ မခိုးရန်နှင့် မဆီမဆိုင်ကြားလူများ မထိခိုက်ရန်တို့ဖြစ်သည်။ သို့သော်နောက်ဆုံးပါကာတို့အဖွဲ့မှ ခိုးလာသောပစ္စည်းများကို အဖွဲ့ဝင်များက သစ္စာဖောက်ပြီး အပျောက်ရိုက်ကာ ပါကာလည်း မသေရုံကျန်ခဲ့သည်။ နောက်ပိုင်းတွင်ပါကာက ဒီကောင်တွေ နောင်တရစေမည်ဟု ဆုံးဖြတ်ရင်း သူနှင့်တွဲခဲ့သည့်အဖွဲ့ နောက်တစ်ကြိမ် ကျူးလွန်သောပြစ်မှုတွင် ရည်မှန်းချက်ကြီးမားသည့် မိန်းမလှတစ်ဦးနှင့် ပူးပေါင်းကြံစည်ကာ လှလှပပ လက်စားချေသွားပါတော့သည်။

ဒါရိုက်တာ Taylor Hackford ရိုက်ကူးထားသော သည်းထိတ်ရင်ဖို၊ စွန့်စားခန်းဇာတ်ကားတွင် Jasan Statham Jennefer Lopez ကို ဦးဆောင်ထားပြီး FilmDistrict က ဇန်နဝါရီ ၂၅ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7 DAY NEWS JOURNAL

Vol.11, No.46 • JANUARY 24 , 2013

## ဇေကမ္ဘာ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲသို့ နိုင်ငံ ၂၀ ကျော်မှ ကစားသမားများ လာရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

စုစုပေါင်း ကန်ဒေါ်လာသုံးသိန်းချီးမြှင့်မည့် ဇေကမ္ဘာ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၂၀ ကျော်မှအဆင့်မြင့်ဂေါက်သီး ကစားသမားများ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့၊ ရွှင်ရယ်မင်္ဂလာဒုံဂေါက်ကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာပီဂျီအေမှ လက်ရွေးစင်ကစားသမား ၂၀ ခန့်နှင့် ဥရောပ၊ အမေရိက၊ ဩစတြေးလျနှင့် အာရှနိုင်ငံပေါင်း ၂၅ နိုင်ငံခန့်မှ အဆင့်မြင့်ကစားသမား၁၃၀ကျော်လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းမြန်မာပီဂျီအေအတွင်းရေးမှူး ဦးချမ်းဟန်က ပြောသည်။

Asian Tour ပွဲစဉ် အစီအမံဖြင့် ကျင်းပသည့် ၎င်းပြိုင်ပွဲတွင် မြန်မာအိုးပင်း လက်ရှိချန်ပီယံ ဩစတြေးလျ နိုင်ငံသား ကီရန်ပရတ်၊ ၂၀၁၁ ချန်ပီယံဟောင်း ဂျပန်နိုင်ငံသား တက်ဆုဂျိ၊ ဂျပန်နိုင်ငံမှ အကောင်းဆုံး ဆယ်ဦးစာရင်းဝင် အီကေဒါ၊ ယမန်နှစ် အာရှပတ်လည်တစ်ပွဲလုံးချန်ပီယံ သဝမ်ဝီရသာချက်(ထိုင်း) စသည့် နာမည်ကြီးများအပြင် အဆင့်မြင့်အားကစားသမားများ ပါဝင်ကြမည်ဖြစ်ကြောင်း ဦးချမ်းဟန်က ဆိုသည်။



၂၀၁၂ မြန်မာအိုးပင်းချန်ပီယံ ဩစတြေးလျနိုင်ငံသား ကီရန်ပရတ်

ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

အဆိုပါပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်တွင်းကစားသမားများအတွက် လက်ရည်စစ်ပြိုင်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ပြီး လာမည့်ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ကာ လက်ရွေးစင်အပျော်တမ်း ကစားသမားအချို့ကိုလည်း ဇေကမ္ဘာမြန်မာအိုးပင်းပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြိုင်ပွဲတွင်ဗိုလ်စွဲသည့်ကစားသမားအနေဖြင့် ကန်ဒေါ်လာ ၅၄၀၀၀ ဆုကြေးရရှိမည်ဖြစ်ပြီး အဆင့် ၆၀ အထိ ဆုကြေးငွေများချီးမြှင့်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ဇော်မိုး၊ စိုးကျော်နိုင်၊ အောင်ဝင်း၊ ဘိုဘို၊ သိန်းဇော်မြင့် စသည့် ပရော်ဖက်ရှင်နယ်ကစားသမားများလည်း ဇေကမ္ဘာမြန်မာအိုးပင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် Golf Tour လုပ်နေသည့် အဖွဲ့အစည်းခြောက်ခုရှိသည့်အနက် လက်ရှိအချိန်တွင် Asian Tour သည် တတိယအဆင့်တွင် ရပ်တည်လျက်ရှိပြီး ယခုကဲ့သို့ အဆင့်မြင့်သည့် နိုင်ငံတကာပြိုင်ပွဲ တစ်ရပ်အား လက်ခံကျင်းပခွင့်ရရှိသည့်အတွက် မြန်မာကစားသမားများနှင့် ပရိသတ်များအတွက် အလွန်အကျိုးရှိမည် ဖြစ်ကြောင်း မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးအောင်ကြည်က ပြောသည်။

“ကမ္ဘာမှာ အမေရိကန်ပီဂျီအေ၊ ယူရိုပီဂျီအေပြီးရင် Asian Tour က တတိယနေရာမှာ ရပ်တည်နေတာပါ”ဟု ဦးချမ်းဟန်က ဆိုသည်။ ပြိုင်ပွဲကာလအတွင်း အားကစားဝါသနာရှင်များ အနေဖြင့် ဝင်ကြေးအခမဲ့ဖြင့် လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရှိရသည်။ မြန်မာအိုးပင်းကို ၁၉၉၆ ခု နှစ်မှ ၂၀၀၅ ခုနှစ်အထိ ဆက်တိုက်ကျင်းပခဲ့ပြီး ရပ်နားထားခဲ့ရာမှ ၂၀၀၉ တွင်မှ ပြန်လည်ကျင်းပလာခဲ့ခြင်း ဖြစ်သည်။

## ပရိသတ် အားမရဖြစ်ခဲ့သည့် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇန်နဝါရီ-၂၀**

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့သမား တွေ့မရှောင်နှင့် ထွန်းထွန်းမင်းတို့က ထိုင်းမွေထိုင်းလက်ဝှေ့သမားများအား ပထမအချီမှာပင် အလဲထိုးကာ အနိုင်ရရှိခဲ့သည်။

ဇန်နဝါရီ ၂၀ ရက်က သိမ်ဖြူအားကစားခန်းမတွင် ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲ၏ အဓိကနှစ်ပွဲသည် ပထမအချီမှာပင် အဖြေပေါ်ခဲ့သည့်အတွက် ပရိသတ်များအနေဖြင့်လည်း အားမလိုအားမရဖြစ်ခဲ့ရသည်။ ဘန်ကောက်ဝမ်းစုံချိုင်းကလပ်မှ မွေထိုင်းလက်ဝှေ့သမားနှစ်ဦးအနေဖြင့် လက်ရည်အကုန်ထုတ်ယှဉ်ပြိုင် သွား၊မသွားဆိုသည်ကိုမူ ၎င်းတို့ကိုယ်တိုင်အသိဆုံးပင်ဖြစ်သော်လည်း ပရိသတ်များအတွက်မူ အဓိက စိန်ခေါ်ပွဲနှစ်ပွဲအား ကြည့်ရှုရချိန်သည် စုစုပေါင်းငါးမိနစ်ဝန်းကျင်သာ ကြာမြင့်ခဲ့သည်။



ဓာတ်ပုံ - ကျော်ဇင်သန်း

တွေ့မရှောင်က ထိုင်းပြည်နယ်ချန်ပီယံ ဂျိုဝီဟအားလည်းကောင်း၊ ထွန်းထွန်းမင်းကလည်း ပြည်နယ်ချန်ပီယံ ပွန်ပက်အားလည်းကောင်း ပထမအချီမှာပင် တရစပ်ဖိအားပေး ယှဉ်ပြိုင်ထိုးသတ်ကာ အလဲထိုးအနိုင်ယူခဲ့ခြင်းဖြစ်သည်။

သို့သော် နောက်ပိုင်း ပြည်ပမှ လာရောက်ယှဉ်ပြိုင်သည့် လက်ဝှေ့သမားများနှင့် မြန်မာ့ရိုးရာလက်ဝှေ့သမားများ ပွဲစဉ်အများစုသည် အချိန်တိုအတွင်း ပွဲပြီးသွားသည့်အတွက် ပွဲစီစဉ်သူများအနေဖြင့်လက်ရည်ညီမျှသောပြိုင်ဘက်များနှင့်သာ စီစဉ်ပေးကြရန် သတိထားသင့်ပြီဖြစ်ကြောင်း ပွဲကြည့်ပရိသတ်များကလည်း ဆိုသည်။

ယခုပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်အနေဖြင့်လည်း နောက်ပွဲများ၌ ဘန်ကောက်သို့ ကိုယ်တိုင်သွားရောက်ရှာဖွေကာ စီစဉ်သွားမည်ဖြစ်ကြောင်းလည်းပြောသည်။ အဓိကပွဲစဉ်နှစ်ပွဲအနေဖြင့် စောစီးစွာပွဲပြီးခဲ့သော်လည်း အခြားပြည်တွင်းပွဲစဉ်များတွင်မူ အလဲထိုးရလဒ်နှင့် သရေပွဲစဉ်များ ထွက်ပေါ်ခဲ့ပြီး ရေကုန်ရေခန်းယှဉ်ပြိုင်ခဲ့ကြသည့်အတွက် ပရိသတ်များ အထူးအားပေး ကျေနပ်ခဲ့ကြသည်။

## မြန်မာ့ လက်ရွေးစင်ဘောလုံးအသင်း ဖိလစ်ပိုင်နှင့် ခြေစမ်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊**

**ဇန်နဝါရီ - ၁၇**

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ ၂၀၁၃ခုနှစ်ပထမဆုံးနိုင်ငံတကာ ခြေစမ်းပွဲအဖြစ် လာမည့် ဖေဖော်ဝါရီလ ၆ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြန်မာအသင်းသည် လာမည့် မတ်လအတွင်း၌ ရန်ကုန်မြို့တွင် လက်ခံကျင်းပမည့် AFC Challenge Cup ပြိုင်ပွဲခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဖိလစ်ပိုင်အသင်းအားဖိတ်ခေါ် ခြေစမ်းခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ ၂၂ ရက်တွင်လည်း ဒုတိယခြေစမ်းပွဲအဖြစ် မလေးရှားအသင်းအား ဖိတ်ခေါ်ကမ်းလှမ်းထားကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် နောက်ဆုံးတွေ့ဆုံမှုအဖြစ်ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလအတွင်းက ဆူဇူကီးဖလားပြိုင်ပွဲတွင် တွေ့ဆုံထားပြီး (၂-၀)ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အဆိုပါ ခြေစမ်းပွဲအတွက် မြန်မာ့လက်ရွေးစင် အသင်းအား ပဏာမ ကစားသမား ၂၅ ဦးဖြင့် ဖေဖော်ဝါရီလ ၁ ရက်တွင် စတင်စခန်းသွင်းလေ့ကျင့်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ကိုရီးယားလူမျိုးပတ်ဆောင်ဟွာကပင် ကိုင်တွယ်မည်ဖြစ်သည်။

ဘောလုံးအဖွဲ့ချုပ်သည် ဖိလစ်ပိုင်အသင်းနှင့် ခြေစမ်းပွဲအား တာဝန်ယူရန် ဗီဖာအသိအမှတ်ပြုဒိုင်လူကြီးများအား ငှားရမ်းခေါ်ယူသွားမည်ဖြစ်ကြောင်းနှင့် သုဝဏ္ဏအားကစားကွင်းတွင် ပြုလုပ်မည့် အဆိုပါခြေစမ်းပွဲအတွက် ဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၁,၀၀၀ နှင့် ရိုးရိုးတန်းကျပ် ၅,၀၀၀ သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

## မြန်မာနေရှင်နယ်လိဂ်တွင် ရန်ကုန်နှင့် ဇေယျာရွှေမြေ ဆက်လက်ဦးဆောင်နေ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၀**

မြန်မာနေရှင်နယ်လိဂ် ပွဲစဉ် (၃) တွင် အသင်းကြီးအားလုံးနီးပါး ရလဒ်ကောင်းခဲ့ပြီး ရန်ကုန်ယူနိုက်တက်နှင့် ဇေယျာရွှေမြေအသင်းတို့မှာ သုံးပွဲဆက်နိုင်ပွဲနှင့်အတူ အမှတ်ပေးဇယားထိပ်ဆုံးမှဆက်လက်ဦးဆောင်ထားသည်။

လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းမှာ ယခုနှစ်ရာသီပွဲစဉ် (၃)အထိ အမှားအယွင်းမရှိသေးဘဲ မနောမြေအသင်းအား (၂-၁) ဂိုးဖြင့် အနိုင်ယူကာ ဇေယျာရွှေမြေအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကိုထိပ်ဆုံးမှဦးဆောင်ထားသည်။ ဇေယျာရွှေမြေအသင်းသည်လည်း ဆောက်သမ်းမြန်မာအသင်းကို (၂-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချန်ပီယံဟောင်း ရတနာပုံအသင်းသည် ဟံသာဝတီအသင်းအား (၂-၀) ဂိုးဖြင့် အနိုင်ယူကာ ၂၀၁၃ ဘောလုံးရာသီ၏ ပထမဆုံးနိုင်ပွဲကို ရယူနိုင်ခဲ့ပြီး ကမ္ဘောဇအသင်းသည်လည်း နေပြည်တော်အသင်းကို (၂-၀)ဂိုးဖြင့် နိုင်ပွဲစတင်နိုင်ခဲ့သည်။ အခြားပွဲစဉ်များတွင် ဇွဲကပင်အသင်းက ရခိုင်ယူနိုက်တက်ကို (၁-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရောဝတီယူနိုက်တက်နှင့် မကွေးအသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

# ဆီးဂိမ်းအကြိုအားကစားပြိုင်ပွဲ ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ - ၁၇**

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ ဆီးဂိမ်းအကြို အားကစားပြိုင်ပွဲကို လာမည့်ဖေဖော်ဝါရီလအတွင်း နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆီးဂိမ်းအကြိုအားကစားပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီလ ၁၉ မှ ၂၆ ရက်အထိ နေပြည်တော်တွင် အားကစားနည်း ၂၀ ကျော်နှင့် ရန်ကုန်မြို့တွင် အားကစားနည်း နှစ်မျိုးကျင်းပရန် စီစဉ်ထားကြောင်း အားကစားဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

နှစ်ပေါင်းလေးဆယ်ကျော်အကြာတွင် အိမ်ရှင်အဖြစ် ပြန်လည်ကျင်းပခွင့် ရရှိသည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကိုယခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၃၀ ဝန်းကျင်ထည့်သွင်းကျင်းပရန် စီစဉ်ထားသည်။

ရေကူး/ဒိုင်ဗင်အားကစားနည်းအား ရန်ကုန်မြို့၊ အမျိုးသားရေကူးကန်၊ ကာယဗလနှင့်ကာယအလှပြိုင်ပွဲကို မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။

ဆီးဂိမ်းအကြိုအားကစားပြိုင်ပွဲတွင် နေပြည်တော် Gold Camp နှင့် အားကစားလေ့ကျင့်ရေးစခန်းတို့တွင် စခန်းသွင်းလေ့ကျင့်နေသည့် အားကစားသမားများ၊ သက်ဆိုင်ရာအဖွဲ့ချုပ်များမှ ပြင်ဆင်နေသည့် အားကစားသမားများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ၎င်းတို့ထဲမှ လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ကစားသမားများအား ရွေးချယ်သွားမည်ဖြစ်သည်။

ဆီးဂိမ်းအကြိုအားကစားပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုတံဆိပ်အပြင် ဆုကြေးငွေအဖြစ်အဖွဲ့လိုက် အားကစားနည်းအတွက်ပထမ ကျပ်ငါးသိန်း၊ ဒုတိယ ကျပ် သုံးသိန်း၊ တတိယ ကျပ်နှစ်သိန်းနှင့် တစ်ဦးချင်းအားကစားနည်းများအတွက် ကျပ်သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်းချီးမြှင့်ရန် စီစဉ်ထားကြောင်း ၎င်းကဆက်လက်ပြောသည်။

နေပြည်တော်တွင် ကျင်းပမည့် အားကစားနည်းများကို ဆီးဂိမ်းအတွက် ဆောက်လုပ်ပြီးစီးနေသည့် အားကစားကွင်းများနှင့် လေ့ကျင့်ရေးအားကစားရုံးများ၌ ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် ကျင်းပမည့် ကာယအလှနှင့် ကာယဗလပြိုင်ပွဲကို သတ်မှတ်ရက်ထက် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

*ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေကြသော ပဏာမလက်ရွေးစင် တိုက်ကွမ်ဒိုကစားသမားများ*



ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)

# မြန်မာဘောလုံးအသင်းအတွက် ဇန်နဝါရီလ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အပြောင်းအလဲမရှိ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**


ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ထုတ်ပြန်ကြေညာခဲ့ရာ အာဆီယံဒေသတွင်း နိုင်ငံအများစုမှာ အဆင့်ပြောင်းလဲမှုမရှိခဲ့ဘဲ မြန်မာအသင်းသည်လည်း ယခင်လအတိုင်း ကမ္ဘာ့အဆင့်၁၆၂တွင် ဆက်လက်ရပ်တည်နေသည်။

ဇန်နဝါရီလ၁၂ရက်ကထုတ်ပြန်ခဲ့သည့် အဆိုပါ အဆင့်သတ်မှတ်ချက်များအရ ဗီယက်နမ်အသင်းသည် ယခင်လထက် အဆင့်သုံးဆင့်ကျဆင်းသွားသော်လည်း ကမ္ဘာ့အဆင့် ၁၃၄ ဖြင့် အာဆီယံဒေသတွင်း နိုင်ငံများတွင် ပထမနေရာမှ ဦးဆောင်ထားသည်။

ဗီယက်နမ်အသင်း နောက်တွင် ထိုင်းက ကမ္ဘာ့အဆင့် ၁၃၈၊ ဖိလစ်ပိုင်၁၄၇၊ စင်ကာပူ ၁၅၄၊ အင်ဒိုနီးရှား၁၅၆၊ မလေးရှား ၁၅၈၊ လာအို ၁၇၀၊ တီမော ၁၈၂၊ ဘရူနိုင်း ၁၈၂၊ ကမ္ဘောဒီးယားအသင်းတို့က ကမ္ဘာ့အဆင့် ၁၈၄ တို့တွင် အသီးသီး ရပ်တည်လျက်ရှိသည်။

ဒေသတွင်းနိုင်ငံများအနက် ဗီယက်နမ်၊ ထိုင်း၊ လာအိုအသင်းများသာ ယခင်လ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များနှင့် ယှဉ်လျှင် အပြောင်းအလဲရှိခဲ့ပြီး ကျန်အသင်းရှစ်သင်းမှာ ယခင်လအဆင့်သတ်မှတ်ချက်အတိုင်းသာမပြောင်းလဲဘဲ တည်ရှိနေသည်။ မြန်မာအသင်းသည် အာဆီယံနိုင်ငံများတွင်လည်း သတ္တမနေရာ၌ ဆက်လက်ရပ်တည်နေသည်။

ကမ္ဘာ့အဆင့်(၁)နေရာတွင် စပိန်အသင်းက နေရာယူထားဆဲဖြစ်ပြီး ၎င်း၏နောက်တွင် ဂျာမနီ၊ အာဂျင်တီးနား၊ အီတလီ၊ ကိုလံဘီယာ၊ အင်္ဂလန်၊ ပေါ်တူဂီ၊ နယ်သာလန်၊ ရုရှား၊ ခရိုအေးရှား အသင်းများက အစဉ်လိုက်ရပ်တည်နေသည်။ နာမည်ကြီး ဘရာဇီးအသင်းမှာ ကမ္ဘာ့အဆင့် ၁၈ တွင် ရပ်တည်နေပြီး ဂျပန်အသင်းမှာ ကမ္ဘာ့အဆင့် ၂၁ဖြင့် အာရှနိုင်ငံများတွင် ထိပ်ဆုံးမှ ဦးဆောင်ထားသည်။



7 DAY NEWS JOURNAL
Vol.11, No.46 ▪ JANUARY 24 , 2013

# မန်ယူ၊ ဘာစီလိုနာတို့ အမှတ်ဖြတ်ပြီး ဦးဆောင်နေတဲ့ ဥရောပလိဂ်ပွဲစဉ်များ ပွဲကြိုခန့်မှန်းချက်

ကိုအေးမြတ်

ဒီတစ်ပတ် ဥရောပလိဂ်ပွဲတွေထဲမှာ ပရီးမီးယားလိဂ်ပွဲတွေက ကြားရက်မှာ ကစားမှာဖြစ်ပြီး စီးရီးအေနဲ့ လာလီဂါပွဲတွေကတော့ ပုံမှန်အတိုင်း စနေ၊ တနင်္ဂနွေ အားလပ်ရက်တွေမှာ ကစားသွားမှာပါ။ လိဂ်သုံးခုရဲ့ ဇယားရပ်တည်မှုအနေအထားတွေအရ စီးရီးအေတစ်ခုပဲ ဇယားထိပ်က ဂျူဗင်တပ်နဲ့ နာပိုလီ၊ လာဇီယိုတို့ အမှတ်မကွာတာ တွေ့ရပြီး စပိန်နဲ့ အင်္ဂလန်လိဂ်တွေမှာတော့ ဇယားထိပ်မှာ ပထမနဲ့ ဒုတိယနေရာက အသင်းတွေ အမှတ်တော်တော်ကွာနေတာ တွေ့ရမှာပါ။

**ပရီးမီးယားလိဂ်**

**__၃၀၊ ဇန်နဝါရီ၊ ဗုဒ္ဓဟူး__**

**ဗီလာ-နယူးကာဆယ်**

**(နံနက် ၂း၁၅ နာရီ)**

ပကျော့ရလဒ် (၁-၁)

ဗီလာတို့ နယူးကာဆယ်နဲ့ တွေ့တိုင်း အိမ်ကွင်းမှတ်တမ်းကောင်းတတ်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာ ဗီလာတို့ အရှုံးများနေတာကြောင့် သရေဆိုရင် ကျေနပ်ရမှာပါ။ နယူးကာဆယ်ကို ဂိုးအနည်းနဲ့ ရွေးထားချင်ပါတယ်။

**ကျူပီအာ-မန်စီးတီး**

**(နံနက် ၂း၁၅ နာရီ)**

ပကျော့ရလဒ် (၁-၃)

မန်စီးတီးအနောက်က အရှိန်နဲ့လိုက်နေတာမို့ ဒီအဝေးကွင်းပွဲကို ဦးဆောင်သွားနိုင်ပါတယ်။ နိုင်ပွဲဆက်နေတဲ့ ညှို့သည်မန်စီးတီးတို့နှစ်ဂိုးလောက် ရနိုင်တဲ့ပွဲပါ။

**__၃၁၊ ဇန်နဝါရီ၊ ကြာသပတေး__**

**အာဆင်နယ်-လီဗာပူး**

**(နံနက် ၂း၁၅ နာရီ)**

ပကျော့ရလဒ် (၂-၀)

အာဆင်နယ်တို့လန်ဒန်အိမ်ကွင်းမှာ နိုင်ဖို့မသေချာလှဘူး။ လီဗာပူးတို့ ခြေမမှန်သေးပေမယ့် ဒုက္ခပေးနိုင်ဆဲဖြစ်တယ်။ သရေဖြစ်နိုင်သလို နိုင်ရင်လည်း အာဆင်နယ် ကပ်နိုင်မယ့်ပွဲပါ။

**ရီဒင်း-ချယ်လ်ဆီး**



**(နံနက် ၂း၃၀ နာရီ)**

ပကျော့ရလဒ်(၂-၄)

ချယ်လ်ဆီးတို့အဝေးကွင်းမှာ အဖွင့်ဂိုးရရင် ဂိုးများနိုင်တယ်။ ရီဒင်း ဇယားအောက်ဆုံးရောက်နေပြီး ကပ်ရှုံးရင်ပဲ ကျေနပ်ရမှာပါ။ ချယ်လ်ဆီး နှစ်ဂိုးလောက်ရသွားနိုင်တယ်။

**စီးရီးအေ**

**__၂၆၊ ဇန်နဝါရီ၊ စနေ__**

**လာဇီယို-ချီယေဗို**

**(ည ၁၁း၃၀ နာရီ)**

ပကျော့ရလဒ် (၃-၁)

လာဇီယိုတို့ အိမ်ကွင်းနိုင်ပွဲဆက်ဖို့ သေချာနေပါတယ်။ ချီယေဗို အဝေးကွင်းမှာ ဂိုးနည်းနည်းနဲ့ရှုံးရင်ပဲ ကျေနပ်ရမှာပါ။ လာဇီယိုကို ပိုကြိုက်မိပါတယ်။

**__၂၇၊ ဇန်နဝါရီ၊ တနင်္ဂနွေ__**

**ဂျူဗင်တပ်-ဂျီနိုဘာ**

**(နံနက် ၂း၁၅ နာရီ)**

ပကျော့ရလဒ် (၃-၁)

ဂျူဗင်တပ်ဇယားထိပ်မှာ အမှတ်မကွာတာကြောင့် ဆက်တိုက်အနိုင်ရဖို့ အရေးကြီးနေပါတယ်။ ဂျီနိုအာ အဝေးကွင်းသရေရဖို့ မလွယ်ပါ။ ပထမအကျော့တုန်းကလို ဂျူဗင်တပ် ဂိုးအသာရဖို့ရှိနေတယ်။

**ပါးမား-နာပိုလီ**

**(ည ၈း၃၀ နာရီ)**

ပကျော့ရလဒ် (၁-၃)

ပါးမားအိမ်ကွင်းခြေစွမ်းကမာကျောတာ သတိထားပါမယ်။ နာပိုလီတို့ဂျူဗင်တပ်နောက် အမီလိုက်နေရာမှာ ဒီပွဲကလည်း ကျော်ဖြတ်ရမယ့် ပွဲကျပ်ဖြစ်လာနိုင်တယ်။ နာပိုလီ ကပ်နိုင်ဖို့ပဲရှိမယ်။ သရေလည်း ဖြစ်နိုင်တယ်။

**လာလီဂါ**

**__၂၇၊ ဇန်နဝါရီ၊ တနင်္ဂနွေ__**

**ရီးရဲလ်မက်ဒရစ်-ဂီတာဖေး**

**(ညနေ ၅း၃၀ နာရီ)**

ပကျော့ရလဒ် (၁-၂)

ရီးရဲလ်တို့ပထမအကျော့ ရှုံးကြွေးကို ပြန်ဆပ်ရပါမယ်။ သရေပွဲတချို့ကြုံနေတဲ့ ရီးရဲလ်တို့ ဂီတာဖေးကို ဂိုးအနည်းနဲ့ကပ်နိုင်ဖို့ တော့ရှိတယ်။

**__၂၈၊ ဇန်နဝါရီ၊ တနင်္လာ__**

**ဘာစီလိုနာ-အိုဆာဆူနာ**

**(နံနက် ဝဝး၃၀ နာရီ)**

ပကျော့ရလဒ် (၂-၁)

ဘာကာတို့ အိမ်ကွင်းရှုံးပွဲ ဒီရာသီမှာ လုံးဝမရှိသေးပါဘူး။ အိုဆာဆူနာတို့ ထပ်ရှုံးဖို့များပြီး နှစ်ဂိုးလောက်ပေးရနိုင်တယ်။

**အက်သလက်တစ်ကလပ်-အက်သလက်တီကို**

**(နံနက် ၂း၃၀ နာရီ)**

ပကျော့ရလဒ် (၀-၄)

အက်သလက်တစ်ကလပ်ဟာ အိမ်ရှင်ဆိုပေမယ့် အိမ်ကွင်းအားနည်းတဲ့အသင်းပါ။ ညှို့သည်အက်သလက်တီကိုမက်ဒရစ်ကပဲ အဝေးကွင်းနိုင်ပွဲ ရနိုင်တယ်။ နှစ်ဂိုးနဲ့အထက် ရသွားနိုင်ပါတယ်။



7 DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

# အယ်လ်ဂျီးရီးယား ဓားစာခံဖမ်းဆီးမှုတွင် နိုင်ငံခြားသားများ ပါဝင်နေဆဲ

**အယ်လ်ဂျီးရီးယား၊ဇန်နဝါရီ-၁၉**

အယ်လ်ဂျီးရီးယားနိုင်ငံ သဲကန္တာရရှိ ဓာတ်ငွေ့စက်ရုံတစ်ရုံတွင် အစ္စလာမ်မစ်လက်နက်ကိုင်များက ဝင်ရောက်စီးနင်းပြီး နိုင်ငံခြားသားများအား ဓားစာခံအဖြစ် ဖမ်းဆီးထားခြင်းအတွက် အယ်လ်ဂျီးရီးယားစစ်ဘက်က စစ်ဆင်ရေးဆင်နွှဲခဲ့သော်လည်း နိုင်ငံခြားသားအယောက် ၂၀ ကျော် ဖမ်းဆီးခံထားရဆဲဖြစ်သည်။

နှစ်ပေါင်းများစွာအတွင်း အကြီးမားဆုံးနိုင်ငံတကာ ဓားစာခံဖမ်းဆီးမှုဖြစ်သော အယ်လ်ကိုင်ဒါအဆက်အနွယ်သေနတ်သမားများနှင့် အယ်လ်ဂျီးရီးယားစစ်ဘက် ရင်ဆိုင်မှုမှာ လေးရက်ကြာမြင့်လာပြီဖြစ်သည်။

ဓားစာခံများ၏ ကံကြမ္မာနှင့် သေဆုံးသူအရေအတွက်ကို အတိအကျ အတည်မပြုနိုင်သေးပေ။ အယ်လ်ဂျီးရီးယားအစိုးရက နိုင်ငံခြားသား ဓားစာခံများရှိရာ စက်ရုံအနီးသို့ အနောက်နိုင်ငံမှ အရာရှိများကို သွားမပြုပေ။

ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသူ ၁၂ ဦးမှ ၃၀ အထိ သေဆုံးခဲ့ကြောင်း သတင်းများကဆိုသည်။ သို့သော် အခြားနိုင်ငံခြားသားပေါင်းများစွာ၏ ကံကြမ္မာမည်သို့ရှိသည်ကိုလည်း မသိရသေးပေ။ ယင်းတို့တွင် နော်ဝေး၊ ဂျပန်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံသားများလည်း ပါဝင်သည်။

အိမ်နီးချင်း မာလီနိုင်ငံတွင် ပြင်သစ်နိုင်ငံက ထိုးစစ်ဆင်နေခြင်းကို ရပ်တန့်ရေး အလိုရှိသည်ဟု ပြောကြားသော အစ္စလာမ်မစ်လက်နက်ကိုင်များက ဇန်နဝါရီ ၁၆ ရက် အရှဏ်တက်ချိန်မတိုင်မီ အဆိုပါဓာတ်ငွေ့စက်ရုံအား ဝင်ရောက်စီးနင်းပြီး နိုင်ငံခြားသားကို သီးခြားခွဲထုတ်ထားခဲ့သည်။

နောက်တစ်ရက် နေ့လယ်ခင်းအချိန်တွင် အယ်လ်ဂျီးရီးယားစစ်ဘက်က ဓားစာခံများ လွတ်မြောက်ရေးစစ်ဆင်ရေးဆင်နွှဲချိန်တွင် အလုပ်သမားရာပေါင်းများစွာမှာ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ သို့သော် ယင်းတိုက်ခိုက်မှုအတွင်းမှာပင် ဓားစာခံများမှာ သေဆုံးခဲ့ရသည်။

ဓားစာခံများအား ထိန်းသိမ်းထားသော ထရပ်ကားလေးစီးကို အယ်လ်ဂျီးရီးယား စစ်ဘက်က ဖျက်ဆီးခဲ့ကြောင်း ပဉ္စမထရပ်ကားပေါ်မှ ထွက်ပြေးလွတ်မြောက်လာသော မြောက်အိုင်ယာလန် အင်ဂျင်နီယာတစ်ဦးက ပြောကြောင်း သိရသည်။

ဗြိတိန်၊ ဂျပန်နှင့် အခြားနိုင်ငံခေါင်းဆောင်များက တိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ စစ်ဆင်ရေးလုပ်ဆောင်ခဲ့ခြင်းအတွက် စိတ်ပျက်ခဲ့ရကြောင်း ပြောကြားကြပြီး အရာရှိများကလည်း သတင်းအချက်အလက် မရရှိခြင်းအတွက် ညည်းတွားကြသည်။

*—Ref: Reuters*



ဗြိတိသျှရေနံကုမ္ပဏီ BP နှင့် နော်ဝေးစွမ်းအင်ကုမ္ပဏီ Statoil တို့ ဖက်စပ်လုပ်ကိုင်သော အယ်လ်ဂျီးရီးယားရှိ In Amenas ဓာတ်ငွေ့စက်ရုံတွင် ကားများရပ်ထားပုံ။ ထိုနေရာတွင် အစ္စလာမ်မစ်ဝါဒီများက မာလီတွင် ပြင်သစ်တပ်ဖွဲ့များ ပါဝင်တိုက်ခိုက်ပေးမှုကို တုံ့ပြန်သောအားဖြင့် အနောက်တိုင်းသား ၄၁ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ဓားစာခံများအား ကယ်တင်ရန် အယ်လ်ဂျီးရီးယားတပ်ဖွဲ့များက စက်ရုံကို ဝန်းရံထားသည်။ စက်ရုံမှာ လစ်ဗျားနှင့်နယ်စပ်အနီး အယ်လ်ဂျီးရီးယားအရှေ့ပိုင်းတွင် တည်ရှိသည်။ ဓာတ်ပုံ - AFP

# ပေါ်တူဂီ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုများ အိုင်အမ်အက်ဖ် အကြီးအကဲ ချီးကျူး

**လစ်စဘွန်း၊ဇန်နဝါရီ-၁၉**

အစိုးရ၏ ဘဏ္ဍာရေးအခြေအနေအား စနစ်တကျရှိရေး ကိုင်တွယ်ဆောင်ရွက်ရာတွင် ပေါ်တူဂီနိုင်ငံက စွမ်းစွမ်းတမံကြိုးပမ်းခဲ့ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အစီရင်ခံစာတွင် ဖော်ပြသည်။ တစ်ဆက်တည်းမှာပင် ကြွေးမြီထူပြောနေသော နိုင်ငံအတွက် ကယ်ဆယ်ရေးအစီအစဉ်မှာ အန္တရာယ်ရှိသေးကြောင်း သတိပေးထားသည်။

ဥရောပသမဂ္ဂနှင့် အိုင်အမ်အက်ဖ်တို့က ၂၀၁၁ ခုနှစ် မေလက ယူရို ၇၈ ဘီလီယံ ကယ်ဆယ်ရေးငွေ ထုတ်ပေးခဲ့ခြင်းအတွက် ကြွေးမြီများ လျော့ကျရေးနှင့် ကြွေးထပ်မတင်ရေးအတွက် ပေါ်တူဂီအာဏာပိုင်များ၏ ပေါ်လစီပိုင်း အရေးယူဆောင်ရွက်မှုများကို ကြိုဆိုကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။

ယင်းအစီရင်ခံစာ ထုတ်ပြန်ခြင်းနှင့်အတူ အိုင်အမ်အက်ဖ်က ပေါ်တူဂီနိုင်ငံအတွက် နောက်ထပ်ချေးငွေ ယူရို ၈၃၈ ဒသမ ၈ မီလီယံ ထုတ်ပေးရေးကိုလည်း ခွင့်ပြုလိုက်သည်။

သို့သော် နိုင်ငံ၏ အနာဂတ်မှာ ရေရာသေချာမှု မရှိသေးဘဲ နိုင်ငံရေးနှင့် လူမှုရေးအခြေအနေများ တင်းကျပ်နေခြင်းနှင့်အတူ စီးပွားရေးအရ စိန်ခေါ်မှုအများအပြား ရှိနေသေးကြောင်း အိုင်အမ်အက်ဖ် ဒါရိုက်တာများက ပြောကြားသည်။

ပေါ်တူဂီနိုင်ငံတွင် အလုပ်လက်မဲ့မှု ၁၆ ရာခိုင်နှုန်း ရှိနေဆဲဖြစ်ပြီး တင်းကျပ်သော ခြိုးခြံချွေတာရေး အစီအစဉ်များအပေါ် ကန့်ကွက်ဆန္ဒပြမှုများလည်း ယမန်နှစ်ကအတိုင်း ဆက်လက်ဖြစ်ပေါ်မည့် အလားအလာများ ပေါ်ထွက်နေပြီး ဇန်နဝါရီ ၂၆ ရက်တွင် ကန့်ကွက်ဆန္ဒပြမှုများ လုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.11, No.46 · JANUARY 24 , 2013

# ၂၀၁၂ အတွင်း ဒေလီတွင် အမျိုးသမီးများအား အဓမ္မကြံစည်မှု ၂၃ ရာခိုင်နှုန်း မြင့်တက်

**နယူးဒေလီ၊ဇန်နဝါရီ-၁၉**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၂၀၁၂၌အမျိုးသမီးများအားအဓမ္မကြံစည်မှုများမှာ ၂၀၁၁ ခုနှစ်ကထက် ၂၃ ရာခိုင်နှုန်း ပိုမြင့်တက်ခဲ့ကြောင်း အစိုးရ၏ တရားဝင်ကိန်းဂဏန်းများတွင် ဖော်ပြခဲ့သည်။ ယခုကိန်းဂဏန်းများကို မကြာမီက ဒေလီအဓမ္မမှုတွင် ဖမ်းဆီးထားသူငါးဦးအား တရားရုံးထုတ်စစ်ဆေးစဉ် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ဒေလီရဲတပ်ဖွဲ့ကော်မရှင်နာမင်းကြီး နီရာရာချင်ကူးမားက "ဒေလီမှာ အဓမ္မမှု ကျူးလွန်နှုန်းဟာ တစ်နိုင်ငံလုံးအဆင့် အတိုင်းအတာနှုန်းထက် အများကြီး ပိုမြင့်နေပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို ကျွန်တော်တို့အရေးမယူဘဲနေမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ အလုပ်ပိုလုပ်ဖို့ လိုအပ်ပါတယ်"ဟု သတင်းထောက်များအားပြောသည်။

မှတ်တမ်းအချက်အလက်များအရ ဒေလီတွင် ၂၀၁၂ ခုနှစ် အဓမ္မမှု ၇၀၆ မှု ရှိခဲ့ပြီး ပြီးခဲ့သော ၂၀၁၁ ထက်ပြစ်မှုဖြစ်ပွားနှုန်း ၂၃ ဒသမ ၄၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု သိရသည်။ ဒီဇင်ဘာ ၁၉ ရက်က ဆေးကျောင်းသူတစ်ဦးအား လူငါးဦးက အဓမ္မမှုကြံစည်ပြီးနောက်ပိုင်း နှစ်ပတ်ကာလအတွင်းမှာပင် ရဲသို့သတင်းပေးခဲ့သော မှတ်တမ်းဝင် အဓမ္မမှု ၄၅ မှုနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှု ၇၅ မှု ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။



Photo - AFP

*ဇန်နဝါရီ ၂၁ ရက်က အမာဒါဘတ်မြို့၌ အိန္ဒိယအထက်တန်းကျောင်းသူလေးများ ဂျူဒိုပညာလေ့ကျင့်နေစဉ်။ မကြာသေးမီက အိန္ဒိယနိုင်ငံ ဒေလီမြို့တွင်အုပ်စုလိုက် အဓမ္မမှုအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ တိုးပွားလာရာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် မိမိကိုယ်ကို ကာကွယ်ရေး အတွက် ဂျူဒိုနှင့် ကရာတေးကဲ့သို့သော ကိုယ်ခံပညာရပ်များ လေ့လာလိုက်စားလာကြသည်။*

နယူးဒေလီသည် လူပေါင်း ၁၆ သန်း နေထိုင်ရာမြို့ကြီးတစ်ခုဖြစ်ပြီး ယင်းမြို့တွင် အမျိုးသမီးများ၏ ဘဝမလုံခြုံမှုကြောင့် 'အိန္ဒိယ၏ မုဒိန်းမြို့တော်'ဟု ကာလကြာမြင့်စွာကပင် ခေါ်ဝေါ်သတ်မှတ်ခံခဲ့ရသည်။ အိန္ဒိယနိုင်ငံတွင် အမျိုးသမီးများကို အဓမ္မကြံစည်မှုဖြစ်ပွားနှုန်းများကို နှိုင်းယှဉ်လျှင် ဒေလီမှာ စီးပွားရေးမြို့တော် မွမ်ဘိုင်းထက် မှတ်တမ်းတင်ထားသည့် အဓမ္မမှုဖြစ်ပွားနှုန်း နှစ်ဆ ပိုမြင့်မားကြောင်း သိရသည်။

*—Ref: Asiaone*

# ဂျာမနီနိုင်ငံ ပြည်နယ်ရွေးကောက်ပွဲများတွင် အတိုက်အခံများ အနိုင်ရ

**ဟန်နိုဗာ၊ဇန်နဝါရီ-၂၁**

ဂျာမနီနိုင်ငံ၏ ဗဟိုလက်ဝဲဝါဒီပါတီများဖြစ်သော ဆိုရှယ်ဒီမိုကရက် (SPD)နှင့် ဂရင်းပါတီတို့သည် အောက်ဆက်ဆွန်နီပြည်နယ်၌ပြုလုပ်သော ရွေးကောက်ပွဲများတွင် အဓိပတိအင်ဂျလာမာကယ်၏ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီ (CDU)ကို အနိုင်ရသွားခဲ့ရာ လာမည့် စက်တင်ဘာတွင် ကျင်းပမည့် အမျိုးသားရွေးကောက်ပွဲများတွင် မာကယ့်အတွက် အခြေအနေမကောင်းနိုင်ကြောင်း အချက်ပြမှုဖြစ်လာခဲ့သည်။ ဆိုရှယ်ဒီမိုကရက်များနှင့် ဂရင်းပါတီဝင်များသည် လူဦးရေရှစ်သန်းရှိသော အနောက်မြောက်ပိုင်းပြည်နယ် အောက်ဆက်ဆွန်နီတွင် အနိုင်ရခဲ့သဖြင့် ပြည်နယ်၏ ဥပဒေပြုရေးကို အပြည့်အဝထိန်းချုပ်နိုင်မည်ဖြစ်သည်။ တနင်္ဂနွေနေ့က မဲရေတွက်မှုများအရ ဆိုရှယ်ဒီမိုကရက်နှင့်ဂရင်းတို့၏ အတိုက်အခံညွန့်ပေါင်းအဖွဲ့မှာ မဲအားလုံး၏ ၄၆ ဒသမ ၃ ရာခိုင်နှုန်းကို ရရှိခဲ့ပြီး မာကယ်၏ ဗဟိုလက်ယာညွန့်ပေါင်းပါတီအစုက ၄၅ ဒသမ ၉ ရာခိုင်နှုန်း ရခဲ့သည်။

ယခုကဲ့သို့ မာကယ်၏ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီအပေါ် လူထုထောက်ခံမှု ကျဆင်းရခြင်းမှာ စက်တင်ဘာတွင် ကျင်းပမည့် အမျိုးသားအဆင့် ဖက်ဒရယ်ရွေးကောက်ပွဲများတွင် မာကယ့်အတွက် ခြိမ်းခြောက်မှုတစ်ရပ်လည်း ဖြစ်သည်။ သို့သော် အသက် ၅၈ နှစ်အရွယ်ရှိ အဓိပတိမာကယ်သည် ယူရိုငွေအကျပ်အတည်းတွင် ဂျာမနီ၏ အကျိုးစီးပွားများကို ကာကွယ်မှုဖြင့် လူကြိုက်များမှုရထားပြီး စက်တင်ဘာ ရွေးကောက်ပွဲများတွင်မူ သူမ၏ ဗဟိုလက်ယာယိမ်းညွန့်ပေါင်းအဖွဲ့က အောင်ပွဲရမည်ဟု ယုံကြည်နေသည်။

*—Ref: Reuters*

နောက်ကျောဖုံးမှ

## နယူးဒေလီတွင် အုပ်စုလိုက်အဓမ္မပြုကျင့်ခဲ့သော တရားခံများအား စစ်ဆေးရန် အထူးတရားရုံးဖွဲ့စည်း

အမျိုးသမီးများအတွက် လုံခြုံရေးအခြေအနေများ ကောင်းမွန်စွာဆောင်ရွက်ပေးရန် ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပေါ်ခဲ့သည်။

ယင်းတရားခံငါးဦးကို လူသတ်မှု၊ အဓမ္မမှု၊ ဓားပြတိုက်မှု၊ ပြန်ပေးဆွဲမှု အပါအဝင် အခြားစွဲချက်များဖြင့် တရားစွဲဆိုထားပြီး လူအများက သေဒဏ်ပေးရန် တောင်းဆိုထားကြသည်။ အမှုကို ရုံးတင်စစ်ဆေးစဉ် အိန္ဒိယ၏နှေးကွေးသော တရားစီရင်ရေးစနစ်အား လူအများက ထောက်ပြခဲ့သဖြင့် ယခုကဲ့သို့ အထူးတရားရုံးဖွင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တရားရုံးစစ်ဆေးမှုများကို ဇန်နဝါရီ ၂၁ ရက်တွင် စတင်မည်ဟု အစိုးရရှေ့နေတစ်ဦးကပြောသည်။

တရားခံငါးဦးကို နယူးဒေလီတောင်ပိုင်းမြို့တော်တရားရုံးတွင် စစ်ဆေးခဲ့ပြီးနောက် ပြီးခဲ့သည့်အပတ်က စတင်ကာ အထူးတရားရုံးဖွင့်စစ်ဆေးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က တရားရုံးတွင် ဂျာနယ်လစ်များအား တရားခွင်အတွင်း ဝင်ရောက်သတင်းယူခွင့်ပိတ်ပင်ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ပြစ်မှုများကို သေဒဏ်ချမှတ်မှုနည်းပါးပြီး၊ လွန်ခဲ့သည့် နှစ်လခန့်ကမှ ရှစ်နှစ်တာအတွင်း နိုင်ငံ၏ ပထမဆုံး သေဒဏ်ပေးမှုအဖြစ် ၂၀၀၈ မွမ်ဘိုင်းတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သော သေနတ်သမားတစ်ဦးအား သေဒဏ်စီရင်ခဲ့သည်။

*—Ref: AFP*










Korean Ginseng Multivitamins & Minerals
Top-Roll Soft Caps.
Christmas & New Year Promotion
တော့(ပ်)ရိုး ကိုရီးယားဂျင်ဆင်းအားဆေး၏ ဆေးကတ်ခွံများနှင့် လက်ဆောင်ပစ္စည်းလဲလှယ်ပေးခြင်းအစီအစဉ် စတင်လိုက်ပါပြီ ...။
DAE HWA PHARM.CO.,LTD.


သန်ကောင်၊ တုတ်ကောင်
တွေကြောင့်
အခက်တွေ့နေတဲ့
သားလေးဟာ ...
1 Fugacar
mebendazole
ခုတော့
ဖူဂါကာ သန်ချဆေးကြောင့်
အဆင်ပြေသွားပြီပေါ့။
သင့်မိသားစုအားလုံး သန်ကောင်၊ တုတ်ကောင်ရောဂါကင်းဝေးစေရန်
Fugacar တစ်လုံးကို ၆ လတစ်ကြိမ် သောက်ပါ။
janssen
မိသားစုတိုင်းပြုံးပျော်မှာ တစ်လုံးတည်းပါ ... ဖူဂါကာ



**NEWS ANALYSIS**


မာလီနိုင်ငံမှာ ဘာတွေဖြစ်နေသလဲ

စာမျက်နှာ(၃၆)သို့ »

**INTERVIEW**

အစ္စရေးရွေးကောက်ပွဲအကြောင်း တိုင်းမ်၏ ဂျေရုဆလင်ပြူရိုအကြီးအကဲ ကားလ်ဗစ်က်နှင့် အမေးအဖြေ

စာမျက်နှာ(၄၆)သို့ »



**INDIA**

၂၀၁၂ အတွင်း ဒေလီတွင် အမျိုးသမီးများအား အဓမ္မကြံစည်မှု ၂၃ ရာခိုင်နှုန်း မြင့်တက်

စာမျက်နှာ(၅၄)သို့ »



Vol.9, No.29 • OCTOBER 7, 2010

7 DAY NEWS JOURNAL

# International

Vol.11, No.46 • JANUARY 24 , 2013



Photo - AFP

*အမေရိကန်သမ္မတ ဘားရက်အိုဘားမား ဇန်နဝါရီ ၂၀ ရက်က အိမ်ဖြူတော်ရှိBlue Room တွင် နိုင်ငံတော်တရားသူကြီးချုပ် ရောဘတ်၏ရှေ့မှောက်၌ ၎င်း၏ ဒုတိယသက်တမ်းအတွက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုနေစဉ်*

## အငြင်းပွားကျွန်းစုများအနီး တရုတ်သင်္ဘောသုံးစီး အသင့်ရှိနေ

**တိုကျို၊ ဇန်နဝါရီ-၂၁**

တရုတ်အစိုးရပိုင် သင်္ဘောသုံးစီးသည် ဂျပန်နိုင်ငံနှင့် အငြင်းပွားနေသော ကျွန်းစုများ၏ အလယ်ဗဟိုရှိ ရေပြင်တွင် ရောက်ရှိနေခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်သည်။ ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က အဆိုပါ တရုတ်ရေကြောင်း ကင်းလှည့်ရေယာဉ်များသည် ဂျပန်နိုင်ငံဘက်က ထိန်းချုပ်ထားသော ဆင်ကာကူကျွန်းများအနီး ရေပြင်တွင် ရောက်ရှိနေကြောင်း ဆိုသည်။ တရုတ်သင်္ဘောများရှိနေခြင်းမှာ ကျွန်းစုများ အငြင်းပွားမှုနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ၏

စာမျက်နှာ(၄၅)သို့ »

## ပြင်သစ်တပ်ဖွဲ့များ မာလီနိုင်ငံမြောက်ပိုင်းသို့ ချီတက်

**နီအိုနီ၊ ဇန်နဝါရီ - ၂၁**

ရက်အတန်ကြာ လေကြောင်းမှ တိုက်ခိုက်ပြီးနောက် ပြင်သစ်တပ်ဖွဲ့သည်လူတင်သံချပ်ကာယာဉ်များဖြင့် ချီတက်နေကြသည်။ သို့သော် အယ်လ်ကိုင်ဒါ အဆက်အနွယ် စစ်သွေးကြွများက ပြောက်ကျားဗျူဟာဖြင့် ဝင်တိုက်မည်စိုး၍ သတိထားချီတက်နေကြသည်။

ဒီဇာဘလီရွာအနီး ရွှံ့နှင့် အုတ်အဆောက်အအုံများ အကြားတွင် အစ္စလာမ်မစ်များ အသုံးပြုခဲ့သော စက်သေနတ်ကြီးများ တပ်ဆင်ထားသည့် ပစ်ကပ်ထရပ်ကားများအချို့မှာ မီးလောင်ပျက်စီးနေသည်ကို ရုပ်သံသတင်းများတွင် မြင်တွေ့ရသည်။

အစ္စလာမ်မစ် တိုက်ခိုက်ရေးသမားများ မည်သည့်နေရာရောက်ရှိသွားသည်ဆိုခြင်းမှာ ရှင်းရှင်းလင်းလင်း မရှိကြောင်း ပြင်သစ်နှင့် မာလီတပ်မှူးများက မြို့တော်ဘာမာကိုမှ အရှေ့မြောက် မိုင် ၁၉၀ အကွာတွင် အခြေစိုက်ထားသော ရှေ့တန်းစစ်ဆင်ရေး စခန်း၌ ပြောသည်။

"ကျွန်တော်တို့ရဲ့ အဓိက စိုးရိမ်မှုက ဒီဒေသက လူတချို့ဟာ အစ္စလာမ်မစ်တွေနဲ့ ပူးပေါင်းခဲ့တာဖြစ်နိုင်တယ်ဆိုတာ ဖြစ်ပါတယ်" ဟု ယင်းဒေသမှ စစ်ဘက်အကြီးအကဲ ဗိုလ်မှူးကြီး ဆေဒူး ဆုဂိုဘာက ပြောသည်။

ပြင်သစ်က မာလီနိုင်ငံတွင် မြေပြင်တပ်ဖွဲ့ပေါင်း ၂,၀၀၀ ချထားပြီး ၎င်း၏ စစ်လေယာဉ်များကလည်း သူပုန်စစ်ကြောင်းများနှင့်

စာမျက်နှာ(၄၅)သို့ »

## နယူးဒေလီတွင် အုပ်စုလိုက်အဓမ္မပြုကျင့်ခဲ့သော တရားခံများအား စစ်ဆေးရန် အထူးတရားရုံးဖွဲ့စည်း

**နယူးဒေလီ၊ဇန်နဝါရီ-၂၁**

မကြာသေးမီက နယူးဒေလီမြို့တွင် အသက် ၂၃ နှစ်အရွယ် ဆေးကျောင်းသူတစ်ဦးအား အုပ်စုလိုက်အဓမ္မပြုကျင့်မှုဖြင့် ဖမ်းဆီးထားသော တရားခံငါးဦးကို လျင်မြန်စွာစစ်ဆေးနိုင်ရန် အထူးတရားရုံးတစ်ခုကို တည်ထောင်ဖွဲ့စည်းလိုက်သည်။

အဆိုပါတရားခံများကိုလျင်မြန်စွာ တရားစီရင်ပေးရန်နှင့်

စာမျက်နှာ(၅၄)သို့ »

## အယ်လ်ဂျီးရီးယား ဓာတ်ငွေ့စက်ရုံစီးနင်းမှု သေဆုံးသူစာရင်း မြင့်တက်

**အယ်လ်ဂျီးရီးယား၊ဇန်နဝါရီ-၂၁**

ဆာဟာရသဲကန္တာရ ဝေးလံသောဒေသရှိ အယ်လ်ဂျီးရီးယား ဓာတ်ငွေ့စက်ရုံ ဓားစာခံဖမ်းဆီးမှု လေးရက်ကြာ စီးနင်းမှုတွင် အနည်းဆုံး ဓားစာခံ ၄၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

စာမျက်နှာ(၄၅)သို့ »

## ဘူလ်ဂေးရီးယားပါတီညီလာခံတွင် စင်ပေါ်တက် တိုက်ခိုက်ခံရမှု နောက်ကွယ်မှ တရားခံကို ရှာဖွေနေ

**ဆိုဖီယာ၊ဇန်နဝါရီ-၂၁**

ပါတီညီလာခံ ကျင်းပနေစဉ်အတွင်း ပါတီခေါင်းဆောင်ဖြစ်သူအား လူတစ်ဦးက စင်ပေါ်တက်၍ သေနတ်ဖြင့် ပစ်ခတ်ခဲ့သော ဖြစ်ရပ်နောက်ကွယ်မှ နိုင်ငံရေးကြိုးကိုင်သူကို ရဲတပ်ဖွဲ့က ဖော်ထုတ်ရေးအတွက် အလိုရှိနေကြောင်း ဘူလ်ဂေးရီးယားနိုင်ငံမှ တူရကီမျိုးနွယ်ပါတီက ထုတ်ပြန်သည်။

ရဲနှင့် လုံခြုံရေးတပ်ဖွဲ့များသည်

စာမျက်နှာ(၄၅)သို့ »




Photo - AFP

*ဇန်နဝါရီ ၁၉ ရက်က မြို့တော်ဆိုဖီယာတွင်ကျင်းပသော အမျိုးသားအဆင့်ပါတီကွန်ဖရင့်၌ တူရကီလူနည်းစုအခွင့်အရေးနှင့်လွတ်လပ်ရေးလှုပ်ရှားမှုပါတီခေါင်းဆောင် အာမက်ဒိုဂန် မိန့်ခွန်းပြောကြားနေစဉ် ၎င်းကို လူတစ်ဦးက ပစ္စတိုသေနတ်ဖြင့် ချိန်ထားပုံကို ဘူလ်ဂေးရီးယားရုပ်သံBTVက ပြသစဉ်*



ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပိုʼ
Vol.11, No.46 • JANUARY 24 , 2013

# နိုင်ငံတော်သမ္မတ အရပ်ဘက်အဖွဲ့အစည်းများနှင့် မပြတ်တွေ့ဆုံမည်ဟုဆို

**အောင်သူရ၊ အောင်နိုင်**
**ရန်ကုန်၊ ဇန်နဝါရီ-၂၀**



*ကချင်ငြိမ်းချမ်းရေးကွန်ရက်အဖွဲ့ဝင်များနှင့်အတူတွေ့ရသည့် သမ္မတဦးသိန်းစိန်*

ဓာတ်ပုံ-အောင်သူရ

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ အရေးကြီးသဖြင့် ယင်းအဖွဲ့အစည်းများနှင့် မပြတ်တွေ့ဆုံမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့်ပါ ဆွေးနွေးနိုင်အောင် ညှိနှိုင်းပေးမည်ဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြောသည်။

"အခမ်းအနားကြီး ပုံစံမျိုးနဲ့ မဟုတ်ဘဲ ဆွေးနွေးတဲ့ ပုံစံမျိုး၊ တစ်ဖက်ကလည်း ဆွေးနွေး၊ တစ်ဖက်ကလည်း ပြန်ဖြေ၊ တစ်ဖက်ကလည်း ပြော၊ ဒီပုံစံမျိုးနဲ့ အားလုံးမဟုတ်တောင်မှ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ခွဲခွဲပြီးတော့ ဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်" ဟု သမ္မတဦးသိန်းစိန်က ဇန်နဝါရီလ ၂၀ ရက်တွင် ရန်ကုန်တိုင်းလွှတ်တော်၌ လူထုအခြေပြုအဖွဲ့အစည်းများနှင့်တွေ့ဆုံမှုအပြီးတွင် ပြောကြားသည်။

ပထမဆုံး တွေ့ဆုံခဲ့သည့် အကျိုးဆက်အနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် မပြတ်တွေ့သင့်သည်ဆိုသော အဖြေတစ်ခုရကြောင်း သမ္မတ ဦးသိန်းစိန်က ပြောကြားသည်။

"ထပ်တွေ့ရင် ပိုကောင်းတယ်။ နိုင်ငံဖွံ့ဖြိုးဖို့အတွက် အရပ်ဘက် အဖွဲ့အစည်းတွေ အားကောင်းဖို့လိုတယ်။ နိုင်ငံတိုင်းမှာလည်း ဒီအတိုင်းပဲ။ အစိုးရလုပ်လို့ မရတာတွေ ရှိတယ်။ အရပ်ဖက်အဖွဲ့အစည်းတွေ အားကောင်းရင် တိုင်းပြည်တိုးတက် တယ်" ဟု ရခိုင်ဒီမိုကရေစီအဖွဲ့ ချုပ် ပါတီဗဟိုအလုပ်မှုဆောင် ဦးမျိုးဆွေက ပြောသည်။

နိုင်ငံတော် သမ္မတသာမဟုတ်ဘဲ စီမံကိန်းများ လက်တွေ့ အကောင်အထည်ဖော်နေသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်သော တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများကပါ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံသင့်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း အသင်းဥက္ကဋ္ဌ (ယာယီ) ဒေါက်တာစိုးထွန်းက ပြောသည်။

ထို့အပြင် သမ္မတဦးသိန်းစိန်က လက်ရှိ ဆောင်ရွက်နေသော ငြိမ်းချမ်းရေး ဖြစ်စဉ်များတွင် အရပ်ဘက်အဖွဲ့အစည်းများနှင့်လက်တွဲဆောင်ရွက်နိုင်အောင် ပြင်ဆင်ထားကြောင်းလည်း ပြောကြားသည်။

"အရပ်ဘက် အဖွဲ့အစည်းတွေအနေနဲ့ ကျွန်တော်နဲ့ အလုံးစုံတူညီရမယ်လို့ဆိုလိုတာမဟုတ်ဘူး။ ကျွန်တော်တို့အားလုံး နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တူညီတာတွေ ပူးပေါင်းဆောင်ရွက်ဖို့ဖိတ်ခေါ်တာပါ"ဟု သမ္မတဦးသိန်းစိန်က ထည့်သွင်းပြောကြားသွားသည်။

ပထမဆုံး အကြိမ်အဖြစ် နိုင်ငံတော်သမ္မတနှင့် အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံပွဲသို့ အဖွဲ့အစည်း ၈၆ ဖွဲ့မှ ကိုယ်စားလှယ် ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် တက်ရောက်လာသော အရပ်ဘက်အဖွဲ့အစည်းများက ကချင်ပြည်နယ်တွင် တိုက်ပွဲများ ဆက်ဖြစ်နေသည့် ကိစ္စ၊ အရပ်ဘက်အဖွဲ့အစည်းများအတွက် သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ကြီးမြင့်နေသည့်ကိစ္စ အပါအဝင် အစိုးရဖွဲ့စည်းသော ကော်မရှင်တွင် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်မှုနည်းနေခြင်း ကိစ္စတို့ကို တင်ပြခဲ့ကြသည်။

နိုင်ငံတော်သမ္မတအနေဖြင့် တောင်သူလယ်သမား၊ လယ်သမားသမဂ္ဂများ၊ တောင်သူလယ်သမားအသင်းများနှင့်ပါ မကြာမီ တွေ့ဆုံရန် ရှိကြောင်း သတင်းရရှိသည်။

# ပဉ္စမကာလတိုင်းနှစ်အမျိုးသားစီမံကိန်း ပြန်ဆွဲရန် တင်ပြမည်

**မင်းဟိန်းကျော်**
**ရန်ကုန်၊ ဇန်နဝါရီ - ၁၇**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ရေးဆွဲထားသော ပဉ္စမကာလတိုင်းနှစ်အမျိုးသားစီမံကိန်းအား ပြန်လည်ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က ပြောသည်။

အဆိုပါ စီမံကိန်း (မူကြမ်း) အား ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် တင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးက လွှတ်တော်တွင် သုံးရက်ကြာဆွေးနွေးခဲ့သည်။

"တင်သွင်းလာတဲ့ မူကြမ်းကို မှတ်တမ်းတင်တဲ့အဆင့်ပဲ ထားလိုက်ပါတယ်။ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်တွေကို အခြေခံပြီး တကယ်ထိရောက်မယ့် မူကြမ်းအသစ်ကို ပြန်ရေးဆွဲပြီး လွှတ်တော်ကို ပြန်တင်ပါလိမ့်မယ်" ဟု ဒေါ်ခင်ဝိုင်းကြည်က ပြောသည်။

ပဉ္စမကာလတိုင်းနှစ်စီမံကိန်းအား ပြည်သူ့အသံ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်နှင့် ညီမျှစေရန် ဝန်ကြီးဌာနမှ ပြန်လည်ရေးဆွဲတင်ပြမည်ဖြစ်ပြီး ယခုတင်ပြချက်ကို မှတ်တမ်းတင်ထားနိုင်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လွှတ်တော်တွင် ပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာတွင် ယခုတင်ပြလာသည့် စီမံကိန်း (မူကြမ်း) သည် ပြည်သူများ၏ လက်တွေ့ဘဝနှင့် ကွာဟမှုရှိနေပြီး စီမံကိန်းလုပ်ငန်းများ အောက်ခြေထိ စီးဆင်းနိုင်ရန် လိုအပ်ချက်များ ရှိနေကြောင်း ဆိုသည်။

ထို့ပြင် ၎င်းမူကြမ်းတွင် လတ်တလောမလိုအပ်သေးသော လုပ်ငန်းများဖြစ်သည့် ရန်ကုန်-မန္တလေး အဝေးပြေးအမြန်လမ်း ကတ္တရာခင်းခြင်း၊ ဆည်တာတမံများ တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်နေပြီး အမှန်တကယ်လိုအပ်နေသည့် အခြေခံပညာ ကျောင်းဆောင်များ တည်ဆောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုခြင်းတို့နည်းပါးနေကြောင်း ဆွေးနွေးချက်များတွင် ထည့်သွင်းပြောကြားသည်။

# ထိုင်းနိုင်ငံရှိ မြန်မာလုပ်သားများနှင့် ၁၅ နှစ်အောက် သားသမီးများအား သက်သေခံ အထောက်အထားများနှင့်ဗီဇာ နေ့ချင်းပြီးထုတ်ပေးမည်

**အောင်သူရ၊ အေးမြတ်သူ**
**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်သော မြန်မာလုပ်သားများနှင့် မှီခိုနေထိုင်နေသော ၁၅ နှစ်အောက် သားသမီးများအား သက်သေခံအထောက်အထားနှင့်နေထိုင်ခွင့်ဗီဇာ ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ကာ သုံးလအတွင်း နေ့ချင်းပြီး ဆောင်ရွက်ပေးသွားမည်ဟု ထိုင်းနိုင်ငံရှိ မြန်မာသံရုံးက သတင်းထုတ်ပြန်ထားသည်။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် ဇန်နဝါရီလ ၁၅ ရက်မှ ဖေဖော်ဝါရီလ ၁၅ ရက်အတွင်း မိမိတို့ အလုပ်ရှင်များမှတစ်ဆင့် နီးစပ်ရာ ထိုင်းအလုပ်သမားဌာနများတွင် မှတ်ပုံတင်ကြရန် ဖော်ပြထားသည်။

ထို့အပြင် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသောတရားမဝင်အလုပ်သမားများအား ယာယီနိုင်ငံကူးလက်မှတ် ပြုလုပ်နိုင်ရန်အတွက် အလုပ်လုပ်ပိုင်ခွင့် လက်မှတ် (Work Permit) များကိုယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးနေသော စခန်းများတွင် ထုတ်ပေးမည်ဖြစ်သည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၁၇ ရက်က မြန်မာသမ္မတနှင့် ထိုင်းဝန်ကြီးချုပ်တို့ ထားဝယ်တွင် တွေ့ဆုံစဉ်က အထောက်အထားမဲ့ မြန်မာလုပ်သား တစ်သန်းနီးပါးအား ယာယီနိုင်ငံကူး လက်မှတ်ထုတ်ပေးမှုကို သုံးလသက်တမ်း တိုးမြှင့်သွားမည်ဟု ထိုင်းဝန်ကြီးချုပ်က နှုတ်ကတိပြုခဲ့သည်။

၂၀၀၉ ခုနှစ်မှစတင်၍ ယခုအချိန်ထိ မြန်မာရွှေ့ပြောင်း အလုပ်သမားဆယ့်နှစ်သိန်းကျော်ကို ယာယီမြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီး အထောက်အထားမဲ့လုပ်သား ရှစ်သိန်းမှတစ်သန်းအထိ ကျန်သေးကြောင်း ဒေါက်တာစိုင်းမောက်ခမ်းက ဒီဇင်ဘာလ ၁၈ ရက်တွင်ပြောသည်။

အလားတူ ထိုင်းနိုင်ငံ မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းများအား မတ်လမတိုင်မီ ယခင်ကထက် နှစ်ဆတိုးချဲ့ခွင့် ပြုသွားမည်ဖြစ်သည်ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

# ဦးသန့်နေအိမ်ပြတိုက် ဖေဖော်ဝါရီလလယ် ဖွင့်လှစ်မည်

**အေးသူစံ**
**ရန်ကုန်၊ ဇန်နဝါရီ ၂၁**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ရန်ကုန်မြို့ရှိ နေအိမ်ကို ပြတိုက်အဖြစ် ဖေဖော်ဝါရီလ ၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဦးသန့်မိသားစု၏ ပြောရေးဆိုခွင့်ရှိသူ ဒေါ်သစ်သစ်ဇင်က ပြောကြားသည်။

ယင်းပြတိုက်တွင် ဦးသန့်၏ သက်တမ်းတစ်လျှောက် ဆောင်ရွက်ခဲ့သည့် အထင်ကရအဖြစ်အပျက်များ၊ အချက်အလက်များ၊ စာရွက်စာတမ်း၊ ဓာတ်ပုံနှင့် မိန့်ခွန်းများကို ပြသခြင်း၊ ဦးသန့်ဆန္ဒရှိခဲ့သော ပညာပေးဖြန့်ဝေခြင်း လုပ်ငန်းများကို ပြတိုက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ပြတိုက်အဖြစ် ပြန်လည်ဖွင့်လှစ်ရန် စတင်စီစဉ်ချိန်ကဦးသန့်သမီးဖြစ်သူဒေါ်အေးအေးသန့်က ပြောကြားထားသည်။

နယူးယောက်မြို့တွင် ကျန်ရစ်ခဲ့သော ဦးသန့်၏ အသုံးအဆောင်ပစ္စည်းများနှင့် ကုလသမဂ္ဂရုံးရှိ မှတ်တမ်းများကိုသယ်ယူရန်လည်း စီစဉ်နေကြောင်း ဒေါ်သစ်သစ်ဇင်ကပြောသည်။ အဆိုပါဝင်ဒါမီယာရှိ နေအိမ်ကို ဦးသန့်သည် ၁၉၅၀ ခုနှစ်များတွင် ဝန်ကြီးချုပ်ဦးနု၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်က နေထိုင်ခဲ့ခြင်းဖြစ်သည်။ ကုလအတွင်း ရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ချိန်မှ ကွယ်လွန်ပြီး ၁၉၉၀ ပြည့်နှစ်အထိ အတွင်းဝန်များ နေထိုင်ခဲ့ပြီး ၁၉၉၀ နောက်ပိုင်းတွင် စည်ပင်သာယာရေး ကော်မတီက အစောင့်မိသားစုသာ အိမ်စောင့်အဖြစ် နေထိုင်ခဲ့ကြောင်း ဒေါ်အေးအေးသန့်က ပြောသည်။

နေအိမ်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းက မိသားစုဝင်များထံ လက်ရှိအစိုးရက ပြန်လည်အပ်နှံခဲ့ရာ ပြတိုက်အဖြစ်ပြန်လည်ဖွင့်လှစ်ရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်က လျှောက်ထားခဲ့ကြောင်း သိရသည်။ ယိုယွင်းနေသည့်နေအိမ်ကိုပြန်လည်ပြုပြင်ရာတွင် မြွေများ၊ ခြများကို အဓိကထား ရှင်းလင်းခဲ့ရပြီး အသစ်ပြန်ဆောက်ခြင်း မဟုတ်ဘဲ မူလပုံစံမပျက် ပြန်လည်ပြုပြင်ခဲ့ကြောင်း ဒေါ်သစ်သစ်ဇင်က ပြောသည်။

ဦးသန့်၏အိမ်ကိုပြတိုက်အဖြစ်ဖွင့်လှစ်သည့်နေ့တွင် ယခင်အိမ်အဟောင်း၏ အပြင်အဆင်များ၊ ဦးသန့်၏ အတ္ထုပ္ပတ္တိကို သမီးဖြစ်သူက ဇာတ်ကြောင်းပြန်ပြောပြခြင်း၊ ဦးသန့်၏မှတ်သားဖွယ်ရာစကားများနှင့် ဦးသန့်အပေါ် မိသားစုဝင်များ၏ မှတ်ချက်၊ အိမ်အတွင်း ဦးသန့်နေထိုင်ခဲ့စဉ်က ပြုမူလှုပ်ရှားမှု ပြကွက်အချို့တို့ကို မှတ်တမ်းတင်ထားသည့် ဇာတ်လမ်းတိုကိုထည့်သွင်းပြသမည်ဖြစ်ကြောင်းဦးသန့်အတ္ထုပ္ပတ္တိ ရိုက်ကူးမည့် ဒါရိုက်တာဝိုင်းက ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013

# ဦးတေဇပိုင် အာရှစိမ်းလန်းဖွံ့ဖြိုးမှုဘဏ် အများပိုင် ပြောင်းမည်

**ယုဇနကိုကို**

**ရန်ကုန်၊ဇန်နဝါရီ-၂၂**

နာမည်ကျော်သူဌေးကြီး ဦးတေဇပိုင်ဆိုင်သော အာရှစိမ်းလန်းဖွံ့ဖြိုးမှုဘဏ် (AGD Bank)ကို လာမည့်လအနည်းငယ်အတွင်း အများပိုင်ဘဏ်အဖြစ် ပြောင်းလဲတော့မည်ဖြစ်ကြောင်း ယင်းဘဏ်၏ မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းဦးက 7Day News သို့ပြောသည်။

အများပိုင် ဘဏ်အဖြစ် ပြောင်းလဲရန် လုပ်ထုံးလုပ်နည်းအတိုင်း နှစ်ဆင့်ခွဲခြားလုပ်ဆောင်နေပြီး ပထမအဆင့်ဖြစ်သော ဗဟိုဘဏ်၏ခွင့်ပြုချက်ကို ယခုအခါ ရရှိခဲ့ပြီးဖြစ်သည်။

ဒုတိယအဆင့်ဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားမှုမှာလည်း ပြီးစီးပြီဖြစ်၍ ထိုဦးစီးဌာနမှ လျှောက်ထားချက်ကို စိစစ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုချက်သည် ပုံမှန်အားဖြင့် ရက်သုံးဆယ်ဝန်းကျင်အတွင်း ကျလာတတ်ကြောင်းနှင့် ဒုတိယအဆင့်ဖြစ်သည့် ထိုခွင့်ပြုချက်ကျလာသည်နှင့် AGD ဘဏ်အနေဖြင့် အများပိုင်လုပ်ငန်း ပြောင်းလဲခြင်းကို စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးရဲမင်းဦးကပြောသည်။

ရည်ရွယ်ချက်သုံးချက်ဖြင့် အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲရခြင်းဖြစ်ပြီး ယင်းအချက်များမှာ ကုမ္ပဏီဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် လုပ်ငန်းပိုင်ဆိုင်မှု တစ်စိတ်တစ်ဒေသကို ဝန်ထမ်းများအား ပေးအပ်ရန်၊ အမြတ်အစွန်းရနေသော လုပ်ငန်းဖြစ်သဖြင့် ၎င်းအမြတ်အစွန်းကို အများပြည်သူသို့ မျှဝေခံစားခွင့်ပြုရန်နှင့် ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ အသစ်ဖြစ်ပေါ်လာမည့် MSEC (Myanmar Security Exchange Center)ကဲ့သို့သော မြန်မာစတော့အိတ်ချိန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် စသည်တို့ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကဆိုသည်။

ထို့ကြောင့် AGD ဘဏ်၏ ဝန်ထမ်းများအားလုံးကို အစုရှယ်ယာများ အခမဲ့ပေးမည်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် AGD ဘဏ်ဝန်ထမ်းပေါင်း ၁၅၀၀ ကျော်ရှိသည်။

"ကိုယ်တစ်ယောက်တည်းပိုင်တာဆိုပြီး လက်ရှိအခြေအနေမှာ လုပ်လို့မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရဲ့စီးပွားရေးစနစ်တွေက ပြောင်းလဲလာပြီလေ။

ဒီတော့ ပုဂ္ဂလိကကုမ္ပဏီတွေလည်း ပြောင်းလဲလာရတော့မယ်။ အဓိကအချက်ကတော့ ကိုယ့်ရဲ့ဝန်ထမ်းတွေနဲ့ ပြည်သူတွေအတွက် အဓိကစဉ်းစားပြီး ဆုံးဖြတ်လိုက်ရတာပါ"ဟု ဦးရဲမင်းဦးက ဆက်လက်ပြောကြားပါသည်။

မြန်မာနိုင်ငံ၏ နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင် ဦးတေဇ၏ ၎င်းပိုင်ဘဏ်လုပ်ငန်းအား အများပိုင်အဖြစ်သို့ ပြောင်းလဲလိုက်မည့် အစီအစဉ်ကို ပြည်တွင်းပြည်ပ စီးပွားရေးနယ်ပယ်မှ လုပ်ငန်းရှင်များနှင့်ပြည်သူအချို့က ကြိုက်နှစ်သက်ကြသည်ဟု ဆိုကြသည်။

ယခုလက်ရှိအချိန်တွင် ပြည်တွင်း၌ အများပိုင်လုပ်ငန်းအဖြစ် ပြောင်းလဲပြီးသော ဘဏ်အရေအတွက် ခြောက်ခုခန့်ရှိပြီဖြစ်ပြီး ယင်းတို့ထဲတွင် ထွန်းဖောင်ဒေးရှင်းဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ CB ဘဏ်၊ မွေးရေဘဏ်တို့ ပါဝင်သည်။



ဓာတ်ပုံ - ကျော်ဇင်သန်း

## တစ်နှစ်ကျော်ကြာ တရားဟောခွင့် ပိတ်ခံထားရသည့် ဦးသုမင်္ဂလ တရားပွဲ

**မိုးညို**

**ရန်ကုန်၊ဇန်နဝါရီ-၂၂**

ကျောင်းတိုက်ပြင်ပတွင် တရားနာပရိသတ်များအား တရားဟောခွင့် တစ်နှစ်ကြာ ပိတ်ပင်ခံခဲ့ရသော ဒယ်အိုးဆရာတော် ဦးသုမင်္ဂလ၏ တရားပွဲကို စမ်းချောင်းမြို့နယ် ကျွန်းတောကျောင်းတိုက်၌ ဇန်နဝါရီ ၂၁ ရက်ညက ကျင်းပခဲ့ရာ ဆရာတော်၏ တရားတော်များနှင့် ဝေးကွာနေသောကြောင့် တရားနာပရိသတ်ပေါင်း တစ်သောင်းကျော် လာရောက်နာယူခဲ့သည်။

စမ်းချောင်းမြို့နယ်မှ တရားနာပရိသတ်များသာမက အခြားမြို့နယ်များမှ တရားနာပရိသတ်များပါ လာရောက်နာယူကြကြောင်း တရားပွဲစီစဉ်သူတစ်ဦးက ပြောသည်။

တစ်နှစ်ကျော်ကြာ ဟောပြောခွင့်ပိတ်ပင်ပြီး ပထမဆုံးစတင် ဟောပြောခဲ့သည့် တရားအဖြစ် 'အတွေးကို အတွေးမှန်းသိတာက တရား၊ အတွေးကို အတွေးမှန်း မသိတာက မတရား' ဟူသော ခေါင်းစဉ်ဖြင့် ဟောကြားခဲ့သည်။

ဆရာတော်မှာ တိုက်ကြီးမြို့နယ် အောင်ချမ်းသာကျောင်းတိုက် ဓမ္မသဘင်တွင် 'ခွေးကို အဖေခေါ်သူ'တရားဟောပြီးနောက် ၂၀၁၁ နှစ်ကုန်ပိုင်းတွင် နိုင်ငံတော် မဟာသံဃနာယကအဖွဲ့က တရားဟောခွင့် ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ ဆရာတော်ဦးသုမင်္ဂလသည် ကျွန်းတောကျောင်းတိုက်တွင် ဇန်နဝါရီ ၂၁ နှင့် ၂၂ ရက်(နှစ်ည) ဟောပြောမည်ဟု သတင်းရရှိသည်။

## စိတ်ကြိုက် နံပါတ်ရွေးချယ်မှုမှ တစ်လအတွင်း ကညန ကျပ်သိန်း ၁,၆၀၀ ကျော်ရ

**ပြည်သိမ်း၊ အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ ၂၁**

မော်တော်ယာဉ်စိတ်ကြိုက်နံပါတ်ရွေးချယ်မှုမှ ၂၀၁၂ ဒီဇင်ဘာ တစ်လအတွင်း ကျပ်သိန်းပေါင်း ၁,၆၀၀ ကျော် ရရှိခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

မော်တော်ယာဉ်စိတ်ကြိုက် နံပါတ်များရွေးချယ်ရာတွင် နံပါတ် ၁,၀၀၀ အထက် ငွေကျပ် ငါးသိန်း၊ ၂,၀၀၀ အထက် ငွေကျပ် ခြောက်သိန်းစသဖြင့် နံပါတ် ၉,၀၀၀ အထက် ငွေကျပ် ၁၃ သိန်း သတ်မှတ်ထားသည်။

ဂဏန်းလေးလုံး အပူးများဆိုလျှင် အထက်ပါဈေးနှုန်းများ၏ နှစ်ဆအဖြစ် သတ်မှတ်ထားသည်ဟု သိရသည်။

မျက်နှာဖုံးမှ

## ဆိုင်ကယ်စီးခွင့်တားမြစ်ထားသည့် ရန်ကုန်ဧရိယာအတွင်း ဆိုင်ကယ်မတော်တဆမှုများ ဖြစ်ပွားနေ

ဌာနဆိုင်ရာအချို့မှလွဲ၍ ရန်ကုန်နယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ် စီးနင်းခွင့်ကို တားမြစ်ထားသော်လည်း လိုက်နာခြင်းမရှိသကဲ့သို့ အရေးယူမှုအားနည်းခြင်းတို့ကြောင့် မတော်တဆမှုများ ဖြစ်ပွားနေရသည်ဟု မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသူများက ပြောကြသည်။

"ဈေးသိမ်းပြီးတော့ အပြန်မှာ အနောက်က ဆိုင်ကယ်ပွတ်တိုက်သွားတာ။ ဒီလောက်ရှုပ်ယှက်ခတ်နေချိန်မှာ ဆိုင်ကယ်ကိုအရမ်းမောင်းတာလေ"ဟု လှိုင်မြို့နယ် သံလမ်းတွင် ဆိုင်ကယ်အတိုက်ခံရ၍ ဘယ်ခြေထောက်ဒဏ်ရာရရှိခဲ့သော ဒေါ်တင်တင်သန်းကပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ် စီးနင်းခွင့်လိုင်စင်များကို ၂၀၀၁ ခုနှစ်မှစ၍ သက်တမ်းတိုးခွင့် တားမြစ်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလမှစ၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကိုသာ လုပ်ငန်းလိုအပ်ချက်အရ တရားဝင် စီးနင်းခွင့်ပြုခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း လျှပ်စစ်ဌာနမှ ဆိုင်ကယ် ၆၅ စီးနှင့် စည်ပင်မှ ၃၃ စီးကိုသာ တရားဝင်စီးနင်းခွင့်ပြုထားကြောင်း နေပြည်တော်ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောကြားသည်။

သို့ရာတွင် ရန်ကုန်မြို့တော်အတွင်းတရားမဝင်ဆိုင်ကယ်များ စီးနင်းမှု များပြားလာခြင်း၊ အုပ်စုဖွဲ့ရမ်းကားမှုများ ဖြစ်ပွားနေခြင်းတို့ကြောင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်ကြောင်း ဥပဒေပညာရှင်များနှင့် ရေးရာကော်မတီတို့က သုံးသပ်ပြောဆိုကြသည်။

"ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ဘူး။ အန္တရာယ်မရှိဘူးဆိုရင် လိုင်စင်ပေးပေါ့။ လိုင်စင်မဲ့ဆိုင်ကယ်ရှိနေတာကတော့ တရားဥပဒေစိုးမိုးမှု မရှိဘူးဆိုတာကို ပြနေတာ"ဟု ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။

"မတော်တဆမှု ဖြစ်ပွားတဲ့ စာရင်းဇယားတွေကိုကြည့်ရင် ဆိုင်ကယ်တွေကြောင့် အများကြီးပါပါတယ်။ အခု ကယ်ရီတွေပါဆွဲနေကြတော့ ပိုဆိုးတယ်။ ဥပဒေနှစ်ခုကို ချိုးဖောက်နေတဲ့သဘောပေါ့"ဟု ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး(အငြိမ်းစား)ဦးအောင်နိုင်က သုံးသပ်သည်။

၂၀၁၂ ခုနှစ်အတွင်း ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း ယာဉ်တိုက်မှုပေါင်း ၁,၀၀၀ ကျော် ဖြစ်ပွားခဲ့ပြီး ယင်းအထဲတွင် ဆိုင်ကယ်ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်မှုပေါင်း ၁၆၀ ဖြစ်ပွားခဲ့သည်။ စုစုပေါင်း သေဆုံးသူ ၃၀၀ နီးပါးတွင် ဆိုင်ကယ်တိုက်မှုကြောင့် ၄၂ ဦး သေဆုံးခဲ့ရသည်။

ရန်ကုန်နယ်နိမိတ်အတွင်း လျှပ်စစ်စက်ဘီများ စီးနင်းခွင့်ကိုလည်း ၂၀၁၂ ခုနှစ်အစပိုင်းတွင် မော်တော်ယာဉ်နည်းဥပဒေအရ ပိတ်ပင်ထားခဲ့သော်လည်း မြို့နယ်အချို့တွင် စီးနင်းနေကြဆဲဖြစ်သည်။

၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းလျားကန်ပေါင်တွင် အုပ်စုဖွဲ့ဆိုင်ကယ်စီးနင်းသူ ၂၅ ဦးက ဆိုင်ကယ် ၉ စီးဖြင့် ရောက်ရှိလာပြီး ကန်ပေါင်ရှိ ဝန်ထမ်းအချို့နှင့် ခိုက်ရန်ဖြစ်ပွားခဲ့သည်။

ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း ဆိုင်ကယ်များတရားမဝင် စီးနင်းနေခြင်းကို ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး ယာယီအက်ဥပဒေ ပုဒ်မ ၅(၁)/ ၅(၃)တို့ဖြင့် အရေးယူနိုင်ပြီး ထောင်ဒဏ် ၇ နှစ်အထိ အပြစ်ဒဏ် ချမှတ်နိုင်ကြောင်း၊ လျှပ်စစ်ဆိုင်ကယ်များ စီးနင်းမှုကိုလည်း မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူနိုင်ကြောင်း ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကဆိုသည်။

"ခွင့်ပြုထားတဲ့ ဆိုင်ကယ်တွေ မဟုတ်ဘဲ စီးတာတွေ့ရင် ဒဏ်ကြေး ၅၁,၅၀၀ ကျပ် ရိုက်တယ်။ နောက်မစီးဖို့ ခံဝန်ထိုးခိုင်းတယ်။ လိုင်စင်မဲ့ဆို နိုင်ငံပိုင်အဖြစ် တစ်ခါတည်း သိမ်းလိုက်တယ်"ဟု နေပြည်တော် ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကဆိုသည်။

အင်တာနက်အသုံးပြုနည်းလမ်းညွှန် | facebook အသုံးပြုနည်း | ဖုန်းနှင့်တက်ဘလက်အသုံးပြုနည်း

မျိုးသူရ
အင်တာနက် အသုံး ပြုနည်း လမ်းညွှန်
Mobile Phone (GSM, CDMA800)
Dialup, ADSL, WiMAX, IP Star တို့ဖြင့်
အင်တာနက် connection ချိတ်ဆက်ပြီး သုံးပြုနည်း
Search Engine ... Software များ file များကို Download ... Program Install ... Proxy Server မှာ Setting ... History ... Favorate ... Virus update ... Troubleshooting code no.များ Gmail နှင့် အခြား Web Mail များ အသုံးပြုခြင်း

မျိုးသူရ
facebook အသုံးပြုနည်း
Using facebook
- Social Website ဖြစ်သည့် facebook ...
- facebook Account ... Setting, Password Reset
- Profile & Friend ...
- Sharing Messaging & Privacy
- ဓါတ်ပုံ video များ ... Group ...
- Mobile Phone ဖြင့် facebook ...

Guide to Using
မျိုးသူရ
Android for Phone & Tablet
ဖုန်းနှင့်တက်ဘလက်အသုံးပြုနည်း
Android O.S ကို ... Phone နှင့် Tablet ... Internet ... Setting, Game Install ... Font ... O.S ကို Root ... Google Play account ... Application ... Install ... Android Phone ...

ထွက်ပြီ မျက်ပွင့်စာပေ — ဖုန်း-၀၉-၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ

7DAY NEWS JOURNAL
Vol.11, No.46 • JANUARY 24 , 2013



# ယာဉ်ထိန်းအင်အား ၂၀၀ ကျော်ဖြင့် စည်းကမ်းမဲ့ယာဉ်များ စစ်ဆေးအရေးယူမှု ၄ မြို့နယ်တွင် စတင်

**အောင်သူရ၊ မိုးညို**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၂**

ယာဉ်စည်းကမ်းလိုက်နာမှု မရှိသော ယာဉ်များအား စစ်ဆေးအရေးယူရန် မရမ်းကုန်း၊ ဗဟန်း၊ ကမာရွတ်နှင့် စမ်းချောင်းမြို့နယ်ရှိ နေရာ ၇ ခုတွင် ယာဉ်ထိန်းအင်အား ၂၀၀ ကျော်ဖြင့် ယနေ့စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့မှူး ရဲမှူးသာဋ္ဌေးက ပြောသည်။

မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုရင့်နောင်နှင့် ချော်တွင်းကုန်းလမ်းဆုံ၊ ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင်နှင့်ဦးထောင်ဘိုအဝိုင်း၊ ကမာရွတ်မြို့နယ်ရှိ လှည်းတန်း၊ ဟံသာဝတီအဝိုင်းနှင့် စမ်းချောင်းမြို့နယ် မြေနီကုန်းတို့တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ စစ်ဆေးဆောင်ရွက်နေပြီဖြစ်ကြောင်း ရဲမှူးသာဋ္ဌေးက ပြောသည်။

ယာဉ်ကြောပိတ်ဆို့မှု ကာကွယ်ရန်အတွက်ထိုကဲ့သို့စစ်ဆေးဆောင်ရွက်ခြင်းကို ပညာပေးကာလအဖြစ် သတ်မှတ်ထားပြီး ပညာပေး ကာလပြီးပါက ထိရောက်စွာ အရေးယူသွားမည်ဟု ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ အတွင်းရေးမှူးဦးလှအောင်က ပြောသည်။

ယာဉ်ကြော ပိတ်ဆို့မှု ပြဿနာကို ဖြေရှင်းရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ယာဉ်ရပ်နားရန် နေရာများကိုလည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယာဉ်ရပ်နားစခန်းများအဖြစ် အလုံမြို့နယ် သစ်ဆိပ်ဝင်း၊ လမ်းမတော်မြို့နယ် စိန်ဂွန်းဈေးဟောင်း၊ အထက(၁)ဒဂုံ ကျောင်းနံဘေး မြေနေရာ စသည့်မြို့နယ်များတွင် မြေပြင်ညှိခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ယင်းယာဉ်ရပ်နားစခန်းများအတွက် လတ်တလော ငွေကြေးကောက်ခံမှုမျိုး မပြုလုပ်သေးကြောင်း အထက်ပါ ဌာနမှူးက ပြောသည်။ အထက်ပါ စီမံကိန်းများမှာ ကနဦးစီမံကိန်းများဖြစ်ပြီး ဆက်လက်၍ မြေနေရာအကျယ်အဝန်းကောင်းများရှိသည့်မြို့နယ်များတွင် ဆက်လက်အထည်ဖော်ဆောင်ရွက်သွားမည်လည်း ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်သည်။

# သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌများ ညှိနှိုင်း၍ ခုံရုံးဥက္ကဋ္ဌအား ခန့်အပ်ရမည်

**သီဟ**

**ရန်ကုန်၊ ဇန်နဝါရီ ၂၂**

ဖွဲ့စည်းပုံ အခြေခံဥပဒေ ခုံရုံးဥက္ကဋ္ဌအား ခန့်အပ်တာဝန်ပေးမည်ဆိုပါက နိုင်ငံတော်သမ္မတ အပါအဝင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများ ညှိနှိုင်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ် တာဝန်ပေးရတော့မည်ဖြစ်သည်။

အထက်ပါ ပြင်ဆင်ချက်အပါအဝင် ပြင်ဆင်ဖြည့်စွက်ချက်လေးချက်ပါရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေအား နိုင်ငံတော်သမ္မတက ယခုလ ၂၁ရက်တွင်လက်မှတ်ရေးထိုးပေးလိုက်ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်သမ္မတက အဆိုပါ ဥပဒေသစ်သည် ဒီမိုကရေစီကျင့်စဉ်ကို ဆန့်ကျင်သောပြဋ္ဌာန်းချက်များ ပါရှိခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်သို့ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့သော်လည်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ယင်းတို့ ပြင်ဆင်ထားသည့် အတိုင်းသာ သမ္မတထံပြန်လည်ပေးပို့ခဲ့သဖြင့် သမ္မတက ကိုယ်စားလှယ်များ၏ ဆန္ဒကို အလေးဂရုပြုသော အားဖြင့် လက်မှတ်ရေးထိုးပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ယခင် နိုင်ငံတော်ဖွဲ့စည်းပုံဆိုင်ရာ အခြေခံဥပဒေခုံရုံးဥပဒေတွင် ခုံရုံးအဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့က သတ်မှတ်ချက်နှင့် ပြည့်မီသူများအား သုံးဦးစီရွေးချယ် ပေးရပြီး နိုင်ငံတော်သမ္မတက အဆိုပါ ၉ ဦးထဲမှ တစ်ဦးအား ရွေးချယ်၍ ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခုံရုံးဥက္ကဋ္ဌအဖြစ် ခန့်အပ်နိုင်သည်။

ထို့အပြင် ယခင်ဥပဒေတွင် ပုဒ်မ ၁၂၌ အပိုဒ်ခွဲ (ဇ)အထိသာ ပါဝင်သော်လည်း "မိမိတို့၏လုပ်ငန်းများ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌများထံသို့ အသီးသီး အစီရင်ခံခြင်း"ဟူ၍ အပိုဒ်ခွဲ (ဈ)အား ယခုပြင်ဆင်သည့် ဥပဒေသစ်တွင် ထပ်မံဖြည့်စွက်ထားသည်။

ယခင်ဥပဒေတွင်ပုဒ်မ ၂၃၌ "ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်" နှင့် ပုဒ်မ ၂၄ တွင် "ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ)အရ တရားရုံးတစ်ရုံးက တင်သွင်းသော အကြောင်းကိစ္စနှင့်စပ်လျဉ်း၍ ချမှတ်သော ခုံရုံး၏ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်"ဟူသည့် အချက်နှစ်ခုအား ပြန်လည်အမှတ်စဉ်ရမည်ဟု ပါရှိသဖြင့် ယခု ဥပဒေသစ်တွင် ပုဒ်မ ၂၄ သည် "ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်"ဟူ၍ ပြောင်းလဲရမည်ဖြစ်သည်။

ထို့အပြင် ပုဒ်မ ၂၅ ဖြစ်သည့် "ခုံရုံး၏ ဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရမည်" ဟူသည့် အပိုဒ်အား ပယ်ဖျက်ရမည်ဟု ပါရှိသည်။

၂၂. ၁. ၂၀၁၃ (အင်္ဂါနေ့ )မနက်ပိုင်း ကျွန်းတောလမ်းမှနဝဒေးလမ်းသို့အသွား တက္ကစီပေါ်တွင်Netbook အနက်ရောင် သားရေအိတ်ကျန်ခဲ့ပါသည်။
**ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်။**
**ဖုန်း- ၀၁-၅၁၂၈၈၇**

## — ပြင်ဆင်ဖတ်ရှုပေးပါရန် —

7Day News ဂျာနယ် အတွဲ ၁၁ အမှတ် ၄၅ **"The Voice ဂျာနယ်ကို တရားစွဲဆိုထားသောအမှုသတ္တုတွင်းဝန်ကြီးဌာနက ရုပ်သိမ်း"** သတင်းမှ **"အမှုကို ရှေ့ဆက်ပြီး ရင်ဆိုင်ရရင် မီဒီယာအနေနဲ့ သိက္ခာကျစရာမရှိဘူး။ သိက္ခာပိုတက်ဖို့ပဲရှိတယ်။ ဒါပေမဲ့ အဆုံးထိသွားရင် တစ်ဖက်က ရှုံးတော့မယ်။ အဲဒီကျရင် ဝန်ကြီးဌာနအနေနဲ့ ပိုအရှက်ကွဲနိုင်သလို မီဒီယာတွေအပေါ် တင်းမာသွားနိုင်ပါတယ်"** စာသားအစား **"အမှုကို ဆက်လက်ရင်ဆိုင်ရပါက ဝန်ကြီးဌာနနိုင်လျှင် ဂျာနယ်ရှုံးမည်ဖြစ်ပြီး ဂျာနယ်နိုင်လျှင် ဝန်ကြီးဌာနရှုံးမည်ဖြစ်ပြီး၊ တစ်ဦးနိုင်လျှင် တစ်ဦးရှုံးမည်ဖြစ်သောကြောင့် ယခုကဲ့သို့ အမှုကို ရုပ်သိမ်းခြင်းမှာ နှစ်ဖက်စလုံးအတွက် ကောင်းသော၊ နှစ်ဖက်စလုံးအတွက် နိုင်သော ရလဒ်ဖြစ်သည်"** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

# သာသနာရေးဝန်ကြီး ရာထူးမှအနားယူခြင်းမှာ ကျန်းမာရေးကြောင့်ဟုဆို

**အိဖြူမွန်၊ မင်းဟိန်းကျော်**

**မန္တလေး၊ ဇန်နဝါရီ - ၁၇**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ကျန်းမာရေးအခြေအနေကြောင့် ရာထူးက အနားယူသွားခြင်းဖြစ်ကြောင်း ဝန်ကြီးနှင့်နီးစပ်သည့် အသိုင်းအဝိုင်းမှ သတင်းရရှိသည်။

"သူ့အသက် ၇၀ ကျော်နေပြီလေ။ လူကြီးဖြစ်တော့ လုပ်စရာတွေများလို့ သူရုံးတက်ပေမယ့်လည်း ကျန်းမာရေးမကောင်းဘူးလို့တော့ ကြားတယ်" ဟု ယင်းဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

ဝန်ကြီးသူရ ဦးမြင့်မောင်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်က ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် ဒုတိယတိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ထိုမှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးအဖြစ်လည်းကောင်း၊ သာသနာရေးဝန်ကြီးအဖြစ်လည်းကောင်း အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။

# ကွန်ကရစ် ကမ်းနားလမ်းသစ် အသုံးပြုကောက်ခံမည်

**သွယ်သွယ်လင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၄**

ငါးမိုင်ကျော် ရှည်လျားသော ကွန်ကရစ်ကမ်းနားလမ်းသစ်တွင် ဖြတ်သန်းသွားလာသည့် ယာဉ်များကို စည်ပင်သာယာ၏ ညွှန်ကြားချက်အတိုင်း အေးရှားဝေါလ်ကုမ္ပဏီက ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ လမ်းအသုံးပြုခ ကောက်ခံသွားမည်ဟု ရန်ကုန်မြို့၏ စည်ပင်သာယာရေးကော်မတီလမ်းတံတားဌာနမှ ဒုတိယဌာနမှူးက ပြောသည်။

အေးရှားဝေါလ်ကုမ္ပဏီက လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များကို အလုံနှင့် ဗိုလ်တထောင်နှစ်နေရာတွင် ထားရှိကောက်ခံမည် ဖြစ်သည်။ ယင်းလမ်းမကြီးကို အေးရှားဝေါလ်ကုမ္ပဏီက ဖောက်လုပ်ထားပြီး အလျား ၁၄ ပေအထက် ယာဉ်များကို တစ်စီးလျှင် ကျပ် ၁,၅၀၀၊ တန် ၂၀ နှင့်အထက် ယာဉ်များကို တစ်စီးလျှင် ကျပ် ၄,၀၀၀ နှုန်းဖြင့် ကောက်ခံသွားမည်ဟု သတင်းရရှိသည်။

# မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များအကြား သဘောတူညီချက်တစ်ခု အတည်ပြု

**ထွန်းခိုင်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၁**

မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြားတွင် ပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် သဘောတူညီချက် တစ်ခုကို နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်ကျင်းပသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် အတည်ပြုနိုင်ခဲ့ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ သဘောတူညီချက်ကို "ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက်"ဟု အမည်ပေးထားပြီး ဇန်နဝါရီ ၁၉ ရက်မှစတင်ပြီး နေပြည်တော်တွင် နှစ်ရက်ကြာ ကျင်းပခဲ့သည့်ပထမအကြိမ် မြန်မာနိုင်ငံ တိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်အစည်းအဝေးတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းနှင့် အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ အပါအဝင်၊ နိုင်ငံတကာ အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးသည့် အဆိုပါဖိုရမ်သည် မြန်မာနိုင်ငံအတွက် အကျိုးရှိမည့် ဖိုရမ်တစ်ခုဖြစ်ကြောင်း ယင်းပွဲသို့တက်ရောက်ခဲ့သူများက ဆိုသည်။

# ရေနုတ်မြောင်းတူးစဉ် ၉ မမ ကျည်ဆန် ၁၄ တောင့်တွေ့

**ဆွေမွန်၊ ရဲနောင်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၂**

စမ်းချောင်းမြို့နယ် လင်းလွန်းမြောက်ရပ်ကွက်အတွင်း လမ်းခင်းရန် ရေနုတ်မြောင်းတူးဖော်စဉ် အသုံးမပြုရသေးသော ၉ မမ အမျိုးအစားကျည်ဆန်အဟောင်း ၁၄ တောင့် ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

"မြန်မာဖြစ် ကျည်ဆန်တွေ၊ နောက်မှာ မြန်မာစာတန်းတွေနဲ့၊ ကျည်ဆန်ရဲ့ဖင်မှာ၇၄လား၊၇၉လား မသိဘူးပါတယ်" ဟု လင်းလွန်းမြောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ပြောသည်။

**အ.ထ.က(၂)ဒဂုံ (မြို့မ) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏**

**(၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ**

နှစ်စဉ်ကျင်းပမြဲဖြစ်သော အ. ထ. က(၂)ဒဂုံ (မြို့မ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲအား ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်၊ နံနက် ၉နာရီမှ ၁၂နာရီအထိ အ. ထ. က(၂)ဒဂုံ ဦးဘလွင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား၊ကျောင်းသူဟောင်းများတက်ရောက်နိုင်ပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါရန် အောက်ပါကျောင်းသား၊ ကျောင်းသူများထံသို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဒေါက်တာအေးလှ (၁၉၇၉) | - ၀၉-၅၀၀၁၃၀၀ | ကိုအောင်မိုးသိန်း (၁၉၇၉) | - ၀၉-၅၀၇၀၁၄၂ |
| မအေးမိုးမြင့် (၁၉၈၀) | - ၀၁-၅၇၇၄၁၉ | မစာဆို (၁၉၈၄) | - ၀၉-၅၀၈၇၀၄၄ |
| မဝေယံ(၁၉၈၅) | - ၀၁-၂၂၄၇၄၄ | မနေ့တာဇော်လွင် (၁၉၈၅) | - ၀၉-၅၄၁၁၁၄၃ |
| မသန္တာစိုး (၁၉၈၅) | - ၀၉-၅၁၃၂၂၀၂ | ကိုသီဟလွင် (၁၉၈၅) | - ၀၉-၅၁၅၃၂၈၀ |
| မခင်မိုးလွင် (၁၉၈၆) | - ၀၉-၅၁၅၈၁၅၂ | ကိုဝင်းအောင် (၁၉၈၇) | - ၀၉-၇၃၀၉၁၁၂၅ |
| မမြမြကြည်(၁၉၈၈) | - ၀၉-၅၁၅၄၈၂၆ | ကိုညား (၁၉၉၀) | - ၀၉-၄၃၁၃၀၇၇၈ |
| ကိုအောင်လင်းမြင့် (၁၉၉၁) | - ၀၉-၅၁၈၉၁၃၂ | ကိုစိန်မင်း (၁၉၉၄) | - ၀၉-၇၃၀၇၇၃၀၇ |
| ကိုဝိုင်ဆို (၁၉၉၄) | - ၀၉-၇၃၀၄၀၁၅၄ | ကိုစိုးနေမျိုးဝင်း (၁၉၉၆) | - ၀၉-၈၆၁၃၂၁၇ |
| ကိုကျော်မင်းဟန် (၁၉၉၉) | - ၀၉-၇၃၁၆၀၉၁၆ | ကိုတင်မောင်မောင်ထွန်း (၂၀၀၀) | - ၀၉-၅၀၅၆၉၉၈ |
| မခင်ဝတ်ရည်ဦး (၂၀၀၂) | - ၀၉-၇၃၀၀၅၇၃၃ | မခင်အေးမွန်အောင် (၂၀၀၄) | - ၀၉-၅၀၄၂၀၉၁ |
| ကိုဝေဖြိုး (၂၀၀၆) | - ၀၉-၅၁၈၈၇၁၇ | မယုမွန်မြင့် (၂၀၀၅) | - ၀၁-၃၈၃၇၃၇ |
| မဖြိုးသန္တာအောင် (၂၀၀၈) | - ၀၉-၅၀၈၅၇၈၈ | မကြည်ဖြူ (၂၀၀၉) | - ၀၉-၇၃၁၂၂၇၉၄ |
| ကိုရဲသီဟမင်း (၂၀၁၂) | - ၀၉-၄၂၀၀၀၂၅၂၈ | | |

# တိုင်းဒေသကြီးအချို့တွင် ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများ ပြန်ရွေးမည်

**မင်းဟိန်းကျော်၊ အောင်သစ်လွင်**
**ရန်ကုန်၊ ဇန်နဝါရီ-၂၁**

ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နေရာအချို့တို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး အသစ်များ ပြန်လည်ရွေးချယ်ရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

“ဧရာဝတီတိုင်းမှာရှိတဲ့ မြို့နယ် ၂၆ မြို့နယ်လုံးမှာ ပြဿနာရှိပါတယ်။ ဒါတွေဟာ ဥပဒေနဲ့ မညီတဲ့ကိစ္စတွေဆိုရင် ပြန်လည်စစ်ဆေး၊ ရွေးချယ်ဖို့ လိုပါတယ်လို့ လွှတ်တော်က ဆုံးဖြတ်ထားပါတယ်”ဟု တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ တိုင်ကြားစာများ ရောက်ရှိနေပြီး ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော ရွေးချယ်တင်မြှောက်မှုများ ရှိ၊ မရှိကို ပြန်လည်စိစစ်လျက် အသစ်ပြန်လည်ရွေးချယ်ပွဲများ ပြုလုပ်ပေးရန် အစီအစဉ်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နယ်စပ်ရေးရာနှင့်လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်းက ပြောသည်။

“တိုင်စာတွေကတော့ ရောက်တယ်။ မှန်မှန်ကန်ကန်တိုင်တာတွေလည်း ရှိတယ်။ တချို့တွေကလည်း မလိုလို့ တိုင်တာရှိတယ်။ ကျွန်တော်တို့ကတော့ တိုင်ကြားချက်တွေကို ဥပဒေနဲ့ ညီ၊ မညီ ဆိုတာကိုပဲ အဓိကစိစစ်မယ်။ မညီတာဆိုရင် အသစ်ပြန်လုပ်ပေးမယ်” ဟု ဗိုလ်မှူးကြီး တင်ဝင်းက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေးတွင် ဧရာဝတီတိုင်း အတွင်းရှိ မဲဆန္ဒနယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြမှုများအရ မြို့နယ်များအားလုံးတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းကိစ္စနှင့်ပတ်သက်၍ တိုင်စာများ၊ မကျေနပ်ချက်များ ရှိနေသည်ဟု သိရပြီး အဆိုပါ ကိစ္စရပ်များသည် မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအချို့တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း ဦးဆန်းဆင့်က ပြောသည်။

‘‘ရပ်ကွက် အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးကိစ္စတွေက ကျွန်တော်တို့ မြို့နယ်မှာ ပြဿနာတွေ တော်တော်ရှိတယ်။ ဖြစ်စဉ်တော်တော်များများကတော့ အရင်ကလိုပဲ လက်သင့်ရာ လူကို ဆွဲခန့်တဲ့ပုံစံတွေဖြစ်နေတော့ ဒေသခံတွေက မကျေနပ်ကြဘူး။ အဲဒါနဲ့ ပတ်သက်လို့ ကျွန်တော့်ဆီ ရောက်တဲ့ တိုင်စာတွေက အများကြီးပဲ” ဟု ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဆွေက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အချို့အား ဆက်သွယ်မေးမြန်းချက်အရ ၎င်းဒေသများတွင် အုပ်ချုပ်ရေးမှူး ရွေးချယ်သည့် ကိစ္စရပ်များကို မကျေနပ်မှုများ ရှိခဲ့ကြောင်း ဆိုသည်။

“အများစုရဲ့ ဆန္ဒရဲ့ ရွေးချယ်ခံရတဲ့ အုပ်ချုပ်ရေးမှူးတွေကို တရားဝင် ခန့်စာတွေပေးလိုက်ပါပြီ။ ကန့်ကွက်တာတွေ ရှိနေတာတွေကို စုံစမ်းစစ်ဆေးရေးအဖွဲ့နဲ့ စစ်ဆေးပြီး အပြစ်ရှိတာ ခိုင်လုံရင် ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖြစ်က ပြန်ရုပ်သိမ်းပြီး ရွေးကောက်ပွဲ ပြန်လုပ်ခိုင်းမှာပါ”ဟု ဟင်္သာတမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းအောင်က ပြောသည်။

တိုင်စာအများစုတွင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနှင့် တိုင်ကြားခြင်းထက် ပုဂ္ဂိုလ်ရေးဆန်ဆန် တိုင်ကြားစာမှာ အများစုဖြစ်ကြောင်း ဦးတင်ဝင်းအောင်က ဆိုသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ဦးဆန်းဆင့်က ပြောကြားရာတွင် “တချို့က ဥပဒေနဲ့ ညီရဲ့သားနဲ့ မလိုလို့ တိုင်တာရှိတယ်။ မကျေနပ်လို့ တိုင်တာရှိတယ်။ အဲဒါတွေကိုတော့ ပြန်မလုပ်တော့ဘူးပေါ့” ဟု ပြောသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပုဒ်မနှစ်ခုပါ အနက်အဓိပ္ပာယ်ကို ရှင်းလင်းရန် ဒီချုပ်အမတ် အဆိုတင်သွင်း

**သန်းထူး**
**နေပြည်တော်၊ ဇန်နဝါရီ - ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၆၄ နှင့် ပုဒ်မ ၂၃၂ (မ) ပြဋ္ဌာန်းချက်တွင် ပါရှိသော “ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ” ဟူသော စာသားကို တိကျရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုပေးရန် ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ဇန်နဝါရီ ၂၁ ရက်၌ ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် အဆိုတင်သွင်းသည်။

“ဥပဒေဆိုတာ အများနားလည်လက်ခံနိုင်အောင် ရှင်းလင်းတိကျရပါတယ်။ ကိုယ်လိုရာကိုယ်ဆွဲတဲ့ အဓိပ္ပာယ်နှစ်ခွထွက်တာမျိုး မဖြစ်စေရပါ။ တစ်ဖက်တွင် တည်ငြိမ်မှုရှိပြီး တစ်ဖက်တွင် ပြောင်းလဲတိုးတက်နေသော ခေတ်၊ စနစ်တို့နှင့် ညီညွတ်မျှတရပါမယ်။ ဥပဒေကို မျှော့ကြိုးဆွဲသလို ကိုယ်ကြိုက်သလိုချဲ့ခြင်း၊ ချုံ့ခြင်း မပြုလုပ်ရပါ” ဟု ဦးဝင်းမြင့်က လွှတ်တော်တွင် ပြောကြားသည်။

ယင်းအဆိုနှင့် ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က လာရောက်ဖြေကြားရာတွင် ထိုကဲ့သို့အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် အခြေခံဥပဒေဆိုင်ရာခုံရုံးတွင်တာဝန်ရှိကြောင်း၊ လောလောဆယ် အဆိုပါခုံရုံး မဖွဲ့ရသေးသည့်အတွက် ခုံရုံးဖွဲ့ပြီးမှသာလျှင် အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၄ တွင် “နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ” ဟု ဖော်ပြထားသည်။

ပုဒ်မ ၂၃၂(မ)၌ “ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ” ဟူ၍ ပါရှိသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်း ပုဒ်မ ၃၂၅ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်အတွက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ခုံရုံး ပေါ်ပေါက်လာသည့်အချိန်တွင် အဓိပ္ပာယ် ဖွင့်ဆိုချက် တောင်းခံသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအဆိုကို လွှတ်တော်အတွင်း ဆွေးနွေးခွင့်မပြုနိုင်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် အခွင့်အရေးမဆုံးရှုံးစေရန် လွှတ်တော်ဥက္ကဋ္ဌမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုရှင် ဦးဝင်းမြင့်က ဥက္ကဋ္ဌမှ ဆက်လက်ဆောင်ရွက်ပေးမည့် အကြောင်းကို သဘောတူသော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးအမြန်ပေါ်ပေါက်ရေးနှင့် အမြန်ဆုံးအဓိပ္ပာယ်ရှင်းလင်းရေးအတွက် ထပ်မံတင်ပြရာ “အခြေခံဥပဒေဆိုင်ရာ ခုံရုံးအမြန် ပေါ်ပေါက်ရေးအတွက် မိမိတို့ လွှတ်တော်တွေမှာ အသင့်ရှိပါတယ်” ဟု ဦးရွှေမန်းက ပြောကြားသည်။

## သံဖြူဇရပ်ရှိ မြို့မစည်ပင်သာယာဈေး မီးလောင်မှု ကျပ်သိန်း ၂,၇၀၀ ကျော် ဆုံးရှုံး

**ဖွဲ့ညက်**
**ရန်ကုန်၊ ဇန်နဝါရီ-၂၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ မြို့မစည်ပင်သာယာဈေးတွင် သုံးနာရီကျော်ကြာ မီးလောင်ကျွမ်းမှုကြောင့် ကျပ်သိန်းပေါင်း ၂,၇၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်းမြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

အဆိုပါဈေးတွင် ဆိုင်ခန်းပေါင်း ၉၆၂ ခန်းရှိပြီး မီးလောင်မှုကြောင့် ၆၂၉ ဆိုင် ဆုံးရှုံးခဲ့ကာ စုစုပေါင်း တန်ဖိုး ၂၇၄၄ ဒသမ ၅ သိန်း ဆုံးရှုံးခဲ့သည်။

ဇန်နဝါရီ ၁၉ ရက် ည ၁၂ နာရီအချိန်ခန့်၌ ပလတ်စတစ်ပစ္စည်း ရောင်းချသည့် ဆိုင်ခန်းအမှတ် (ဆ/၂၄)တွင် မီးအားမြင့်တက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးသတ်ယာဉ် ၁၂ စီး၊ မီးသတ်တပ်ဖွဲ့အင်အား ၁၀၀ ကျော်တို့ဖြင့် ဇန်နဝါရီ ၂၀ ရက် နံနက် ၃ နာရီအချိန်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်ဟု မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

မီးလောင်ခဲ့သော ဆိုင်ခန်းခြောက်ရာကျော်တွင် ၁၃၈ ခန်းမှာ ရောင်းချခြင်းမရှိဘဲ ပိတ်ထားသော ဆိုင်ခန်းများဖြစ်ပြီး မီးလောင်ခဲ့သော ဆိုင်ခန်းများအတွက် စည်ပင်သာယာပိုင် အမှတ် (၂)ဈေးရှေ့တွင် အကွက်များရိုက်၍ ယာယီနေရာချထားပေးမည်ဖြစ်ကြောင်း သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါဈေး မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ မြန်မာ့အာမခံလုပ်ငန်းသို့ မေးမြန်းရာတွင် ယင်းဈေး၏ဆိုင်ခန်းများမှာ မီးအာမခံထားရှိသည့် အရေအတွက်ကို စုံစမ်းစစ်ဆေး စာရင်းပြုစုလျက်ရှိကြောင်း မြန်မာ့အာမခံလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးစိန်မင်းကပြောသည်။

ထို့အပြင် မွန်ပြည်နယ်အစိုးရကလည်း ဇန်နဝါရီ ၂၀ ရက်တွင် စုံစမ်းရေးကော်မတီဖွဲ့၍ ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မွန်ပြည်နယ် မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## ပြည်ပသို့စပါးတင်ပို့ခွင့်မပြုတော့

**အောင်သူရ၊ မောင်တာ**
**ရန်ကုန်၊ ဇန်နဝါရီ - ၂၀**

မကြိတ်ခွဲရသေးသော စပါးများ ပြည်ပတင်ပို့ရောင်းချခြင်းအား ယခုလ ၁၇ ရက်မှစ၍ ခွင့်ပြုတော့မည်မဟုတ်ကြောင်း စီးပွား/ကူးသန်းပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောသည်။

ယခင်က ပုလဲသွယ်နှင့် နယ်စပ်တွင်စိုက်သည့် ကောက်ညှင်းစပါးများကိုသာ တင်ပို့ခွင့်ပြုထားသော်လည်း ယခုနောက်ပိုင်းတွင် ညွှန်မထစပါးများကိုပါ တင်ပို့လာသည့်အတွက် လိုင်စင်ထပ်မထုတ်ပေးတော့ကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးကိုအောင်မြင့်က ပြောသည်။

သို့သော်ပြည်တွင်းဈေးကွက်မရှိသည့် ပုလဲသွယ်စပါးကိုမူ လည်ဆယ်ဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် စီစစ်ကာ ခွင့်ပြုပေးထားသည့် ပမာဏ ပြည့်မီသည်အထိ ဆက်လက်တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ စပါးများ ပြည်ပတင်ပို့နေပါက ပြည်တွင်းရှိ ဆန်စက်များ ထိခိုက်နိုင်ပြီး ဆန်စက်လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း၊ တိရစ္ဆာန်အစာရှားပါးခြင်းတို့ ကြုံတွေ့လာနိုင်၍ စီးပွား/ကူးသန်း၊ ဘဏ္ဍာအခွန်၊ လယ်/ဆည် စသည့် ဝန်ကြီးဌာနများ ညှိနှိုင်း၍ ပိတ်ပင်ခြင်းဖြစ်သည်ဟုပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

“ဆန်တင်ပို့တာတောင် ကျွန်တော်တို့အတွက် နစ်နာတယ်။ စပါးတင်ပို့ခွင့် မပြုသင့်ဘူး။ ကျွန်တော်တို့က ပြည်တွင်းမှာ ဆန်မှုန့်လို၊ ဆန်ကြာဇန်လိုမျိုး အဆင့်မြင့်ထုတ်လုပ်ပြီး ပြည်ပတင်ပို့နိုင်ရင် ပိုအကျိုးရှိတယ်” ဟု မြန်မာနိုင်ငံဆန်စပါးအသင်းမှ ဒေါက်တာ စိုးထွန်းက ပြောသည်။

စပါးပေါ်ချိန် ပြီးခဲ့သည့် လပိုင်းက စပါးဈေးကျဆင်းခဲ့ပြီး ပြည်တွင်း၌ ဈေးပြန်ကောင်းစေရန် နိုင်ငံတော်မှ အရန်ဆန်များ ဝယ်ယူပေးခဲ့ရသည်။ ယခုနှစ်တွင် ဆန်နှင့် ဆန်ထွက်ပစ္စည်းတန်ချိန် ၁ ဒသမ ၁ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနမှ သိရသည်။

စာ(၂၉)မှ

## ကန်ထရိုက်တိုက်များသာမက ကွန်ဒိုများတွင် ကားပါကင်ပြဿနာ ကြီးထွားလာ

သူက “ကားပါကင်ကို သုံးထပ်၊ လေးထပ် ထည့်ဆောက်မယ်ဆိုရင် အခန်းက တန်ဖိုးအရမ်းမြင့်သွားလိမ့်မယ်။ လူတွေက ဈေးအရမ်းကြီးလို့ မဝယ်နိုင်ရင် ဆောက်လုပ်ရေးသမားတွေအတွက် ထိခိုက်နိုင်တယ်”ဟု ဆက်လက်ပြောသည်။

JICA (Japan International Cooperation Agency)နှင့် ရန်ကုန်မြို့တော်စည်ပင်တို့ ပူးပေါင်းလုပ်ဆောင်မည့် မဟာရန်ကုန်မြို့ ပြဖွံ့ဖြိုးရေး မဟာဗျူဟာ နှစ် ၃၀ စီမံချက်တွင် နောင်ဆောက်လုပ်မည့် စီမံကိန်းများ၌ ကလေးကစားကွင်းများ၊ ကားပါကင်များနှင့် အမှိုက်စွန့်ပစ်ရန် မြေနေရာများ ပါဝင်သည့် စနစ်မျိုးများ ရရှိနိုင်ရန် လူထုကိုယ်စားလှယ်များကလည်း ဝိုင်းဝန်းလုပ်ဆောင်သင့်ကြောင်း မြေယာစီမံခန့်ခွဲမှုပညာရှင် ဒေါက်တာကျော်လတ်က အကြံပြုသည်။

ကွန်ဒိုအခန်းများ ဝယ်ယူနေထိုင်သူအများစုတွင် အများဆုံး ကားအစီးရေ ၄ စီးခန့်နှင့် အနည်းဆုံးတစ်စီးခန့် ပိုင်ဆိုင်ကြကြောင်း ကွန်ဒိုနေထိုင်သူများထံမှသိရသည်။

မေလ ၇ ရက်မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက နိုင်ငံခြားဘဏ်ငွေစာရင်းရှိသူတိုင်းကို ၂၀၀၇ ခုနှစ် မော်ဒယ်အထက်ကားများကို တန်ဖိုးသတ်မှတ်ချက်မရှိဘဲ တင်သွင်းခွင့်ပြုခဲ့ပြီး အစိုးရသစ်လက်ထက် ကားတင်သွင်းခွင့် မူဝါဒများ ပြောင်းလဲပြီး ၁၆ လတာ ကာလအတွင်း သွင်းကုန်ပါမစ် လိုင်စင်ထုတ်ပြီး ကားအစီးရေ ၇၇,၅၀၀ စီး တင်သွင်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။